
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တက္ကသိုလ်တင်မြင့်

ငါ ဘာတွေဖြစ်ခဲ့သလဲ

www.burmeseclassic.com

www.burmeseclassic.com

# (၁)

မှောင်နှင့်မည်းမည်း ဂူကြီးထဲတွင် အလျားလိုက် ဘာမမြင် ညာမမြင် စွတ်ပြေးလွှားပြီး တစ်ဖက်ဂူဝပေါက်သို့ ထွက်လိုက်သည်နှင့် လင်းလက်တောက်ပသော နေရောင်ခြည်နှင့်ဘက္ကူ အရာခပ်သိမ်းကို ဖြုန်းခနဲ တွေ့လိုက်ရသည့်နှယ်....

သူသည် သူ၏သိစိတ်တွေ ဖြုန်းခနဲ ဝင်ရောက်လာချိန်ဝယ် မြို့လယ်ကောင် လမ်းတစ်ခုတွင် သူ ရောက်ရှိနေပါလားဟု ဘွားခနဲ သိလိုက်သော အသိသာလျှင် သူ့တွင် ရှိနေသည်။

သူ ဘယ်ကလာသနည်း။

သူ ဘယ်သွားမည်နည်း။

ဤမြို့သို့ သူ ဘယ်လိုရောက်ရှိလာသနည်း။ ဤမြို့သည် ဘာမြို့နည်း။ မြို့အမည် ဘယ်လိုခေါ်သနည်း။

သူ ဘာမျှမသိ။

ဘာမျှမသိ ဆိုခြင်းထက် သူသည် ဘာကိုမျှ မမှတ်မိဟု ဆိုခြင်းက ပို၍မှန်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တားသံတွေ၊ လူသံတွေက မြို့လယ်ကောင်မို့ ဆူဆူညံညံ ရှိလှသည်။

မိုးကလည်း ရွာနေသေးသည်။

ရွာသည်လည်းမဟုတ်၊ သည်းသည်လည်းမဟုတ်ဘဲ တဖွဲဖွဲ ရွာနေခြင်းမျိုး ဖြစ်သည်။

သည်ကြားထဲ မိုးဖွဲဖွဲကြားမှပင် နေရောင်ခြည်က ပွင့်ချင် ပွင့်လိုက်သေးသည်။

ကတ္တရာလမ်းပေါ်တွင် မိုးတွေစိုပြီး နေခြည်ပွင့်သောအခါ ကတ္တရာလမ်းမှ ရောင်ပြန်ဟပ်သဖြင့် သူ၏မျက်စိမှာ ကျိန်းစပ်စပ် ဖြစ်ရပါ၏။

ဘတ်စ်ကားသံ၊ တက္ကစီကားသံတွေ ဆူဆူညံညံ ရှိလှသည်။

မြို့တစ်မြို့သို့ သူ ရောက်ရှိနေပါကလားဆိုသည့် အသိကတော့ ဘွားခနဲ မြင်ကွင်းတွေကို တွေ့မြင်ရပြီး တဖြည်းဖြည်း သူ သဘောပေါက်လာပါသည်။

သူ၏ခြေဖဝါးများ နာကျင်နေသည်။

သူ့တစ်ကိုယ်လုံး ညောင်းညာ ကိုက်ခဲပြီး ထုံကျဉ်နေသည်။

သူ၏ ဝမ်းဗိုက်ကလည်း အစာတောင်းခံသောအားဖြင့် တဂွီဂွီ အော်မြည်နေသည်။

သူ ဗိုက်သိပ်ဆာနေပြီ။

သူသည် လမ်းလေးလမ်းဆုံရာတွင်ရပ်ပြီး မလှမ်းမကမ်း မြို့လယ်ကောင်မှာပင် တည်ထားသော ရွှေရောင်ဝင်းနေ





သည့် စေတီတော်ကို လှမ်းမြင်တွေ့ရသည်၊ ဖူးမြော်ရသည်။ စေတီတော်၏ လက်ယာဘေးတွင် လှပသော ပန်းခြံရှိပြီး ယင်းပန်းခြံထဲမှာပင် စေတီတော်လောက် မမြင့်စေကာမူ အတော်အသင့်မြင့်မားသော ကျောက်တိုင်ကို တွေ့ရသည်။

ဤစေတီတော်ကို ဖူးရသည်နှင့် သူ သတိတစ်ချက်ရလိုက်သည်က ပဟဝန်မြို့သို့ ရောက်ရှိနေပါလားဟုပင်။

သည့်နောက်တော့ သူ့ဦးနှောက်သည် ရှုံ့တုံးကြီး ထည့်ထားသလို ဘာဆိုဘာမှ မမှတ်မိပြန်တော့။

သူသည် လမ်းလေးခွမီးပွိုင့်ထောင့်တွင်ရပ်နေပြီး လူတွေဖြတ်ကူးချိန်တွင် ရောယောင်ပြီးလူတွေဖြတ်သန်းသည့်အတိုင်း လူ့ရေစီးကြောင်းတွင် ပါသွားသည်။

လူစည်ကားရာ လမ်းဘတ်ခု၏ ပလက်ဖောင်းပေါ်သို့ သူ ရောက်သွားသည်။

ထိုလမ်းရှိ ဆိုင်းဘုတ်များကို သူ ဖတ်ကြည့်သည်။

'ပဟဝန်ဟိုတယ်'

ဟု ရေးထားသော ဆိုင်းဘုတ်အကြီးကြီးကို တွေ့လိုက်သည်နှင့် ဤမြို့သည် ပဟဝန်မြို့ဖြစ်မှန်း သူ့စိတ်ထဲတွင် သေချာသွားသည်။

'ပဟဝန်ကို ငါရောက်နေပါလား'

သူသည်အိပ်ရာမှလန့်နိုးလာသူတစ်ဦးပမာ သူ၏ဦးနှောက်သည် ဗလုံးဗထွေးနိုင်လွန်းနေသည်။

'ငါ ဒီပဟဝန်မြို့မှာပဲ နေတဲ့လူလား'



www.burmeseclassic.com

www.burmeseclassic.com



'ငါ ဘယ်သူလဲ၊ ငါ့နာမည် ဘယ်လိုခေါ်သလဲ'

'အခု ဟေဝန်မြို့က လမ်းလယ်ကောင်ကို ငါ ဘယ်လို ရောက်လာတာလဲ'

ခက်ပါ၏။ သိပ်ကိုခက်ပါ၏။

သူ့ဟာသူ မေးကြည့်သမျှ မေးခွန်းတွေကို သူ့ဟာသူ တစ်လုံးမျှ မဖြေနိုင်။ ကိုယ့်ဟာကိုယ် ငါဘယ်သူမှန်းကိုမှ မသိသော သူ့အဖို့ တခြားဘာတွေ သိစွမ်းနိုင်မည်တဲ့လဲ။

သူ့ကိုယ်သူ ပြန်ငုံ့ကြည့်သည်။

သူဝတ်ဆင်ထားသော အဝတ်အစားများကတော့ အဖိုးတန် အပိုးစား၊ အကောင်းစားတွေဖြစ်နေသည်ကို သူ့ဟာသူ ငုံ့ကြည့်ပြီး မြင်တွေ့သိရှိရသည်။

ထရောပီကယ် သက္ကလတ်ပါးပါးကုတ်အင်္ကျီကို သူ ဝတ်ဆင်ထားသည်။ သူ၏ ဘောင်းဘီကလည်း ကုတ်အင်္ကျီနှင့် ထပ်တူ ရောင်တူသွေးတူထရောပီကယ်သက္ကလတ်ပါး ဘောင်းဘီပင် ဖြစ်သည်။

သူဝတ်ထားသော ရှပ်အင်္ကျီပင်လျှင် နိုင်ငံခြားမှ ရယ်ဒီမိတ် တင်သွင်းပြီး အင်္ကျီတစ်ထည်လျှင် ငွေကျပ် လေးငါးထောင် ပေးရသော အင်္ကျီမျိုးဖြစ်နေသည်။

စီးထားသော ဖိနပ်ကလည်း တကယ့်အဖိုးတန် တစ်ရန်ကို ရှစ်ထောင်နှင့် တစ်သောင်းကြားပေးရသော သားရေစစ်၊ သားရေပျော့ ရှူးဖိနပ်ဖြစ်နေသည်ကို တွေ့ရသည်။





သူဝတ်ဆင်ထားသော အဝတ်အစားများကို သူ့ဟာသူ တွေ့ရပြီးနောက် ငါဟာ ဆင်းဆင်းရဲရဲထဲက လူတစ်ယောက်တော့ မဟုတ်ဘူးဟု ကိုယ့်ဟာကိုယ် ဆုံးဖြတ်သည်။

ဒါဖြင့်....

ငါ ဘယ်လောက်ချမ်းသာသလဲ။

ငါ ဘာအလုပ် လုပ်သလဲ။

ငါ့မိဘတွေကချမ်းသာလို့ ငါချမ်းသာတာလား။

ငါ့မိဘတွေကကော အမည်နာမ ဘယ်သူဘယ်ဝါတွေလဲ။

မသိပါ၊ မမှတ်မိပါ။

လုံးဝမသိပါ။ လုံးဝမမှတ်မိပါ။

ဘာဘာတ်နိုင်မည်နည်း။ သူ့ဦးနှောက်၏သိစိတ်က ရှုံ့တုံး ရှုံ့ခဲလို ဖြစ်နေမှတော့ သူ ဘာဆို ဘာမှမသိနိုင်ရှာ။

ဆက်ပြီး အတွေးနက်အောင် တွေးလျှင် ဦးခေါင်းထဲတွင် ဘစစ်စစ်နှင့် နာကျင်ကိုက်ခဲသော ဝေဒနာကို သူ ခံစားရသည်။

သူ ဆက်ပြီး မစဉ်းစားတော့ဘဲ လမ်း၏ ခြေဦးသင့်ရာအတိုင်း ဆက်လျှောက်လာခဲ့သည်။

နောက်တစ်ခု ခက်သည်က....

သူဝတ်ဆင်ထားသမျှ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ ရှပ်အင်္ကျီ၊ ရှူးဖိနပ်တို့ အားလုံးသည် ရေတွေစိုရွှဲနေသည်။

မိုးလေးတဖွဲဖွဲ အဆက်မပြတ် ရွာသွန်းနေသောကြောင့် သူ၏အဝတ်အစားတွေ စိုနေသည်လားဟု သူ့ဟာသူ ပြန်တွေးကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

သူ စိုရွဲပုံက ဦးထုပ်မပါ၊ ထီးမပါ၊ မိုးကာမပါ မိုးရွာထဲ လမ်းလျှောက်နေသောကြောင့် မိုးမိပြီးစိုရွဲပုံမျိုး မဟုတ်ပါလေ။

မိုးမိပြီးစိုရွဲသည်ဆိုလျှင် လက်ချိုင်းအောက်၊ ပေါင်ခြံခွဆုံ စသည်တို့တွင် စိုစရာမလိုဘဲ ခြောက်သွေ့နေရမည်။ မိုးစက်မိုးပေါက်သည် ချိုင်းအောက်နှင့် ခပေါင်တွေအထိ ရောက်အောင် မပက်နိုင်၊ မစိုနိုင်ပါလေ။

ယခု သူ့အဝတ်အစားစိုနေပုံကြီးက လျှော်ထားပြီးခါစ ရေစက်စစ်ရှိသာရှိသေးသော လှန်းထားသည့် အဝတ်စိုကို ကောက်ယူ ဝတ်ဆင်လာသကဲ့သို့ အင်္ကျီဆို တစ်ထည်လုံး၊ ဘောင်းဘီဆို တစ်ထည်လုံး၊ ရှပ်အင်္ကျီဆို တစ်ထည်လုံး၊ အတွင်းခံဘောင်းဘီအထိပင် စိုထိုင်းနေသည်။ ဖိနပ်ထဲ စွပ်ထားသော ခြေအိတ်ပါ စိုထိုင်းနေသည်။

စိုစိုထိုင်းထိုင်းကြီးမှ တကယ့်စိုစိုထိုင်းထိုင်း။

ဟောဝန်ဟိုတယ်ရှေ့ အရောက်တွင် သူသည်ရပ်ပြီး ဟောဝန် ဟိုတယ်ကို ကြည့်နေမိသည်။

ဟိုတယ်က ခမ်းနားထည်ဝါပြီး မိမိက ချွေးစုတ်ဖွားရေစိုပုံစံနှင့်မို့ ဝင်သင့် မဝင်သင့် ချင့်ချိန်နေမိသည်။

သူကြည့်နေစဉ်မှာပင် အက်(စ်)အီးကား အဖြူရောင်တစ်စီး ဟိုတယ်ရှေ့တွင်ရပ်ကာ လှပသောအမျိုးသားတစ်ဦးနှင့် အမျိုးသမီးစုံတွဲတစ်တွဲ လက်ချင်းချိတ်ပြီး ဟိုတယ်ထဲ





ဝင်ရောက်မည်ကို အင်္ကျီဖြူ၊ ဘောင်းဘီဖြူ၊ ဦးထုပ်ဖြူ ဟိုတယ်ဝန်ထမ်းဝတ်စုံဖြင့် ဝန်ထမ်းက မှန်ပိတ်တံခါးကြီး ဖွင့်ပေးသည်။

ယင်းလှပသောစုံတွဲကို ငေးကြည့်ကာ သူသည်လည်း ဤသို့ပင် လှပသောအမျိုးသမီးတစ်ဦးကိုလက်တွဲပြီး ဤဟိုတယ်တွင် လာရောက်ဖူးလေသလားဟု ဝိုးတဝါးစိတ် ဖြစ်ပေါ်လာသဖြင့် ဆက်၍ ဖိတွေးကြည့်သည်။

'ဘယ်လိုလဲ ဆရာကျော်ဇေယျ၊ တစ်ကိုယ်လုံး စိုထိုင်းလို့ပါလား၊ ဒီတစ်ခါ ဟောဝန်ကိုရောက်လာတာ ကျွန်တော်တို့ ဟောဝန်မှာ မတည်းခိုဘူးလား၊ ဒီတစ်ခေါက် ဆရာကတော်ပါမလာဘူးထင်တယ်'

ဟောဝန်ဟိုတယ်ဝတ်စုံဖြူနှင့် တံခါးအဖွင့်အပိတ် ညှိကြိုဆာဝန်ဆောင်ရွက်နေသောဝန်ထမ်းက ပလက်ဖောင်းပေါ် ရပ်နေသည့် သူ့ကို ခါးလေးကိုင်းပြီး ရိုသေသမှုဟန်ပန်ဖြင့် သူ့ကို လှမ်းနှုတ်ဆက်သည်ကို သူက ပြန်၍ ကြောင်တောင်တောင်နှင့် ပြန်ကြည့်နေမိသည်။

ဟိုတယ်ဝန်ထမ်းက သူ့အား တရိုတသေ ဖော်ရွေစွာ ပြောနေသည်ကို သူ ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်နေစဉ်မှာပင် ဟိုတယ်ရှေ့သို့ ဆလွန်းကားတစ်စီး ထိုးရပ်ပြန်သောကြောင့် ဝန်ထမ်းသည် ထိုဆလွန်းကားဆီ ပြေးသွားကာ တံခါးဖွင့်ပေးခြင်း၊ အရိုအသေပြုခြင်း၊ ဟိုတယ် ဝင်ပေါက် မှန်တံခါးကြီးဆီသို့ ခေါ်ဆောင်လာခြင်း၊ တံခါး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးခြင်းများ ပြုနေစဉ်မှာပင် သူသည် ဟိုတယ်အနီးမှ ထွက်ခွာပြီး လျှောက်လာခဲ့သည်။

ပလက်ဖောင်းဘေး ဆိုင်တချို့တွင် ပြည်တွင်းဖြစ် မီးပုံးလေးတွေ၊ နိုင်ငံခြားဖြစ် မီးပုံးလေးတွေ ရောင်စုံချိတ်ဆွဲပြီး ရောင်းကုန်အဖြစ် ပြသထားသည်ကို သူ သတိထားကြည့်မိပြန်သည်။

မီးပုံးလေးတွေ ရောင်းနေပြီဆိုတော့ သီတင်းကျွတ်တော့မည်လား။

ယခုလသည် သီတင်းကျွတ်လပေလား။

တန်ဆောင်မုန်းတွင်လည်း တန်ဆောင်တိုင် မီးထွန်းပွဲရှိသောကြောင့် ယခုလသည် တန်ဆောင်မုန်းလလေလားဟု သူ ပြန်တွေးကြည့်ပြန်သည်။

နေ့၊ ရက်၊ လ၊ ခုနှစ်ကို သူ မမှတ်မိ။ ယခု သီတင်းကျွတ်လား၊ တန်ဆောင်မုန်းလားဟု မီးပုံးများကိုမြင်၍သာ သူက ဘယ်လ ဘယ်ရက်ရောက်နေပြီလဲဟု တွေးကြည့်ခြင်းဖြစ်လေသည်။

တစ်ခုတော့ သူသည် ထူးဆန်းနေပါ၏။

သူ ဘာမဆို သတိမရ၊ အမှတ်မရဟု ဆိုစေကာမူ ဤမြို့သည် ဟောင်ကောင်မြို့ဟု သူ၏သိစိတ်က သိနေသည်။

ယခု မီးပုံးလေးတွေကိုတွေ့တော့လည်း ဤမီးပုံးဆိုသည်မှာ သီတင်းကျွတ်တွင် လည်းကောင်း၊ တန်ဆောင်မုန်းတွင်လည်းကောင်း ထွန်းညှိရကြောင်းကိုလည်း သူ၏သိစိတ်က သိနေပြန်သည်။





သိစိတ်လေး ပြုတစ်တစ် ပေါ်လာသည်နှင့် ဆက်ပြီး ဝိတွေးလိုက်လျှင် ဦးခေါင်း မူးဝေ ကိုက်ခဲ နာကျင်ပြီး ပြုတစ်တစ်လေးပင် ဦးခေါင်းထဲမှ ပျောက်သွားသည်မို့ သူ ပြီး မစဉ်းစားတော့။

သူသည် သူ့လက်တွင် ပတ်လျက်သား နာရီပါရှိသည်မို့ ထမဦးစွာ နာရီကိုအမျိုးအစားကြည့်လျက် ရွှေရောင်နာရီး ရွှေရောင်ကြိုးဖြင့် ရိုးလက်(စ်)နာရီကို သူမြင်ရသည်။ သူ့ အနေနှင့် သူပတ်ထားသော ရိုးလက်(စ်)နာရီသည် ယနေ့ ခေတ်ကာလတန်ဖိုး မည်မျှဟု သိမည် မဟုတ်သော်လည်း ဘာလ်ပေါက်ဈေး ငါးသောင်းကျော် တန်ဖိုးရှိပါ၏။

သူက လက်ပတ်နာရီ ဒိုင်ခွက်ထဲမှ အချိန်ကိုကြည့်ပြန်သည်။

(၅) နာရီ (၃၇)မိနစ်။

ဘယ့်နှယ် မဟုတ်တာ။ နံနက် (၅)နာရီ (၃၇)မိနစ် ဆိုပါကလည်း မိုးလင်းခါစ ဝေလီဝေလင်းသာ ဖြစ်ရမည်။

ညနေ (၅)နာရီ (၃၇)မိနစ် ဆိုပါကလည်း ညနေခင်း မှောင်ရီကျိုးစပြုနေသည်ကို တွေ့ရမည်။

ယခုတော့ နေ့ခင်းကြောင်တောင်ကြီး ရှိသေးသည်။ လူ အားလုံးသည် အိမ်ပြန်ဖို့ဝေး၍ ယခုမှ လှုပ်ရှားသွား ရမှု ကောင်းတုန်းရှိသေးသည်။

သူ နာရီကို သေချာကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြော...ခြော...နာရီက ရပ်နေပြသကိုး။ (၅)နာရီ (၃၇)မိနစ်တွင် စက္ကန့်မလှုပ်ရှား၊ မိနစ်မလှုပ်ရှား ရပ်နေသည်ကိုး။

သူ ဆက်၍ လျှောက်မြဲလျှောက်ခဲ့ရာ လက်မောင်းသုံးရပ် ယူနီဖောင်းနှင့် ရဲကြပ်ကြီးတစ်ဦး လမ်းထောင့်တွင် ရပ်နေသည်ကို တွေ့ရသည်။

ထိုရဲကြပ်ကြီးထံသွားရောက်ပြီး သူ့အဖြစ်ကိုပြောပြရလျှင် ကောင်းလေမလားဟု သူ စိတ်ကူးကြည့်သည်။

သို့သော် ယင်းစိတ်ကူးကို သူ့ဟာသူပင် ချက်ချင်းပယ်ဖျက်လိုက်သည်။

ဘယ့်နှယ် ကျွန်တော်ဘယ်သူလဲဗျာဟု သွားမေးရမှာ ရှက်စရာကောင်းလှပါ၏။ ကိုယ့်ဟာကိုယ် ဘယ်သူမှန်း မသိပါဘူးဆိုနေမှတော့ ရဲကြပ်ကြီးကကော မင်း ဘယ်သူ ဘယ်ဝါဟု သိမတဲ့လား။ ဒီလူ စိတ်မနှံ့ဘူး ထင်ပါရဲ့ ဖမ်းခေါ်သွားမှာကိုပင် စိုးရိမ်ရသေးသည်။

သူ့ဟာသူပင် ရပ်ပြီး စဉ်းစားကြည့်ပြန်ပါ၏။

ခုန ဟောဝန်ဟိုတယ် ညွှန်ကြားဝန်ထမ်းက သူ့အားခေါ်သည်နှင့် ဆရာကျော်ဇေယျဟုပင် ခေါ်ခဲ့သည်။ အကယ်၍သာ ညွှန်ကြားဝန်ထမ်းက သူ့အား လူမှားပြီး ခေါ်ခဲ့ခြင်း မဟုတ်ပါလျှင်....

သူသည် 'ကျော်ဇေယျ'ဆိုသူ ဖြစ်နိုင်နေပါ၏။





ကိစ္စမရှိ။ ဤကျော်ဇေယျဆိုသည့် နာမည်ကို မှတ်ထားပြီး မိမိကိုယ်ကို ဘယ်သူဘယ်ဝါမှန်း သိအောင် စုံစမ်းယူတော့မည်။

သူသည် ရည်ရွယ်ချက် ဘာမျှမရှိပါဘဲလျက် သည်အက်ပလက်ဖောင်းမှ ဟိုဘက်ပလက်ဖောင်းသို့ တစ်လှမ်းချင်း လမ်းကို ဖြတ်ကူးသည်။

'ကျွီ....ကျွီ....ကျွီ'

အငှားကားလေးတစ်စီး လမ်းအတိုင်း မောင်းလာရာမှ လမ်းလယ်တွင် ဖြည်းလေးစွာလျှောက်လာနေသော သူ့အား ရှောင်တိမ်းရင်း ဘရိတ်ကိုနင်းရာ ကျွီကျွီအသံတွေ ထွက်လာသည်။

အခြားတစ်ဖက် ပလက်ဖောင်းသို့ ရောက်သွားသောအခါ သူသည် ပလက်ဖောင်းအတိုင်း ဆက်လျှောက်ပြန်သည်။ ဤပလက်ဖောင်းရှိ ဆိုင်ကြီးများသည် ဆိုင်၏ မျက်နှာစာကို မှန်ချပ်ကြီးတွေ ကာထားကြသဖြင့် သူ၏ပုံရိပ်ကို မှန်ချပ်တွင် သူမြင်ရသည်။

ခေါင်းကဆံပင် ဖုတ်ဖွား။

ရိုးတိုင်းသော အဝတ်အစားတွေက ဖိုသီဖတ်သီ။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးတွေက ဖုတ်စိစိဖြင့် ပါးပြင်မေးစေ့အပေါ် နှုတ်ခမ်းအထက်တွင် မည်းနက်နေသည်။

လမ်းဘေးမှန်ချပ်တွင် သူ့ရုပ်ကိုသူ ကြည့်နေသော ဆိုင်ကလည်း ဆံပင်ညှပ်ဆိုင် ဖြစ်နေသည်ကို တွေ့ရပြန်သည်။

ဆံပင်ညှပ် ဆုံလည်ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်သည်။

www.burmeseclassic.com



ထုံးစံအတိုင်း ဆံပင်ညှပ်သမားက သူ့အား ရင်ဘတ်အုပ်၊ လည်တိုင်ချည် အဝတ်ဖြူကို လွှမ်းအုပ်လိုက်သည်။

'မောင်ရင့် အဝတ်တွေအားလုံး စိုထိုင်း နေပါလား၊ အအေးမိပြီး ဖျားနာမှာတောင် စိုးရတယ်'

သူက ဘာမှပြန်မပြောဘဲ သူထိုင်ရာ ဆုံလည်ကုလားထိုင် ရှေ့တည့်တည့်ရှိ ကြည်လင်ပြတ်သားသည့် ကြည့်မှန်ကြီးထဲမှ သူ့ရုပ်ထင်နေသည်ကို သေချာကြည့်ပြန်သည်။

သူ့မျက်နှာတွင် ဆူးခြစ်ခံရသလို အခြစ်ရာ စင်းကြောင်း နီနီလေးတွေကို သူတွေ့ရသည်။

ဆံပင်ညှပ်သမားက မညှပ်သေးမီရေနွေးငွေ့ဖြင့် ပရုတ်နံ့ သင်းနေသည့် မျက်နှာသုတ်ပဝါကိုဖြန့်ကာ သူ၏ မျက်နှာကို အုပ်ပြီး သန့်စင်စေသည်။ မျက်နှာတစ်ပြင်လုံး ပွတ်တိုက်ပေး သည်။

အား....ဇိမ်ပါပဲလား။

သူကမှိန်းပြီး ဆက်လက် ဆံပင်ညှပ်သည်ကိုလည်းကောင်း၊ မုတ်ဆိတ်မွေးများ၊ ပါးမြိုင်းမွေးများကို ဆပ်ပြာမြှုပ် သုတ် လိမ်းပြီး ရိတ်ပေးသည်ကိုလည်း ဇိမ်ခံရင်း မျက်စိ အလိုလို မှေးကျသွားသည်။

သူ ဘယ်လောက် ပင်ပန်းလာခဲ့မှန်း မသိ၊ အကြောအခြင် ဆန့်ပြီး မှိန်းလိုက်သည်နှင့် တစ်ခဏ အိပ်ပျော်သွားသည်။

'မောင်ရင်....ဒီမယ်....မောင်ရင်၊ အားလုံးပြီးပြီ၊ ထတော့လေ'





ဆံပင်ညှပ် ဦးလေးကြီးက လှုပ်နှိုးပြီး ပြောလေမှ သူက အင်း....အား ညည်းရင်း ဆုံလည်ကုလားထိုင်မှ ထရပ်ပြီး သပ်ရပ်ချောမွေ့သွားသော သူ၏မျက်နှာကို မှန်တွင်ကြည့်နေ သည်။

'ဆံပင်ညှပ် အစိတ်၊ မုတ်ဆိတ်ရိတ် နှစ်ဆယ်၊ အားလုံး လေးဆယ့်ငါးကျပ်ကျတယ် မောင်ရင်'

'အဲ....ဒုက္ခ'

ဆံပင်ညှပ် မုတ်ဆိတ်ရိတ်ခတို့ ဆံညှပ် ဦးလေးကြီးက တောင်းခံလေမှ သူသည် ပိုက်ဆံပေးရမည်မှန်း သိတော့ သည်။

သူသည် သူ၏ ကုတ်အင်္ကျီအိတ်တွေထဲ နှိုက်ကြည့်သည်။ အပြင်အိတ်များတွင် ပိုက်ဆံအိတ်လည်း မရှိ၊ ပိုက်ဆံလည်း မရှိ။

အတွင်းအိတ် လက်ဝဲလက်ယာ အိတ်များတွင်လည်း မရှိ။

ဘောင်းဘီ ဘေးအိတ်များထဲ လက်ထိုး နှိုက်ကြည့်သည်။ မရှိ။

ဒုက္ခပါပဲ၊ ပြဿနာတော့ ပေါ်တော့မည် ထင်ပါ၏။

နောက်ဆုံး မတတ်သာလျှင် သက္ကလတ် အပါးစားဖြင့် ချုပ်ထားသော အဖိုးတန် အကောင်းစား ကုတ်အင်္ကျီကိုပင် ချွတ်ပေးခဲ့ရတော့မည်အထိ သူကြိုတင်တွေးရင်း ဘောင်းဘီ နောက်အိတ်ထဲသို့ နှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ....တွေ့ပြီ။ ပိုက်ဆံအိတ် သူ့လက်ထဲသို့ ဘောင်းဘီနောက်အိတ်မှ ဆွဲထုတ်ပြီး နှစ်ထပ် ပိုက်ဆံအိတ်ကို လှန်ပြီး အိတ်ထဲသို့ ကြည့်လိုက်သည်။

အမယ်....ပိုက်ဆံငွေစက္ကူတွေမှ တစ်ထပ်ကြီး။ တစ်ရာတန်တွေချည်းပဲ အရွက်ပေါင်း ငါးဆယ်ခန့် ရှိနေအံ့သည်။

သို့သော်.... ပိုက်ဆံအိတ်ရော ငွေစက္ကူတွေပါ ရေစိုနေသည်ကို တွေ့ရသည်။

ပိုက်ဆံအိတ်မှာလည်း သားရေအကောင်းစားဖြင့် နိုင်ငံခြားလုပ် အဖိုးတန်အိတ်ဖြစ်နေရုံမက အိတ်ထဲတွင် မှတ်ပုံတင်ကတ်ပြား၊ ယာဉ်မောင်း လိုင်စင်များကိုပါ သူတွေ့ရသည်။

ကြည့်စမ်း....စောစောကတည်းက ပိုက်ဆံအိတ်ကို သူ့ဟာသူ ရှာကြည့်ဖို့ သတိမရလေခဲ့သနည်း။ လူတိုင်းလိုလိုသည် မှတ်ပုံတင် ကတ်ပြားတို့၊ ယာဉ်မောင်း လိုင်စင်တို့ကို ပိုက်ဆံအိတ်ထဲတွင် ထားတတ်လေ့ရှိသည် မဟုတ်လား။ သည်ကတ်ပြားများသည် မိမိ ဘယ်သူဘယ်ဝါ ဆိုသည်ကို မှတ်တမ်းပြုထားသည့် ကတ်ပြားများ မဟုတ်ပါလား။

သူက ပိုက်ဆံအိတ်ထဲမှ တစ်ရာတန်တစ်ချပ်ကို ထုတ်ယူပြီး ဆံပင်ညှပ်သမားအား ပေးလိုက်သည်။ ဆံပင်ညှပ်သမားက ငါးဆယ်တန်တစ်ချပ် ပြန်အမ်းပြီး နောက်ထပ် ငါးကျပ်ပေးရန် ဟိုအိတ်နှိုက် သည်အိတ်နှိုက်၊ ဟိုအံဆွဲဖွင့် သည်အံဆွဲဖွင့်နေသည်ကို သူက စောင့်မနေတော့ဘဲ ထွက်လာခဲ့သည်။

အသင့်အတင့် လူရှင်းသောနေရာရောက်လေမှ သူ့ပိုက်ဆံအိတ်ကိုဖွင့်ကာ သူ့မှတ်ပုံတင် ကတ်ပြားကို ယူကြည့်သည်။





မှတ်ပုံတင်ထဲတွင် ဌာနဆိုင်ရာတံဆိပ် တစ်ခြမ်းမိအောင် ရိုက်ထားသော ဓာတ်ပုံမှာ သူ ဆံပင်ညှပ်ဆိုင်တွင် မှန်ကြည့်ခဲ့သော သူ့ရုပ် သူ့ဓာတ်ပုံဟု ဆိုနိုင်ပါသည်။

အမည်....ကျော်ဇေယျ။
အဘအမည်....ဦးအောင်မင်း။
ကျား/မ....ကျား။
မွေးဖွားသည့်နေ့ရက်....၁၉၆၆-ခုနှစ်၊ စက်တင်ဘာ (၁၀) ရက်။
မွေးဖွားရာဒေသ....ရွှေမြို့၊ အမှတ်(၆) သဇင်လမ်း။
သက်သေခံ အမှတ်အသား....လက်ဝဲအပေါ် နှုတ်ခမ်းထိပ်တွင် မှဲ့ရှိ။

အမျိုးသား မှတ်ပုံတင်တွင် ဖော်ပြသောအမည်နှင့် ဟော်ဝန် ညွှန့်ကြိုအမှုထမ်း သူ့ကို ခေါ်လိုက်သော အမည်ချင်း ကဘော့ ကိုက်ညီနေပေပြီ။

တစ်ဖန် သူသည် ပိုက်ဆံအိတ်ထဲမှ ယာဉ်မောင်းလိုင်စင်ကို ထုတ်ယူကြည့်ပြန်သည်။

အား....ဟုတ်ပြီ။

ယာဉ်မောင်းလိုင်စင်ထဲမှာလည်း သူ၏အမည် ကိုကျော်ဇေယျပင် ဖြစ်သည်။

သူသည် ကျော်ဇေယျ အမည်ရှိ လူတစ်ယောက် ဖြစ်ကြောင်း ယုံမှားစရာ မရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်းလိုင်စင်နှင့် မှတ်ပုံတင်ကတ်ပြားကို ပိုက်ဆံအိတ်ထဲ ပြန်ထည့်ရင်း ပိုက်ဆံအိတ်၏ ဇစ်ဆွဲပိတ်ထားရာ အိတ်များကို အားလုံးဇစ်ဆွဲဖွင့်ပြီး အထဲရှိပစ္စည်းကို ထုတ်ကြည့်သည်။

အိတ်တစ်ခုထဲမှ ဓာတ်ပုံတစ်ပုံ ထွက်လာပြန်သည်။ ဓာတ်ပုံကို သူ သေချာကြည့်သည်။

မြင်ရုံနှင့် သားအမိသားအဖသုံးယောက် ရိုက်ထားသော ဓာတ်ပုံဖြစ်မှန်း သိသာသည်။

အဖေနှင့်အမေက စုံတွဲရပ်နေသည်။

သားငယ်က အဖေနှင့်အမေ၏ ရှေ့အလယ်တွင် ရပ်နေသည်။ သားငယ်၏ပခုံးကို အဖေကလက်တစ်ဖက်၊ အမေက လက်တစ်ဖက် ဆုပ်ကိုင်ထားသည်ကို တွေ့ရသည်။

ဗေဒင်မမေးပါနှင့်တော့။ ဓာတ်ပုံထဲမှ ကလေးအဖေသည် သူ ကျော်ဇေယျဦးပင် ဖြစ်နေပါ၏။

ဓာတ်ပုံထဲက သူ ကျော်ဇေယျဆိုလျှင် သူ့တွင် အလွန်ချော အလွန်လှပြီး အလွန်ချစ်စဖွယ်ကောင်းသော ဇနီးမယားလေး ရှိနေပါကလားဟုလည်း ဓာတ်ပုံကိုငေးကြည့်ရင်း တွေးနေမိသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးကျ ပြေပြစ်လွန်းပါ၏။ သားတစ်ယောက်၏မိခင်ဟု ပြောလျှင်ပင် မယုံနိုင်စရာ။

အဲ.... ရှေ့က သားငယ်ကတော့ ပိန်လှီသည်။ မျက်နှာပေါက်လေး ဆိုးသည်။





ဓာတ်ပုံရိုက်ရာနေရာမှာ တိုက်အိမ်ကြီးတစ်အိမ်၏ ဆင်ဝင်အောက်တွင် ရိုက်ထားသော ဓာတ်ပုံဖြစ်သည်။

ဒါ....ကိုယ့်ဇနီးပါလားဟု ဓာတ်ပုံထဲက အမျိုးသမီးချောလေးကို သူ သေချာစိုက်ကြည့်ပြီး ဦးနှောက်ကို အမြဲညှစ်ကြည့်ရာ ဦးနှောက်က အလုပ်မလုပ်ပေ။ သူ့ဇနီးဟူ၍ သူ လုံးဝမမှတ်မိ။

သူ့သားပါဟူ၍လည်း လုံးဝ မမှတ်မိ။

ဓာတ်ပုံနောက်ကျောသို့ သူလှန်ကြည့်သည်။ ဓာတ်ပုံ၏ ကျောဘက်တွင် သင်္ကေတ ထားတတ်သူများက ဘယ်နေ့ ဘယ်ရက်တွင် ဘယ်နေရာ၌ ဘယ်သူဘယ်ဝါတွေ ရိုက်ထားသောပုံ စသဖြင့် မှတ်တမ်းသဘော ရေးတတ်သောကြောင့် လှန်ကြည့်ခြင်း ဖြစ်ပါ၏။

ထင်သည့်အတိုင်း တွေ့ရပါ၏။

(သားသားလေး ၆-နှစ်မြောက် မွေးနေ့)

သို့....

မေမေ (ဒေါ်ခင်ငြိမ်း)
အမှတ် (၈)၊ မြို့လယ်ဈေးလမ်း၊
ဟောဝန်မြို့။

မှ....

နှောင်းနှောင်း
အမှတ် (၁၀)၊ သရဖီလမ်း၊
မြို့ဟောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံကျောဘက်မှ စာရေးထားသော စာကိုဖတ်ကြည့်ခြင်းအားဖြင့် မြို့ဟောင်းမြို့မှ သမီးဖြစ်သူ နှောင်းနှောင်းက သူမ၏မိခင်ဖြစ်သူ ဒေါ်ခင်ငြိမ်း ဟော၀န်မြို့သို့ ပေးပို့ရန် ဓာတ်ပုံဖြစ်ပေါ်၏။

ယင်းပေးပို့ရန် ဓာတ်ပုံသည် မပေးပို့ဘဲ သူ၏ ပိုက်ဆံအိတ်ထဲသို့ ရောက်နေသည်။

သူ တွေးကြည့်သည်။ ဇနီးဖြစ်သူ နှောင်းနှောင်း မြို့ဟောင်းမှနေ၍ ဟော၀န်မြို့ရှိ သူမ၏မိခင်ထံသို့ ဤမိသားစု ဓာတ်ပုံကို လင်ယောက်ျားဖြစ်သူ သူ ကျော်ဇေယျကို ပေးပို့ခိုင်းခြင်း ဖြစ်မည်။ သူ ကျော်ဇေယျက မပေးပို့ရသေးမီ ပိုက်ဆံအိတ်ထဲထည့်ထားခြင်း ဖြစ်လိမ့်မည်။

ဒါဆိုလျှင် ဟော၀န်မြို့မှဒေါ်ခင်ငြိမ်းသည် သူ၏ယောက္ခမ ဖြစ်နေပေတော့သည်။

ဒါဆိုလျှင် ယခု သူ ဟော၀န်မြို့ကိုလည်း ရောက်နေသည်။ ဤဓာတ်ပုံကို လိပ်စာအတိုင်း သူ့ယောက္ခမ ဒေါ်ခင်ငြိမ်းထံ သွားပေးရင်း ယောက္ခမနှင့်တွေ့ရပြှင် သူ၏ အတိတ်ဇာတ်ကြောင်းတွေ ပြန်လည်အမှတ်ရနိုင်စရာ ရှိပေမည်။

သူသည် ဆက်၍ လျှောက်လာခဲ့သည်။

လျှောက်ရင်း သူ့ကုတ်အင်္ကျီ အပြင်အိတ်နှစ်ဖက်ထဲသို့ လက်ထိုးသွင်းမိရာ သူသည် ညာဘက်အိတ်ထဲမှ မာကျော ကျော ကတ်ပြားတစ်ခုကို စမ်းမိသောကြောင့် ကတ်ပြားကို ထုတ်ကြည့်သည်။





ကတ်ပြားသည် မီးရထားလက်မှတ်တစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

မီးရထားလက်မှတ်ထဲမှစာကို သူ ဖတ်ကြည့်သည်။

ဘုရားသုံးဆူမှ ဟော၀န်မြို့သို့ဟု ရိုက်နှိပ်စာလုံး ရိုက်ထားသော စာတန်းကိုတွေ့ရသည်။

မီးရထားလက်မှတ်မှာ လတ်လတ်ဆတ်ဆတ် အသစ်သခေ်ာ ရှိနေသောကြောင့် လတ်တလော သူသည် ဘုရားသုံးဆူဘူတာမှ လက်မှတ်ဝယ်ပြီး ဟော၀န်မြို့သို့ မီးရထားဖြင့် လာခဲ့သည်ဟု တွက်ဆနိုင်ပြန်သည်။

သို့သော် မီးရထားနှင့် သူလာခဲ့သည်ကိုလည်း လုံး၀ သတိမရပေ။

သူ စဉ်းစားကြည့်ပြန်သည်။

စဉ်းစားလေမှ ပိုမို ရှုပ်ထွေးလာပြန်ပေတော့သည်။

ဓာတ်ပုံထဲက သူ ကျော်ဇေယျသည် ဓာတ်ပုံနောက်ကျောပါ လိပ်စာအရ မြို့ဟောင်းမြို့၊ အမှတ် (၁၀)၊ သရဖီလမ်းတွင် နေထိုင်သူဖြစ်ပါလျက် ဟော၀န်မြို့သို့ မီးရထားစီးရာတွင် မြို့ဟောင်းမြို့မှ လက်မှတ်ယူမစီးဘဲ အဘယ်ကြောင့် ဘုရားသုံးဆူဘူတာမှ လက်မှတ်ဝယ်ပြီး စီးခဲ့လေသနည်း။

ဦးခေါင်း ကိုက်ခဲလာသည်။ မူးဝေ နောက်ကျုလာပြန်သဖြင့် စဉ်းစားခြင်းအလုပ်ကို သူ ချက်ချင်းရပ်ပစ်လိုက်ရပါသည်။ ဘာမှတော့ ပြန်၍အမှတ်မရသေး။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်.... ရှုပ်ပါတယ်၊ မစဉ်းစားတာဘဲ ကောင်းပါတယ်'

သူ့စိတ်ကိုဖြေလျှော့ကာ ဆက်လျှောက်လာပြန်သည်။

'ဟာ....ဆရာ၊ ဆရာကျော်ဇေယျ'

သူက လမ်းဖြတ်ကူးမည်ပြုစဉ် ဂျစ်ကားတစ်စီး သူ့ဘေးသို့ ထိုးရပ်ပြီး ဂျစ်ကားမောင်းသူက သူ့အား ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆရာကျော်ဇေယျဟုခေါ်ရင်း ကားပေါ်မှဆင်းကာ သူ့အား တရိုတသေနှုတ်ဆက်သည်ကို သူတွေ့ရသည်။

ယင်းဂျစ်ကားဆရာက ဖော်ရွေရင်းနှီး ရှိသေစွာဆက်ဆံနေသော်လည်း ထိုလူကို သူလုံးဝမမှတ်မိပါလေ။

သူ ဂျစ်ကားမှလူကို ကြောင်ကြည့်နေသည်။

'ဟာ....ဆရာ ကျွန်တော့်ကိုမမှတ်မိဘူး ထင်တယ်၊ ကျွန်တော် မောင်တိုးလေ၊ ဆရာ ဆည်မြောင်းမှာ လက်ထောက်အင်ဂျင်နီယာ လုပ်တုန်းက ကျွန်တော် ဆရာ့တပည့်ရင်းလေ'

မောင်တိုးဆိုသူက အစဖော်ပေးသော်လည်း သူသည် မောင်တိုးကို လုံးဝမမှတ်မိပေ။

'ဆရာ ကျွန်တော့်ကို မမှတ်မိပါဘူး၊ ဟုတ်တာပေါ့ဆရာ၊ ရှစ်နှစ်တောင် ကြာသွားပြီကိုး၊ နောက်ပြီး ဆရာက ဆရာနဲ့ ကျွန်တော် အတူလုပ်ပြီး တစ်နှစ်အကြာမှာ ဆရာက လက်ထပ်မယ်ဆိုပြီး အလုပ်က ထွက်သွားတာပဲ၊ ဆရာ အလုပ်





ထွက်သွားပြီး မကြာခင် ကျွန်တော်လဲ အလုပ်ထွက်တယ်လေ၊ အခု အုံနာကြေးပေးပြီး အငှားဂျစ်ကား မောင်းနေတာ'

'ဟုတ်လား၊ ကျုပ်မမှတ်မိတာကို ခွင့်လွှတ်ဗျာ၊ ကျုပ် ဘာဖြစ်နေမှန်း မသိဘူး၊ ဘာမဆို သတိမေ့ချင်နေတယ်'

'ဟုတ်တယ်၊ ဆရာ့ကြည့်ရတာ ငူတူတူ ငေါင်တောင်တောင် ဖြစ်နေတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ ဆရာ့ကိုမှတ်မိတယ်၊ အလုပ်ထဲတုန်းက ဆရာက ကျွန်တော့်အပေါ်မှာ သိပ်ကောင်းခဲ့တာ၊ ကျွန်တော် ဘယ်မေ့မလဲ၊ အခု ဆရာ ဘယ်သွားမလဲ ဆရာ'

'မြို့လယ် ဈေးလမ်း အိမ်နံပါတ် ရှစ်ကို သွားမလို့'

'ဒါဆို ကျွန်တော်လိုက်ပို့မယ်၊ ကားပေါ်တက်ပါ ဆရာ'

သူသည် ယခုလို တောင်မှန်းမသိ၊ မြောက်မှန်းမသိ ဒေါ်ခင်ငြိမ်းအိမ်ကို လိုက်ရှာနေသည်ထက် မောင်တိုး၏ဂျစ်ကားနှင့် လိုက်သွားသည်က အိမ်အရှာရ သက်သာသည်ဟု သဘောပိုက်ကာ ဂျစ်ကားပေါ်သို့ တက်ခဲ့သည်။

ထိုနေရာမှ မောင်းထွက်ခဲ့သည်။

'နေပါဦး၊ ခုနက ကိုတိုးပြောတဲ့အထဲမှာ ကျုပ်က ဆည်မြောင်းဌာနက လက်ထောက် အင်ဂျင်နီယာနော်'

'ဟုတ်တယ်လေ၊ ဆရာ ကျောင်းပြီးတာနဲ့ လက်ထောက် အင်ဂျင်နီယာ တန်းအလုပ်ဝင်တာလို့ ဆရာ ပြောခဲ့တာပဲ၊ ဒါပေမယ့် ဆရာ တစ်နှစ်တောင် မပြည့်ပါဘူး၊ လက်ထပ်လိုက်တယ်၊ လက်ထပ်ပြီး မကြာခင် ဆရာ အလုပ်ထွက်လိုက်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည် ကျော်ဇေယျမှန်း သူသိပြီ။

သူ လွန်ခဲ့သော ရှစ်နှစ်က ဆည်မြောင်းဌာနတွင် အင်ဂျင်နီယာလုပ်ခဲ့ကြောင်းလည်း သူသိပြီ။

သူ့တွင် နှောင်းနှောင်းဆိုသည့် ဇနီးချောလေး ရှိမှန်း သူသိသည်။

သူ့တွင် ခြောက်နှစ်သားအရွယ် သားငယ် တစ်ယောက် ရှိကြောင်း သူသိပြီ။

သူ့ဇနီး နှောင်းနှောင်းက မြို့ဟောင်းမြို့တွင် နေပြီး သူ၏ယောက္ခမ ဒေါ်ခင်ငြိမ်းက ဟောဝန်မြို့တွင် နေထိုင်ကြောင်းလည်း သူသိပြီ။

ဘွားခနဲပေါ်လာပြီး ဘာတစ်ခုမျှမသိ၊ ဘာတစ်ခုမျှ မမှတ်မိရာမှ ယခု နာရီပိုင်းအတွင်း သူ့ဘဝကို သူသိသင့်သလောက် သိလာရသည်မှာ တော်သေးသည်ဟု တွက်မိသည်။

'ဟောဒီ ဆရာမကြီးရဲ့ အိမ်နဲ့ခြံပဲ ဆရာ'

ကိုတိုးက ဒေါ်ခင်ငြိမ်းအိမ်ရှေ့တွင် ရပ်ပေးသည်။ ခြံတံခါး ပိတ်ထားသောကြောင့် ခြံထဲရှိ တစ်ထပ်တိုက် အိမ်လေးအထိ ကားဝင်ရောက်ခြင်း မပြုနိုင်ပေ။

သူက အိတ်ထဲမှ ပိုက်ဆံအိတ်ကိုထုတ်ပြီး တစ်ရာတန် တစ်ရွက် ကိုတိုးကို ထုတ်ပေးသည်။

'ဟာ...မယူပါဘူးဆရာ၊ ဆရာ့ကျေးဇူး ကျွန်တော့်မှာ အများကြီး ရှိခဲ့တာပဲ၊ ကျွန်တော် ဆရာ့ဆီက ပိုက်ဆံယူရင် ကံကြီးထိုက်သွားမှာပေါ့ ဆရာ၊ မယူပါရစေနဲ့၊ နောက် ဟောဝန်ကို ဆရာလာတိုင်း ခိုင်းစရာရှိ ကျွန်တော့်ကိုခိုင်းပါ၊ ဟောဝန်ဈေးထောင့် တက္ကစီကား စတင်းမှာ မောင်တိုးလို့ မေးရင် ရတယ်ဆရာ၊ ကျွန်တော် အဲဒီမှာ ဂိတ်ထိုးနေလေ့ရှိပါတယ်'

ပြောပြောဆိုဆို ခြံဝတွင် သူ့ကိုထားခဲ့ပြီး ကိုတိုး ကား မောင်း ထွက်သွားသည်။

ဟိုစဉ်က ကိုတိုးအပေါ် သူကသိပ်ကောင်းပြီး ကျေးဇူးတွေ ပြုခဲ့သည်ဟု ဆိုသည်။ ဘာတွေကောင်းခဲ့ပြီး ဘာတွေများ သူက ကျေးဇူးပြုခဲ့ဖူးပါလိမ့်။ လုံးဝ မမှတ်မိ။

'ဘာကိစ္စလဲ မောင်ရင်'

'ဒေါ်ခင်ငြိမ်းနဲ့ တွေ့ချင်လို့၊ ဒေါ်ခင်ငြိမ်း ရှိပါသလား အဘ'

ခြံစောင့်ဖြစ်ဟန် တူပါ၏။ အသက် ငါးဆယ်ကျော်လောက် ရှိပေပြီ။

'ဆရာမကြီး ရှိတော့ရှိတယ်၊ ဆရာမကြီးက မောင်ရင့်ကို တွေ့ဖို့ ချိန်းထားသလား၊ ဆရာမကြီးက သူချိန်းထားတဲ့လူ ဆိုရင် လူနာမည်နဲ့တွေ့ဖို့ အချိန်နာရီနဲ့ စာရင်း ကျုပ်ကို ပေးထားတယ်၊ သူချိန်းထားတဲ့လူ မဟုတ်ရင် ခြံတံခါးဖွင့် မပေးရဘူး၊ မောင်ရင့်နာမည် ဘယ်သူလဲ၊ ဆရာမကြီးနဲ့ ဘယ်အချိန်မှာတွေ့ဖို့ ချိန်းထားလဲဆိုတာ ပြောပါ၊ ကျုပ် စာရင်းနဲ့ တိုက်ကြည့်ချင်လို့'





www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်နာမည် ကျော်ဇေယျ၊ ဒေါ်ခင်ငြိမ်းနဲ့တွေ့ဖို့ ချိန်းမထားဘူး'

အဘက စာရင်းစာရွက်ကို ကြည့်သည်။

'ကျော်ဇေယျနဲ့ ချိန်းထားတယ်လို့ ဆရာမကြီးရဲ့ ပေးထားတဲ့ စာရင်းမှာ မပါဘူး'

သူက စိတ်ထဲတွင် ကြီးနှယ်ကျယ်လိုက်တာဟု အပြစ်တင်မိပြီး သက်ပြင်းတစ်လုံး ချလိုက်မိပါ၏။

အကယ်၍ သူသည် ဘာတစ်ခုမျှ မမေ့မလျော့ဘဲ လူကောင်းပကတိသာဆိုလျှင် ဒီလောက်တောင်မှ ခြံဝင်ခွင့်ကြီးကျယ်တာ မတွေ့ရတော့ကော ဘာအရေးလဲဟု ပြောဖြီး ချက်ချင်းလှည့်ပြန်လိမ့်မိမည် ထင်ပါ၏။

ယခုမူ...

သူက အတိတ်မေ့နေသူ ဖြစ်နေသည်။ ရင်းရင်းနှီးနှီး ဆွေမျိုးအုပ်စုအနေနှင့် ယခု ယောက္ခမဒေါ်ခင်ငြိမ်းကို ပထမဆုံး တွေ့ရမည်ဖြစ်သည်။ ယောက္ခမ ဒေါ်ခင်ငြိမ်းထံမှ သူ့အတိတ်တွေ သိနိုင်သလောက်သိအောင် စကားပြောဆိုချင်သည့် အာသီသ သူ့တွင်ရှိနေသောကြောင့် စိတ်ရှည်ရှည်ပင် ထားလိုက်ရပါ၏။

'ဒီမှာအဘ၊ ကျွန်တော်ဟာ ဒေါ်ခင်ငြိမ်းရဲ့ သမက်ပဲ၊ နေ့က်ပြီး မြို့ဟောင်းကလာတာ၊ ဘယ်မှာ အချိန်းအချက်နာရီတွေဘာတွေ ယူနိုင်မှာလဲ'

'ဖုန်းနဲ့ချိန်းရင် ရသားပဲ'





'ကဲ...အဘဟာက ကြက်တူရွေးက တော်တော်၊ မယ်တော်ကကဲကဲ ဖြစ်နေပြီ၊ အဘ ခြံစောင့်အနေနဲ့ လုပ်ပေးဖို့က ဒေါ်ခင်ငြိမ်းကိုတွေ့ဖို့ သူ့သမက် ကျော်ဇေယျ ရောက်နေတယ်၊ ခြံတံခါး ဖွင့်ပေးရမလားလို့ သွားမေးဗျာ၊ အခုအဘဖွင့်မပေးလို့ ကျွန်တော်ပြန်ရရင် ဒေါ်ခင်ငြိမ်းဆီကို သူ့သမီးက ကျွန်တော်လာတာ အဘက တံခါးဖွင့်မပေးလို့ ပြန်ခဲ့တယ်လို့ ဖုန်းနဲ့လှမ်းပြောမယ်၊ ဒါပဲအဘ၊ ကျွန်တော် ပြန်ရမလား'

'နေဦး၊ ဒါဆို ကျုပ် ဆရာမကြီးဆီ သွားမေးဦးမယ်၊ မောင်ရင် ခဏစောင့်ပါ'

ခြံစောင့်အဘ ထွက်သွားပါ၏။

ကျော်ဇေယျ စဉ်းစားသည်။

ခေါင်ပုံကျောဘက်တွင် ရေးထားသော စာများအရ သားသား ခြောက်နှစ်သား မွေးနေ့ မိသားစု ခေါင်ပုံကို အမေ (ဒေါ်ခင်ငြိမ်း)ဟုသာ ဖော်ပြထားသည်။

ဒါဆိုလျှင် ဖေဖေဖြစ်သော ဒေါ်ခင်ငြိမ်း၏ ခင်ပွန်းနှောင်းနှောင်း၏ ဖခင်အမည် အဘယ်ကြောင့် မပါလေသနည်း။

ဒေါ်ခင်ငြိမ်းနှင့် နှောင်းနှောင်း၏ ဖခင်သည် လင်မယား ကွဲကြွားသော်လည်း အတူတူ မနေသောကြောင့် ဖခင်အမည် နှောင်းနှောင်းက မထည့်မဖော်ခြင်းပေလား။

'ကဲ...ကျုပ်နောက်လိုက်ခဲ့'



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်အဘ ပြန်ရောက်လာပြီး ခြံတံခါး ဖွင့်ပေးကာ သူ့နောက်သို့လိုက်ရန် ခေါ်ပေသည်။

တစ်ထပ်တိုက်လေး၏ အိမ်တံခါးဝ ရောက်သောအခါ အိမ်ဖော်ဖြစ်ဟန်တူသော အမျိုးသမီးတစ်ဦးက သံဆွဲတံခါး ကို ဖွင့်ပေးသည်။

'လာပါရှင်၊ ဆရာမကြီး နေ့လယ်စာ စားနေသေးပါ တယ်၊ ကဲ....အဘညို ပြန်တော့၊ ခြံကိုဆက်စောင့်တဲ့'

သူသည် ဧည့်ခန်းရှိ ဆိုဖာ ဆက်တီ ကုလားထိုင်တစ်လုံး တွင် ဝင်၍ထိုင်သည်။

အိမ်ဖော် အမျိုးသမီးက သံဆွဲတံခါးကို ပြန်ပိတ်ပြီး ထိုင် နေသော သူ့ကို ထစေပြန်သည်။

'ကဲ....ထမင်းစားခန်းမှာပဲ ဆရာမကြီးက ရှင့်ကိုတွေ့မယ် ကျွန်မနောက်ကို လိုက်ခဲ့ပါရှင့်'

ဟူးခနဲ လေမှုတ်ထုတ်ရင်း အမျိုးသမီး အိမ်ဖော်နောက် မှ လိုက်သွားရပြန်သည်။

ထမင်းစားခန်းထဲဝယ် အသက်လေးဆယ်ကျော်ကျော်ခန့် သာ ရှိပြီး ရုပ်ရည်ချောမောပြီး အလွန်လှသော အမျိုးသမီး ကြီးတစ်ယောက်သည် ထမင်းစားပွဲတွင် ပျင်းတိပျင်းတွဲ ဟန် ဖြင့် စားသောက်နေသည်ကို တွေ့ရပါ၏။

'ဆရာမကြီး၊ ခေါ်လာခဲ့ပါပြီရှင့်'

ဒေါ်ခင်ငြိမ်းက သူ့ကိုမော့ကြည့်သည်။ ဣန္ဒြေကြီးလှ သော အကြည့်မျိုး ဖြစ်ပါ၏။ ကျောင်းအုပ် ဆရာမကြီး





အပြစ်ရှိသော ကျောင်းသားကို သူမ၏ ရုံးခန်းထဲသို့ ခေါ် တွေ့သော ပုံစံမျိုး ရှိနေပါသည်။

ဘာပဲပြောပြော အမျိုးသမီးကြီးက သူ့အသက် အရွယ် အထိ ဤမျှ ချောမောလှပသော အချောအလှ အမွေကို သမီးနှောင်းနှောင်းကို ရယူသောကြောင့် နှောင်းနှောင်း လည်း ခေတ်ပုံထဲတွင် သိပ်ချော သိပ်လှသည်ဟု ယူဆဖွယ် ရှိသည်။

'ဪ....ဪ၊ ငါ့သမက် ကျော်ဇေယျဆိုတာ မင်းကို၊ ရုပ်ရည်က ဘယ်ဆိုးလို့လဲ၊ လူချောတစ်ယောက်ပဲ၊ ကိုယ်လုံး ကိုယ်ထည်ကလဲ့ ယောကျ်ားပီသသားပဲ၊ ဒါပေမယ့် မင်းကို ကြည့်ရတာ စိုစိုထိုင်းထိုင်းနဲ့ စုတ်တီးစုတ်ဖတ် နိုင်လွန်း တယ်'

'အပြင်ဘက်မှာ မိုးရွာနေပါတယ် အန်တီ'

'ဒါဆန်းသလား၊ သီတင်းကျွတ်လမှာ ဒီလိုပဲ မိုးကြွင်း မိုးကျန် ရွာစမြဲပဲ၊ မိုးရွာရင် ထီးဆောင်းပေါ့၊ မိုးကာအင်္ကျီ ဝတ်ပေါ့၊ ထီးမပါ မိုးကာမပါဘဲ ဒီအတိုင်း အသားလွတ် ကြီး သွားရတယ်လို့ကွယ်၊ အင်းပါလေ....ဟိုလူပြော ဒီလူ ပြောနဲ့ ငါကြားတော့ ကြားနေသားပဲ၊ မိနှောင်း ခက်ထပ် ယူလိုက်တဲ့ ကောင်လေးဟာ ခပ်ကြမ်းကြမ်း ကောင်လေးလို့ ပြောကြသားပဲ၊ ကဲ....ကုလားထိုင်တစ်လုံးမှာ ထိုင်ပါ၊ ငါက ငါစားသောက်နေတုန်း ငါ့ကိုစိုက်ကြည့်နေရင် မစားတတ် ဘူးကွယ်'

သူ ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကြည့်ရတာ နေ့လယ်စာ တစ်ခုခုမစားရသေးတဲ့ပုံပဲ'

'ဟုတ်ကဲ့၊ ကျွန်တော် မစားရသေးပါဘူး'

'ဒါဆိုစားလေ၊ ကော်ဖီလဲ ကရားထဲမှာရှိတယ်၊ အဲဒီ ချထားတဲ့မုန့်တွေလဲ စားပေါ့'

သူ ဟန်မဆောင်နိုင်တော့ပြီ။ ဘွားခနဲ သူ့ဟာသူ ပေါ် လာသည့် အချိန်မှစ၍ သူ ဘာမှ မစားမသောက်ရသေးသော ကြောင့် ဆာဆာလောင်လောင်လည်း ရှိနေပေပြီ။

ဟောဝန်ဟိုတယ်တွင် ဝင်စားသောက်ရန် စိတ်ကူးသော် လည်း သူ့ကိုယ်သူ မယုံမရဲစိတ် ဖြစ်နေသဖြင့် ဝင်၍မစား ဖြစ်ခဲ့ဘဲ ကိုတိုးဆိုသူနှင့်တွေ့ပြီး အလိုက်သင့် သည်ကိုပါလာ ခြင်း ဖြစ်ခဲ့သည်။

ကော်ဖီငှဲ့သည်။ မုန့်တစ်ခုယူစားသည်။ ဆာလောင်လွန်း နေသည်မို့ သူမုန့်စားပုံ၊ ကော်ဖီသောက်ပုံမှာ ဆန္ဒဖြင်းပြ ကသောကမျော ပုံစံမျိုး ဝင်သွားပါ၏။

ဒေါ်ခင်မြိမ်းက သူစားပုံသောက်ပုံကို ထိုင်ကြည့်နေသည်။

'မင်းဟာ တော်တော်ပဲ ပေပေတေတေနဲ့ ခပ်ကြမ်းကြမ်း နေပုံရတယ်'

'ဟုတ်ကဲ့...ဒီလိုပါပဲ အန်တီ၊ တစ်ခါတလေမှာတော့ ဒီထက်တောင် ပိုဆိုးပါသေးတယ်'

သူက ရွှဲ့ပြောလေပြီ။

'ဟုတ်လား၊ ဒါဆိုရင် မင်းဟာ ငါ့သမက်လို့ မြင်တွေ့ တာ နောက်ကျလေ ကောင်းလေဆိုသလို ဖြစ်နေပြီ၊ အခု တောင် မိနှောင်း အိမ်ထောင်ကျတာ ရှစ်နှစ်ရှိသွားပြီး မင်းကို ပထမဆုံးတွေ့ရတာ၊ တွေ့တဲ့အချိန် စောနေသေး သလားပဲ'

သူက ဘာမှပြန်မပြောဘဲ ပခုံးကိုသာ တွန့်ပြလိုက်ပါ၏။

ဒေါ်ခင်မြိမ်း၏ စကားအရ သူ့သမီး နှောင်းနှင့် မိမိ အိမ်ထောင်ကျသည်မှာ ရှစ်နှစ်ရှိပြီ ဖြစ်စေကာမူ ယခုမှသာ သမက်ဖြစ်သူ သူ့ကိုမြင်ဖူးကြောင်း သူ့စိတ်ထဲက ထပ်မံ အသိတစ်ခုတိုးပြီး သိလိုက်ရပါ၏။

'နေပါဦးကွယ့်၊ မင်းက ဘယ်လိုဘယ်လို ကိုစည်သူရဲ့ မိသားစုထဲ ရောက်သွားတာလဲ၊ လောကကြီးမှာ ငါသာမှန် သည်၊ ငါသာမြတ်သည်၊ ငါသာ တော်သည်လို့ ဇာစ်ယူသန် မဟာသိပ်ဆန်တဲ့ ကိုစည်သူကကော မင်းကို လက်ခံသတဲ့ လား၊ လောကကြီးမှာ ငွေကိုသာ အရကြီးစား ရှာဖွေပြီး သားမယားကို လုံးဝ ဂရုမစိုက်တတ်တဲ့ ကိုစည်သူဟာ မိနှောင်းလက်ထပ်တဲ့ ကိစ္စမှာလဲ လျစ်လျူရှုထားလို့ မင်းလို လူနဲ့ မိနှောင်း ညားကြရတာမျိုး ဖြစ်မှာပါ၊ အေးလေ.... ငါက ကိုစည်သူကို စိတ်နာပြီး စုံကန် ထွက်လာပြီးတဲ့နောက် သားကြီးဝဏ္ဏ၊ သမီးငယ် မိနှောင်းကိုလဲ ငါက မေ့ထားလိုက် တာကိုး၊ မအေလဲမရှိ၊ ဖအေကလဲကြပ်မတ်မှုမရှိတဲ့ မိနှောင်း ဟာ မင်းလိုကောင်ဆိုးလေးကို လက်ခံသဘောကျ ကြိုက်ပြီး လက်ထပ်တာ မဆန်းပါဘူးလေ'

အဘွားကြီး ဘာပြောပြော သူက သူ့ဝမ်းဗိုက် နေသာ ထိုင်သာရှိအောင် ကော်ဖီနှစ်ခွက် ဆင့်သောက်သည်။ မုန့် သုံးခု စားပစ်လိုက်သည်။ နေသာထိုင်သာ ရှိသွားပါ၏။







www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး....ဘယ်သူ၊ အဲ....မောင်ကျော်ဇေယျဟုတ်လား'

'ကျွန်တော့်နာမည်ပါပဲ ခင်ဗျ'

'မိန္နောင်း ငါ့ဆီကိုရေးတဲ့ စာတစ်စောင်ထဲမှာ မိန္နောင်း လက်ထပ်တဲ့လူဟာ လူညံ့မဟုတ်ပါဘူးတဲ့၊ စက်မှုတက္ကသိုလ်က ဘီအီးဘွဲ့ရပြီး ဆည်မြောင်းမှာ လက်ထောက် အင်ဂျင်နီယာ လုပ်နေတဲ့လူပါတဲ့၊ အဲဒါကော ဟုတ်ရဲ့လား'

'ဟုတ်ခဲ့ဖူးတယ်လို့ ထင်တာပဲ'

တကယ်တော့ သူက ခွတိုက်ပြောသည် မဟုတ်ပါလေ၊ သူ့ဘဝကိုသူ ဘာဘယ် မမှတ်မိသောကြောင့် ထင်တာပဲဟု ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။

'ဘာကွယ့်....မင်းဟာက'

သူ ဘာမှထပ်မပြောဘဲ သူ့ပိုက်ဆံအိတ် ထုတ်ယူကာ မိသားစုသုံးယောက် ဓာတ်ပုံကို ဒေါ်ခင်ငြိမ်းအား ပေးလိုက်ပါ၏။

ဒေါ်ခင်ငြိမ်း သူ့သမီး နှောင်းနှောင်းနှင့် သူ့မြေး ပါရှိသော ဓာတ်ပုံမို့ သေချာကြည့်သည်။

'ကလေးက ပိန်လွန်းဘယ်၊ မင်းတို့က ကလေးကို စနစ်တကျ မွေးပုံမရဘူး၊ ဂရုဘစိုက်ပုံလဲ ရှိပုံမရဘူး၊ မင်းကလဲ တေတေပေပေနဲ့ ကလေးကို ဂရုမစိုက်၊ မိန္နောင်းကလဲ လင်ယူဖို့သာတတ်မယ်၊ သားမွေးဖို့ကျတော့ ဘာမှ ကျွမ်းကျွမ်းကျင်ကျင်ရှိမယ့် မိန်းကလေး မဟုဘ်ဘူး၊ ကိုစည်သူဆိုတဲ့ လူကလဲ သူ့ဥယျာဉ်၊ သူ့စက်ရုံ၊ သူ့လိမ္မော်ခြံ၊ သူ့စိုက်ခင်းတွေကိုသာ ဂရုစိုက်တဲ့လူ၊ မြေးကို ဂရုစိုက်မယ့်သူ မဟုတ်ဘူး'





ဓာတ်ပုံကိုကြည့်ရင်း ပြောရာမှ ဦးစည်သူ၏ စက်၊ ခြံ၊ စိုက်ခင်းတွေဆီသို့ ဒေါ်ခင်ငြိမ်း အာရုံရောက်သွားပုံ ရပြန်သည်။

'နေပါဦးကွယ်....ငါ သိုးသိုးသန့်သန့် ကြားနေပါတယ်၊ ကိုစည်သူက သူ့စက်ရုံ၊ သူ့ခြံ၊ သူ့စိုက်ခင်းတွေ အားလုံးကို ရောင်းပစ်မလိုလို ကြားတယ်၊ အဲဒါ ဟုတ်သလား'

'အင်း....အဲဒီလို စိတ်ကူး ရှိနေတယ်တော့ ထင်တာပဲ၊ ဒါပေမယ့် တိတိကျကျကြီးတော့ ဘာမှ မဟုတ်သေးပါဘူး'

သူဘ ချော်လဲ ရောထိုင်စကားကို နောက်မှ သံယောင်လိုက် ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။

တကယ်တော့ သူ ဘာဆိုဘာမျှ မသိ။

'အေး....ဒါဆိုလဲ ငါက ငါနဲ့ဆိုင်တာ တစ်ခွန်းပြောလိုက်ပါပေရဲ့၊ ငါက ကိုစည်သူနဲ့ ကွာရှင်းထားတယ် ဆိုပေမယ့် သူ့ဆီက လက်ချည်းသက်သက် ငါဆင်းလာခဲ့တာ၊ အမှန်တော့ စက်ရုံတွေ၊ ခြံတွေ၊ စိုက်ခင်းတွေ၊ ဥယျာဉ်တွေဟာ ငါနဲ့ ကိုစည်သူရဲ့ လက်ထက်ပွား ပစ္စည်းတွေကွယ့်၊ ငါက အိမ်ပေါ်ကဆင်းလာပေမယ့် ကိုစည်သူက နောက်အိမ်ထောင်လဲ မထူထောင်၊ သား မောင်ဝဏ္ဏနဲ့ သမီးငယ် နှောင်းနဲ့လဲ သူက အတူနေတာမို့ သားအဖဘစ်တွေ သိုက်သိုက်ဝန်းဝန်း နေပါစေဆိုပြီး ဘာမှဝင်မစွက်ဖက်တာ၊ အေး....ပစ္စည်းတွေကို ရောင်းတော့မယ်ဆိုရင်တော့ ငါ့ဆန္ဒကို မေးပါဦးလို့ ကိုစည်သူကိုပြောလိုက်ပါ မောင်ကျော်ဇေယျ'

'ဟုတ်ကဲ့....ပြောလိုက်ပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ....မောင်ကျော်ဇေယျ၊ အားတော့နာပါရဲ့၊ ဒါပေမယ့် အန်တီက စားချိန်မှန်တယ်၊ အိပ်ချိန်မှန်တယ်၊ ကျန်းမာရေးအတွက် ဆရာဝန် ညွှန်ကြားတဲ့အတိုင်း လိုက်နာတယ်၊ နေ့လယ်စာ စားပြီးရင် တစ်ရေးတစ်မောအိပ်ရတယ်'

'ဟုတ်ကဲ့....ကျွန်တော်လဲ ပြန်ချင်နေပါပြီ အန်တီ၊ သွားလိုက်ပါဦးမယ်'

သူသည် အရာရာတွင် ကြီးလည်းကြီးကျယ်၊ ခမ်းလည်းခမ်းနားသော ဒေါ်ခင်ငြိမ်းအိမ်မှ ထွက်လာခဲ့တော့သည်။

*



# (၂)

ဟောဝန်မြို့၏ လမ်းတစ်ခုပေါ်သို့ သူပြန်ရောက်ရပြန်လေပြီ။

ဘယ်သွားလျှင် ဘယ်ရောက်မည်မှန်းမသိဘဲ သူသည် လမ်းတစ်လမ်းပေါ်တွင် တစ်လှမ်းချင်း လျှောက်နေမိသည်။

သူ့ခေါင်းထဲတွင် အတွေးပေါင်းများစွာ၊ ပုစ္ဆာပေါင်းများစွာ ပလုံစီလာပြန်သည်။

ယခု ဒေါ်ခင်ငြိမ်း ယောက္ခမကြီးနှင့်တွေ့မှ မိမိတွင် မြို့ဟောင်း၌ နှောင်းနှောင်းဆိုသည့် ဇနီးအပြင် နှောင်းနှောင်း၏ အစ်ကိုရင်း ကိုဝဏ္ဏဆိုသူ ရှိသေးကြောင်း သိရသည်။ ကိုဝဏ္ဏသည် မိမိယောက်ဖ ဖြစ်နေပြန်ပေသည်။ ပြီး နှောင်းနှောင်းနှင့် ကိုဝဏ္ဏတို့၏ဖခင် ဦးစည်သူဆိုသူကလည်း မိမိ၏ယောက္ခထီးကြီးဖြစ်မှန်း သိရသည်။

တစ်ရံရောအခါက ဦးစည်သူနှင့် ဒေါ်ခင်ငြိမ်းသည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ သားကြီးဝဏ္ဏ၊ သမီးငယ် နှောင်းနှောင်းတို့နှစ်ယောက် ထွန်းကားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘယ်တုန်းကမှန်းတော့မသိ ဦးစည်သူနှင့် ဒေါ်ခင်ငြိမ်း လင်မယားကွဲသည်။ ဒေါ်ခင်ငြိမ်းသည် ယခု ဟောဝန်မြို့တွင် ထည်ဝါခမ်းနားစွာ နေထိုင်သည်။ ဦးစည်သူ၊ ကိုဝဏ္ဏနှင့် နှောင်းနှောင်းတို့က မြို့ဟောင်းမှာနေကြပြီး စက်ရုံ၊ ခြံ၊ ဥယျာဉ်၊ စိုက်ခင်းတွေ လုပ်ကိုင်နေကြသည်။

နှောင်းနှောင်းနှင့် မိမိ လက်ထပ်ချိန်တွင် ဒေါ်ခင်ငြိမ်းက မြို့ဟောင်းတွင် မရှိတော့ပြီ။ မိမိနှင့် နှောင်းနှောင်း လက်ထပ်ပြီးသည်မှာ ရှစ်နှစ်ခန့်ရှိပြီ ဆိုသည့် တိုင်အောင် ယောက္ခမဒေါ်ခင်ငြိမ်းအား ယခု ပထမဆုံး တွေ့ဆုံခြင်းဟု လည်း သိခဲ့ရသည်။

ကျော်ဇေယျခေါ် ငါ ဘယ်သူမှန်းမသိသော သူသည် သူ၏အတိတ်ကာလနှင့် ပတ်သက်သူများကို ကွင်းဆက် တစ်ခုပြီး တစ်ခု ဆက်ကြည့်ရင်း သူ ကျော်ဇေယျဟု အဖြေထွက်လာပေပြီ။

သို့တစေ....

သူ မြို့ဟောင်းကိုလည်း အမှတ်မရသေး။

နှောင်းနှောင်းကိုလည်း အမှတ်မရသေး။

ဘာဆိုဘာမျှ အမှတ်မရသေးသော လောကကြီးထဲက လူသစ်တစ်ဦးသာ ဖြစ်နေသည်။

ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို အတိတ်မေ့နေသော လူတစ်ယောက်အဖြစ် ဘဝဟောင်းကို လုံးဝသတိမရဖြစ်ကာ အတိတ်မေ့ လူသစ်ဘဝဖြင့် ကျင်လည်သွားရမည်လားဟု သူ တွေးကြည့်ပြန်သည်။





ဘဝသစ်၊ လူသစ်တစ်ယောက်အဖြစ် ကျင်လည်၍တော့ မဖြစ်တော့ပြီ။

အကြောင်းမှု....

သူကသာ ဘဝဟောင်းကို ဘာမျှသတိမရသော်လည်း သူသည် ကျော်ဇေယျမှန်း ခိုင်လုံနေသည်။ သူ့တွင် ဇနီး နှောင်းနှောင်းနှင့် ခြောက်နှစ်သားအရွယ် သားလေး တစ်ယောက် ရှိသည်။ သူ့ယောက္ခထီးက ဦးစည်သူ၊ ယောက္ခမက ဒေါ်ခင်ငြိမ်းရှိသည့်အပြင် ယောက်ဖကိုဝဏ္ဏ ရှိသေးသည်။ သူသည် နှောင်းနှောင်း၏ခင်ပွန်းမို့ ခုတ်ပုံကျောဘက်က စာအရ မြို့ဟောင်းမြို့တွင် နေထိုင်ခဲ့သည်ပဲ ဖြစ်ရမည်။

ယခု ဟောဝန်မြို့သို့ သူရောက်လာသည်က ဘယ်လိုကဘာတွေဖြစ်ပြီး ရောက်လာမှန်း သူ လုံးဝမသိ၊ သူ လုံးဝ မမှတ်မိ။

သည်တော့လည်း သူ့အနေနှင့် ဘဝသစ်တွင် ကျင်လည် စရာမလို၊ ဘဝဟောင်းထဲ ဘာမသိ၊ ဘာမမှတ်မိနှင့်ပင် ပြန်တိုးဝင်ရမည်သာတည်း။

သူသည် လျှောက်လာရင်း လာရင်း အနီးခံတွင် အဖြူစာလုံးဖြင့်ရေးထားသော ဆက်သွယ်ရေးရုံး ဆိုင်းဘုတ်ကြီး ရှေ့သို့ ရောက်လာသည်။

သူ ချက်ချင်း စိတ်ကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ငြိမ်းအိမ် ရောက်စဉ်က ခြံစောင့်ကြီးက ဆရာမကြီး ဒေါ်ခင်ငြိမ်းကို တယ်လီဖုန်းဖြင့် အချိန်းအချက်ပြုလျှင် ရသည်ဟူ၍ ပြောဖူးသည်။

ဒါဆို မြို့ဟောင်း နှောင်းနှောင်းတို့အိမ်တွင် တယ်လီဖုန်း ရှိလောက်သည်။

စက်ရုံပိုင်သည်၊ ခြံ၊ စိုက်ခင်း၊ ဥယျာဉ်တွေပိုင်သော လူသည် သူ၏အိမ်တွင် တယ်လီဖုန်းတော့ ရှိတန်ကောင်းသည်။

သူ ဆက်သွယ်ရေးရုံးထဲသို့ ဝင်လိုက်သည်။

'အဲ... တယ်လီဖုန်းနံပါတ်တော့ ကျွန်တော် မမှတ်မိဘူးဗျာ၊ မြို့ဟောင်းမြို့က အိမ်အမှတ်တစ်ဆယ်၊ သရဖီလမ်း အိမ်ကို ဆက်သွယ်ရမယ်ဆိုရင် ဆက်ချင်လို့၊ ကူညီပါလားဗျာ'

အော်ပရေတာက သဘောကောင်း၊ စိတ်ရှည်သူတစ်ဦး ဖြစ်ပါ၏။

အော်ပရေတာသည် သူ့အံဆွဲထဲတွင် အသင့်ရှိသော တယ်လီဖုန်းလမ်းညွှန်စာအုပ်တွေကိုထုတ်ယူပြီး သူပြောသည့် လိပ်စာအတိုင်း ရှာကြည့်သည်။

'ဟော...တွေ့တယ်ဗျ၊ အဲဒီလိပ်စာပိုင်ရှင်က ဦးစည်သူတဲ့၊ ဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ်၊ သိပ်ကိုဟုတ်ပါတယ်'

အော်ပရေတာက ဆက်ခေါ်ပေးသည်။

'ရော့...ရော့...ရပြီ'





သူက အော်ပရေတာလှမ်းပေးသော ဖုန်းကိုယူကာ နားထောင်လိုက်သည်။

'အမိန့်ရှိပါ၊ အောင်ဘောဂရိပ်ငြိမ်က ပြောနေပါတယ်'

'အဲ...အဲ...မိနှောင်းတို့အိမ်က မဟုတ်လား'

သူက ဒါပဲ ပြောလိုက်သည်။ တစ်ဖက်မှလူသည် သူ၏အသံကို ကျက်မိပုံရသည်။ သူ့အသံကြားသည်နှင့် ပျာပျာသလဲ ပြန်ပြောပေသည်။

'ဟာ... ဆရာကျော်ဇေယျလား၊ ခဏလေးကိုင်ထားပါဆရာ၊ မမနှောင်း အနားမှာပဲရှိနေပါတယ်၊ မမနှောင်းက ဆရာ့ကို မျှော်လဲမျှော်နေတယ်၊ စိတ်လဲပူနေတယ်ဆရာ'

သူ့စိတ်ထဲတွင် သူ့ကိုယ်သူ ကျော်ဇေယျဟူ၍ သို့လောသို့လော ဖြစ်နေသော ဇဝေဇဝါတစ်လုံးကြီးမှာ ရင်ထဲမှာဆို့မနေတော့ဘဲ ချက်ချင်းကျသွားပါ၏။

သူ ကျော်ဇေယျ စစ်မှန်နေပြီကော။

သူသည် နှောင်းနှောင်း၏ ခင်ပွန်းယောကျ်ား စစ်မှန်နေပြီကော။

သူ၏အသံကိုကြားရုံဖြင့် မြို့ဟောင်းအိမ်မှ တယ်လီဖုန်းကိုင်သူက သိနေပေသည်။ မြို့ဟောင်းအိမ်၏ အမည်ကို အောင်ဘောဂရိပ်ငြိမ်ဟု ပေးထားကြောင်းကိုလည်း မှတ်သား လိုက်ရပါ၏။

'ကိုကိုကျော်...ကိုကိုကျော်...နေကောင်းတယ်နော်'

အသံမှာ အလွန်ပင် သူ့အတွက် သာယာနာပျော်ဖွယ်ချိုလွင်လှသော အသံဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း....နေကောင်းပါတယ်'

'ဝမ်းသာလိုက်တာ ကိုကိုကျော်ရယ်၊ နှောင်းလေ ကိုကိုကျော့်ကို စိတ်ပူနေတယ်၊ မနက်က ကော်ဖီဝိုင်းမှာတောင် သူတို့က ကိုကိုကျော့်ကို မဟုတ်ကဟုတ်ကတွေ ပြောကြသေးတယ်၊ နှောင်း မယုံပါဘူး ကိုကိုကျော်၊ နှောင်း ကိုကိုကျော့်ကို ဘာမှ သံသယမဖြစ်ပါဘူး၊ နှောင်းရဲ့ကိုကိုကျော်က ဘယ်တုန်းကမှ မဟုတ်ကဟုတ်က လုပ်ခဲ့ဖူးတာမှ မဟုတ်တာ'

သူ၏ရင်ထဲတွင် အေးမြသွားရပါ၏။ ရှိန်းရှိန်းမြမြလေး တစ်မျိုးလည်း ခံစားရပါ၏။

'နေပါဦး အစ်ကို ဝဏ္ဏရယ်....ပြောရမှာပေါ့၊ နှောင်း ပြောလို့မှ မပြီးသေးတာ'

နှောင်းက သူ့ထံ ဆက်ပြောသံ ပြန်ထွက်လာသည်။

'အစ်ကိုဝဏ္ဏလေ အနားမှာ တကျီကျီနဲ့၊ ကိုကိုကျော်ကို သူကလဲ ဖုန်းပြောချင်လို့တဲ့လေ၊ ဒါနဲ့ ကိုကိုကျော် အိမ်ပြန်လာတော့မှာ မဟုတ်လား၊ ကိုကိုကျော့်ကို နှောင်း အောက်မေ့နေတယ် အချစ်ရယ်'

အောက်မေ့နေတယ် အချစ်ရယ်ဟု ပြောလိုက်သံလေးမှာ သူ၏ရင်ထဲ နင့်ခနဲနေအောင် အရသာ ရှိသွားရပြန်သည်။ သူသည် နှောင်း၏ ပြောသံလေး ကြားရရုံနှင့်ပင် ရင်ခုန်ရပေသည်။

'ပြန်လာမှာပေါ့ မိနှောင်း'





သူသည် တထစ်ချပင် အောင်ဘောဂရိပ်ငြိမ်သို့ ပြန်ရန် ဆုံးဖြတ်လိုက်မိတော့သည်။

'အခု ကိုကိုကျော် ဘယ်ကဆက်နေတာလဲဟင်၊ အမေး အမြန်း ထူလိုက်တာလို့တော့ နှောင်းကို အပြစ်မတင်နဲ့နော်၊ ဘာပဲဖြစ်ဖြစ် အခု ကိုကိုကျော် ရောက်နေတဲ့နေရာက အိမ်ကို အမြန်ဆုံး ပြန်လာပါတော့ ကိုကိုကျော်၊ ဒါပဲနော်၊ ကဲ....ရော့....အစ်ကိုဝဏ္ဏ'

ခေတ္တရပ်သွားပြီး တစ်မုဟုတ်ချင်းမှာပင် တစ်ဖက်မှ အမျိုးသားတစ်ဦး၏အသံ ထွက်ပေါ်လာသည်။

'ဟေ့ကောင်....ကျော်ဇေယျ'

'ဗျာ....'

'အံမာ....ဗျာတွေဘာတွေ ရိုရိုသေသေ ငါ့ကိုထူးလို့၊ မင်း သိပ်လိမ္မာနေပါလား၊ ဒီမယ်....ကျော်ဇေယျ၊ မိနှောင်း အိမ်ထဲပြန်ဝင်သွားလို့ ငါပြောချင်တာ ပြောလို့ ရသွားပြီ၊ မိနှောင်းကိုတော့ ငါက လိမ်ထားပါတယ်၊ မင်းဟာ မြို့နယ်တွေ ကိုသွားတာ အလုပ်ကိစ္စမပြီးလို့ ညအိပ်နေရတယ် ဝင်ပါရဲ့ ဆိုလေ'

'ဟုတ်လား'

'အေးလေ....မိနှောင်းက ယုံသလား မယုံသလားတော့ မသိဘူး၊ အခု မင်း ဘယ်ကနေပြီး ဖုန်းဆက်နေတာလဲ ကျော်ဇေယျ'

'ဟောဝန်မြို့က....'



www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓေါ...မင်းက ဘာလို့ ဟေဝန်ကို ရောက်သွားတာလဲ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ...မင်းအကြာကြီး ပျောက်နေလို့တော့ မဖြစ်ဘူးကွ၊ မင်း မနေ့ညနေ ငါးနာရီလောက် ထွက်သွား ပြီးတဲ့နောက် မင်းကိုတွေ့တဲ့လူ မရှိတာ ခုချိန်ထိပဲ'

သူက သူ၏ လက်ပတ်နာရီကို ကြည့်လိုက်သည်။ သူ၏ နာရီသည် ၅ နာရီ ၃၇ မိနစ်တွင် ရပ်နေသည်။ မနေ့ညနေ ၅ နာရီ ၃၇ မိနစ်က ရပ်နေခြင်း ဖြစ်ပါ၏။

ဒါဆိုလျှင် မနေ့ညနေက ၅ နာရီထိ မြို့ဟောင်းတွင် သူ့ကို နောက်ဆုံးတွေ့သည်ဟု ကိုဝဏ္ဏက ပြောနေရာ ကျ သော ၃၇ မိနစ်အတွင်း သူ ဘာတွေ ဖြစ်ခဲ့သနည်း။ နာ သည် ရိုးရိုး သော့ကုန်၍ ရပ်သွားခြင်းမျိုး မဟုတ်။ မနေ့ ညနေ ၅ နာရီ ၃၇ မိနစ်တွင် နာရီစက် ချွတ်ယွင်းပြီး ရ သွားခြင်းမျိုး ဖြစ်တန်ရာသည်။

ဘယ်လိုဖြစ်စေ မနေ့က ညနေ ၅ နာရီအထိ သူသ မြို့ဟောင်းမြို့တွင် ရှိနေခဲ့သည်ဟု ယခု ကိုဝဏ္ဏ ပြောပြ အရ သိရသည်။

'ဟော့ကောင်...ကျော်ဇေယျ'

'ပြောပါဗျာ၊ ကျွန်တော် နားထောင်နေသားပဲဟာ'

'ဟ...မင်း ပြောပုံဆိုပုံကြီးက တကယ့် ဘာမထီ အေး အေးစက်ကြီးပါလား၊ မင်းကိစ္စဟာ ပေါ့ပေါ့လေးများ မ ထင်နေသလား၊ မနေ့ညကဆိုရင် တို့များအားလုံး မင်း အလောင်းကို တောင်ကျချောင်းထဲမှာ ပိုက်ချပြီးရှာကြ ကောင်းမလားလို့တောင် စိတ်ကူးကြသေးတယ်'





သူသည် ကိုဝဏ္ဏစကားကျတော့ တုန်လှုပ်ရပါ၏။

သူ့တစ်ကိုယ်လုံး အဝတ်အစားတွေ ရေစိုနေခဲ့သည်မှာ ယခု တောင်ကျချောင်းထဲ အလောင်းရှာမည်ဆိုသည့် စကား နှင့် ဆက်စပ်သလို ရှိနေသောကြောင့် ဖြစ်ပါ၏။

ဘယ်လိုတွေများ သူဖြစ်ခဲ့လို့ပါလိမ့်။

'ရှေ့နေ ကိုလှဝင်းမောင်ကလဲ မဆိုးဘူးကွ၊ အခွမ်းကုန် မင်းကိစ္စကို လိုက်လုပ်နေတယ်၊ အေးလေ...ငါလဲ အတူတူ ပေါ့ကွာ၊ မင်းကိစ္စကို ဖုံးဟယ် ဖိဟယ်နဲ့ မိန်းခွင်းမသိ အောင် လုပ်နေရတယ်၊ အေး...ဒါပေမယ့် ကိုလှဝင်းမောင် က ပြောတယ်၊ သူ့အနေနဲ့ မင်းကိစ္စမှာ အစွမ်းကုန် ဘယ် လောက် လုပ်ပေးနေပေမယ့် မင်းကိုယ်တိုင်က အခုလို အလန့် တကြား အကြာကြီး ရှောင်တိမ်းနေရင် သူ ဘာလုပ်ရမှန်း သိတော့ဘူးတဲ့'

'အင်း...ဒါလဲ ဟုတ်မှာပေါ့ အစ်ကိုဝဏ္ဏ'

'ဟေ...မင်း ငါ့ကို အစ်ကိုဝဏ္ဏတဲ့လား၊ ဘယ်တုန်းက ငါ့ကို အစ်ကိုတပ်ပြီး ခေါ်ဖူးလို့လဲ၊ အရေးထဲ မင်းက တောက်တောက်တောက် ပြောင်တောင်တောင်တွေ လုပ်နေ သေးသလား ကျော်ဇေယျ'

သူ မှားသွားပြန်ပြီထင့်။

နှောင်းက သူ့အစ်ကိုအား အစ်ကိုဝဏ္ဏဟု ခေါ်သော ကြောင့် သူက နှောင်း၏ခင်ပွန်း ဖြစ်နေသဖြင့် နှောင်းခေါ် သလို သံယောင်လိုက် ခေါ်လိုက်မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို အမှန်ပင် သူသည် မနေ့က ယင်းတောင်ကျချောင်းနှင့် ပတ်သက်သော ကိစ္စတစ်ခုခု ဖြစ်ခဲ့လေသလား။

သူ့အဝတ်အစားတွေ စိုရွှဲနေခြင်း၊ ယခု တောင်ကျချောင်းကို မျက်မြင်တွေ့ရခြင်း၊ ကိုဝဏ္ဏပြောသည်ကို ဆက်စပ်ရင်း သူသည် တစ်ခုခုကိုအမှတ်ရတော့မည်ကဲ့သို့ ရှိလိုက်သည်။

သို့သော် ရထားလမ်းသည် တောင်ကျချောင်းနှင့် မျဉ်းပြိုင် မဟုတ်တော့ဘဲ အကွေ့အချိုးတစ်ခုထဲ ဝင်ရောက်သွားသောကြောင့် မျက်စိအောက်မှ တောင်ကျချောင်း ပျောက်ကွယ်သွားသည်နှင့် သူ အမှတ်ရမလိုလို ရှိခြင်းမှာလည်း ခေါင်းထဲမှ ပျောက်ကွယ်သွားပြန်လေတော့သည်။

ညနေဘက် နေမဝင်မီ မြို့ဟောင်းဘူတာသို့ မီးရထားဆိုက်သည်။ လမ်းဆုံးဘူတာမို့ ခရီးသည်အားလုံး ဆင်းကြသည်။

သူ့လက်ပတ်နာရီက ရပ်နေသောကြောင့် ညနေပိုင်း ဘယ်နှစ်နာရီဟူ၍တော့ မသိ။ မိုးကလည်း အုံ့နေသောကြောင့် မှောင်ရီပျိုးသကဲ့သို့ ရှိနေပါ၏။

သူက သူ့အိမ် အောင်ဘောဂရိပ်မြိမ်ဆီသို့ ဘူတာမှ ဘယ်လိုသွားရမည်မှန်းပင် မသိ။

သူ ယောင်တောင်တောင်နှင့်ပင် ဘူတာထွက်ပေါက်မှ ထွက်လာခဲ့သည်။

'ဘယ်လိုလဲ ကိုကျော်ဇေယျ၊ ထူးထူးဆန်းဆန်း တက္ကစီကားစီးဖို့ စိတ်ကူးလို့လား'





သူက ဘူတာတက္ကစီစတင်းမှ ကားငှားစီးရန် လာသူမို့ သူ့အားနှုတ်ဆက်သည့် တက္ကစီသမားကို ကြည့်လိုက်သည်။

'အေးဗျာ...အိမ်ကိုပြန်မလို့'

'ဒါဆို တက်ပါ၊ ကျွန်တော့်ကားနဲ့ပဲ သွားကြတာပေါ့၊ လူချည်းပဲလား၊ ဆွဲအိတ်တွေ ဘာတွေတောင် မပါဘူးလား'

သူက ခေါင်းခါပြသည်။ ပြီး....ဂျစ်ကားပေါ် တက်ထိုင်လိုက်ပါ၏။

မောင်းထွက်လာခဲ့သည်။ မောင်းရင်း တက္ကစီသမားကပင် စပြောပါ၏။

'ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးမဟုတ်လား ကိုကျော်ဇေယျ'

'အေးဗျာ....အခုတလော ကျွန်တော့်ဦးနှောက်တွေ ဘာဖြစ်မှန်း မသိဘူး၊ အဲဒီလို မမှတ်မိလို့ ကျွန်တော့်ကို တစ်မျိုးထင်ကြတယ်လေ'

တကယ်တော့ တက္ကစီမောင်းသမားကို သူ လုံးဝမမှတ်မိ။

တိုက်အိမ်ကြီးတစ်အိမ်၏ ခြံကြီးရှေ့သို့ ရောက်လာသည်။

'သံပန်းတံခါး ပိတ်ထားတယ်၊ ဟွန်းတီးပြီး ဖွင့်ခိုင်းရမလား ကိုကျော်ဇေယျ'

သူက ခြံတံခါးကို လှမ်းကြည့်သည်။ တံခါးအုတ်တိုင်တွင်....

'အောင်ဘောဂရိပ်မြိမ်'

ဟု ထွင်းစာလုံးဖြင့် ရေးထားသည်ကို တွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဟိုတုန်းက ကျော်ဇေယျသည် ကိုဝဏ္ဏအား အစ်ကိုဝဏ္ဏဟု ခေါ်ခဲ့ခြင်း မရှိသောကြောင့် ဖြစ်ပေမည်။

'ဟော့ကောင်....ကျော်ဇေယျ'

'ဗျာလေ....ဗျာ'

'ကြည့်....ဗျာလေဗျာတဲ့၊ မင်း ဘာတွေဖြစ်နေလဲဟင်၊ ငါ ညီမနဲ့ မင်း ပေါင်းသင်းလာတဲ့ ရှစ်နှစ်အတွင်းမှာ မင်းဒီလို အူကြောင်ကြောင်မျိုးတွေ တစ်ခါမှ မရှိခဲ့ပါဘူး၊ အခုမှ မင်းက ဘယ်လိုဖြစ်နေတာလဲ'

သူ ဘာပြန်ပြောရမှန်း မသိသဖြင့် ငြိမ်နေလိုက်မိပါ၏။

'ဟော့....ကောင်'

'နားထောင်နေတယ်လေဗျာ၊ ပြောစရာရှိတာ ဆက်ပြောပေါ့'

'သိဘူးလေကွာ၊ မင်းက ဖုန်းပြောရင်း အိပ်ငိုက်နေသလား၊ ငြိမ်ငြိမ်သွားလို့'

'ဘယ်ကလာ အိပ်ငိုက်ရမှာလဲ၊ စဉ်းစားစရာကို စဉ်းစားလို့ ငြိမ်သွားတာ'

'ငါ ဒီလောက်ပြောနေဘာတောင် မင်းက ဟိုကောင်မလေးအကြောင်း တစ်ခွန်းမှ ပြန်မမေးပါလား ကျော်ဇေယျ'

'ဦးနှောက်ခြောက်နေတယ်ဗျာ၊ ပြောစရာ ရှိတာသာ ဆက်ပြောပါ'

ဟိုကောင်မလေးဆိုသည့် သူ လုံးဝမသိသော ပဟေဠိ ပေါ်လာပြန်လေပြီ။ ဘယ်ကကောင်မလေးကို ဆိုလိုသလဲ။





ခဲ့သည် ဟိုကောင်မလေး ဆိုသူနှင့် သူ ဘယ်လို ပတ်သက်ခဲ့သလဲ။

သူသည် တယ်လီဖုန်းကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိတော့သည်။

ကိုဝဏ္ဏထံမှ ဆက်ပြောသံ ထွက်လာပြန်သည်။

'ကောင်မလေးကို မြို့ဟောင်းဆေးရုံမှာပဲ တင်လိုက်တယ်ကွ၊ ကောင်မလေး ဘာတစ်ခွန်းမှ စကားမပြောနိုင်သေးတဲ့ အခြေအနေမှာ ရှိနေတယ်၊ အေး....ကောင်မလေး စကားမပြောနိုင်သေးတာဟာ မင်းအတွက်ကောင်းခဲ့တယ်၊ ဒါပေမယ့် ကောင်မလေးဟာ အနှေးနဲ့ အမြန် စကားပြောကောင်း ပြောလာလိမ့်မယ် ထင်တယ် ကျော်ဇေယျ၊ ကောင်မလေးပြောလာတဲ့စကားဟာ မင်းအတွက် သေရေးရှင်ရေးပဲ၊ တကယ်လို့ ကောင်မလေးပြောတဲ့ စကားထဲမှာ မင်းနာမည်ပါလာပြီး ငြိငြိစွန်းစွန်း စကားမျိုးဆိုရင် မင်းအတွက် လုံလောက်တဲ့ အဖြေစကားတွေ၊ လုံလောက်တဲ့ သက်သေတွေ လိုအပ်လာလိမ့်မယ်၊ မလွယ်ဘူး ကျော်ဇေယျ၊ မြို့ဟောင်းမြို့မှာ အောင်ဘောဂရိပ်ငြိမ် မိသားစုဟာ မျက်နှာကြီးပိုင်းကလူတွေမှန်း မင်းသိသားပဲ၊ ဒီကိစ္စတွေ ဖေဖေသိသွားရင် ပိုဆိုးမယ်၊ ဖေဖေက မင်းကို နှောင်းရဲ့ ယောက်ျား သမက်ဆိုပေမယ့် သားအရင်းအတိုင်း ပိုပြီး ခင်တွယ်တယ် မဟုတ်လား၊ ကဲ.... ငါးပြောတာ သိပ်ကြာသွားပြီ၊ မင်း အမြန်ဆုံးပြန်လာခဲ့ပေတော့လို့ပဲ ငါ နောက်ဆုံးပြောမယ်'



www.burmeseclassic.com

www.burmeseclassic.com



'လာမှာပေါ့၊ ပြန်လာမယ်လို့လဲ နှောင်းကိုပြောပြီးသွားပဲ ဟာ'

'ကောင်းတယ်.... ရဲရဲသာပြန်လာခဲ့၊ မင်းကိစ္စကို ငါနဲ့ ရွှေနေ ကိုလှဝင်းမောင် တိုင်ပင်စီစဉ်ထားတယ်၊ ကိုလှဝင်း မောင်ကတော့ ဥပဒေသမားပီပီ ဒီကိစ္စကို မင်းအနေနဲ့ ရဲကို ချက်ချင်းတိုင်ထားရင် ကောင်းမယ်လို့ ပြောနေတယ်၊ အခု တော့ မလိုတော့ပါဘူး၊ ရဲကိုတိုင်ဖို့ နောက်ကျသွားပြီတဲ့၊ မင်း မြန်မြန်သာပြန်လာခဲ့၊ ဒါပဲ ကျော်ဇေယျ'

ကိုဝဏ္ဏဘက်မှ တယ်လီဖုန်းချလိုက်သည်။

သူ တယ်လီဖုန်းကိုင်ရင်း ငိုင်နေသည်။

သူ ဘာတွေလုပ်ခဲ့သနည်း။

မနေ့က သူ ဘာတွေဖြစ်ခဲ့သနည်း။

ဟိုကောင်မလေးဆိုသည်ကကော ဘယ်သူနည်း။

ကိုဝဏ္ဏပြောသည့်အထဲတွင် ရဲ့ရော၊ ဆေးရုံရော၊ ရွှေနေ ရော ရှုပ်နေပါ၏။

ဘာပဲဖြစ်ဖြစ် သူသည် မြို့ဟောင်းမြို့ အောင်ဘောဂ ရိပ်ငြိမ်သို့ ပြန်သွားဖို့သာ ရှိတော့သည်။

အောင်ဘောဂရိပ်ငြိမ်ကို မသွားလို့ကော တခြား သူ ဘယ်ကိုသွားရ နေရမည်မှ မသိဘဲကိုး။

သွားစရာနေရာရှိ၍ သွားလေဦးတော့၊ သူ့မျက်နှာ မြင်သည်နှင့် သိကျွမ်းဖူးသူတိုင်းက ကျော်ဇေယျဟုပင် သိနေ ကြသည်။





သူက အတိတ်ဟောင်း ကတည်းက ကျော်ဇေယျ ဖြစ်ခဲ့ သည်ကိုး။

ယခု ပစ္စုပ္ပန်ဘဝသစ် ကျော်ဇေယျ ဖြစ်နေစေကာမူ အတိတ်ဟောင်းဘဝက ကျော်ဇေယျ ပြုလုပ်ခဲ့သမျှ ယခုဘဝ ကျော်ဇေယျ၏ တာဝန်တွေချည်း ဖြစ်နေလေတော့ သူ့ဘဝ ဟောင်းက မြို့ဟောင်းမြို့ အောင်ဘောဂ ရိပ်ငြိမ်သို့သာ သွားရမည်သာတည်း။

ပြီး ဘာကြောင့်မှန်းတော့ မသိ၊ သူသည် သူလုံးဝမမှတ်မိ သော နှောင်းဆိုသည့် သိပ်ချော သိပ်လှ အမျိုးသမီးအား တွေ့မြင်လိုစိတ် ဆန္ဒပြင်းထန်နေသည်။

နောက်တစ်ချက် ရှိသေးသည်မှာ ယခုဘဝသစ် ကျော် ဇေယျအဖြစ်နှင့် မြို့ဟောင်းမြို့ကို မပြန်လျှင် ရာဇဝတ် ကြောင်း မကင်းတာတွေ ဘဝဟောင်း ကျော်ဇေယျက လုပ် ခဲ့လျှင် မိမိ ကျော်ဇေယျ အသစ်ကိုသာ သက်ဆိုင်ရာက အရေး ယူမည်။

ဘဝသစ် ကျော်ဇေယျဘဝဖြင့် ရှောင်တိမ်းနေလျှင် သူ့ကို ကာကွယ်ပေးမည့်သူ မရှိ။

ဘဝဟောင်း ကျော်ဇေယျအနေနှင့်ပင် အောင်ဘောဂ ရိပ်ငြိမ်သို့ ပြန်သွားပါက ကိုဝဏ္ဏနှင့် ရွှေနေ ကိုလှဝင်း မောင် အကာအကွယ်တွေ ရှိနေသည်ဟု သူ သိထားလေပြီ။

သူသည် ကျသင့်ငွေရှင်းပြီး တယ်လီဖုန်းရုံးမှ ပြန်ထွက်ခဲ့ သည်။ လမ်းပေါ်တွင် အသင့်တွေ့သော တက္ကစီကားဖြင့် ဟောဝန်မြို့ဘူတာသို့ သူရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာလက်မှတ်ရုံတွင် သူကလက်မှတ်ယူရင်း လက်မှတ်ရောင်းသူကို မေးမြန်းကြည့်သည်။

'ဒီရထားက ဘုရားသုံးဆူမှာ ဆိုက်ပါတယ်နော်'

'ဆိုက်သွားပဲ'

'အဲဒီ ဘုရားသုံးဆူကနေပြီး မြို့ဟောင်းမြို့ကို သွားလို့ ကော ရရဲ့လားဗျာ'

လက်မှတ်ရောင်းသူ ကြောင်တောင်တောင်ဖြင့် သူ့ကိုပြန်ကြည့်သည်။

'မိတ်ဆွေ မူးနေသလား၊ ဒီရထားက မြို့ဟောင်းအထိ လမ်းဆုံးမောင်းတဲ့ ရထားပဲ၊ ဘုရားသုံးဆူဆိုတာက ဟောဝန်နဲ့ မြို့ဟောင်းကြားထဲက ဘူတာတစ်ခုပဲလေဗျာ'

'ဩော်....ဩော်၊ ဒါဆို မြို့ဟောင်းအထိ လက်မှတ်ပေးပါ'

လက်မှတ်ရသဖြင့် လက်မှတ်တွင်ပါသော နေ့စွဲကို ကြည့်သည်။ အောက်တိုဘာလ (၃) ရက် ဖြစ်နေပါ၏။

ကုတ်အင်္ကျီအိတ်ထဲမှ ဘုရားသုံးဆူလက်မှတ်ကို ထုတ်ကြည့်ပြန်ရာ မနေ့က အောက်တိုဘာလ (၂) ရက် နေ့စွဲပါ လက်မှတ်ဖြစ်နေသည်ကို တွေ့ရပေတော့သည်။

ဒါဆိုလျှင် မနေ့က သူ ဘုရားသုံးဆူမှ ဟောဝန်သို့ စီးနင်းလိုက်ပါခဲ့သော ရထားသည် ညရထားပဲ ဖြစ်ပေလိမ့်မည်။

*



(၃)

ဟောဝန်မှ ရထားထွက်လာသည်နှင့် သူသည် အိပ်မငိုက်စေအောင် သူ့ကိုယ်သူ ထိန်းရင်း မီးရထားပြတင်းပေါက်မှ မိုးကောင်းကင်၊ ရေမြေတောတောင် ပထဝီအနေအထားတို့ကို အာရုံစိုက်ကြည့်သည်။

ပထဝီအနေအထားကိုကြည့်ရင်း သူ မှတ်မိစရာပေါ်လာလျှင် မှတ်မိနိုင်စေရန်အတွက် အာရုံစိုက်၍ ကြည့်ခြင်း ဖြစ်ပါ၏။

ဟောဝန်ကအထွက်တွင် ထိပ်ထူးခြားမှုမရှိလှပေ။ ဟောဝန်၏ ပတ်ဝန်းကျင်သည် မြေပြန့်များသဖြင့် စပါးစိုက်သည်ကာ များသည်။ မီးရထားလမ်းဘေးမှ ဟို တစ်မျှော်တစ်ခေါ်ကြီးအထိ စပါးပင်တွေ ရှင်သန်နေသည်ကို တွေ့ရသည်။

ဟောဝန်မြို့၏ နယ်စပ်ကို ကျော်လာသော အခါတွင်မူ ပထဝီအနေအထားသည် သိသိသာသာ ပြောင်းလဲလာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းများမဟုတ်တော့ဘဲ တောင်ကုန်း တောင်မြင့်နှင့် စိမ်းစိုသော သစ်တောများကို တွေ့လာရသည်။

အောက်တိုဘာလသည် မိုးနှောင်းရာသီထဲ ပါဝင်နေေကာမူ အတော်အတန် မိုးပါးသွားပြီး နေသာရက်တွေက များသည်။ သို့သော် မနေ့ကစပြီး ယနေ့အထိ မိုးလေ တဖွဲဖွဲ ရွာနေသေးပါ၏။

ဘုရားသုံးဆူဘူတာသို့ ရထား ခေတ္တဆိုက်သည်။

ကျော်ဇေယျသည် ဘုရားသုံးဆူဘူတာသည် မနေ့က ည ရထားဖြင့် သူစီးပြီး ဘုရားသုံးဆူမှ ဟေဝန်သို့ လိုက်ပါ ကြောင်း မီးရထားလက်မှတ်က သူ့အား သက်သေခံေ သည်။

သူ ဘာကြောင့် ညရထားဖြင့် ဘုရားသုံးဆူဘူတာ ဟေဝန်သို့ လိုက်ပါခဲ့ရပေသနည်း။

ပုံမှန်သာဖြစ်ရိုးမှန်လျှင် သူသည် မြို့ဟောင်းဘူတာ ဟေဝန်သို့သာ စီးရမည်။ သူက မြို့ဟောင်းတွင်နေသူမဟု လား။

ထို့ကြောင့် သူက တစ်ခုခုထူးထူးခြားခြားတွေးပြီး ပြန် မှတ်မိလို့ မှတ်မိငြား ဘုရားသုံးဆူဘူတာကို ဂရုတစိုက် အာ ထားပြီး ကြည့်သည်။

မီးရထားသာ ဘုရားသုံးဆူဘူတာမှ ထွက်လာခဲ့သည် ကျော်ဇေယျ ဘာတစ်ခုမျှ အမှတ်ရခြင်း မရှိပါလော။





ဘုရားသုံးဆူမှထွက်လာပြီး တစ်မိုင်သာသာရောက်ရှိသည်နှင့် မီးရထားလမ်း၏ဘေးတွင် ချောင်းကြီးတစ်ခုက မီးရထားလမ်းနှင့် မျဉ်းပြိုင်စီးဆင်းနေသည်ကို သူတွေ့ရသည်။

ချောင်းဆိုစေကာမူ အတော်အသင့် ကျယ်ပြောပြီး မိုးရာသီအတွင်း ရေပိုရေလျှံတွေတက်ကာ နက်သော ချောင်းမှန်း သိသာသည်။

ချောင်း၏ဟိုဘက်တွင် မော်တော်ကားလမ်း ရှိနေသည်ကိုလည်း ကျော်ဇေယျ တွေ့ရပြန်သည်။

ယခုတွေ့မြင်ရသော နေရာပုံစံမှာ မီးရထားလမ်းနှင့် မော်တော်ကားလမ်း၏အလယ်တွင် ချောင်းကစီးဆင်းနေပြီး မီးရထားလမ်း၊ ချောင်း၊ မော်တော်ကားလမ်း သုံးခု မျဉ်းပြိုင် ဖြစ်နေသည်ကို တွေ့ရသည်။

အနီးထိုင်ခုံရှိ ဦးကြီးတစ်ယောက်အား ကျော်ဇေယျက မေးလိုက်သည်။

'အဲဒီချောင်းက ဘာချောင်းလဲ ဦးကြီး'

'တောင်ကျချောင်းလေကွယ်'

'ဪ...ဪ...ဒါ တောင်ကျချောင်းတဲ့လား'

သူက သူ့ဟာသူ တိုးတိုးလေးပြန်ပြောမိသည်။

စောစောက ကိုဝဏ္ဏပြောသည့်အထဲတွင် သူ၏အလောင်းကို တောင်ကျချောင်းထဲတွင် ပိုက်ချရှာမည်ဟု ပြောခဲ့လေသည်။

သူ့တစ်ကိုယ်လုံးလည်း စိုရွှဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်ပင်လျှင် မြို့ဟောင်းမြို့ သရဖီလမ်းမှ နှောင်းနှောင်း၏ တိုက်အိမ်နှင့် ခြံကျယ်ကြီး ဖြစ်တော့သည်။

'ကိစ္စမရှိဘူး၊ ဟွန်းမတီးနဲ့တော့၊ ကျွန်တော် ဆင်းလျှောက်သွားမယ်'

ကျော်ဇေယျက ပိုက်ဆံအိတ်ထုတ်ယူပြီး ရာတန်တစ်ရွက် ထုတ်ပေးလိုက်ပါ၏။

တက္ကစီကားသမား တည့်တည့်ပင် မောင်းထွက်သွားသည်။

ကျော်ဇေယျက ပိတ်ထားသော ခြံတံခါးကို တွန်းကြည့်ရာ အလိုက်သင့် တံခါးပွင့်သွားသဖြင့် ဝင်ရောက်ပြီး တိုက်အိမ်ကြီးဆီသို့ လျှောက်ခဲ့သည်။

တိုက်အိမ်၏ တံခါးမှာလည်း ပွင့်လျက်သား ရှိနေသဖြင့် ကျော်ဇေယျ ဝင်ခဲ့သည်။

ခမ်းနားထည်ဝါသော ဧည့်ခန်းထဲသို့ သူ ရောက်လာပါသည်။

ဧည့်ခန်းထဲတွင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ သူမတွေ့ရပေ။

ဘယ်ကို ဆက်သွားရမှန်း မသိ။ ဤ အောင်ဘောဂ ရိပ်ငြိမ်တွင် သူ၏အခန်း အဘယ်အခန်းမှန်းမသိ။ အောက်ထပ်မှာလား၊ အပေါ်ထပ်မှာလား သူမမှတ်မိ။

သူ့ကိုယ်သူ ကျော်ဇေယျဟု ယုံကြည်စိတ်ဖြင့်ပင် အောက်ထပ်၌ ဘယ်သူ့ကိုမှ မတွေ့ရသည်မို့ အပေါ်ထပ် တက်ရန် လှေကားဆီသို့ သူ လျှောက်လာသည်။





'ဟာ....ဆရာကျော်ဇေယျ၊ ဒီနေ့ ချက်ချင်း ရောက်လာတယ်၊ ဟုတ်သားပဲ၊ ဒီအချိန် ဟောဝန်က အဆန်ရထား မြို့ဟောင်းကို ဝင်ချိန်ပဲ၊ မီးရထားနဲ့ လာမယ်ဆိုလဲ ဖုန်းဆက်ရောပေါ့ ဆရာ၊ ကျွန်တော် လာကြိုမှာပေါ့'

သည်လူ၏အသံသည် ဟောဝန် ဆက်သွယ်ရေးရုံးမှ မိမိဖုန်းဆက်စဉ်က ဖုန်းစကင်ကိုင်သူ၏ အသံမှန်း ကျော်ဇေယျ သိမိလိုက်သည်။ သည်လူသည် အောင်ဘောဂ ရိပ်ငြိမ်၏ အစေခံတစ်ဦး ဖြစ်ပေမည်။

ကျော်ဇေယျက ဘာမှမပြောဘဲ ငူငူငေါင်ငေါင်နှင့်ပင် နေမိသည်။

'ဆရာ့ကိုကြည့်ရတာ သိပ်ပင်ပန်းလာသလိုပဲ၊ ရေနွေးနဲ့ ပြီး ရေချိုးလိုက်ပါလားဆရာ၊ နောက်ပြီး ဆရာ့အခန်းကို ကျွန်တော် ဝီစကီနဲ့ ဆော်ဒါ လာပို့ပေးမယ်လေ'

'ဟင့်အင်း....မယူခဲ့နဲ့'

'ငါးနာရီ ထိုးပြီးသွားပြီလေ ဆရာ'

ထိုလူ၏စကားအရ ယခင် ကျော်ဇေယျသည် ညနေပိုင်း ငါးနာရီဆိုလျှင် အရက်သောက်လေ့ ရှိပုံရသည်။ ပြီး ဝီစကီ နှစ်သက်သည် ထင်ပါ၏။

'ကျွန်တော် မသောက်ချင်လို့'

'ဟုတ်ကဲ့၊ ဆရာ သောက်ချင်တဲ့အခါ ထုံးစံအတိုင်း ခေါင်းလောင်းတီးပြီး ခေါ်လိုက်ပါ၊ ကျွန်တော် အားလုံး အသင့်ဆောင်ပေးမယ် ဆရာ၊ ဪ....မမနှောင်းတောင် မြို့ဟောင်းဈေးကို ထွက်သွားတယ်၊ ဆရာ ဒီနေ့ ချက်ချင်းပြန်လာမယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မယင်ကြဘူးလေ၊ ဒါပေမယ့် ခဏနေရင် မမနှောင်း ပြန်ရောက်လာတော့မှာပါ၊ ဆရာကော အလုပ်တွေ အဆင် ပြေခဲ့ရဲ့လား ဆရာ'

'ပြေပါတယ်'

ပြောရင်း သူက လှေကားပေါ်သို့ တက်လာခဲ့သည်။

ကိုထွန်းဆိုသူလည်း ကျိုးကျိုးယို့ယို့ဖြင့်ပင်ထွက်ခွာသွား၏။ ကိုထွန်းသည် သိပ်အလိုက်သိတတ်သော လခစား တ ယောက်ဟု ခေါ်ရမလား၊ သိပ်စကားများသော လူတ ယောက်ဟု ပြောရမလား ကျော်ဇေယျ မဝေခွဲတတ်ပါလေ

သူ အပေါ်ထပ် ရောက်လာသောအခါ အခက်အခဲတွေ ပြန်သည်။

နှစ်ထပ်တိုက်ကြီးက ကြီးမား ကျယ်ပြောသလောက် အိ ခန်းတွေကလည်း ဟိုတယ် တည်းခိုခန်းတွေအလား စီစီရီ ရှိနေသည်။ အခန်းတိုင်းရှိ တံခါးများသည် ဖွင့်ပြီးလက်လှ လိုက်လျှင် ပြန်၍ သူ့ဟာသူ ပိတ်သွားသော တံခါးမျိုးတွေ ဖြစ်သဖြင့် အခန်းတိုင်း တံခါး စေ့ပိတ်နေသည်ကို တွေ သည်။

သူသည် လှေကားထိပ်တွင် စီစီရီရီအိပ်ခန်းများကို ငေ ၍ ကြည့်နေမိသည်။

သူသည် ရှေ့သို့တိုးပြီး လျှောက်လာခဲ့သည်။ ပထမ ပိ ထားသော အခန်းတံခါးတွင် နားတစ်ဖက်ကပ်ကြည့် နာ ထောင်သည်။ ဘာသံမျှမကြားရပေ။





ဆက်လျှောက်ခဲ့ပြီး ဒုတိယအိပ်ခန်းအရောက်တွင် နား ကပ်ကြည့်စရာမလို။ အထဲမှ ဆူဆူညံညံအသံမျိုး တစ်ခုခု ကြားနေရသဖြင့် သူက အိပ်ခန်းတံခါး ဘုသီးကိုလှည့်ပြီး အိပ်ခန်းထဲသို့ တံခါးဖွင့်ကြည့်လိုက်သည်။

တစ်ယောက်အိပ် ကျွန်းခုတင်၏ ရေမြှုပ်မွေ့ရာပေါ်ဝယ် ကလေးငယ်တစ်ယောက် မှောက်လျက်သားအိပ်နေသည်ကို တွေ့ရသည်။ ကလေးငယ်က သူ့ဘေးတွင် ကက်ဆက် တစ် လုံး ချကာ ဆူညံစွာ ဖွင့်ထားသည်။

ကလေးက ပိန်ပိန်သေးသေးဖြင့် ကြုံလှီလှသည်။

သူ ချက်ချင်း သတိထားမိပါ၏။

ဒေါ်ခင်မြိမ်းကိုပေးခဲ့သော ဓာတ်ပုံထဲက ကလေးဖြစ်နေ ပါ၏။ သည်ကလေးသည် သူ့သား။

သားကလေးကို ဝင်တွေ့ပြီး နှိုးလိုက်ရကောင်းမလားဟု သူ စဉ်းစားနေစဉ်မှာပင် ကက်ဆက်သံ ပိတ်သွားပါ၏။

'ဖေဖေ'

သူက ခုတင်သို့ပြန်ကြည့်သည်။ ကလေးငယ်သည် ကက် ဆက် ပိတ်ပစ်ပြီး ဦးခေါင်းထောင်ကာ သူ့ကိုကြည့်ရင်း ဖေဖေဟု ခေါ်လိုက်ခြင်းဖြစ်ပါ၏။

သူက ကလေးရှိရာခုတင်ဆီသို့ လျှောက်လာခဲ့သည်။

'ကျွန်တော် စိတ်ညစ်တယ် ဖေဖေ၊ ဒေါ်ရွှေလုံးကြီးက နေ့တိုင်း ကျွန်တော့်ကို ကြက်ဥပြုတ်ကျွေးတယ်၊ ပြီးတော့ ပြောသေးတယ်၊ မင်း ကြက်ဥပြုတ် များများ စားပေးမှ



www.burmeseclassic.com

www.burmeseclassic.com

ဝလာမှ တူးတူးရဲ့တဲ့လေ၊ ကျွန်တော်က ကြက်ဥပြုတ်ကို မုန်းတယ်'

'မင်းမကြိုက်လဲ မစားနဲ့ပေါ့ တူးတူး'

'တူးတူး....ဟုတ်လား၊ ဘယ်တုန်းက ဖေဖေက ကျွန်တော့်ကို တူးတူးလို့ ခေါ်ဖူးလို့လဲ'

တကယ်တော့ ဒေါ်ရွှေလုံးကြီးဆိုသည့် အမျိုးသမီးကြီးက ကလေးငယ်အား တူးတူးဟု ပြောသံကိုလိုက်ပြီး ကျော်ဇေယျက တူးတူးဟုခေါ်လိုက်ခြင်းကို သားငယ်က တအံ့တသြ ပြန်၍ စောဒကစကားဆိုခြင်း ဖြစ်သည်။

တူးတူးဟုခေါ်သည်မှာ မှားနေပြီဆိုလျှင် တခြားဘယ်လို ခေါ်ရမည်မှန်း ကျော်ဇေယျ မသိ။

'ဒေါ်ရွှေလုံးကလဲ မင်းကို တူးတူးလို့ခေါ်တာပဲမဟုတ်လားကွာ'

'ဟုတ်တယ်လေ၊ ဒီအိမ်မှာ ဒေါ်ရွှေလုံးကရော၊ ဘဘဝဏ္ဏကရော၊ ဦးထွန်းကရော၊ ဘွားဘွားကြီး ဒေါ်ကြေးမုံကရော ကျွန်တော့်ကို တူးတူးလို့ပဲခေါ်ကြတာတော့ ဟုတ်တာပေါ့။ ဒါပေမယ့် ဖေဖေနဲ့ မေမေက ဘယ်တော့မဆို သားသားလို့ပဲခေါ်တာ၊ ကျွန်တော့်နာမည် တူးတူးပေမယ့် ဖေဖေနဲ့ မေမေက သားသားလို့ ခေါ်နေကျပဲဟာ၊ အခု ဖေဖေက ဘာလို့ တူးတူးလို့ခေါ်တာလဲ၊ ဖေဖေ အရက် သိပ်မူးနေပြီလား'

'ဖေဖေ အရက်မမူးပါဘူး သားသားရယ်၊ အရက် သောက်မှ မသောက်ထားတာ၊ ဖေဖေက တမင်တကာ သူ





များ ခေါ်သလို သားသားကို တူးတူးလို့ခေါ်ရင် သားက ဘာပြန်ပြောမလဲဆိုတာ သိချင်လို့ တမင်ခေါ်ကြည့်တာပါ။ သားသားက သိပ်ပိန်တယ်ကွ၊ ဒီတော့လဲ အားရှိပြီး ဝလာအောင် ကြက်ဥကိုစားရမှာပေါ့'

'လာပြန်ပြီ၊ ဒီစကားမျိုးကျတော့ ဖေဖေကိုယ်တိုင်က ပြောနေကျအတိုင်း ပြောပြန်တာပဲ'

'ကဲပါ....သားရယ်၊ လူတွေဟာ ဒီလိုပဲ ပြောနေကျ စကားကို ထပ်တလဲလဲ ပြောလေ့ရှိတာပဲမဟုတ်လား၊ ကဲ.... သားသား အခု ဘာလိုချင်လဲပြော'

'ဘာမှ မလိုချင်ဘူး'

'မဟုတ်သေးဘူးလေကွာ၊ အခုလို မိုးမကုန်သေးတဲ့ အောက်တိုဘာလမျိုးမှာ ဘောလုံးကန်လို့ သိပ်ကောင်းတယ်ကွ၊ ဖေဖေလာတဲ့လမ်းမှာ သားသားတို့အရွယ်ကလေးတွေ ဘောလုံးကန်နေတာတွေ့ရတယ်၊ သားသားကရော ဒီပြင်ကလေးတွေလို ဘာလို့ ဘောလုံးထွက်မကန်တာလဲ'

'အို....ကျွန်တော် ဘာလို့ ဘောလုံးမကစားသလဲဆိုတာ ဖေဖေ သိသားနဲ့၊ ဘာတွေလာပြောနေတာလဲ'

တူးတူးကပြောရင်း သူ့ခုတင်ဘေးရှိ စားပွဲပေါ်တွင် တင်ထားသော ပန်းကန်ကိုကြည့်လိုက်သည်။ ပန်းကန်ထဲတွင် ကြက်ဥပြုတ်တစ်လုံး၊ အမဲသားပြုတ်ကြော် လေးငါးတုံး ရှိနေသည်ကို ကျော်ဇေယျ တွေ့ရသည်။

'ကျွန်တော့်ကို အဲဒါတွေနေ့တိုင်းစားပြီး ဝလာမှ၊ အား ရှိလာမှ ဘောလုံးကန်လို့ ဆရာဝန်က ပြောတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အမဲသားပြုတ်ကြော်ကလဲ ကောင်းပါတယ်ကွ၊ အားရှိတာပဲဟာ'

'ကောင်းရင် ဖေဖေစားလေ'

'ဟာ....ဖေဖေက ဒါတွေစားဖို့မှ မလိုတာ၊ အားရှိပြီးသားပဲ သားသားရဲ့'

တူးတူးသည် အိပ်ရာထဲမှ ထလိုက်သည်။ စားပွဲပေါ်ရှိ အရုပ်တွေကို ဟိုကိုင်သည်ဆွဲလှုပ်ရင်း ဆက်ပြောသည်။

'မေမေက ကျွန်တော့်ကို စိတ်ပူလွန်းတယ်၊ ကျွန်တော်က နေကောင်းနေသားပဲဟာ၊ ကျွန်တော် ဘာမှ လွတ်လွတ်လပ်လပ် မကစားရဘူး'

'အဲဒါ သားမေမေက သားကိုသိပ်ချစ်လို့ပေါ့ သားသားရဲ့၊ သိပ်ချစ်တော့ သိပ်စိတ်ပူတာပေါ့'

'ဟုတ်တယ်၊ မေမေကတော့ သားကိုသိပ်ချစ်တယ်၊ ဒါပေမယ့် ဖေဖေကတော့ ကျွန်တော့်ကို မချစ်ပါဘူး'

တူးတူးကပြောပြီး သူ့အဖေ ကျော်ဇေယျ မျက်နှာကို စိုက်ကြည့်နေသည်။ သူ့အဖေ ဘာပြန်ပြောမလဲဆိုသည်ကို မျှော်လင့် နားစွင့်နေသည်။ မျက်လုံးလေးများ အရောင်လက်နေပါ၏။

'ဖေဖေကလဲ သားသားကို သိပ်ချစ်တာပေါ့ကွာ'

'ဖေဖေ ညာတာပါ၊ ဖေဖေက တစ်နေကုန်လမ်းထွက်တယ်၊ ပြန်လာရင် အရက်သောက်တယ်၊ နောက်ပြီး အိပ်ရော၊ သားသားနဲ့လဲ မကစားဘူး၊ သားသားအခန်းကိုလဲ မလာပါဘူး'





'အေးပါကွာ၊ နောက်ဆို ဖေဖေအရက်လဲမသောက်ဘူး၊ သားသားနဲ့လဲ ကစားမယ်၊ သားအခန်းကိုလဲ လာပါ့မယ်'

ထိုသို့ပြောလိုက်မှ တူးတူး၏မျက်လုံးလေးများ အရောင်တက်လာပြီး နှုတ်ခမ်းလေးက ပြုံးလာပါ၏။

တူးတူး၏ နဖူးပြင်နှင့် ပါးပြင်လေးနှစ်ဖက်ကို ကျော်ဇေယျက တစ်ချက်စီနမ်းပြီးမှ တူးတူးအိပ်ခန်းထဲမှ ထွက်လာခဲ့သည်။

တူးတူး ကျေနပ်သွားပါ၏။ ယခင် ကျော်ဇေယျသည် ကလေးကို ပစ်စလက်ခတ် ထားပုံရသည်။ ကလေးသည် မိခင်၏မေတ္တာငတ်ပြီး ဖခင်၏မေတ္တာ ဆာနေသော ကလေး ဖြစ်ပေမည်။ ကျော်ဇေယျဟောင်းကို ကျော်ဇေယျသစ်က ကျိန်ဆဲမိပါ၏။

ကဲ.... ဒါတွေထားဦး။ လောလောဆယ် မိမိအိပ်ခန်း ဘယ်မှာနည်း။

ရှာဖွေသော မျက်လုံးဖြင့် ကျန်သောအခန်းများကို သူ ကြည့်ပါ၏။

'မိန္နောင်းလားဟော့'

သူ၏ခြေသံ ကြားရ၍လားမသိ အိပ်ခန်းတစ်ခုမှ မေးသံထွက်လာရင်း တံခါးဖွင့်သံကို ကြားလိုက်ရသည်။ ကျော်ဇေယျ လှမ်းကြည့်ရာ အသက်ငါးဆယ်ကျော်ခန့် ဖြူဖြူ ခန့်ခန့် အမျိုးသမီးကြီးကို တွေ့ရသည်။

'ဟဲ့....ကျော်ဇေယျပါလား၊ ပြန်ရောက်လာပြီကိုး၊ ဝမ်းသာလိုက်တာကွယ်၊ လာစမ်းပါဦး၊ ဒေါ်ကြီးအိပ်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ အလည်အပတ်လေးများ လာစမ်းပါဦး
ကျော်ဇေယျ’

သူ ဝင်သွားခဲ့ပါ၏။

အဘွားကြီး၏ အခန်းသည် ဘာမဆို သပ်သပ်ရပ်ရပ်နှ
ဘာပစ္စည်းဖြစ်ဖြစ် စနစ်တကျ ထားရှိသည်ကို တွေ့ရပါ
သန့်လည်းသန့်ရှင်းလှသည်။

‘ဒေါ်ကြီးကို အဘွားကြီးပဲဆိုပြီး ဘယ်သူကမှ သိပ်
ဂရုတစိုက် မရှိလှတာ ကြာပြီကွယ့်၊ ဩော်.... မင်း ကော်
သောက်မလား၊ ငါ့အခန်းထဲမှာ အားလုံး အဆင်သင့်
တယ်၊ ဖျော်လိုက်ရုံပဲ၊ အယ်...ငါကလဲ လောကွတ်လု
ပြန်ပြီ၊ ဟဲ....ဟဲ....ဒီအချိန်မှာ မင်းက ဘယ်ကော်ဖီ သော
လိမ့်မလဲ၊ မင်းသောက်တာတစ်မျိုးပဲဟာ၊ ဒေါ်ကြီးကတော
ဘယ်အချိန်မှာမဆို ကော်ဖီပဲ သောက်တယ်၊ ထမင်းစ
မျက်မှန်းသိလျက်နဲ့လဲ သောက်တာပဲ၊ ဘယ့်နှယ်လုပ်မ
ကော်ဖီကြိုက်တာကိုး’

ပြောရင်း ဒေါ်ကြီးသည် ကျော်ဇေယျကို နဖူးမှ
ဖဝါးဘိုင်အောင် သေချာကြည့်သည်။

‘ဟဲ့...မင်းဟာ ကျော်ဇေယျမှ ဟုတ်ရဲ့လား’

သူ့စိတ်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။ ဒေါ်ကြီး၏ မျ
အမြင်တွင် သူသည် ကျော်ဇေယျ ဟုတ်ရဲ့လားဆိုသည့်အ
တစ်ခုခု မြင်သွားလေသလား။ မိမိ အမှားတစ်ခုခုကြော
ဒေါ်ကြီး ဇဝေဇဝါ ဖြစ်သွားလေသလား။





သို့သော်....ဒေါ်ကြီးထံမှ တစ်ဆက်တည်းပြောသံ ထပ်မံ ထွက်လာပြန်သည်။

‘ဟုတ်သားပဲ၊ မင်းဟာ ကျော်ဇေယျပဲ၊ အဲဒါကိုသာကြည့် တော့၊ လူတွေမှာ တစ်ခါတလေ အမြင်ပြောင်းသွားတာမျိုး ရှိတတ်တယ်၊ ဒါလဲ စိတ်ပဲပေါ့၊ ခုန ငါ့မျက်စိထဲ ဖြုန်းခနဲ မင်းဟာ ကျော်ဇေယျမှ ဟုတ်ရဲ့လားဆိုတဲ့ ဇဝေဇဝါစိတ် ဝင်သွားတယ်၊ မင်းကလဲ တစ်မျိုးကြီး ဖြစ်နေတာကိုး၊ မျက်နှာအမူအရာကလဲ အရင်နဲ့မတူဘဲ သိမ်မွေ့လာသလိုပဲ၊ မင်းအဝတ်တွေကလဲ ပေပေရေရေ စိုစိုထိုင်းထိုင်းနဲ့၊ အဲဒီလို ပေရေစိုထိုင်းတဲ့အဝတ်မျိုး မင်း ဘယ်တုန်းက ဝတ်လို့လဲ၊ နေပါဦး၊ မင်း စက်ရုံက ပြန်လာတာလား၊ စက်ရုံမှာ တစ်ခုခု အဆင်မပြေဖြစ်ခဲ့လို့ မင်း မိုးရွာထဲ ထွက်လာတာ လား’

ဒေါ်ကြီးသည် စကားများသူ ဖြစ်ပါ၏။ သူက ဒေါ်ကြီး ပြောသမျှ ပြုံး၍ နားထောင်နေသည်။ သူ့အတွက် သည် အိမ်က မိသားစုတစ်ယောက်ယောက် စကားများများပြော လေ နားထောင်လေဖြစ်ပါ၏။ သို့မှသာ ဤအိမ်အကြောင်း ပို၍ပို၍ သိလာနိုင်မည်ကိုး။

‘ကျွန်တော် သိပ်အလုပ်များနေလို့ ဒေါ်ကြီးနဲ့ မတွေ့ ဖြစ်တာပါ ဒေါ်ကြီး’

‘မညာပါနဲ့ ကျော်ဇေယျ၊ မင်း ဟိုတုန်းကလို အလုပ် တွေ သိပ်မများနိုင်ပါဘူး၊ မောင်စည်သူ လေဖြတ်ပြီး ခုတင် ထဲပေါ် လဲနေတဲ့အချိန်ကစပြီး စက်ရုံအလုပ်၊ ခြံအလုပ်၊



www.burmeseclassic.com

www.burmeseclassic.com



စိုက်ခင်းအလုပ်၊ ဥယျာဉ်အလုပ်တွေ မင်းကိုယ်တိုင် လုပ်ရတာမှ မဟုတ်တာ၊ ဟိုတုန်းကလို ဘယ်မှာ အလုပ်များနိုင်တော့မှာလဲ'

သူက အိပ်ခန်းခုတင်ဘေးရှိ စားပွဲတွင် ထိုင်လိုက်သည်။ စားပွဲပေါ်တွင် ကော်ဖီဘူး၊ နို့ဆီ၊ သကြား၊ ရေနွေးဓာတ်ဘူး အစုံရှိသည်မို့ သူက ကော်ဖီ ဖျော်လိုက်သည်။ ဖျော်ပြီး ဒေါ်ကြီးကို ပေးလိုက်ပါ၏။

'မင်းကော မသောက်ဘူးလား'

'ကျွန်တော် သောက်ချင်စိတ် မရှိဘူး ဒေါ်ကြီး'

ဒေါ်ကြီးက ကော်ဖီပန်းကန်ကိုယူကာ တစ်ငုံမြည်းကြည့်လိုက်သည်။

'ဟဲ့....ငါ့အကြိုက်အတိုင်း ချိုပေါ့ကော်ဖီပြင်းပါလား၊ မင်းတကယ်တော်နေပါလား ကျော်ဇေယျ၊ မင်းအပြုအမူတွေရော၊ အပြောအဆိုတွေရော၊ အမူအရာတွေရော အရမ်းတိုးတက်လာတယ်၊ အဲ....ပြောင်းလဲလာတယ်ဆိုတာက ပိုမှန်မလားပဲ၊ ဒေါ်ကြီးက ဒီအိပ်ခန်းထဲမှာ အောင်းနေပေမယ့် အိမ်သားတွေ အကြောင်းကိုတော့ အမြဲ လေ့လာနေတာကွယ့်၊ မင်းအနေနဲ့ အောင်ဘောဂရိပ်ငြိမ်က ဂုဏ်သရေရှိမိသားစုကြီးကို ဂုဏ်ပျက်အောင် မလုပ်ပါနဲ့လား ကျော်ဇေယျ'

'ကျွန်တော်က ဂုဏ်ပျက်အောင် တစ်ခုခုများ လုပ်မိလို့လား ဒေါ်ကြီး'





'အင်း....ဂုဏ်ပျက်အောင် တမင်လုပ်တာတော့ မဟုတ်ဘူးပေါ့ကွယ်၊ ကိုယ့်စရိုက်နဲ့ကိုယ်ပြုမူရင်းက ဂုဏ်ပျက်စရာမျိုး ဖြစ်သွားတာကို ပြောတာပါ။ လွန်ခဲ့တဲ့အပတ်က မင်း အောင်ပွင့်ကို မြို့လယ်ကလပ်မှာ လက်သီးနဲ့ ထိုးပစ်ခဲ့တာ အောင်ပွင့် တော်တော်ခံလိုက်ရတယ်တဲ့၊ အေး....အောင်ပွင့်တို့ သားအဖတစ်တွေ ခုတလော ချိုကြွနေမှန်း ဒေါ်ကြီး သိသားပဲ၊ ဒါကို မင်းက မခံချင်လို့ ဒေါ်သနဲ့ အောင်ပွင့်ကို သင်ခန်းစာပေး ထိုးကြိတ်ပစ်တာတော့ မှန်တယ်၊ ဒါပေမယ့် ရန်ဖြစ်တယ်ဆိုတာ လူကြီးလူကောင်း အလုပ်မှမဟုတ်တာ၊ ဒီတော့လဲ အောင်ဘောဂရိပ်ငြိမ်ရဲ့ ဂုဏ်သိက္ခာ နည်းနည်းပါးပါး ထိခိုက်တာပေါ့ကွယ်'

သူက ဒေါ်ကြီးကို နောင်ဒီသို့ မဖြစ်စေရပါဟု အဓိပ္ပာယ်သက်ဝင်အောင် ခေါင်းညိတ်ပြလိုက်ပေသည်။ သူ၏စိတ်ထဲကတော့ အောင်ပွင့်ဆိုသူကို သူ ထိုးကြိတ်ခဲ့ကြောင်း မှတ်သားထားလိုက်ရပြန်ပါ၏။

ထိုစဉ်မှာပင်....

ဒေါ်ကြီး စာရေးစားပွဲဆီမှ တယ်လီဖုန်းမြည်သံ ထွက်လာသည်။ ဒေါ်ကြီးက ကောက်ယူ နားထောင်ပါ၏။ သို့သော် ဒေါ်ကြီးသည် နားထောင်ရုံသက်သက်သာ နားထောင်ပြီး တစ်ခွန်းမျှ ပြန်မပြောသည်ကို တွေ့ရသော ကျော်ဇေယျမှာ အံ့ဩနေမိသည်။

တကယ်တော့ ဒေါ်ကြီးသည် သူမ၏အိပ်ခန်းထဲသို့ ၎င်း အိမ်မှဖုန်းဖြင့် လိုင်းပိုဆွဲယူထားသော အိုပ်(စ်)တင်းရှင်းဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှန်း ကျော်ဇေယျ သဘောပေါက်ရပါ၏။ ဖုန်းလာတိုင်း ဒေါ်ကြီး ကောက်ယူနားထောင်ခြင်းဖြင့် သည်အိမ်မှ အိမ်သားတွေ၏ အကြောင်းအမျိုးမျိုးကို ဒေါ်ကြီး အိပ်ခန်းထဲက မထွက်ဘဲ သိနိုင်ပါ၏။

ဖုန်းကိုပြန်ချပြီး ကော်ဖီကို ဆက်သောက်ရင်း ဒေါ်ကြီးက ဆက်ပြောသည်။

'ဝဏ္ဏလေ....စက်ရုံကနေပြီး အိမ်ကိုဖုန်းဆက်တာ၊ မောင်ထွန်းက ဖုန်းကိုင်ပြီး ပြန်ပြောတာ၊ ဝဏ္ဏက မေးတယ်၊ ကျော်ဇေယျ ပြန်ရောက်ပြီလားတဲ့၊ မောင်ထွန်းက မင်းပြန်ရောက်တာ နာရီဝက်လောက် ရှိသွားပြီလို့ ပြန်ဖြေတယ်၊ ဝဏ္ဏက သူ အခုမကြာခင် အိမ်ပြန်လာမယ်လို့ ပြောတယ်'

သူသည် ယခုတိုင် ဤဒေါ်ကြီး ဘယ်သူဘယ်ဝါမှန်း မသိသေး။ နှောင်းတို့၏ဖခင် ဦးစည်သူအား ဒေါ်ကြီးက မောင်စည်သူဟု ခေါ်ခြင်းကြောင့် ဤဒေါ်ကြီးသည် ဦးစည်သူ၏ အဒေါ်ဖြစ်စေ၊ အစ်မဖြစ်စေ ဖြစ်နိုင်ကောင်းသည်ဟု သူ တွက်ကြည့်မိသည်။ ဒေါ်ကြီး၏ စကားအရ ယခု ဦးစည်သူမှာ လေဖြတ်ပြီး အိပ်ရာတွင် လဲနေကြောင်း သူသိလိုက်ရပြန်ပါ၏။

'ဒါထက် ဆေးရုံရောက်နေပါဘယ်ဆိုတဲ့ ကောင်မလေးဆိုတာကကော ဘယ်သူလဲကွယ်'

ကျော်ဇေယျရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါ၏။ မိမိ ယောဝန်မှ ဖုန်းပြောစဉ်က ကိုဝဏ္ဏနှင့်ပြောသည့် စကားများကို





လည်း ဒေါ်ကြီးက ကြားဖြတ်ပြီး နားထောင်ထားခြင်း ဖြစ်ဟန်တူပါ၏။

'ကျွန်တော် မသိဘူး ဒေါ်ကြီး'

'အင်းပေါ့လေ....ဒါတွေတော့ ထားပါတော့၊ လူငယ်တွေရဲ့ ကိစ္စပဲ၊ ဒါပေမယ့် ဒေါ်ကြီး တကယ်သိချင်တာတစ်ခု ရှိနေတယ်၊ ဒါကလဲ ငါနဲ့ပတ်သက်နေတဲ့ ကိစ္စမို့ သိချင်တာပါ၊ စက်ရုံရယ်၊ မြို့တွေ၊ ဥယျာဉ်တွေ၊ စိုက်ခင်းတွေရယ် အကြောင်း ငါသိချင်တယ် ကျော်ဇေယျ၊ ငါ့ကို ဝဏ္ဏက မတွေ့အောင်ရှောင်နေတယ်၊ တွေ့လို့ ငါက မေးမြန်းရင်လဲ ဟိုလိုလို ဒီလိုလို ဝေ့လည်ကြောင်ပတ် စကားတွေပြောတယ်၊ မနှောင်းကိုမေးလဲ မိနှောင်းက ဘာမှသိတဲ့ကလေး မဟုတ်ဘူး၊ မောင်စည်သူ လေဖြတ်ပြီး အိပ်ရာထဲ လဲတဲ့အချိန်ကစပြီး ခုချိန်ထိ အခြေအနေတွေဟာ သိပ်ပြောင်းလဲနေတယ်၊ အခု မင်းလဲတော်တော်ပြောင်းလဲသွားတယ်၊ နောက်ပြီး စက်ရုံရော၊ မြို့တွေ၊ စိုက်ခင်းတွေ၊ ဥယျာဉ်တွေကလဲ အကျိုးအမြတ်မရှိတာ ကြာပြီ၊ အဲဒါ ဘာတွေက ဘယ်လိုတွေ ဖြစ်ကုန်လို့လဲ ကျော်ဇေယျ'

'ကျွန်တော်မသိဘူး ဒေါ်ကြီး'

'မင်း မဖြေချင်လို့ မသိဘူးလို့ လွှဲပြောတာ မဟုတ်လား ကျော်ဇေယျ၊ ဒေါ်ကြီး နားလည်ပါတယ်၊ မောင်စည်သူ အိပ်ရာထဲ ဗုန်းဗုန်းလဲကတည်းက လုပ်ငန်းမှန်သမျှကို သားအကြီးဖြစ်တဲ့ ဝဏ္ဏက အတင်းဝင်ကိုင်တယ်၊ မင်းကို ပုတ်ထုတ်ဖို့ ဝဏ္ဏကကြိုးစားတယ်၊ လုပ်ငန်းတွေအားလုံး မောင်



www.burmeseclassic.com

www.burmeseclassic.com



စည်သူ လုပ်စဉ်က မင်းဟာ မောင်စည်သူရဲ့ ညာလက်ရုံးပါ၊ မင်းကို မောင်စည်သူက သိပ်အားကိုးတယ်၊ ယုံလဲယုံကြည်တယ်၊ မင်း လုပ်ငန်းတွေမှာ တော်ကြောင်း၊ အတွက်အချက်ကောင်းကြောင်း၊ အကွက်မြင်ကြောင်း၊ အတွေးအခေါ်ကောင်းကြောင်း၊ သစ္စာနဲ့ သမာဓိရှိကြောင်းတွေ မောင်စည်သူက သိပ်ချီးမွမ်းခဲ့တယ်၊ လုပ်ငန်းတွေကလဲ သိန်းနဲ့သန်းနဲ့ချီပြီး အကျိုးအမြတ် ဖြစ်ထွန်းခဲ့တယ်၊ အခု မောင်စည်သူမလုပ်နိုင်ဘဲ မင်းကိုလဲ ဝဏ္ဏက ပ,ထုတ်ပြီး သူ့ဟာသူလုပ်တဲ့အချိန်မှာ လုပ်ငန်းတွေ ကျဆင်းရုံမကဘူး အရှုံးဘက်ကိုယိုင်ဆင်းနေတယ်၊ အဲဒီကိစ္စတွေအတွက် မင်းကငါ့ကို တစ်ခုခုမပြောတော့ဘူးလား ကျော်ဇေယျ'

'ကျွန်တော် မပြောတတ်တာ ဝမ်းနည်းပါတယ် ဒေါ်ကြီး'

'အေး....မင်းဝမ်းနည်းမှန်းလဲ ငါသိတယ်၊ ငါကိုယ်တိုင်လဲ စိတ်မကောင်းဘူး၊ ဝဏ္ဏက ဖအေနေရာဝင်ပြီး လက်ဝါးကြီး အုပ်ကတည်းက မင်းဟာ အင်မတန် စိတ်ပျက်လက်ပျက်ဖြစ်နေမှန်းလဲ ငါသိတာပဲ၊ ဝဏ္ဏက စီးပွားရေး အမြင်ကျယ်တဲ့ကောင်မှ မဟုတ်တာ၊ လုပ်သမျှ တလွဲတွေချည်းဖြစ်နေတယ်၊ ဝဏ္ဏဟာ ငါ့တူအရင်းခေါက်ခေါက်ပါ၊ ဒါပေမယ့် အလကားကောင်မှန်း ငါသိတယ်၊ မင်းနဲ့မိန္နောင်း အိမ်ထောင်ကျပြီး မင်းကို မောင်စည်သူက ဆည်မြောင်း အင်ဂျင်နီယာက ထွက်ခိုင်းပြီး မင်းနဲ့ မောင်စည်သူ လက်တွဲပြီး လုပ်ငန်းတွေ လုပ်ကတည်းက တစ်ရှိန်ထိုး စီးပွား တက်တယ်၊





မင်းတာ တကယ်တမ်းဆိုရင် အောင်ဘောဂ ရိုပ်ငြိမ်ကြီးရဲ့ သူရဲကောင်းလို့ ငါရော မောင်စည်သူရော မှတ်ယူခဲ့တယ်'

သူသည် ဘာမျှ ပြန်မပြောတတ်။ ယခင် ကျော်ဇေယျဟောင်းသာဆိုလျှင် ယခု ဒေါ်ကြီးပြောသမျှကို ပြန်၍ အချက်ကျကျ ပြောတတ်မည် ထင်ပါသည်။ ယခုမူ သူသည် ကျော်ဇေယျအသစ် ဖြစ်နေပါသည်။ ကျော်ဇေယျအသစ်သည် ဘာဆို ဘာမျှ မမှတ်မိသော ငတုံးပါပေတကား။

ဒေါ်ကြီး ခဏငြိမ်သွားပြီး ကျော်ဇေယျကို အကဲခတ်မျက်စိဖြင့် ကြည့်နေသည်။

'ကျော်ဇေယျ'

'ဗျာ....'

'မင်းမျက်နှာမှာ ကုတ်ရာ ခြစ်ရာတွေနဲ့ပါလား၊ ခုမှ ငါသေသေချာချာ ကြည့်မိတယ်၊ ဘာဖြစ်တာလဲ'

သူက မဖြေပေ။

'အေးလေ....မဖြေပါနဲ့၊ ငါတလဲ နေရာတကာ စပ်စုချင်တယ်၊ ငါစပ်စုတာဟာ စေတနာမေတ္တာတွေထားပြီး စပ်စုတာပါ၊ ကဲ....အခု ငါ မောင်စည်သူကို သွားကြည့်မလို့၊ မင်းကော မင်းယောက္ခမကို လိုက်ကြည့်ချင်တဲ့ဆန္ဒ ရှိသလား'

'ကျွန်တော် ကြည့်ချင်ပါတယ် ဒေါ်ကြီး'

'ကောင်းတာပေါ့၊ မောင်စည်သူကို မင်း လျစ်လျူမရှုသင့်ဘူး၊ သူက မင်းကို သားအရင်း ဝဏ္ဏထက်တောင် ပိုပြီး ချစ်ပုံရသေးတယ်၊ သားအရင်းထက်လဲ အားကိုးယုံကြည်ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒေါ်ကြီးက ရှေ့ကသွား၊ သူက နောက်ကလိုက်၍ ဦးစည်သူကိုကြည့်ရန် ထွက်လာခဲ့ကြသည်။

ဦးစည်သူကို သူကြည့်ချင်သည်မှာ အကြောင်းနှစ်ခု ရှိပါ၏။ ပထမအကြောင်းမှာ မိမိသည် ကျော်ဇေယျ အစစ်အမှန် ဖြစ်နေမှတော့ ယခင် ကျော်ဇေယျဟောင်း သိသလို အောင်ဘောဂရိပ်မြိုမ်၏ အိမ်တွင်းကိစ္စ အဝဝကို သိနေဖို့ လိုအပ်သောကြောင့် လည်းကောင်း။

ဒုတိယအကြောင်းမှာ ခုချိန်ထိ သူ၏အိပ်ခန်း ဘယ်အခန်းမှန်း မသိသေးချိန်ဝယ် အချိန်ဆွဲပြီး မိမိအခန်းကို ရှာဖွေကြည့်ရန် ဦးစည်သူ၏ အခန်းသို့ လိုက်လာခြင်း ဖြစ်ပါ၏။

'ငယ်ငယ်တုန်းကတော့ မောင်စည်သူနဲ့ ငါဟာ မောင်နှမ ဆိုပေမယ့် မတည့်ကြပါဘူး၊ ဒါပေမယ့် ငါက အိမ်ထောင်မပြုတဲ့ အပျိုကြီး ဖြစ်နေတော့ ငါ့မောင် မောင်စည်သူနဲ့ပဲ အတူနေရတယ်၊ မောင်စည်သူ ကျန်းမာ နေတုန်းကတော့ မသိသာကြပါဘူး၊ သူ့ဟာသူနေ၊ ကိုယ့်ဟာကိုယ် နေပါပဲ၊ အဲ....သွေးကတော့ သွေးပဲ၊ မောင်စည်သူ လေဖြတ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲတဲ့အချိန်မှာတော့ ငါဟာ အစ်မရင်း တစ်ယောက် အနေနဲ့ စိတ်မကောင်း ဖြစ်ရတယ်၊ ဝမ်းနည်းရတယ်၊ ဒီတော့မှ ငါ့မောင်အပေါ်မှာ ငါ့သံယောဇဉ် ဘယ်လောက်ရှိနေမှန်း သိရတော့တယ်၊ မောင်စည်သူကို ငါ နေ့မအိပ် ညမအိပ် ပြုစုပါတယ်၊ ဒါပေမယ့် မောင်စည်သူကတော့ သိများမှ သိပါလေရဲ့လား မပြောတတ်ဘူး'





စကားတတွတ်တွတ်ပြောရင်း အခန်းရှေ့ တံခါးတစ်ခုတွင် ဒေါ်ကြီးက ရပ်လိုက်သည်မို့ သူလည်း ရပ်လိုက်သည်။

အိပ်ခန်းတံခါးကို ညင်သာစွာ တွန်းဖွင့်လိုက်ပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။

ဦးစည်သူဆိုသူမှာ အိပ်ရာတွင် ပက်လက် အနေအထား ရှိနေပါ၏။

ယောကျ်ားသူနာပြုတစ်ဦး ခေါင်းထားမှန်း ကျော်ဇေယျက မြင်ရုံနှင့် သိလိုက်သည်။

'မောင်စည်သူ အိပ်ပျော်နေလား မောင်ဒေဝါ'

'မှိန်းနေတာပါ ဒေါ်ကြေးမုံ'

ယခုမှပင် ဒေါ်ကြီးနာမည်မှာ ဒေါ်ကြေးမုံဟူ၍ မှတ်မှတ်ရရ သူသိရတော့သည်။ တစ်ချိန်တည်းမှာပင် အမျိုးသား သူနာပြု၏အမည်မှာလည်း ကိုဒေဝါဟု သူ့စိတ်ထဲက မှတ်သားရပြန်ပါ၏။

ဒေါ်ကြေးမုံက လူနာခုတင်အနီးသို့ တိုးကပ်သွားသဖြင့် ကျော်ဇေယျကလည်း အနီးကပ်လိုက်သွားသည်။

ခုတင်ပေါ်ရှိ သူ၏ဖခင် ဦးစည်သူဆိုသူမှာ တော်တော်ပင် အခြေအနေဆိုးနေကြောင်း ကျော်ဇေယျက မြင်ရုံနှင့် အကဲခတ်မိသည်။ ပက်လက်ကြီး မှိန်းနေသည်မှာ အသက်မှရှိသေးရဲ့လားဟု ထင်ရသည်။ မတုန်မလှုပ် တကယ့်ငြိမ်ငြိမ်သက်သက်ကြီး ရှိနေပါ၏။

လူနာ၏ ပက်လက်ကိုယ်ပေါ်တွင် အနီရင့်ရောင် ကတ္တီပါ စောင်တစ်ထည် လွှမ်းထားပေးသည်။

www.burmeseclassic.com



ယောက္ခမ ဦးစည်သူကို မြင်ရုံမျှနှင့်ပင် ကျော်ဇေယျ ရင်ထဲက ကြီးစွာသော ကရုဏာသက်မိပါ၏။ ဟေဝန်မြို့က ဒေါ်ခင်ငြိမ်းက ဦးစည်သူအား ရက်စက်သည်၊ တစ်ကိုယ်ကောင်း ဆန်သည်ဟု စွပ်စွဲချက်များမှာ ဟုတ်များမှ ဟုတ်ပါလေစဟုပင် သူ့ရင်ထဲ၌ သံသယဖြစ်မိပါ၏။

သူနာပြု ကိုဒေဝါက လူနာကို ဟိုရွှေ့သည့်ကိုင် ပြုလုပ်ရင်း စကားပြောသံ ကျော်ဇေယျ ကြားရပေသည်။

'သူတို့ အကြာကြီးနေကြမှာ မဟုတ်ပါဘူး ဦးစည်သူ၊ သူတို့ စည်းကမ်းနားလည်ပါတယ်၊ ဦးစည်သူ မကြာခင် အိပ်တော့မယ်ဆိုတာ သူတို့သိပါတယ်'

ကျော်ဇေယျသည် ဘာကြောင့်မှန်းတော့ မသိ။ ကိုဒေဝါဆိုသည့် အမျိုးသားသူနာပြု၏ အပြောအဆိုနှင့် အမူအရာကို မနှစ်သက်မိပေ။

ဒေါ်ကြေးမုံက သူ့မောင်ဦးစည်သူ၏နဖူးပြင်ကို သူမ၏လက်ဝါးဖြင့်အုပ်၍ စမ်းသပ်ကြည့်သည်။

ထို့နောက် လူနာကိုတစ်ခဏကြည့်ပြီး သူနာပြု ကိုဒေဝါ၏ လူနာ အိပ်ချိန်ရောက်ဖြီ ဆိုသည့် စည်းကမ်းစကားကြောင့်လား မသိ၊ ဒေါ်ကြေးမုံ ပြန်ရန် အပေါက်ဘက်သို့ လှည့်လိုက်သည်။

'ကျော်ဇေယျ နေခဲ့ဦးမလား'

'ဟုတ်ကဲ့ ဒေါ်ကြီး၊ ကျွန်တော် နေခဲ့ဦးမယ်'

ကျော်ဇေယျသည် နေခဲ့ဦးမည်ဟု ဒေါ်ကြီးကိုပြောလိုက်မိသည့်အတွက် သူ့ကိုယ်သူပင် အံ့သြသွားမိသည်။





တကယ်ဆို အစ်မရင်း ဒေါ်ကြေးမုံပင် ပြန်ပြီပဲဟာ၊ သူ ကျော်ဇေယျအနေနှင့်လည်း ပြန်ရုံပဲရှိသည်။

သို့သော် သူသည် သူနာပြုကိုဒေဝါကို မနှစ်သက်သည့် ခံစားချက်ကြောင့် တမင်တကာကို အရွဲ့တိုက်ပြီး နေခဲ့ခြင်းသာ ဖြစ်ပါ၏။

အမျိုးသားသူနာပြု ကိုဒေဝါက ဦးစည်သူကို ပက်လက်အနေအထားမှ ဘေးတစောင်း အနေအထားသို့ ပြောင်းပေးလိုက်သည်။

'ကိုကျော်ဇေယျ....ဒီဘက်ကို ခုံရွှေ့ထိုင်ပါလား၊ ဒါမှ ဦးစည်သူရဲ့မျက်နှာနဲ့ တည့်တည့် တိုက်ရိုက်မြင်ရမယ်၊ လူနာမှာ ဘက်(ဒ်)ဆိုး(လ်)ပေါက်မှာစိုးလို့ မကြာခဏ နေရာ ပြောင်းပေးရတယ်'

ဘက်(ဒ်)ဆိုး(လ်)ဆိုသည်မှာ လူနာကိုကြာမြင့်စွာ ပက်လက် တစ်မျိုးတည်းထားပါက ကြာလျှင် ကျောပူပြီး အနာပေါက်သည်ကို ခေါ်ခြင်းဖြစ်ပါ၏။

ကျော်ဇေယျက ဦးစည်သူစောင်းထားရာ မျက်နှာတည့်တည့်တွင် ခုံဖြင့်ဝင်ထိုင်လိုက်သည်။

'ကိုကျော်ဇေယျ ဘယ်ပျောက်နေလဲ၊ မနေ့ညနေကစပြီး ခုချိန်ထိ ပေါ်မလာဘူး'

ကျော်ဇေယျက ကိုဒေဝါကိုအရေးလုပ်ပြီး ပြန်မဖြေဘဲ ဦးစည်သူနှင့် မျက်နှာချင်းဆိုင်အောင် ငုံ့ပြီးမေးလိုက်သည်။

'ဘယ့်နှယ်နေလဲ အန်ကယ်၊ ကျွန်တော်ခရီးသွားနေလို့ အန်ကယ့်ဆီကို မရောက်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဦးစည်သူထံမှ ဘယ်လိုမှ တုံ့ပြန်မှုပြန်မလာပေ။

ကိုဒေဝါက အသံထွက်အောင် တဟဲဟဲ ရယ်လိုက်သည်။

'ခင်ဗျားဘာရယ်တာလဲ ကိုဒေဝါ'

'ရယ်စရာကောင်းနေလို့ ရယ်တာပါ၊ ကိုကျော်ဇေယျက အဘိုးကြီးနဲ့ မျက်နှာချင်းအနီးကပ်ထိုင်ပြီး သိပ်ကြင်နာတဲ့ အမူအရာတွေ ပြပေမယ့် လုပ်ရကျိုးမနပ်ဘူးလေဗျာ၊ အဘိုးကြီးက နားမှမကြားတာ၊ မျက်လုံးကလဲ မြင်သေးတယ်ဆိုတောင် အင်မတန် မှုန်မွှားမွှား ပိုးတဝါးသာ မြင်မှာပါ၊ အဲ...မမြင်တာက ပိုများတယ်'

'အန်ကယ်ဦးစည်သူ နား မကြားတော့ဘူး၊ မျက်လုံးမမြင်တော့ဘူးလို့ ခင်ဗျားက ဘယ်လိုသိနေလို့လဲ ကိုဒေဝါ'

'ဒါကို အားလုံးက သိနေတာပဲဗျာ၊ ကိုကျော်ဇေယျကိုယ်တိုင်လဲ သိပါတယ်လေ'

'ဒါဆို ခုနက ဒေါ်ကြီးကြေးမုံရှေ့မှာ ဘာဖြစ်လို့ ခင်ဗျားက အန်ကယ်ဦးစည်သူကို စကားပြောသေးလဲ၊ သူတို့စည်းကမ်းကို နားလည်ပါတယ်၊ ဘာရယ်ညာရယ် စကားတွေလေ'

'ဩော်...ဒါလား၊ ဒါကတော့ လူ့သဘာဝပဲဗျာ၊ တစ်ဖက်လူက ကြားတာမကြားတာ အမိကထား ပြောတာမှမဟုတ်တာ၊ လူနာကို နှစ်သိမ့်တဲ့သဘောနဲ့ ပြောတာတွေပါ'

'ထားပါတော့၊ ဒါဆိုရင် အန်ကယ် ဦးစည်သူဟာ နားမကြားပေမယ့် မျက်စိတော့ မြင်နေမှာပေါ့'





'မျက်စိလဲ မမြင်တဲ့ဘက်က ပိုများတယ်'

'ခင်ဗျား သိပ်ကိုသိလွန်းတတ်လွန်းနေပါလား ကိုဒေဝါ၊ အခုပဲ အဘိုးကြီးမျက်နှာ ဒါရိုက်ရှင်နဲ့တည့်အောင် ကျုပ်ကို ဒီဘက်လာပါလားလို့ပဲ ခင်ဗျား ပြောသေးတယ် မဟုတ်လား'

'မသိဘူးဗျာ၊ ကျုပ်ကို ပုလိပ်စစ်လာစစ်မနေနဲ့၊ ဦးစည်သူကိုကုသပေးနေတဲ့ ခင်ဗျားတို့ရဲ့ ဆရာဝန်ကြီး ဦးသိုက်စိုးကိုပဲ ခင်ဗျားတို့ဘာသာ မေးကြည့်ကြပေါ့၊ ဒါပဲ'

ကျော်ဇေယျသည် လက်သီးဆုပ်မိသည်။ သည့်ကောင်ထဝါးဝသည်ဆိုသည့် မခံချင်စိတ်ဖြင့် မျက်ခွက်ကြီးကို စွတ်ထိုးပစ်ချင်မိသည်။

သို့သော် စောစောကပဲ ဒေါ်ကြီးကြေးမုံက သူသည်မိုလယ်ကလပ်၌ အောင်ပွဲဆိုသူအား လက်သီးနှင့် ထိုးခဲ့သည့် အကြမ်းပတမ်းမျိုး မလုပ်ရန် ပြောဆိုခဲ့သည်မှာ ပူပူနွေးနွေးဖြစ်နေသေးသောကြောင့် ကိုဒေဝါ သက်သာသွားသည်။

သူ့စိတ်ကို ချုပ်တည်းလိုက်ပါ၏။

သည်အခန်းထဲဆက်နေလျှင် ဒေါသမထိန်းနိုင်တော့မည်စိုး၍ ထိုင်ရာမှ ထသည်။ တံခါးပေါက်ဆီသို့ ခြေလှမ်းလိုက်သည်နှင့်....

'ဟေး....ဟေး....ကိုလေပွေ ပြန်ရောက်လာပြီ၊ ကြည့်စမ်းကိုကျုတော့လဲ ကိုကိုကျော်က ချက်ချင်းကြီး ပြန်ရောက်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲလား၊ ဒီလိုချက်ချင်း ပြန်လာမယ်မှန်းသိရင် မိနှောင်း အပြင်မသွားပါဘူး၊ အိမ်က စောင့်မှာပေါ့'

တံခါးပွင့်သွားပြီး အသံနှင့်အတူ ရုပ်ဖြိုပ်ကို ကျော်ဇေယျ တွေ့မြင်ရတော့သည်။

နှောင်းနှောင်း....

နှောင်းနှောင်းဆိုသည်မှာ ကျော်ဇေယျ၏ ဇနီး။

ချောမှချော၊ လှမှလှ။

ရုပ်ချောရုပ်လှရုံမကသေး၊ ကိုယ်လုံးကိုယ်ထည်ကလည်း ကလေးတစ်ယောက်အမေပေမယ့် အပျိုမလေးနှင့် မလဲနိုင်ပါဟု ဆိုရလောက်အောင် ရင်၊ တင်၊ ခါး၊ လက်တံ၊ ပေါင်တံ၊ ခြေတံတွေ သူ့ဟာနှင့်သူ အလိုလို အချိုးကျ ပြေပြစ်စွာ ရှိနေပါ၏။

နှောင်း၏ကိုယ်တွင် အဆီအအစ်၊ အသားပို တစ်စက်လေးမျှ မရှိအောင် ကြော့ရှင်းလှပေသည်။

ကျော်ဇေယျအသစ်သည် ကိုယ့်ဇနီးကိုပင် မမြင်ဖူးသည့်အလား နှောင်း၏ရုပ်အလှ၊ ကိုယ်ထည်အလှကို ရင်သ... ရှုမငြီး ငေးငေးကြီး ကြည့်နေမိတော့သည်။

နှောင်းနှောင်းသည် ပုလဲသွယ်သွားဖြူ တန်းစလေး ပေါ်အောင် ပြုံးရင်းရယ်ရင်း ကျေနပ်ဝမ်းသာစွာ သူ့ကို နှုတ်ဆက်ခြင်း ဖြစ်ပါ၏။

'ဦးထွန်းက မိနှောင်း အိမ်ထဲကိုဝင်ဝင်ချင်း ကိုကိုကျော် ရောက်နေလေရဲ့၊ သားသားလေးနဲ့လဲ အကြာကြီး စကားပြောတယ်၊ ဒေါ်ကြီးကြေးမုံအခန်းမှာလဲ အကြာကြီးပဲ...





မိနှောင်း တအားကြီး ပြေးတက်လာတာ၊ သားသားလေး အခန်းကိုတောင် မဝင်ခဲ့မိဘူးလေ၊ ကိုကိုကျော်နဲ့ ဒေါ်ကြီးကြေးမုံ ဖေဖေ့အခန်းထဲမှာ ရှိတယ်ဆိုလို့ တန်းပြေးလာတာ'

နှုတ်မှလည်း တဖွဖွပြောသည်။

ပြောရင်းပင် သူနှင့် မျက်နှာချင်းဆိုင်လာရပ်ပြီး သူ၏ ...ခုံးကို သူမ၏ လက်ဖဝါးနုနုလေးများဖြင့် အုပ်ကိုင်ထားသည်။ အနားတွင် ကိုဒေဝါ ရှိနေပါလားဟုပင် နှောင်းနှောင်းက ကန္ဒြေမဆည်နိုင်ရှာပေ။

သူ၏ရင်ထဲက နှလုံးသားသည် ဒိန်းတပ်တပ်၊ ဒိန်းတပ်... မြည်သံထွက်လာသလား အောက်မေ့ရအောင် ခုန်လာပါ၏။

သူ၏ လက်နှစ်ဖက်သည် အလိုလိုရွေ့လျားကာ နှောင်း... ပခုံးတစ်ဖက်စီကို ပြန်လည်ဆုပ်ကိုင်ထားမိသည်။

အတန်ကြာ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့် ဆုပ်...ထားပြီးမှ နှောင်းက သူမ၏ဖခင် ဦးစည်သူ ရှိရာသို့ ...ည့်လိုက်သည်။

'ဖေဖေ ဘယ့်နှယ်နေသေးလဲ'

နှုတ်မှပြောရင်း ဖခင် လူနာခုတင်၏ ဘေးစွန်းတွင် သူမ တင်ပါးလုံးလုံးအိအိလေးကို မှေးထိုင်လိုက်သည်။

'အပြင်ဘက်မှာ နေသာလိုက်၊ မိုးအုံ့ပြီး ဖွဲဖွဲရွာလိုက်ပဲ ...ဖေ၊ ဒါပေမယ့် ခြံထဲမှာ သာယာပါတယ်၊ ဒီနေ့တော့



www.burmeseclassic.com

www.burmeseclassic.com



အချိန်သိပ်နည်းသွားပြီ၊ နက်ဖြန် နေသာတဲ့အချိန်မှာ ဖေဖေ… ကို ဝှီး(လ်)ချဲယားနဲ့ ခြံထဲ တွန်းပို့ပေးမယ်နော်’

နှောင်းက သူမ၏ဖခင်၏ နားတစ်ဖက်သို့ကပ်ကာ ပြော… ပြနေသည်ကို ကိုဒေဝါက ကြည့်ပြီး ပခုံးတွန့်လိုက်သည်… ကျော်ဇေယျကမြင်ရာ ဒေဝါ၏ နားရင်းပါးရင်းကို ပိတ်… ချင်စိတ် ဖြစ်လာပြန်သည်။

နှောင်းက ကိုဒေဝါဘက်သို့ လှည့်လိုက်ပါ၏။

‘ဖေဖေ့ကို ဂရုတစိုက် ပြုစုကြရဲ့လား၊ ဖေဖေ့ကို … မစိုက်တဲ့လူဆိုရင်တော့ မိနှောင်းက နားရင်း တီးပစ်မှ…

နှောင်း၏ ပြောစကားရော၊ ပြောဟန် ဆိုဟန်… ပြောသည့်အသံကိုပါ ကျော်ဇေယျက ကျေနပ်ပြီး ပြုံးလို… ပါ၏။

‘ကျွန်တော့်ကိုတော့ နားရင်းမတီးပါနဲ့ဗျာ၊ ကျွန်တေ… မနှောင်းနှောင်းရဲ့ ဖေဖေကို ဂရုစိုက်ပါတယ်၊ ဟဲ…ဟဲ… ဟဲ…’

ရယ်သံကိုက ဘူးသံပါနေသည်ဟု ကျော်ဇေယျ ထ… သည်။

နှောင်းက ကိုဒေဝါပြောသည်ကိုရော၊ ရယ်သည်ကို… လုံးဝ ဂရုစိုက်ဟန်မပြဘဲ မကြားဟန်ဆောင်နေသည်ကို … ရပါ၏။

ဤနေရာတွင် နှောင်းကို ကျော်ဇေယျ သဘော… သည်။ နှောင်းကိုယ်တိုင် ကိုဒေဝါကို မလိုလားဟန်ရှိ… ကျော်ဇေယျကလည်း ကိုဒေဝါကို မလိုလားပေ။





‘ဩော်… မနှောင်းနှောင်း၊ တော်ကြာရင် ညဂျူတီ အတွက် ဆရာမကြီး ဒေါ်မူအေး လာမှာပါ၊ ကျွန်တော်နဲ့ ဂျူတီချိန်းရမယ်လေ၊ ဒေါ်မူအေးကို ကျွန်တော် ဘာပြော လိုက်ရမလဲ’

‘နက်ဖြန်နေသာရင် ဖေဖေ့ကို ခြံထဲမှာ လေကောင်း လေသန့် ရှူရမယ်လို့သာ ပြောလိုက်ပါ’

‘ပြောပါဆိုလဲ ပြောရမှာပေါ့ဗျာ၊ ဒါပေမယ့် ဦးစည်သူ ကို ခြံထဲထုတ်ဖို့တော့ ဆရာဝန်ကြီး ဦးသိုက်စိုးရဲ့ ခွင့်ပြုချက် ယူမယ်ထင်တယ်’

‘ဒါက ကျွန်မကိစ္စပဲ ကိုဒေဝါ၊ ဆရာကြီး အန်ကယ် ဦးသိုက်စိုးနဲ့ တိုင်ပင်ဖို့က ဘယ်သူမှဝင်ပြီး အကြံပေးစရာ မလိုပါဘူး၊ ကျွန်မ နားလည်သားပဲ၊ ကဲ…လာ ကိုကိုကျော်၊ မိနှောင်းတို့ သွားကြစို့တော့’

ကျော်ဇေယျ၏လက်ကို နှောင်းကပင်ဆွဲကာ ဦးစည်သူ့ အနားခန်းထဲမှ ထွက်လာခဲ့ကြသည်။

‘အဲဒီ ကိုဒေဝါဆိုတဲ့လူကို မိနှောင်းမျက်စိထဲ ကြည့်လို့ကို မရဘူး၊ အန်ကယ် ဦးသိုက်စိုးက သင့်တော်တယ်ဆိုပြီး ပို့ ထားလို့သာ ကြည့်နေရတာ၊ နောက်ပြီး ဒီလူက နှောင်းနှော… ငယ်ဆိုရင် သားသားနဲ့ ကစားတယ်လေ၊ သားသားမှာ … ဖော်ရတယ်ဆိုပြီးလဲ မိနှောင်း ဆက်ထားနေရတာ’

မကျေမနပ်သံလေးနှင့်ပြောရင်း နှောင်းသည် အိပ်ခန်း… တစ်ခု၏ တံခါးကို ဆွဲဖွင့်လိုက်ပေသည်။



www.burmeseclassic.com

'အာ....ရှိ....ရှိ'

ဆင်ဆိုသည်မှာ နှာမောင်းကြီးနဲ့၊ အစွယ်ကြီးနဲ့ အကောင်အကြီးကြီးပါလားဟု ကျော်ဇေယျ၏ ရင်ထဲမှ ဗရွတ်ရွတ်တရေရွတ်လိုက်မိပါ၏။

အကြောင်းမူ...

အိပ်ခန်းကြီးမှာ ကြည့်ရှုတင့်တယ် ခမ်းနားထည်ဝါလွန်းသောကြောင့် ဖြစ်ပါ၏။

နှစ်ယောက်အိပ် ပေါ်သစ်ရောင် တောက်နေသော ကျွန်းခုတင်ကြီးပေါ်ဝယ် ရေမြှုပ်မွေ့ရာကြီးက ဘောင်ဆုပ်ခန့်ရှသဲ မြင့်မားပါ၏။ အဝါနုရောင် ပန်းပွင့်ပန်းရိုက် အိပ်ရာခင်းကြီးနှင့် ယှည်းကောင်း၊ ခေါင်းအုံးများသည် လည်းကောင်း အကောင်းစား အညွန့်စား အိစက်ညက်ညောနေကြောင်း မြင်ရုံနှင့် သိသာသောကြောင့် ဖြစ်ပါ၏။

မှန်ဗီရို၊ မှန်တင်ခုံ၊ စန္ဒရားပုံ စာကြည့်စားပွဲ၊ ဒရင်းဘက်(ဒ်)၊ ပက်လက်ကုလားထိုင်၊ အပ်နီးဖြေ ဆိုဖာကြီးနှစ်လုံးစသည်တို့မှာ မြင်ရသူ ဘဝင်အေးသွားပါစေ၏။

ယင်း နှစ်ယောက်အိပ် အခန်းထဲဝင်ပြီး ခုတင်ကြီးမှအစအားလုံးကို မြင်လိုက်ရသောကြောင့် ကျော်ဇေယျစိတ်ထဲတွင်ဤအိပ်ခန်းသည် သူနှင့် သူစိမ်းသက်သက် မဟုတ်ဘဲ တစ်ခုခုကို ပြန်ပြီးသတိရ အမှတ်ရမည်ကဲ့သို့ ဦးနှောက်က ဖြစ်ပေါ်လာသေးသည်။





သို့သော် ချက်ချင်း ပေါ်လာမလိုလိုနှင့် ပြန်၍ပျောက်သွားသည်မှာ လုံးဝ စဉ်းစားမရ၊ လုံးဝ အမှတ်မရ ပြန်ဖြစ်သွားပြန်ပါလေ၏။

အရာရာသည် သူစိမ်းပြင်ပြင် ပြန်ဖြစ်သွားပြန်ပြီကော။

နှောင်းက နှစ်ပေအဝိုင်း မီးချောင်းလေးကိုလည်း ဖွင့်သည်။ မြင့်မားကျယ်ပြောသော ဘေးကာ မှန်ချပ်ကြီးများတွင် ကြေးကွင်းစွပ် အခန်းဆီးကြီးကိုလည်း ရှီခနဲ၊ ရှီခနဲ ဆွဲဖွင့်လိုက်သည်။

ဆွဲဖွင့်ရင်း နှောင်းသည် တစ်စုံတစ်ရာ ညည်းတွားသံလေးဆိုလို ပြောလိုက်သည်ကို ကျော်ဇေယျ ကြားတော့ကြားသည်။

သို့သော် သဲသဲကွဲကွဲမရှိသောကြောင့် နှောင်းကို ထပ်မေးလိုက်သည်။

'ဘာပြောလိုက်တာလဲ မိနှောင်း၊ ကိုယ်ကြားရတာ မသဲကွဲလိုက်လို့'

နှောင်းသည် ချာခနဲလှည့်ကာ မျက်လုံးလေး ပြူးပြီး နှုတ်ခမ်းနီလေး ဝလုံးလို ဝိုင်းနေအောင် အံ့သြသွားရသည့်ပုံ ထွက်လာတော့သည်။

'ဘာရယ် ကိုကိုကျော်၊ ခုန ကိုကိုကျော်ပြောလိုက်တာ မိနှောင်း ဟုတ်လား၊ ကိုကိုကျော် ဘယ်လိုဖြစ်နေတာလဲ၊ ဘယ်တုန်းက မိနှောင်းလို့ ခေါ်ဖူးလို့လဲ၊ ဒီအိမ်မှာ ဖေဖေ၊ ခေါ်ကြီးကြေးမုံနဲ့ အစ်ကိုဝဏ္ဏက မိနှောင်းလို့ခေါ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကျော်နဲ့ မိနှောင်း ချစ်ကြိုက်ကတည်းက မိနှောင်းကို ကိုကိုကျော်က နှောင်းငယ်လို့သာ ခေါ်ခဲ့တာပဲဟာ'

'ဟာ်....ဟဲ....ဟဲ....ဒါလား'

မှားသွားပြန်ပြီဖြစ်သော ကျော်ဇေယျသည် သူ့ကိုယ်သူ ရှုံးပေါ်ပေါ်ပုံစံဖြင့်ပြောင်းကာ ရယ်လိုက်ပေသည်။

'မိနှောင်းလို့ တမင်ခေါ်ကြည့်တာ၊ ကိုယ်က မိနှောင်းလို့ ခေါ်လိုက်ရင် နှောင်းငယ် ဘယ်လိုဖြစ်သွားမလဲဆိုတာ သိချင်လို့ တမင် ကိုယ်ကခေါ်ကြည့်တာ'

'အဲ....လာပြန်ပြီ ကိုယ်တဲ့၊ တကယ်ပဲ၊ ကိုကိုကျော် ဘာ တစ်ခုခု ဖြစ်နေလဲဟင်၊ ကိုကိုကျော်ဟာ မိနှောင်းအပေါ် မှာ ဘယ်တုန်းကမျှား ကိုယ်ဆိုတဲ့နာမ်စားနဲ့ ပြောဖူးလို့လဲ၊ မညားကြခင် အပျိုလူပျို ချစ်သူဘဝကတည်းက မောင်ဆိုတဲ့ နာမ်စားကိုသာ သုံးလာတာ၊ အခုမှ ကောက်ကာငင်ကာ ဘာဖြစ်သွားတာလဲ'

'တဲ့....ဟဲ....ဟဲ....ဒါလား'

ဒုတိယမ္ပိ မှားသွားပြန်သဖြင့် ဒုတိယမ္ပိပင် ကျော်ဇေယျ လူပေါ်အသွင် ဆောင်လိုက်ရပြန်တော့သည်။

'မနေ့ညက မောင်ပျင်းတာနဲ့ ရုပ်ရှင်ဝင်ကြည့်တယ်လေ အဲဒီရုပ်ရှင်ထဲမှာ မင်းသားက မင်းသမီးကိုစကားပြောတာ ကိုယ်လို့ပြောတာ ဇာတ်လမ်းအစက အဆုံးအထိပဲ၊ ဒါ ကြောင့် ရုပ်ရှင်ရုံထဲမှာကတည်းက မောင် စိတ်ကူးတယ် အိမ်ကျရင် နှောင်းငယ်နဲ့ပြောတဲ့အခါ မောင်လို့မပြော





ကိုယ်လို့ ပြောကြည့်မယ်ဆိုပြီး အခု ကိုယ်လို့ပြောကြည့်တာ၊ အဲဒါတွေထားလိုက်ပါ နှောင်းငယ်ရာ၊ ကလေးကလားတွေ ပါ၊ နှောင်းငယ် မကြိုက်ရင် နောက်ကို မိနှောင်းလို့လဲ မခေါ်ဘူး၊ ကိုယ်လို့လဲ မပြောဘူး၊ ဒါဆို နှောင်းငယ် ကျေနပ်နော်၊ မောင်က နှောင်းငယ်ကိုသိပ်ချစ်လို့ ကျီစယ် တာပါ'

'အဲတော်....ကြည့်စမ်း၊ ကိုကိုကျော်တစ်ယောက် အပြော တွေ တိုးတက်နေလိုက်တာ၊ ကိုကိုကျော်က မိနှောင်းကို ချစ်လို့ကျီစယ်တာဆိုတာနဲ့ မိနှောင်းရင်ထဲမှာ အေးမြသွား တာပဲ၊ တကယ် ကိုကိုကျော်တစ်ယောက် ဒီတစ်ခေါက် ခရီး က အပြန် အရမ်းတိုးတက်လာတာပဲ၊ ဘယ်နေရာမှာ ဘာ တွေကို အတုယူလာသလဲတော့ မပြောတတ်တော့ဘူး'

ပြောပြောဆိုဆို အလွန်အမင်း ကျေနပ် အားရသော အမူအရာလေးနှင့် နှောင်းသည် သူ၏ရင်ဘတ်ကို တွန်းလိုက် ရာ သူသည် အလိုက်သင့် ဆိုဖာပေါ်သို့ ထိုင်လျက်သားကျ သွားသည်။

နှောင်းက ဘာမပြော ညာမပြော သူ၏ ပေါင်ပေါ်သို့ ဘက်ထိုင်သည်။ သူ၏လည်ပင်းကို သူမ၏လက်လေးနှစ်ဖက် ဖြင့် ရစ်ပတ်ထားသည်။ မျက်နှာချင်းလည်း ကပ်ထားလေ သည်။

သူ၏လက်နှစ်ဖက်ကလည်း အလိုလိုပင် နှောင်း၏ ကိုယ် လုံးလေးကို စပါးကြီးမြွေ ပတ်သည့်နှယ် လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ပြန်၍ဖက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အာပါးပါး... တစ်ကိုယ်လုံး ကျော်ဇေယျတွင် တဖိန်းဖိန်း တရှိန်းရှိန်း အလွန်အရသာရှိသော အာရုံခံစားမှုတစ်မျိုးကို ငယ်ထိပ်ထိ တက်အောင် ခံစားလိုက်ရတော့သည်။

ဖောဇ္ဇဗ္ဗအာရုံဆိုတာ ဒါမျိုးပဲထင့်။

အကြောပေါင်းတစ်ထောင် စိမ့်သည်ဆိုခြင်းမှာ ဒါမျိုးပဲထင့်။

ကိုယ့်ဇနီးကိုယ် ထိတွေ့ပွေ့ဖက်သည်မှာ ဆန်းသည်တော့မဟုတ်။ ဟိုအရင် ကျော်ဇေယျအဖို့ ဆန်းအံ့ မဟုတ်ငြားသော်လည်း ယခုကျော်ဇေယျတွင်မူ အမယ်လေး တ ယူရသည်အထိ ရှိန်းရှိန်းတွေ၊ ဖိန်းဖိန်းတွေ ခံစားရတော့လေသည်။

'ကိုကိုကျော် သိလား'

'ဘာကိုသိရမှာလဲ နှောင်းငယ်လေးရယ်'

'မိနှောင်းက ကိုကိုကျော့်ကို အရမ်းကြီးချစ်တာလေ'

'အြော်...နှောင်းလေးရယ်၊ နှောင်းငယ်လေးရယ်'

တကယ် အဟုတ်ပင် ကြားထဲကလေ မသွေးနိုင်အောင် တစ်ယောက်ကို တစ်ယောက် ပူးပူးကပ်ကပ် ကျစ်နေအောင် အပြန်အလှန် ဖက်ထားကြပြန်ပါ၏။

'တော်ပြီကွာ...ကြာရင် မိနှောင်း အသက်ရှူရပ်သွားလိမ့်မယ်'





နှောင်းကပင် လှချင်းခွာကာ ပေါင်ပေါ်တွင်ထိုင်လျက်သားမှ ကျော်ဇေယျ၏ နဖူးပြင်တွင် ကွေးတိကွေးလိမ်ကျနေသော ဆံစလေးကိုသပ်ပေးရင်း...

'ကြည့်ပါဦး ကိုကိုကျော်ရဲ့၊ ကိုကိုကျော်ရဲ့အဝတ်တွေကစိုထိုင်းထိုင်းနဲ့ ချဉ်စော်တောင် နံချင်လာပြီ၊ ကိုကိုကျော်ရေမိုးချိုး အဝတ်အစား လဲတော့နော်၊ မိနှောင်း သားသားလေးဆီ သွားလိုက်ဦးမယ်၊ သားသားက နဂိုကတည်းကမှ မကျေမနပ်ဖြစ်နေတာ'

နှောင်းသည် အိပ်ခန်းထဲမှ ထွက်သွားပါ၏။

ကျော်ဇေယျသည် ဆိုဖာပေါ်ထိုင်ရာမှထပြီး သူရေချိုးပြီးပါက သူ့အတွက် အဝတ်အစားတွေရှိမရှိ သိချင်သောကြောင့် စိတ်မှန်းဖြင့် ဗီရိုတစ်လုံးကို ဖွင့်ကြည့်လိုက်သည်။

ထိုဗီရိုမှာ ယောကျ်ားအဝတ်အစားတွေချည်း သားရှိသော ဗီရိုဖြစ်နေသည်ကို တွေ့ရသဖြင့် ဘာမ်းသာသွားသည်။ အရေး

မှုးရင်
သူ၏ဝတ်ထားသော ကုတ်အင်္ကျီ၊ ဘော ... ၊ စွပ်ကျယ်များကိုချွတ်၍ အဝတ်ဟောင်းခြင်းထဲသို့ ပစ်ထည့်ပြီး အိပ်ခန်းနှင့်တွဲလျက်သားရှိနေသော ရေချိုးခန်းထဲသို့ သူဝင်ခဲ့သည်။

ရေကို ဝအောင်ချိုးပစ်လိုက်ပါ၏။

ရေချိုး၊ ကိုယ်လက် ခြောက်သွေ့စေပြီး ဗီရိုထဲမှ အင်္ကျီတစ်ထည် ကောက်ယူဝတ်ဆင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုကျော်ရေ...'

ဟုခေါ်ရင်း နှောင်းငယ် အိပ်ခန်းထဲသို့ ပြန်ဝင်လာသည်။

ဝင်လာသည်နှင့် ရေမိုးချိုး၍ အဝတ်လဲ ခေါင်းဖြီးထားသော သူ့ကို နှောင်းငယ်က သေချာကြည့်သည်။

'ဒီတစ်ခါကျတော့ ကိုကိုကျော်က ပုံတစ်မျိုးပါလား'

'ဘယ်လို ပုံတစ်မျိုးလဲ နှောင်းငယ်'

'ဩော်...ကိုကိုကျော် ခေါင်းဖြီးရင် ဘယ်တော့မဆို ဘေးခွဲ ခွဲနေကျဟာ၊ အခုတော့ အလယ်ခွဲထားလို့ပါ'

'မနေ့က ဟောဝန်မှာ ဆံပင်ဝင်ညှပ်တယ်လေ၊ ဆံပင်ညှပ်သမားကညှပ်ပြီး အလယ်ခွဲ ခွဲပေးလိုက်တယ်၊ အဲဒါ ရေချိုးပြီး မှန်ကြည့်တော့ ဆံပင်ညှပ်သမားခွဲပေးတဲ့ အလယ်ခွဲဟာ ပုံမပျက်ဘူး၊ ဒါနဲ့ အလယ်ခွဲပဲ ဆက်ခွဲလိုက်တာ'

'ဟောဝန်းမှာ ဆံပင်ညှပ်တယ် ဟုတ်လား၊ အစ်ကိုဝဏ္ဏ ပြောတာ ကိုသိန်း ကိုကျော် ရွှေမြို့ကို သွားတာဆိုသလားလို့'

'အင်းလေ...အလုပ်က ဟောဝန်သွားဖို့ ဆက်စပ်သွားတာနဲ့ ရွှေမြို့ကတစ်ဆင့် ဟောဝန်ကို ရောက်သွားတာ'

သူဖြေသည်ကို နှောင်းက မယုံကြည်သော မျက်နှာလေးဖြင့် သူ့ကိုကြည့်နေပေသည်။

'အင်းလေ...မမေးတော့ပါဘူး'

သေပျော့လေးနှင့် ပြောရင်း မှန်တင်ခုံရှေ့တွင် နှောင်း စင်ထိုင်သည်။





'မိနှောင်းလဲ ရေချိုးဦးမယ်၊ မြို့ထဲသွားတာ ချွေးထွက်ပြီး ချွေးစော်နံနေတယ်'

တစ်ခဏအကြာတွင် နှောင်းသည် ထဘီရင်ရှားနှင့် ရေချိုးပြီး အိပ်ခန်းထဲ ပြန်ဝင်လာသည်။

မှန်တင်ခုံရှေ့တွင် ပြန်ထိုင်ကာ သနပ်ခါး လိမ်းနေရင်း သူ့အား လှမ်းပြောသည်။

'ဒီနေ့ ကိုကိုကျော် အရက်မသောက်သေးဘူးနော်'

'ဟင့်အင်း'

'ဘာလို့ မသောက်တာလဲဟင်'

'မသောက်တာပဲ ကောင်းပါတယ် နှောင်းငယ်ရယ်'

'ကိုကိုကျော် အဲဒီလို မသောက်တာကိုကပဲ မိနှောင်းကို ချစ်လို့မှန်း ထင်ရှားတယ်၊ မနေ့ကလဲ ကိုကိုကျော် အရက်သောက်ရင်း မိနှောင်းနဲ့ စကားပြောမတည့်ဖြစ်သွားတာ၊ ကိုကိုကျော်လေ ဟို ညားခါစကတည်းက အရက်သောက်ပါတယ်၊ အဲဒီတုန်းက ကိုကိုကျော် အရက်မူးရင် မိနှောင်း ပျော်အောင် ပျော်သေးတယ်၊ အဲဒီတုန်းက မူးလာရင် ကိုကိုကျော်က ရယ်စရာတွေပြောတတ်တယ်၊ မိနှောင်းကိုလဲ ပြီးယုယတယ်၊ ဒါပေမယ့် အခုတလော နောက်ပိုင်းကျတော့ ကိုကိုကျော်က မူးလာလေ ဆန့်ရင်း နာနာဖွပ်ဆိုတာလို နှောင်းငယ်ကိုပဲ မဲတယ်လေ၊ ဒါပေမယ့် မိနှောင်းက ကိုကိုကျော့်ကို အပြစ်မတင်ရက်ပါဘူး၊ ဖေဖေလေဖြတ်ပြီး အိပ်ရာပေါ်လဲကတည်းက လုပ်ငန်းတွေကို အစ်ကိုဝဏ္ဏ နှင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လာလို့ ကိုကိုကျော် စိတ်ပျက်နေမှန်း မိနှောင်းကသိနေသားပဲဟာ၊ ဒီတော့ မိနှောင်း ကိုကိုကျော့်ကို ဘယ်စိတ်ဆိုးလို့ ရမလဲ'

သူ ငြိမ်နေပါ၏။ နှောင်းပြောသမျှ နားထောင်နေပါ၏။ သူကိုယ်တိုင်ကမူ ဘာပြန်ပြောရမည်မှန်း မသိပေ။

'ကိုကိုကျော်က မာနကြီးတာကိုး၊ မိနှောင်းရဲ့ လက်ဝတ် လက်စားတွေ ထုခွဲလိုက်ရင် ငွေဆယ်သိန်းနီးပါး လောက်တော့ ရသားပဲ၊ အဲဒါကိုထုခွဲပြီး ကိုယ့်စီးပွား ကိုယ်ရှာလုပ်ပါလားလို့ မိနှောင်းက အကြံပေးတာလဲ ကိုကိုကျော်က လက်မခံဘူး၊ ထတီနားခိုစားတာမျိုး မလုပ်ချင်ဘူး ပြောတယ်'

'ကြည့်သေးတာပေါ့ နှောင်းငယ်၊ မောင် ကနေ့ကစပြီး လက်ရှိ လုပ်ငန်းမှာပဲ အာရုံပြန်စိုက်ကြည့်ပါ့မယ်၊ အခြေအနေကို စောင့်ကြည့်သေးတာပေါ့၊ စက်ရုံရော၊ ခြံ၊ ဥယျာဉ်စိုက်ခင်းတွေရော တိုးတက်လာစေမယ့်နည်းလမ်းတွေ မောင်ရှာကြည့်ပါဦးမယ် နှောင်းငယ်'

'ဟယ်....ကိုကိုကျော်က အရမ်းကြီးကို လိမ္မာနေပါလား။ မနေ့က ကိုကိုကျော် သွားရင်းလာရင်း သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တစ်ပါးပါးနဲ့တွေ့ပြီး နတ်မင်းကြီးက ကိုကိုကျော့်ကို တရားမွေတွေ တိုက်ကျွေးပြီး တရားချ၊ နားချလိုက်လေသလား ကိုကိုကျော်ရယ်၊ အခု မိနှောင်းကို သိပ်ချစ်မှန်းလဲ သိသာလာတယ်၊ ယုလဲ ယုယတယ်၊ သားသား





အတွက်လဲ ကိုကိုကျော် စိတ်ဝင်စားမှုတွေ ပိုလာတယ်၊ စိတ်ခေတ်ကျပြီး ကိုကိုကျော် ဥပေက္ခာပြုထားတဲ့ စက်ရုံ၊ ခြံ၊ ဥယျာဉ်ကိစ္စတွေလဲ ကိုကိုကျော် ပြန်ပြီးစိတ်ဝင်စားလာတယ်။ ကြည့်လေ.... အရက်တောင် မသောက်တော့ဘူး၊ ကိုကိုကျော်က အရမ်းကိုချစ်စရာကောင်းလာတာပဲ'

'ဒါဆို နှောင်းငယ်က ဟိုတုန်းက မောင့်ကို အရမ်းမုန်းခဲ့လို့လားဟင်'

'ကိုကိုကျော့်ကို ဘယ်တုန်းကမှ မိနှောင်း မမုန်းခဲ့ဘူး၊ ကိုကိုကျော်နဲ့ပတ်သက်ပြီး မိနှောင်း နှလုံးသားထဲမှာ ယတိပြတ် ဆုံးဖြတ်ထားတာဘာစ်ခု အခိုင်အမာ ရှိနေသားပဲဟာ'

'ဆိုပါဦး နှောင်းငယ်လေးရာ၊ ဘယ်လို ယတိပြတ် ဆုံးဖြတ်ချက်မျိုးလဲ'

'မိနှောင်းကလွဲပြီး ကိုကိုကျော် တခြားမိန်းကလေး ဘယ်သူကိုဖြစ်ဖြစ် မပတ်သက်ရဘူး၊ ပတ်သက်တယ်လို့ ကြားရရင် ကိုကိုကျော်က မိနှောင်းထက်ပိုချစ်လို့ သွားပြီး ပတ်သက်တာလို့ပဲ မိနှောင်းယူဆတယ်၊ အဲဒါဆိုရင်တော့ မိနှောင်းနဲ့ ကိုကိုကျော် အပြတ်ပဲ၊ အဲဒါဆိုရင် ကိုကိုကျော့်ကို မိနှောင်း အရမ်းမုန်းပစ်မှာပဲ၊ အဲဒါကလွဲရင် ကိုကိုကျော် ဘာလုပ်လုပ် မိနှောင်း ခွင့်လွှတ်တယ်'

'အာရီရီ၊ ပြင်းထန်လှချည်လား အချစ်ရယ်'

'တကယ်ပြောတာနော် ကိုကိုကျော်၊ အခုလဲ မိနှောင်း စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကို တထင့်ထင့်ဖြစ်တာလဲ နှောင်းငယ်'

'အခုလဲ ကိုကိုကျော် ရောက်လာတာကို မိနှောင်း အရမ်းဝမ်းသာတာရတော့ မှန်ပါရဲ့၊ ဒါပေမယ့် ကိုကိုကျော် စီးသွားတဲ့ အိမ်က တိုယိုတာ လီမိတက်ကား ပါမလာဘဲ မီးရထားနဲ့ လာတာလို့ ဦးထွန်းဇာပြောတယ်၊ နောက်တစ်ချက်က ကိုကိုကျော်ရဲ့ အဝတ်အစားတွေ စိုထိုင်းထိုင်း ဖြစ်နေပြီး မျက်နှာမှာလဲ ကုတ်ရာခြစ်ရာတွေနဲ့ တွေ့တယ်၊ ဒါပေမယ့် မိနှောင်း အဲဒါတွေနဲ့ပတ်သက်ပြီး ကိုကိုကျော်ကို တစ်ခွန်းမှ မမေးဘူး၊ အစကတည်းက မိနှောင်းဆိုလိုတာက ကိုကိုကျော် လုပ်ချင်တာလုပ် ဘာမဆို မိနှောင်း ခွင့်လွှတ်တယ်၊ အဲ....တခြားမိန်းမ တစ်ယောက်ယောက်နဲ့တော့ မပတ်သက်နဲ့၊ ဒါကျရင် မိနှောင်း လုံးဝ ခွင့်မလွှတ်ဘူး ဆိုတာပဲ'

'နေပါဦး၊ မောင်က နှောင်းငယ်ကလွဲပြီး ဘယ်မိန်းမနဲ့များ ပတ်သက်နေလို့လဲ နှောင်းငယ်'

'အင်းလေ....ဒါဆိုလဲ ပြီးတာပဲ ကိုကိုကျော်'

ပြောလို့သာ ပြောရပါ၏။ 'ဟေဝန်မှ ဖုန်းဆက်စဉ်က ကိုဝဏ္ဏက ကျော်ဇေယျအား ကောင်မလေးတစ်ယောက်နှင့် ပတ်သက်သယောင်ယောင် စကားတွေ ပြောခဲ့သည်။သူသည် ဘယ်လိုကောင်မလေး တစ်ယောက်ယောက်နှင့်များ ပတ်သက်လေခဲ့သနည်း။

ထိုစဉ်မှာပင်....





တီခနဲ....တီခနဲ ဟွန်းတီးကာ ခြံထဲသို့ဝင်လာသော ကားတစ်စီး၏ အင်ဂျင်စက်သံကို ကြားလိုက်ရတော့သည်။

'ဟော....အဲဒါ အစ်ကိုဝဏ္ဏရဲ့ ကားသံပဲ၊ သူက ဘာလို့ မှန်းတော့ မသိဘူး၊ ကိုကိုကျော်ကို အရမ်းတွေ့ချင်နေတယ်၊ ဖုန်းပြောတုန်းကလဲ မိနှောင်းလက်ထဲကဖုန်းကို သူ့အတင်းလုပြောလို့ မိနှောင်း စိတ်ကောက်ပြီး အိမ်ပေါ်တက်နေလိုက်တယ်၊ ကဲ....ကိုကိုကျော် ဆင်းသွားနှင့်၊ မိနှောင်း အဝတ်အစား ဝတ်ပြီးမှ လိုက်ခဲ့မယ်'

သူ အောက်ထပ်သို့ ဆင်းလာခဲ့ပါ၏။

ဧည့်ခန်းထဲတွင် အရပ်ရှည်ပြီး ပိန်နေသော အသက် သုံးဆယ်ငါးနှစ်ခန့် လူတစ်ယောက်ကို တွေ့ရပေသည်။ ဤသူ ဝင်လျှင် ကိုဝဏ္ဏ ဖြစ်ချိမ့်မည်။

မှား၍ ခေါ်မိမည်စိုးသောကြောင့် သူက စမခေါ်ဘဲ ထိုလူ၏အခေါ်ကို စောင့်နေမိ၏။

'ဟေ့ကောင်....ငကျော်'

ဟုတ်ပြီ။ ခေါ်ပုံရော ပြောပုံရော တယ်လီဖုန်းထဲတွင် ပြောခဲ့သော ကိုဝဏ္ဏမှန်း သေချာသွားသည်။

'ကြည့်စမ်း....ဒီကောင်က ခရီးရောက်မဆိုက် မိနှောင်းနဲ့ အပေါ်ထပ်တက်ပြီး နှစ်ပါး ကြည်နေတယ်၊ ကျလဲကျတဲ့ ကောင်ကွာ၊ ကြည့်ရတာ မထုံတက်သေးနဲ့၊ ဒီက ငါ့မှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ပတ်သက်ပြီး ပြဿနာ သောင်းခြောက်ထောင် ရင်ဆိုင်နေရပါလား ကျော်ဇေယျရယ်'

ကျော်ဇေယျက ပြုံး၍ ကိုဝဏ္ဏရှိရာသို့ ဖြည်းလေးမှန်ကန်သော ခြေလှမ်းတို့ဖြင့် လျှောက်လာခဲ့သည်။

*



(၄)

ကိုဝဏ္ဏရောက်လာပြီး ဧည့်ခန်းတွင် ကျော်ဇေယျနှင့် ဆုံမိသော်လည်း ဘာစကားမှ မည်မည်ရရ မပြောဖြစ်ပေ။

ကျော်ဇေယျ ဆင်းလာပြီး မရှေးမနှောင်းမှာပင် နှောင်း ဆင်းလိုက်လာသောကြောင့် ကိုဝဏ္ဏက ဘာစကားမျှ မပြောလိုက်ရပေ။

နှောင်းက ဆင်းလာသည်နှင့် ညစာထမင်းပွဲ စီစဉ်သောကြောင့် ထမင်းဝိုင်းတွင် ဒေါ်ကြီးကြေးမုံ၊ နှောင်း၊ ကျော်ဇေယျ၊ ကိုဝဏ္ဏတို့ လေးမွှင့်ဆိုင် ထိုင်ကြသည်။ ထမင်းစားပွဲမှာ ဆုံလည်စားပွဲကြီး ဖြစ်သည်။

ထမင်းဝိုင်း မစမီ ကိုဝဏ္ဏက ဝီစကီပုလင်းကိုယူကာ ဖန်ခွက်နှစ်ခွက်တွင် ထည့်သည်။ တစ်ခွက်ကို ကျော်ဇေယျအား ကမ်းပေးသည်။

ကျော်ဇေယျက ပေးသော အရက်ခွက်ကိုယူပြီး သူ့ရှေးတွင် ချထားလိုက်သည်။ မသောက်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏကတော့ ပထမဆုံးခွက်ကိုပင် ဆော်ဒါ အနည်း ငယ်ရောပြီး ပြောင်စင်အောင် တစ်ချက်တည်း မော့ချပြီး နောက်ထပ် အရက်လောင်းထည့်ပြန်သည်။

ထမင်း စတင်စားကြသည်။

ကိုဝဏ္ဏက ပထမခွက်ကို ဝမ်းခေါင်းရှင်းအဖြစ် တစ်ခွက် လုံးမော့ချပြီး နောက်ထပ်ခွက်ကိုမူ ငုံလိုက်၊ ထမင်းစားလိုက် ပုံစံဖြင့် သောက်သည်။

ထမင်းဝိုင်းတွင် ကိုဝဏ္ဏကပင် အလုပ်အကြောင်း ပြော သည်။

'စက်ရုံအခြေအနေက ကုန်ကြမ်း လုံလောက်အောင် မရ တော့ ကိုယ် လည်ပတ်ချင်သလောက် မလည်ပတ်နိုင်ဘူး မိန္နောင်း၊ ဒါပေမယ့် စက်ရုံအနေနဲ့ နှစ်ဆယ့်လေးနာရီ လည် နိုင်သည်ဖြစ်စေ၊ မလည်နိုင်သည်ဖြစ်စေ စက်ရုံရဲ့ အလုပ် သမား စရိတ်ကတော့ တက်နေတာပဲ၊ အလုပ်ဆင်း အလုပ်သမားမှန်သမျှ နေ့စားကြေး၊ လစားကြေးတွေ ပေးနေ ရတာပဲ၊ ကုန်ကြမ်းမရတော့ အလုပ်သမား စရိတ်တက်ပြီး စက်လည်ပတ်ချိန် နည်းတယ်၊ ကုန်အထွက် နည်းတယ် ဒါကြောင့် စက်ရုံဘက်မှာ အရှုံးပြလာတယ်'

နှောင်းငယ်က အလုပ်အကြောင်းနှင့် ပတ်သက်ပြီး ဘာ နားမလည်သောကြောင့် ကိုဝဏ္ဏ ပြောပြသည်ကို နားထော ထောင်သည်။ ဘာမှ ဖြည့်စွက်ပြီး ပြန်မပြောနိုင်ပေ။





'ဥယျာဉ်နဲ့ ခြံတွေရော၊ စိုက်ခင်းတွေရောမှာလဲ ရာသီဥတု ဖောက်ပြန်တာရော၊ ပိုးကျတာရောကြောင့် သီးနှံတွေအထွက် နှုန်း သိပ်ကျသွားတယ်၊ ခြံအလုပ်သမား၊ ဥယျာဉ် အလုပ် သမား၊ စိုက်ခင်း အလုပ်သမားတွေကို အခကြေးငွေ ပေးနိုင် ရုံလောက်ပဲရတယ်၊ ကိုယ့်အတွက် အပိုမကျန်ဘူး'

ဒေါ်ကြီး ကြေးမုံက ဘာမျှမပြောသေးဘဲ အရက် တစ် ခွက်ကုန်လျှင် နောက်တစ်ခွက် ထပ်ငှဲ့နေသော တူတော်မောင် ဝဏ္ဏကို မျက်လုံးကြီးလှန်၍ မျက်မှန်ကိုကျော်ပြီး ပြန်ကြည့် နေပါ၏။

'ဒီတော့ကော ဒီလုပ်ငန်းကိစ္စကြီးကို ဘယ်လိုဆက်လုပ်ကြ မလဲ'

'မိန္နောင်း နားမလည်ဘူး အစ်ကိုဝဏ္ဏ'

'ဒါပေါ့၊ ငါ့ညီမက ဒီလုပ်ငန်းတွေ ဘယ်နားလည်နိုင် ပါ့မလဲ'

ဒေါ်ကြီးကြေးမုံက ဝင်ပြောလာပါ၏။

'ငါလဲ လုပ်ငန်းတွေ အကြောင်း နားမလည်ဘာတော့ အမှန်ပဲ၊ ငါနားလည်တာ တစ်ခုပဲရှိတယ်၊ ဒီလုပ်ငန်းတွေကို ငါ့မောင် မောင်စည်သူဟာ တစ်သက်လုံး ဦးစီးပြီး လုပ် ဆောင်ခဲ့တယ်၊ ဘယ်တုန်းကမှ အရှုံးဆိုတာ မရှိခဲ့ဘူး၊ သိပ် မြတ်တဲ့နှစ်နဲ့ သိပ်မမြတ်တဲ့နှစ် နှစ်မျိုးတွေပဲ ကြုံခဲ့တယ်၊ ဒါ ကြောင့်လဲ ဟောဒီ အောင်ဘောဂ ရိပ်မြိုင်ကြီးမှာ စီးပွား ရေး ကျသွားတယ်ဆိုတာ ရာဇဝင်မှာ မရှိခဲ့ဘူး၊ ဒီနောက်



www.burmeseclassic.com

www.burmeseclassic.com



မိန္နောင်း လက်ထပ်တယ်၊ အိမ်ကို ကျော်ဇေယျ ရောက်လာတယ်၊ မောင်စည်သူက သမက် ကျော်ဇေယျနဲ့ အတူ လက်တွဲပြီး လုပ်ငန်းတွေ လုပ်ခဲ့ပြန်တယ်၊ အဲ....မောင်ကျော်ဇေယျနဲ့ အတူလက်တွဲပြီး လုပ်တဲ့နှစ်ကစပြီး နောက်ဆုံး မောင်စည်သူ အိပ်ရာထဲ ဗုန်းဗုန်းလဲတဲ့အချိန်ထိ လုပ်ငန်းစီးပွား အရမ်းတက်ခဲ့တယ်၊ မြတ်တာမှ နှစ်တိုင်း နှစ်ချုပ် စာရင်းပိတ်တိုင်း အမြတ်တွေဟာ အံ့ဩလောက်အောင် မြတ်ခဲ့တယ်'

'ဘာလဲ....ဒေါ်ကြီးက ဖေဖေ အိပ်ရာထဲလဲပြီး ကျွန်တော် ဝင်လုပ်မှ အရှုံးပေါ်တယ်လို့ ဆိုလိုချင်တာလား ဒေါ်ကြီး'

'ဒေါ်ကြီးရယ်....ပြောမနေပါနဲ့'

ဟု နှောင်းဝင်၍ ပြောသည်။ သူ့အစ်ကိုဝဏ္ဏ အရက်တွေ သောက်ပြီး ပြောနေသည်မို့ နှောင်းက ဒေါ်ကြီးကြေးမုံကို ဟန့်တားစကား ဝင်ပြောခြင်း ဖြစ်ဟန်တူသည်။

ကိုဝဏ္ဏသည် အရက်မူးလျှင် သွေးဆိုးတတ်လေသလား မပြောတတ်။

'ငါက ဆိုချင်တာမဟုတ်ဘူး ဝဏ္ဏ၊ မောင်စည်သူ အိပ်ရာထဲလဲပြီး လုပ်ငန်းတွေ မင်းဝင်လုပ်တဲ့အချိန်ကစပြီး အကျိုးအမြတ်မရှိတဲ့အကြောင်း အတိအလင်းကို ပြောနေတာ၊ ဒေါ်ကြီးပြောတာ မဟုတ်ဘူးလို့ မင်းငြင်းရဲသလား ဝဏ္ဏ၊ မင်းဟာမင်း ဝင်ငွေထွက်ငွေ စာရင်းတွေကိုပဲ ပြန်ကြည့်စမ်းပါဦး'

'တော်ဗျာ....ဒါဆိုလဲ ဒေါ်ကြီးကိုယ်တိုင် စက်ရုံနဲ့ဥယျာဉ်တွေ ခြံတွေကို ကိုယ်တိုင်ဆင်းလုပ်'





'ငါ အသက်ကြီးသွားတဲ့ အဘွားကြီးမို့ပေါ့ကွာ၊ နို့မို့ရင် ငါကိုယ်တိုင် ဆင်းလုပ်တယ်ဟဲ့ ဝဏ္ဏ'

အင်း....ဒေါ်ကြီးကြေးမုံနှင့် အရက်ထွေစ ပြုနေသော ကိုဝဏ္ဏတို့ ပွဲကြီးပွဲကောင်း ဖြစ်တော့မလားဟု ကျော်ဇေယျက ထင်လိုက်မိသည်။

သို့သော် ကိုဝဏ္ဏသည် သည်အဘွားကြီး ပြောချင်တာ ပြောပါလိမ့်စေ ဆိုသည့် ပုံစံသို့ ကူးပြောင်းကာ ကျော်ဇေယျဘက်သို့ ရယ်မော ပြောဆိုလိုက်ပါ၏။

'ဟ....ဖိုးကျော်၊ ဒီည မင်းတယ်ငြိမ်ပါလား၊ အရက်ခွက်ကို လက်ဖျားနဲ့တောင် မတို့သေးပါလား၊ ဟဲ....ဟဲ....ဟဲ၊ မနေ့က ရွှေမြို့သွားပြီးတဲ့နောက် မင်း သူတော်ကောင်းလဲ ဖြစ်သွားတယ် ထင်တယ်၊ ဒါဆိုလဲ ဒီအိမ်မှာ အရက်ချွေတာရေး ဖြစ်သွားအောင် မင်းကို ရွှေမြို့ ခဏခဏ လွှတ်မှထင်တယ်၊ ဟား....ဟား....ဟား'

ကျော်ဇေယျက ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ချော်လဲရောထိုင် သဘောဖြင့် ကိုဝဏ္ဏရယ်သလို နောက်မှသိုက်ရယ်ပေးပါ၏။

နှောင်းက တကယ်ပင် အရက်မသောက်ဘဲနေသော သူမ၏ ကိုကိုကျော်ကို ကျေနပ်သော အပြုံးလေးဖြင့် ပြုံးကြည့်နေပေသည်။

ကိုဝဏ္ဏသည် အရက်ခွက်ကိုကိုင်ရင်း မတ်တင်ရပ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ကြီးရော၊ မိနှောင်းရော သေချာ နားထောင်ပါ ကျွန်တော် အရေးကြီးတဲ့စကား ပြောမလို့၊ မနေ့ကပဲ မိုးမိုင်းက တရုတ်သူဌေး တစ်ယောက်က အခု ကျွန်တော်တို့ အောင်ဘောဂ စက်ရုံကို သိန်း တစ်ရာ့နှစ်ဆယ်နဲ့ ဝယ်မလို့ အော ဖာဈေး ကမ်းလှမ်းတယ်၊ ကျွန်တော်က သိန်း ထစ်ရာ့ငါ ဆယ်ရမှ ရောင်းမယ်လို့ ဈေးကိုင်လိုက်တယ်၊ တကယ်တမ်း နှစ်ဦးနှစ်ဖက် ကျကျနန တော့တော့ဆိုင်ဆိုင်ဈေးညှိရင် သိန်း တစ်ရာ့သုံးဆယ်လောက် အရောင်းအဝယ် တည့်သွားနိုင် တယ်၊ ဒီတော့ ဒီလောက် အော့ဖာ ကောင်းကောင်းရတုန်း စက်ရုံကိုရောင်းသင့်တယ်၊ စက်ရုံက ကျလဲကျနေပြီ၊ ဒီစက် ကို ကုန်ထွက် ဖအောက်တန်းကောင်းအောင် ပြန်ပြင်ဖို့လိုနေ ပြီ၊ ပြင်မယ်ဆိုရင် လိုအပ်တဲ့ တချို့ စက်ပစ္စည်းတွေကျတော့ ဂျာမနီတို့၊ ဂျပန်တို့မှာ ယူရမှာ၊ အဲဒီတော့ အခုလို ဈေး ကောင်းကောင်းရတုန်း ရောင်းသင့်တယ်လို့ ကျွန်တော်ထ တာပဲ'

'ရောင်းမယ် ဟုတ်လား'

'အင်းပေါ့ မိနှောင်း၊ ဒီစက်ရုံက ဖေဖေရဲ့ မိဘမျ လက်ထက်ကတည်းက အမွေဆက်ခံလာတဲ့ စက်ရုံပဲ၊ အ ဖေဖေက ဗုန်းဗုန်းလဲနေရုံမကဘူး ဖေဖေ့အခြေအနေက စ ရုံကို ပြန်မကြည့်နိုင်တော့တဲ့ အခြေအနေ လမ်းဆုံးနေပြီ နောက်ပြီး ဒီစက်ရုံက မိဘအမွေ ဆက်ခံလာတဲ့ စက်ရုံ တော့ ဖေဖေနဲ့ အမွေမခွဲသေးတဲ့ ဒေါ်ကြီး ကြေးမုံနဲ့ ဆိုင်သင့်သလောက် ဆိုင်နေတယ်၊ အဲဒီတော့ စက်ရုံကိုရော





ရင် ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ကြီးကြေးမုံရော၊ မိနှောင်းရော၊ ငါရော အရောင်းစာချုပ်မှာ လက်မှတ်ထိုးပေးမှ တရုတ် သူဌေးက ဝယ်ရဲမယ်လို့ ပြောနေတယ်၊ ဒါကြောင့် မိနှောင်း နဲ့ ဒေါ်ကြီး လက်မှတ်ထိုးပေးရမယ်၊ တို့များအားလုံး လက် မှတ်ထိုးပေးရမယ်လို့ ပြောတာ'

ဒေါ်ကြီး ကြေးမုံရော၊ နှောင်းရော စဉ်းစားသလို ငြိမ်နေ ကြပါ၏။

ကျော်ဇေယျက နားထောင်ရင်း ဟေဝန်က ဆရာမကြီး ဒေါ်ခင်ငြိမ်း ပြောလိုက်သည်ကို သတိရလိုက်သည်။

ဦးစည်သူက သူ၏စက်ရုံနှင့် ခြံတွေဘာတွေကို ရောင်းမည် ဆိုလျှင် ဒေါ်ခင်ငြိမ်းက ကိုဝဏ္ဏတို့နှင့် စကားပြောမည်ဟု ပြောလိုက်သည်။

ယခု ဤဝိုင်းတွင် ပြောဆိုနေပုံအရ အောင်ဘောဂ စက် ရုံသည် ဦးစည်သူနှင့် ဒေါ်ခင်ငြိမ်း လင်မယား၏ လက်ထက် ပွား ပစ္စည်းမဟုတ်။ ဦးစည်သူ၏မိဘ ထားခဲ့သော အမွေ သာ ဖြစ်သည်။ ဒေါ်ကြီးကြေးမုံ ပိုင်ဆိုင်ခွင့် ရှိသည်တော့ အမှန်။ ဟေဝန်က ဒေါ်ခင်ငြိမ်း ပိုင်ဆိုင်ခွင့် ရှိလေသလား၊ မရှိလေသလားတော့ ဥပဒေသမားများသာလျှင် သိပေလိမ့် မည်။

ကိုဝဏ္ဏနှင့် နှောင်းကတော့ ဦးစည်သူ၏ သားနှင့်သမီး ဖြစ်သောကြောင့် အလိုအလျောက် အမွေပိုင်ဆိုင်ခွင့် ရှိနေ ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်မှာမူ ယခု ကိုဝဏ္ဏအနေနှင့် ဒေါ်ကြီး ကြေးမုံအား ဆက်ဆံပုံ၊ ပြီး သူ၏ ပြောဟန်ဆိုဟန် ကိုယ်နှုတ် အမူအရာကို ကျော်ဇေယျသည် သဘောမတွေ့လှပေ။

ဒေါ်ကြီးကြေးမုံနှင့် နှောင်းကလည်း ကိုဝဏ္ဏ အရက်သောက်လေ လန့်လေပုံသဏ္ဌာန်မျိုး သက်ဝင်နေသည်ကို ကျော်ဇေယျ တွေ့မြင်နေရသဖြင့် ဒေါ်ကြီး ကြေးမုံနှင့် နှောင်းကို အလိုလို သနားစိတ် ဖြစ်နေမိသည်။

'နေပါဦး ကိုဝဏ္ဏ၊ ဒီစက်ရုံကို အလောတကြီး ရောင်းပစ်ရအောင် အောင်ဘောဂရိပ်ငြိမ် မိသားစုက ထမင်းလဲငတ်နေတာမဟုတ်ဘူး၊ ငွေပူငွေဆူအကျပ်အတည်းထဲရောက်နေတာမျိုးလဲ ဟုတ်မှမဟုတ်တာ'

ကျော်ဇေယျ ဝင်ပြောလိုက်သော စကားသည် ကိုဝဏ္ဏအဖို့ ကျဉ်စက်နှင့် အတို့ခံရလိုက်ရသည့်အလား တွန့်ခနဲ ဖြစ်သွားရုံမက ကျော်ဇေယျကိုအလွန်ထူးဆန်းအံ့သြဖွယ်ကောင်းသော သတ္တဝါတစ်ကောင်ကို မမြင်ဖူး၍ တအံ့တသြကြီး ကြည့်သလို မျက်လုံးတွေပြူး၊ ပါးစပ်ဟပြီး ပြန်ကြည့်လိုက်ပါ၏။

'ဟေ့ကောင် ငကျော်၊ တကယ်တော့ မင်းက ဒေါ်ကြီးနဲ့ မိနှောင်းကို စက်ရုံဘာလို့ ရောင်းသင့်သလဲဆိုတာကို သဘောပေါက် နားလည်အောင် ပြောရမှာကွ၊ ဒီစက်ရုံ၊ ဒီခြံ ဒီဥယျာဉ်တွေကို မင်းပဲ ကိုယ်တွေ့လက်တွေ့ လုပ်လာခဲ့တာပါကွာ၊ စီးပွားရေးမျက်စိမှာဆိုလဲ မင်းက ငါ့ထက် အမြင်ပိုကျယ်လို့ ဖေဖေကိုယ်တိုင်တောင် မင်းကို ရှေ့တန်းတင်ပြီး





လုပ်ကိုင်ခဲ့တာပါ၊ အခု စက်ရုံကို ရောင်းချရေးမှာ အခုရထားတဲ့ဈေးဟာ အမြင့်ဆုံးဈေး ရထားမှန်း မင်းသိပါတယ်၊ အဲဒီလို အမြင့်ဆုံးဈေး ရထားကြောင်းကိုလဲ မင်းက ဒေါ်ကြီးကြေးမုံနဲ့ မိနှောင်းကို နားလည် သဘောပေါက်အောင် ပြောသင့်ပါတယ်၊ ငါပြောရင် ဒေါ်ကြီးကရော၊ မိနှောင်းကရော မယုံကြည်ချင်ဘူး၊ မင်းက လိပ်ပတ်လည်အောင် ပြောမှ ဒေါ်ကြီးနဲ့ မိနှောင်းက စက်ရုံကို ရောင်းဖို့ သဘောတူမှာလေကွာ'

'မိနှောင်းအဖို့တော့ ကိုကိုကျော်က နားချလဲ မရဘူး အစ်ကိုဝဏ္ဏ၊ တကယ် မိနှောင်းရဲ့ရင်ထဲကို ဒီစက်ရုံကို လုံးဝမရောင်းချင်ဘူး၊ ဖေဖေဟာ သူ့စက်ရုံ၊ သူ့ဥယျာဉ်၊ သူ့ခြံ၊ သူ့စိုက်ခင်းတွေအပေါ်မှာ သိပ်သံယောဇဉ်ကြီးမှန်း မိနှောင်းတို့အားလုံး သိနေကြသားပဲ၊ မေမေ ဒေါ်ခင်ငြိမ်းနဲ့တောင် အကွဲခံတဲ့အထိ လုပ်ငန်းတွေအပေါ်မှာ ဖေဖေက သံယောဇဉ်ကြီးတာ၊ အခု ဖေဖေက အိပ်ရာထဲမှာ လဲနေတယ်၊ နားမကြားဘူး၊ မျက်စိမမြင်ဘူး၊ စကား မပြောနိုင်ဘူး၊ အစ်ကိုဝဏ္ဏ စက်ရုံကို ရောင်းချင်ဦးတော့ ဖေဖေ့ဆန္ဒကို ရယူပြီး ဖေဖေက သဘောတူမှ ရောင်းသင့်တယ်၊ အဓိက ဆန္ဒဟာ ဖေဖေရဲ့ဆန္ဒပဲ ဖြစ်သင့်တယ်၊ ဖေဖေ့ဆန္ဒက မရောင်းချင်ပါဘဲနဲ့ မိနှောင်းတို့က ငွတ်ရောင်းတာကို ဖေဖေ သိသွားရင် ခေါက်ခနဲ အသက်ထွက်သွားနိုင်တယ်၊ ဖေဖေ အသက်နဲ့လဲပြီးတော့ စက်ရုံ ဘယ်လောက်ဈေးရရ မရောင်းချင်ဘူး အစ်ကိုဝဏ္ဏ'



www.burmeseclassic.com

www.burmeseclassic.com



‘ဒါတော့ နင့်သဘောပဲ၊ အခု တို့ဘာကိုပဲလုပ်လုပ် ဖေဖေ့က သိနိုင်စွမ်းရှိတော့တာမှမဟုတ်တာ၊ ဖေဖေက မျက်မမြင် ဆွံ့အ, နားမကြားတဲ့ဘဝ ရောက်နေတာ’

ဒေါ်ကြီးကြေးမုံကပါ ဝင်ပြောလာသည်။

‘ဘာပဲဖြစ်ဖြစ် ဝဏ္ဏ၊ ဒေါ်ကြီးရဲ့သဘောကလဲ မိန္နောင်းအတိုင်းပဲ၊ မောင်စည်သူ အသက်ရှုနေသေးသရွေ့ စက်ရုံကိုဖြစ်ဖြစ်၊ ဥယျာဉ်ခြံစိုက်ခင်းတွေဖြစ်ဖြစ် မရောင်းချင်ဘူးပဲ ဝဏ္ဏ’

‘လာပြန်ပြီ ဒေါ်ကြီးက တစ်မျိုး၊ ကျွန်တော် ပြောခဲ့ပြီပဲ၊ စက်ရုံရော၊ တခြားလုပ်ငန်းတွေရော နေ့စဉ်နေ့တိုင်း အရှုံးပြနေပါတယ်လို့၊ ကြာရင် လုံးပါးပါးကုန်တော့မယ်’

‘ဒါကတော့ မောင်စည်သူနဲ့ ကျော်ဇေယျ လုပ်နေတုန်းက ဒီလိုမှ မဟုတ်တာ’

‘အဲဒီစကားမျိုးနဲ့တော့ ကျွန်တော့်ကို မနှိမ်နဲ့ ဒေါ်ကြီး၊ ကျွန်တော်ဝင်လုပ်ရတာက ရွာမီးလောင်မှ သူကြီးဝင်လုပ်ရတာမျိုးပါ၊ အခုလက်ရှိ အချိန်အခါနဲ့ အခြေအနေမှာ ဘယ်သူဝင်လုပ်လုပ် ရှုံးမှာပဲ၊ ဖေဖေနဲ့ကျော်ဇေယျ မပြောနဲ့ သိကြားမင်းဆင်းလုပ်တောင် ခုချိန်မှာ ရှုံးမှာပဲ၊ ဖေဖေတောင် လုပ်ငန်းတွေ ယိုင်ဆင်းလာပြီမှန်းသိလို့ စိတ်ထိခိုက်ပြီး အိပ်ရာထဲဗုန်းဗုန်းလဲခဲ့တာ မဟုတ်လား’

‘ဖေဖေက ရုတ်တရက် လေဖြတ်သွားတာပါ အစ်ကိုဝဏ္ဏ၊ အန်ကယ် ဒေါက်တာ ဦးသိုက်စိုးက ဖေဖေရဲ့ ဦးနှောက်ကြောကို ဆဲလ်ဆိုတဲ့ အလုံးလေး ဝင်ပိတ်သွားလို့





ဖေဖေ ဒီလိုဖြစ်နေတာလို့ ပြောတယ်၊ အဲဒီဆဲလ်လေး ကြေပျက်သွားပြီး ဦးနှောက်သွေးကြော ပြန်အစီးမှန်ရင် ဖေဖေ ပြန်ပြီး နေကောင်းမှာတဲ့၊ အခု ဖေဖေ့ကိုတိုက်နေတဲ့ဆေးတွေဟာ အဲဒီဆဲလ်လေး ကြေပျက်စေတဲ့ ဆေးတွေပဲတဲ့၊ အစ်ကိုဝဏ္ဏက အန်ကယ် ဦးသိုက်စိုးကိုမှ တစ်ခါမှ မေးကြည့်တာ’

ကျော်ဇေယျက ဝင်ပြောပြန်သည်။

‘အခု စက်ရုံကိုပေးတဲ့ဝယ်ဈေးဟာ အမြင့်ဆုံးဖြစ်ချင်လဲ ဖြစ်မယ်ပေါ့ဗျာ၊ ဒါပေမယ့် ဒေါ်ကြီးကြေးမုံနဲ့ နှောင်းငယ်တို့က သဘောမတူရင် ရောင်းလို့မှ မဖြစ်တာ၊ နောက်ပြီး အန်ကယ်ဦးစည်သူရဲ့ဆန္ဒကလဲ အဓိကဖြစ်နေတယ် မဟုတ်လား၊ ဒီကြားထဲက ဇွတ်ရောင်းကြမယ်ဆိုတောင် ဟောဝန်က အစ်ကိုဝဏ္ဏရဲ့ မေမေ ဒေါ်ခင်ငြိမ်းရဲ့ သဘောထားက ရှိသေးတယ်’

‘ခေါက်ထားစမ်းပါ အဲဒီမေမေ့ကို၊ မေမေကိုယ်တိုင်က သားသမီးနဲ့ လင်ကိုပစ်ပြီးနေတာပဲ၊ ထည့်တွက်စရာ မလိုပါဘူး’

‘အစ်ကိုဝဏ္ဏ၊ မေမေ့ကို ဒီလိုမပြောနဲ့၊ မေမေဟာ ဘာပဲဖြစ်ဖြစ် မိန္နောင်းတို့ရဲ့ မိခင်ပဲ’

ထို့နောက်....

ဒေါ်ကြီးရော၊ မိန္နောင်းရော စားသောက်ရှိလည်း ပြီးသွားကြသည်။ နောက်ပြီး စက်ရုံရောင်းချရေးကို ကိုဝဏ္ဏနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မပြောလိုကြသဖြင့် ထမင်းဝိုင်းမှ ထွက်သွားကြတော့သည်။

ကျော်ဇေယျလည်း အစားကို လက်စသတ် စားနေပါ၏။

'နေပါဦးကွ ကျော်ဇေယျ'

ကိုဝဏ္ဏက နေပါဦးဟုဆိုသဖြင့် ကျော်ဇေယျက ကိုဝဏ္ဏကို မော့ကြည့်လိုက်သည်။

'မင်း ဘာအပေါက် ချိုးတာလဲ၊ စက်ရုံ ရောင်းရရင် မိန္နောင်းအတွက် အချိုးကျ အမွေဝေစု အများကြီးရမယ် မင်း ဘာမှမလုပ်ဘဲတောင် ထိုင်စားနိုင်တယ်၊ ဒါနဲ့တော စက်ရုံရောင်းဖို့ကိစ္စမှာ မင်းက ငါ့ကို ခွတိုက်တယ်၊ ငါ တော့ မနေ့က မင်းဖြစ်ခဲ့တာတွေ ဖုံးဟယ်ဖိဟယ်နဲ့ လုပ်ပေ တယ်၊ ရွှေနေလှဝင်းမောင်နဲ့ တိုင်ပင်ထားတယ်၊ မင်း င ကို ခွမလုပ်နဲ့ ကျော်ဇေယျ၊ နာသွားမယ် သိလား'

ကျော်ဇေယျ ပခုံးတွန့်မိပါ၏။ မနေ့ကကိစ္စဆိုသည် သူ ဘာမှန်းမသိပါလေ။

ထိုစဉ်မှာပင် ဦးထွန်းရောက်လာပြီး ကိုဝဏ္ဏကိုရော၊ ကိုရော ဦးတည်ပြောပါ၏။

'ရွှေနေ ကိုလှဝင်းမောင်က ဖုန်းဆက်တယ်၊ အခု အောင်ဘောဂရိပ်ငြိမ်ကို လာခဲ့မယ်တဲ့'

ဦးထွန်းပြန်ထွက်သွားသည်။





'ကဲ...ငါ စာကြည့်ခန်းထဲက စောင့်နေမယ်၊ မင်းစားပြီးရင် လိုက်ခဲ့'

ကိုဝဏ္ဏ ထွက်သွားသည်။

ကျော်ဇေယျက စားသောက်မှုကို လက်စသတ်ပြီးနောက် ဧည့်ခန်းထဲသို့ ထွက်လာခဲ့သည်။

စာကြည့်ခန်း ဘယ်အခန်းမှန်းတော့ သူမသိ။

ကိစ္စမရှိ။ ကျော်ဇေယျသည် ဧည့်ခန်းဆိုဖာတစ်လုံးပေါ်တွင် ထိုင်နေလိုက်သည်။

ရှေ့နေ ကိုလှဝင်းမောင် လာလျှင်လည်း ထုံးစံအတိုင်း ဧည့်ခန်းထဲသို့ အရင်ဝင်ရမည်မို့ ရှေ့နေလာမှ ရှေ့နေကို စာကြည့်ခန်းဝင်စေပြီး သူက နောက်မှလိုက်ရန် စိတ်ကူးထားလိုက်သည်။

ဧည့်ခန်းထဲတွင် ထိုင်ရင်း ဧည့်စားပွဲပေါ်မှ တွေ့ရာ မဂ္ဂဇင်းစာအုပ်ကိုဆွဲပြီး ဟိုလှန်သည်လှန် ကြည့်နေမိသည်။

'ဟ... စာကြည့်ခန်းထဲ လိုက်ခဲ့ပါဆိုမှ မင်းက ဒီမှာ ထိုင်ပြီး စာအုပ်ဖတ်နေသေးတယ်၊ ဘာလဲ ကျော်ဇေယျ၊ မင်းက ငါ့ကို ခွတိုက်နေတာလား'

'ဘယ်လိုလဲ ကိုဝဏ္ဏ၊ ကြိမ်းလှမောင်းလှချည်လား၊ ကိုလှဝင်းမောင်မှ မလာသေးဘဲဟာ'

ကိုဝဏ္ဏ ဘာမျှမပြောတော့။ ယင်းအခိုက်မှာပင် ခြံထဲသို့ ကားတစ်စီး ဝင်လာသံကိုကြားရသဖြင့် လှမ်းကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



'ရွှေနေ ကိုလှဝင်းမောင်လာပြီ'ဟု ကိုဝဏ္ဏက ပြောပါလေ၏။

ဝင်ပေါက်မှ ကိုဝဏ္ဏရော၊ ကျော်ဇေယျရော ရွှေနေ ကိုလှဝင်းမောင်ကို ကြိုဆိုသည်။

လှဝင်းမောင်က လူချင်းဆုံမိသည်နှင့် ကျော်ဇေယျကို လက်ဆွဲနှုတ်ဆက်ရင်း ပြောသည်။

'ကိုကျော်ဇေယျ ပြန်လာတာ ကောင်းတယ်၊ ဟိုသွား ဒီသွား လျှောက်သွားနေရင် မကောင်းဘူး၊ ဒီညတော့ ကိုကျော်ဇေယျ မသောက်နဲ့ဗျာ၊ တိုင်ပင်စရာတွေ အများကြီးပဲ'

'ယုံချင်မှယုံပေတော့ ကိုလှဝင်းမောင်၊ ဒီကောင် ကျော်ဇေယျဟာ အင်မတန် အံ့ဩစရာကောင်းနေတယ်၊ ခါတိုင်း ဒီကောင် အရက်ကို နွားငတ်ရေချ သောက်ပေမယ့် ဒီနေ့ လုံးလုံးတစ်စက်မှ မသောက်ဘူး၊ ခုချိန်ထိပဲ'

ကိုဝဏ္ဏက ခေါင်းဆောင်ပြီး ရှေ့ဆုံးမှ စာကြည့်ခန်း တံခါးဖွင့်ဝင်ခဲ့ရာ ရွှေနေ ကိုလှဝင်းမောင်နှင့် ကျော်ဇေယျက နောက်မှ လိုက်ဝင်ကြသည်။

ကုလားထိုင်များတွင် ထိုင်ကြသည်။

ကိုဝဏ္ဏက အရက်ပုလင်းမှငှဲ့ပြီး တစ်ခွက်ကို ကိုလှဝင်း မောင်အား ပေးသည်။

ကိုလှဝင်းမောင်က မသောက်လိုကြောင်း ငြင်းပယ်၍ ကိုဝဏ္ဏက သူ့ဟာသူပင် ဆက်သောက်ပြန်သည်။ ကိုလှ ဝင်းမောင်က စတင်ပြီး ပြောပါ၏။





'ကောင်မလေးမှာ နမိုးနီးယား ဝင်သွားတယ်၊ ဘာမှ သတိမရခင် အဖျားဝင်သွားတယ် ဆိုပါတော့'

'ကောင်မလေး အဖျားဝင်သွားတာ ကောင်းသလား ဆိုးသလား ကိုလှဝင်းမောင်'

ကိုဝဏ္ဏက ပြန်မေးလိုက်သည်။

ကိုလှဝင်းမောင်က ပခုံးတွန့်ပြသည်။

ကိုလှဝင်းမောင်သည် သွယ်သွယ်ဖြူဖြူ၊ ဆံပင် ကောက် ကောက်နှင့် လူချောလူလှတစ်ယောက်ဖြစ်ပါ၏။ ယောကျ်ား ဆန်ဆန် ကြည့်ကောင်းသည်မျိုးတော့ မဟုတ်။ ကိုလှဝင်း မောင်အား မိန်းမလို ဝတ်ဆင်ပြီး မိန်းမလို ခြယ်သပေးလျှင် မိန်းမချော တစ်ယောက်ဟု ပြောနိုင်လောက်သော ချော နည်းမျိုး ဖြစ်ပါ၏။

ကိုကျော်ဇေယျလိုလူအား မိန်းမလို ဝတ်ဆင် ဖြီးလိမ်းပါ က ကိုလှဝင်းမောင်ကဲ့သို့ မိန်းမချောရုပ်မျိုး ထွက်မည်မဟုတ် ပေ၊ ပခုံးကြီး ကျယ်နေသည်ကပင် ကြည့်မကောင်း ဖြစ်ချိမ့် မည်။

ကိုလှဝင်းမောင်အား ငေးကြည့်ရင်း နှောင်းငယ်၏ အဝတ်ဗီရို အံဆွဲထဲမှ သားရေပင်နှင့် စည်းထားသော စာ အိတ်များကို ကျော်ဇေယျ သတိရလိုက်သည်။

'အပြင်းဖျားတာ ကောင်းသလား ဆိုးသလား ဆိုတာက ဘယ်သူ့အတွက် မေးတာလဲ၊ ကောင်မလေး အတွက်လား၊ ကိုကျော်ဇေယျ အတွက်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင် ကျော်ဇေယျ အတွက်ပေါ့ဗျာ'

'အင်း....ကိုကျော်ဇေယျအတွက် ကောင်းတယ် ဆိုးတယ် ပြောရမှာတော့ ခက်နေသေးတယ်၊ ကောင်မလေး အဆုတ်ထဲကို ရေနစ်တုန်းက ဝင်ခဲ့တယ်၊ အခုနေ ကောင်မလေးသေသွားရင် တောင်ကျချောင်းထဲကို ကားနဲ့အတူ ထိုးကျသွားစဉ်က ဒဏ်ရာကြောင့် သေတာပဲလား၊ အဆုတ်ထဲရေဝင်နမိုးနီးယား ဖြစ်သွားလို့ သေတာလား ဆိုတာတောင် ဆေးဝန်က အဆုံးဖြတ်ရခက်မယ့် သဏ္ဌာန်ပဲ'

'သေသွားရင် ဟုတ်လား'

ကျော်ဇေယျက အထိတ်တလန့် ဝင်မေးလိုက်ပါ၏။

ဘာမပြောပြော သူနှင့် ပတ်သက်ခဲ့ပါသည် ဆိုလေသော မိန်းကလေးတစ်ယောက် သေသွားလေသော် သူ့အတွက် ကောင်းသော လက္ခဏာ မဖြစ်နိုင်သောကြောင့် ဖြစ်ပါ၏။

'သက်ဆိုင်ရာတွေကတော့ အမှုကိုစုံစမ်းနေကြပြီပေါ့ ကျော်ဇေယျ၊ တောင်ကျချောင်းထဲကို ကားတစ်စီး ထိုးကျသွားခဲ့တယ်၊ သက်ဆိုင်ရာက တွေ့တဲ့အချိန်မှာ သတိ... နေတဲ့ ကောင်မလေးကိုပဲ ကမ်းခြေပေါ်မှာ တွေ့တ... ကားနဲ့အတူ ကောင်မလေး တောင်ကျချောင်းထဲ ကျသွား... တာတော့ သေချာပြီလို့ ယူဆတယ်၊ ဒါပေမယ့် ကော... လေးမှာ အဖော်ပါသေးသလား၊ အဲဒီအဖော်ကပဲ ကော... လေးကို ကမ်းပေါ်အရောက် တင်ထားနိုင်ခဲ့တာလား၊ ... မဟုတ် ကောင်မလေးတစ်ယောက်တည်း ကားထဲက ... ပြီး ကမ်းအရောက်ကူးခတ်ခဲ့ပြီး ကမ်းပေါ်ရောက်မှ ...

မေ့သွားတာလားဆိုတဲ့ အချက်ကို စုံစမ်းနေကြပြီ ကိုကျော်ဇေယျ၊ အင်း....အချက်တစ်ခုရှိနေတာက တောင်ကျချောင်းထဲ ကျသွားတဲ့ကားဟာ ကိုကျော်ဇေယျရဲ့ တိုယိုတာ လီမိတက် ကားဖြစ်နေတယ်၊ ကိုကျော်ဇေယျအနေနဲ့ မနေ့က ညနေက ဒီကောင်မလေးက ကိုကျော်ဇေယျရဲ့ကားကို ငှားသို့ ပေးငှားလိုက်တယ်လို့ ပြောရင်တော့ ရပါတယ်၊ ဒါပေမယ့် ကောင်မလေးသတိပြန်ရလို့ အဖြစ်မှန်တွေပြောတဲ့အခါ ကိုကျော်ဇေယျ ထွက်ဆိုချက်နဲ့ မကိုက်ညီရင် ပိုဆိုးသွားမယ်'

ကျော်ဇေယျရင်ထဲတွင် စိုးရိမ်ထိတ်လန့်မှုလေးတွေ ဖြစ်ရပါ၏။ သူ ဘွားခနဲ သတိရချိန်ဝယ် သူ၏ ကုတ်အင်္ကျီ၊ ဘောင်းဘီတွေ၊ ပိုက်ဆံအိတ်တွေအားလုံး စိုရွှဲနေသည်ကို သူ ပြန်သတိရသည်။ မိုးမိ၍ စိုရွှဲခြင်းမျိုးမဟုတ်၊ တစ်ကိုယ်လုံး ရေထဲကျခဲ့သဖြင့် စိုရွှဲသော စိုရွှဲပုံမျိုးဖြစ်နေသည်။

ဒါဆိုလျှင် တောင်ကျချောင်းထဲ မော်တော်ကားထိုးကျသွားစဉ်က သူသည် ကောင်မလေးနှင့်အတူ ကားထဲ၌ ပါရှိသွားသည်ဟု ယူဆနိုင်နေပါ၏။

'ကောင်မလေးကို ကားငှားလိုက်တာမဟုတ်ဘဲ ခင်ဗျား ကိုယ်တိုင် ကားနဲ့အတူ ချောင်းထဲကျသွားတာဆိုရင် တံခါး ပိတ်ထားတဲ့ ကားထဲက ခင်ဗျားတို့ ဘယ်လိုထွက်လာနိုင်ခဲ့ ကြတာလဲ ကိုကျော်ဇေယျ'

သူ မဖြေတတ်။ သူ မမှတ်မိ။ ထို့ကြောင့် ဘာမျှ ပြန် မဖြေဘဲ ငုတ်တုတ်ကြီးပင် ထိုင်နေလိုက်ပါ၏။







www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ပြန်ပြီး မှတ်မိပုံမရဘူး၊ ဒါဆို ပဲဒီအချိန်ဂ ခင်ဗျား အလွန်အကျွံ အရက်မူးနေသလား ကိုကျော်ဇေယ

'အဲဒါတော့ မေးစရာမလိုဘူးထင်တယ် ကိုလှဝင်းမော ခင်ဗျားလဲ သိသားနဲ့၊ ဒီကောင်ဟာ အမြဲ အရက်မူးနေတ ပဲဟာ၊ ညနေပိုင်းဆိုရင် ဒီကောင်ပိုပြီးတောင် သောက်တ ပဲဟာ၊ အမူးလွန်လို့လဲ တောင်ကျချောင်းထဲကို မထိန်းနိ မသိမ်းနိုင် ကျသွားတာပဲ ဖြစ်မှာပေါ့'

'အဲဒီလိုဖြစ်မှာပေါ့ ဆိုတာမျိုးကို - ဥပဒေပိုင်းနဲ့ကျတေ ပြောလို့မရဘူး ကိုဝဏ္ဏ၊ မရေရာ မသေချာတဲ့ ထွက်ဆိုခ ဟာ ကိုယ့်အပေါ်မှာ အမှုပိုပြီး လေးလာစေနိုင်တယ်၊ တိ ကျကျ ဖြစ်ဖို့လိုတယ်၊ ဒါကြောင့် တိကျအောင် ကိုကျေ ဇေယျကို ကျွန်တော် မေးနေရတာ၊ ခင်ဗျား ကြားဝင် စွက်ဖက်တဲ့စကားတွေ ခဏလောက် ကျေးဇူးပြုပြီး မပြေ နဲ့ဦး ကိုဝဏ္ဏ'

'နှစ်ယောက်အတူ သွားကြတယ်၊ ပြဿနာဖြစ်တ ကိုယ်နဲ့ပါလာတဲ့အဖော် သေမလား၊ ရှင်မလားမသိဘဲ က လွှတ် ရှိန်းပြေးတယ် ဆိုတာမျိုးကျတော့ အမှုမှာ လေးနက်သွားစေတယ်'

ကျော်ဇေယျက ကိုလှဝင်းမောင်ကိုသာ စိုက်ကြည့်နေ သည်။ ဘာဆို ဘာမှ ပြန်မပြောတတ်ပါလေ။

'အဲဒီတုန်းက ကိုကျော်ဇေယျက ကားမောင်းတာလ ကောင်မလေးက မောင်းတာလား၊ ကောင်မလေးက ထ



www.burmeseclassic.com



မောင်း လိုင်စင်ရထားတယ်၊ ကားကောင်းကောင်းမောင်း တတ်တယ်လို့ သိရတယ်'

'မပြောတတ်ဘူးဗျာ၊ ကျွန်တော်မောင်းသလား၊ ဘယ် သူ ဘယ်ဝါ မောင်းသလားဆိုတာ ကျွန်တော် လုံးဝမမှတ် မိဘူး'

'အင်း....တရားရုံးမှာဒီလိုထွက်ရင် မလွယ်ဘူး၊ ထားပါ တော့လေ၊ အဲဒီညနေက ခင်ဗျား ဘယ်တွေကိုသွားတယ် ဆိုတာကော မှတ်မိလား'

ကိုဝဏ္ဏက ဝင်ပြောပြန်သည်။

'ဒီကောင် ဟောဝန်ကို ရောက်သွားတာလေ၊ ဖုန်းဆက် တော့ ဟောဝန်ကနေပြီး ဆက်တာပဲဟာ'

'ခက်တော့နေပါလား ကိုဝဏ္ဏရာ၊ ကျွန်တော်လိုချင်တာ က ကိုကျော်ဇေယျကိုယ်တိုင် နှုတ်ကပြောပြတာကို လိုချင် နေတာဗျ၊ ကိုကျော်ဇေယျကိုယ်တိုင် ကျွန်တော့်ကိုပြောတာ တွေပေါ်မှာ မူတည်ပြီးမှ ကျွန်တော် ဘာဆက်လုပ်ပေးရ မယ်ဆိုတာ စဉ်းစားနိုင်အောင် ကိုကျော်ဇေယျကို မေးနေ တာ'

'တော်ရုံတန်ရုံကျတော့လဲ ငွေနဲ့ကြေးနဲ့ ပိတ်ပိတ်ဆို့ဆို့ လုပ်ပေါ့ ကိုလှဝင်းမောင်၊ ဒီကောင် သူ့မိန်းမမိန္ဒောင်းမှာ ပြည့်ပြည့်စုံစုံရှိနေတာပဲ၊ သူ့ယောက်ျားအတွက် သူ အကုန် ခံလိမ့်မပေါ့'

မိန္ဒောင်းတွင် ငွေကြေး များများစားစားမရှိမှန်း ကျော် ဇေယျ သိသည်။ အကြောင်းမူ ကျော်ဇေယျအနေနှင့်သိမ်ခြား



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုလုပ်ရန် သူမ၏ လက်ဝတ်လက်စားတွေကို ထုခွဲမည်ဟု သူ့အားပြောခဲ့သေးသည်။ မိနှောင်းအတွက် လက်ဝတ် လက်စား မထုခွဲဘဲ ငွေများများရနိုင်သည်မှာ စက်ရုံရောင်းပြီး ရငွေမှ နှောင်းငယ်အတွက် အမွေဝေစုယူလျှင်သာ နှောင်းငယ်တွင် ငွေတွေရရှိနိုင်မည်။

ကိုဝဏ္ဏသည် စက်ရုံကို ရောင်းချင်သူ ဖြစ်နေသောကြောင့် ကိုလှဝင်းမောင်က ဝင်မပြောပါနှင့်ဟု ကန့်ကွက်သည့်ကြားက ဇွတ်ဝင်ပြောနေခြင်း ဖြစ်ပေမည်။

ကျော်ဇေယျသည် ကိုဝဏ္ဏကို မကြည်သောအကြည့်ဖြင့် ကြည့်မိပါ၏။

'ဒီခေတ်ထဲမှာ ငွေများ တရားနိုင်ဆိုတာ ကွယ်ပျောက်သလောက် ဖြစ်နေပြီ ကိုဝဏ္ဏ၊ အခုဆို မကြာခင် ကိုကျော်ဇေယျရဲ့ မော်တော်ကား အာမခံဌာနက လူတွေလွှတ်ပြီး မော်တော်ကားကို ကြည့်ရှုစစ်ဆေးရင် အာမခံကြေး မလျော်ရေးအတွက် အမှုကို အသေးစိတ် စုံစမ်းတော့မယ်၊ အမေးအမြန်းတွေ လုပ်လာတော့မယ်'

'ဒီကားအတွက် အာမခံကြေး မတောင်းနဲ့ပေါ့ဗျာ၊ အခုလဲ ချောင်းထဲကဆယ်ပြီး ရဲစခန်းမှာ ကားကိုထားရတာပဲ၊ အာမခံကြေး တစ်ပြားမှမယူဘဲ ကိုယ့်ကား ပျက်စီးသွားတာကို ကိုယ့်ဟာကိုယ် ပြုပြင်ပေါ့၊ ဒါဆို အာမခံဌာနက အပင်ပန်းခံပြီး မြို့ဟောင်းကို လာမယ်တောင် မထင်ဘူး'





'အဲဒါတွေက နောက်မှလုပ်ချင်လုပ်ဗျာ၊ အခုလောလောဆယ် ကျွန်တော် မေးချင်တာလေးတွေ၊ သိချင်တာလေးတွေ ကိုကျော်ဇေယျကို မေးပါရစေ၊ ကိုဝဏ္ဏ ဝင်မရှုပ်နဲ့တော့ဗျာ'

ကိုလှဝင်းမောင်သည် ကျော်ဇေယျဘက်သို့ ပြန်လှည့်လိုက်သည်။

'ကဲ.... ကျွန်တော် ဆက်မေးမယ်'

'မေးချင်သေးရင်တော့ဆက်မေးဗျာ၊ ဒါပေမယ့် ကိုလှဝင်းမောင်မေးသမျှ ကျွန်တော်က ပြန်ဖြေဖို့ကျတော့ ကျွန်တော့်ဦးနှောက်က ဗလာ ဖြစ်နေတယ်'

'ကိုကျော်ဇေယျ၊ ခင်ဗျား ဘယ်လိုဖြစ်နေတာလဲဟင်၊ ခင်ဗျားကြည့်ရတာ အရင်တုန်းကနဲ့ လုံးဝမတူတော့ဘူး၊ ဟိုတုန်းကဆိုရင် ကိုကျော်ဇေယျကို ဒီလို သင်ကြားပေးနေဖို့ တောင်မလိုဘူး၊ ခင်ဗျားဘာသာ ဒိုးဒိုးဒေါက်ဒေါက်ပြောသွားမှာ၊ ဘာလဲ၊ ခင်ဗျားဖြစ်ပျက်လာခဲ့တာတွေအပေါ်မှာ သိပ်ချောက်ချားပြီး အူတူတူ ဖြစ်နေတာလား'

'အဲဒီလိုများ ဖြစ်နေသလား မသိဘူးဗျာ'

'တကယ်တမ်းဖြစ်လာတော့ ဒီကောင် ကြောက်ချေးပါတဲ့ကောင်ပဲ၊ သူက ဘာခဆိုမသိဘူး၊ မမှတ်မိဘူးခံနေလဲ သူ့ထိုက်နဲ့သူ့ကံပဲ ထားလိုက်တော့ ကိုလှဝင်းမောင်'

ကျော်ဇေယျ စိတ်ထဲတွင် ကိုဝဏ္ဏ၏ မျက်ခွက်ကို စုတ်ပြတ်သွားအောင် ထိုးပစ်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် ကျော်ဇေယျသည် စိတ်ကို ထိန်းချုပ်လိုက်ပါ၏။ ကိုဝဏ္ဏသည် စက်ရုံရောင်းဖို့ကိစ္စတွင် သူက ဝင်၍ ကူညီ မပြောပေးကတည်းက သူ့အား မကျေနပ်သွားမှန်း ကျော်ဇေယျ ရိပ်မိပေသည်။

ရှေ့နေ ကိုလှဝင်းမောင်က ကိုဝဏ္ဏဘက်သို့ ပြန်လှည့်ပြီး ပြောလိုက်သည်။

'ဘယ်လိုလဲ ကိုဝဏ္ဏ၊ ကိုကျော်ဇေယျကိစ္စကို ခင်ဗျားက လိုက်ပေးပါလို့ လာပြောပြီး အခုတော့ ကိုကျော်ဇေယျကိုပဲ ခင်ဗျား မလိုမလားဖြစ်နေပြီး အမှုဆက်မလိုက်ပါနဲ့ပြော ပြန်ပြီ၊ ဘယ်လိုလဲ၊ ကျုပ်က ဘာဆက်လုပ်ရမှာလဲ ကို ဝဏ္ဏ'

'အေးပေါ့ ကိုလှဝင်းမောင်၊ အမှုဆက်လိုက်ပေးတာ တော့ ပေးရမှာပဲ၊ သူက အောင်ဘောဂရိပ်မြိမ်ရဲ့ မိသားစု စာရင်းထဲမှာ မိန္ဒောင်းရဲ့ လင်ယောက်ျားအနေနဲ့ ပါနေ တာကိုး။ အောင်ဘောဂရိပ်မြိမ်ရဲ့ ဂုဏ်သိက္ခာကို ထိန်း သိမ်းတဲ့ အနေနဲ့သာ ကိုလှဝင်းမောင်ကို လိုက်ပေးစေချင် တာ၊ ကျုပ်သဘောကတော့ ဟိုကောင်မလေး သေသွား ပြီး သူ့အပေါ် အမှုပုံကျစေချင်သေးတယ်၊ ဒါမှ မြ ပေါင်းတစ်မြို့လုံးကစပြီး ကျုပ်မိသားစုအားလုံးက သူ့ သောက်ကျင့်တွေ သိသွားပြီး အော့ကြောလန်သွားစေချင် တာ၊ မိန္ဒောင်းကိုယ်တိုင်လဲ ဒီတော့မှ ငါ ဘယ်လိုကော င်စားကို လက်ထပ်ထားတယ်ဆိုတာ သိသွားမှာ၊ နို့မို့ရင် ဒီကောင်က မိသားစုထဲမှာ သူရဲကောင်း ဖြစ်နေတယ်





ကျော်ဇေယျ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ လက်သီး ဆုပ်ပြီးသားဖြစ်ကာ ကိုဝဏ္ဏဆီသို့ တိုးသွားပါ၏။

သည်လိုကျတော့လည်း ကိုဝဏ္ဏသည် ကျော်ဇေယျကို ကြောက်သည်။ နောက်ဆုတ်နောက်ဆုတ်နှင့် ကျော နံရံကပ် ဖြစ်သွားသည်။

ကိုလှဝင်းမောင်က လက်မလွှန်မီ ကိုကျော်ဇေယျကို ဟန့် တား ချုပ်ကိုင်လိုက်ပါ၏။

'ကိုဝဏ္ဏ၊ ခင်ဗျားထွက်သွားဗျာ၊ တကယ်တမ်းဖြစ်လာ ရင် ကျုပ်က ကိုကျော်ဇေယျကို ထိန်းချုပ်ထားနိုင်မှာ မဟုတ်ဘူး၊ သူ့အကြောင်း ခင်ဗျားလဲ သိသားနဲ့'

ကိုဝဏ္ဏ တံခါးပေါက်ဆီသွားကာ တံခါးကိုဖွင့်လိုက်ပြီး ကျော်ဇေယျကို ပြောပြန်သည်။

'မင်းစရိုက်က အောက်တန်းသိပ်ကျတယ် ကျော်ဇေယျ၊ ဒါဟာ မင်းဆင်းသက်လာတဲ့ မိဘမျိုးရိုးရဲ့စရိုက်ကို ဖော် ပြနေတာပဲ၊ ထစ်ခနဲဆို ထိုးချင်ကြိတ်ချင်ရတာနဲ့၊ လူပုံကိုက ဆေးရုံရောက်နေတဲ့ ထမင်းဆိုင်၊ အရက်ဆိုင်ရှင်သမီးမျိုးနဲ့မှ တန်တဲ့ကောင်၊ အောက်တန်းစားကောင်၊ ငါ့ညီမမိန္ဒောင်းနဲ့ လုံးဝမတန်တဲ့ကောင်'

'ကိုဝဏ္ဏ၊ ကျုပ်ပြောတာ မရရင်တော့ ကျုပ် လွှတ် ပေးလိုက်တော့မယ်၊ ဒါပဲ'

ထိုသို့ ကိုလှဝင်းမောင်က ပြောလည်းပြော၊ တကယ် လည်း လွှတ်ပေးလိုက်မှ ကိုဝဏ္ဏသည် အပြင်သို့ ဟစ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



တည်း လစ်ပြေးသွားပြီး တံခါးကို ခြေနောက်ပေါက်က ဖြင့် ပိတ်လိုက်သည်။

'ကိုကျော်ဇေယျ စိတ်လျှော့လိုက်ဗျာ၊ ခင်ဗျား ကိုအော ပွင့်ကို ထိုးခဲ့တဲ့ကိစ္စတောင် ကျေအေးဖို့ မပြီးသေးဘူး၊ အ အရေးကြီးတာက မနေ့ကကိစ္စပဲ၊ အခု ကိုဝဏ္ဏလဲ ဒီ ထွက်သွားပြီး၊ အဲဒီတော့ ကျွန်တော့်ကို ကိုယ့်ရှေ့နေအနေ ယုံကြည်စွာ အားလုံးဖွင့်ပြောဗျာ၊ ခင်ဗျား မနေ့က အရေ ကို အလွန်အကျွံသောက်မိသလား'

'မမှတ်မိဘူးဗျာ'

'ကဲ...ခင်ဗျားမမှတ်မိရင် ကျွန်တော်က လမ်းကြောင်းပြ ပြောသွားမယ်၊ မနေ့က ညနေပိုင်းမှာ ခင်ဗျားစက်ရုံ ထွက်သွားတဲ့နောက် အမျိုးသမီးတစ်ယောက်နဲ့အတူ သွ တယ်၊ အမျိုးသမီးက စက်ရုံမှာ ခင်ဗျားကို လာခေါ်သွ တာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ခင်ဗျားက အမျိုးသ ကို သွားခေါ်တာ ဖြစ်ချင်ဖြစ်မယ်၊ ဒါက လောလောဆ အရေးမကြီးသေးဘူး၊ အဓိက အရေးကြီးတာက ခင်ဗျ ဟာ ခင်ဗျား တိုယိုတာ လီမိတက်ကားနဲ့ မော်တော်ကာ လမ်းနဲ့ တောင်ကျချောင်းနဲ့ မျဉ်းပြိုင်ပြေးနေတဲ့လမ်းအတိုင်း မောင်းခဲ့တယ်၊ အဲဒီနောက် ညနေ ငါးနာရီလောက် ခင်ဗျားတို့ စီးလာတဲ့ကားဟာ တောင်ကျချောင်းထဲ ကျသွားတယ်'

'ညနေ ငါးနာရီနဲ့ သုံးဆယ့်ခုနစ်မိနစ်မှာပါ'





'ထားပါတော့၊ အခုလောလောဆယ်တော့ အသေးစိတ် မဟုတ်သေးပါဘူး၊ ဖြစ်ကြောင်းကုန်စင်ကို သိချင်လောက်ပဲ ဆိုပါတော့၊ ကိုကျော်ဇေယျ မနေ့ညနေ ကားမောင်းတုန်း က တစ်နာရီ ဘယ်နှစ်မိုင်နှုန်းလောက် မောင်းခဲ့သလဲ'

'ပြောတတ်ဘူးလေဗျာ'

ကိုလှ ဝင်းမောင် စိတ်တိုလာပုံရသည်။

'ခင်ဗျား အရက်မူးလွန်နေသလားဆိုတာရယ်၊ ကားကို ဘယ်နှုန်းအထိတင်ပြီး မောင်းတယ်ဆိုတာရယ်ဟာ အရေး ကြီးတဲ့ အချက်တွေ ဖြစ်လာတယ်၊ ကောင်မလေး , သေ သွားရင် လူသေမှုရိုးရိုးမဟုတ်ဘဲ လူသတ်မှု နွှယ်လာရင် ဘာလုပ်ရမယ်ဆိုတာ ကျွန်တော် တင်ကြိုပြီး စဉ်းစားလေ့ လာဖို့ လိုတယ်၊ ဒါကြောင့် ဒီမေးခွန်းတွေ ကျွန်တော် မေး နေတာ'

'ဒီမှာ ကိုလှဝင်းမောင်၊ အမျိုးသမီးသေသွားရင် ကျွန် တော် ဘာဖြစ်သွားမယ်၊ ညာဖြစ်သွားမယ်ဆိုတဲ့ စကား တွေဟာ ကျွန်တော့်ကို ခြောက်လှန့်လာပြီဗျာ၊ ကာကယ်တော့ အမျိုးသမီးက သေသေးတာလဲ မဟုတ်ဘဲနဲ့၊ ကျွန်တော် နှလုံးဟုန် အသည်းထိတ်စရာတွေကိုပဲ ကိုလှဝင်းမောင် ပြော နေပါလား'

'ကြိုတင်ပြီးကာကွယ်နိုင်မှုကို အချက်တွေကိုစဉ်းစားထား ရမယ် ကိုကျော်ဇေယျ၊ ဥပမာ အဲဒီအချိန်မှာ မိုးဖွဲဖွဲရွာနေ လို့ လမ်းချော်နေတယ်၊ လမ်းဘေးသစ်ပင်က သစ်ရွက်တွေမိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ ကတ္တရာလမ်းပေါ် ကြွေကျနေပြီး ရေနှုန်းနေတာကြောင့် သစ်ရွက်စိမ်းတွေကို ကားဘီးနင်းမိပြီး စလစ်ဖြစ်သွားတယ် ဆိုတာမျိုး တစ်ခုခုလောက် ခင်ဗျားက မမှတ်မိနိုင်ဘူးလား ဗျာ'

'ကျွန်တော် ဘာမှ မမှတ်မိဘူး ကိုလှဝင်းမောင်'

ကိုလှဝင်းမောင် သက်ပြင်းရှည်ကြီး ချပါလေ၏။

'ခက်တယ် ကိုကျော်ဇေယျ၊ အမှုတစ်ခု ဖြစ်လာပြီဆိုရင် အမှုသည်က ကိုယ့်ရှေ့နေကို ယုံယုံကြည်ကြည်နဲ့ အဖြစ်မှန်ကို ပြောပြရတယ်၊ ဒါမှ ကိုယ့်ရှေ့နေက ဥပဒေကြောင်း ကြည့်ပြီး တရားခုံးတော်မှာ ကိုယ့်အမှုသည် လွတ်ရာ လွတ်ကြောင်းကို အထောက်အထားတွေ၊ ပြဋ္ဌာန်း ဥပဒေတွေနဲ့ ရောမွှေပြီး တင်ပြရတယ်၊ ကိုကျော်ဇေယျရဲ့ အဖြစ်မှန်ကို ကျွန်တော်က လဲ သိနေတယ်၊ ဦးစည်သူ လေဖြတ်ပြီး အိပ်ရာပေါ်မှာ ဗုန်း ဗုန်းလဲကျကတည်းက ကိုဝဏ္ဏဟာ ဦးစည်သူရဲ့ လုပ်ငန်းတွေမှာ လက်ဝါးကြီး ဝင်အုပ်လာတယ်၊ ကိုကျော်ဇေယျကို တဖြည်းဖြည်း ပယ့ဘ်လာတယ်၊ လုပ်ငန်းမှာ အရှုံးတွေပြလာတယ်၊ ဒါကို ဦးစည်သူနဲ့ လက်တွဲပြီး ကိုယ်တိုင်ကြိုးစား လုပ်ခဲ့တဲ့ ကိုကျော်ဇေယျက စိတ်ပျက်လာတယ်၊ အားမလို အားမရ ဖြစ်လာတယ်၊ ဒါပေမယ့် ကိုဝဏ္ဏက သားအရင်း၊ ကိုကျော်ဇေယျက သမက်ဖြစ်နေတော့ ဝင်ပြီး စွက်ဖက်ဖို့ ခက်နေတယ်၊ ကိုကျော်ဇေယျ စိတ်ပျက်တာရော၊ စိတ်ညစ် တာရောကြောင့် အရက်တွေ ဖိသောက်တယ်၊ နောက်ဆုံး သောက်ကြီးကို ငြီးငွေ့ပြီး အရက်ကလဲ မူးမူးနဲ့ မော်တော်





ားရော၊ လူရော ဘောင်ကျချောင်းထဲ ထိုးချလိုက်ပြီး ကိုယ့် ာကိုယ် အဆုံးစီရင်တာမျိုးလဲ ဖြစ်နိုင်နေတယ်၊ အဲဒီလိုများ ား ကိုကျော်ဇေယျ'

'ကျွန်တော် မမှတ်မိဘူး ကိုလှဝင်းမောင်'

'ခက်တယ်ဗျာ....အမှုကို အဲဒီလို တင်ပြပြန်လဲ ကိုယ့်ဟာ ိုယ် သေကြောင်းကြံစည်မှုဟာ ဥပဒေနဲ့ ငြိနေပြန်ရော၊ ကြားထဲ ကားထဲမှာ ကောင်မလေးက ပါသွားပြန်တော့ မှုက ပိုပြီးရှုပ်ထွေးသွားပြန်တယ်၊ ဒါထက် တံခါးပိတ် ျက်နဲ့ ရေထဲထိုးကျသွားတဲ့ ကားထဲက ခင်ဗျား ဘယ်လို ်ထွက်လာနိုင်တာလဲဗျာ'

'ကျွန်တော် မသိဘူးဗျာ'

'ကောင်မလေးကကော ကားထဲက ဘယ်လိုပြန်ထွက်လာ ်တာလဲ'

'မသိဘူး ကိုလှဝင်းမောင်၊ ကျွန်တော် တကယ်မသိတာ၊ ာဆို ဘာမှကို မမှတ်မိတာ၊ ကျွန်တော် ပရိယာယ်တစ်ခုခု လိမ်ညာနေတာ မဟုတ်ဘူး၊ တကယ်ကို ဘုရားစူးစေ ှတ်မိတာ'

ရှေ့နေ ကိုလှဝင်းမောင်က အလွန်အမင်း စိတ်ပျက်သွား သည်။ ဖိုင်တွဲတွေ စာအုပ်တွေကို စားပွဲပေါ်မှ ပြန်သိမ်း ည်။

'အေးဗျာ၊ ကိုလှဝင်းမောင် ကြိုက်သလိုသာ ဆုံးဖြတ်ပါ၊ ွန်တော့်ဘက်က ဘယ်သူဘယ်ဝါ အမှုလိုက်သည် ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



မလိုက်သည်ဖြစ်စေ တရားရုံးတင်တဲ့အခါ အစိုးရရှေ့နေက လဲ စစ်မေးမှာပဲ၊ တရားသူကြီးနဲ့ အဖွဲ့ဝင်တွေကလဲ စစ်မေး မှာပဲ'

ကိုလှဝင်းမောင်သည် ကိုကျော်ဇေယျ ပြန်ပြောပြနေ ကိုကျော်ဇေယျ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး အကဲခတ်နေ ပါ၏။

'အဲဒီလို တရားရုံးက မေးလာတဲ့အခါ ကိုကျော်ဇေ ဘယ်လိုဖြေမလဲ၊ ကဲ....'

'ကျွန်တော်က ဘာမှမမှတ်မိ၊ ဘာမှမသိတာဘဲဗျာ၊ အ ကိုလှဝင်းမောင် မေးသမျှကို မသိဘူး၊မမှတ်မိဘူးလို့ ဖြေသ တရားရုံးမှာလဲ အဲဒီလိုပဲ ဖြေမှာပေါ့၊ နောက်တစ်ချက် ကို ဝင်းမောင်ကို တစ်ခုပြောပါရစေ၊ ကျွန်တော် အတိတ် ကို မေ့နေတဲ့အကြောင်း နှောင်းငယ်ကို လုံးဝမပြောပါနဲ့၊ လုံး အသိမပေးပါနဲ့'

'စိတ်ချ၊ နှောင်းကိုသာမကဘူး ဘယ်သူ့ကိုမှ မလိုအပ် ကျွန်တော် မပြောဘူး၊ ကဲ....နောက်ဆုံးတစ်ခု ကျွန်တေ မှာခဲ့မယ်၊ မနေ့ကဖြစ်တဲ့ ကိစ္စတွေကို ရဲကစုံစမ်းနေတာ က အထိ ကိုကျော်ဇေယျဆီကို ရောက်လာစစ်ဆေးခြင်း မရှိသေ ဘူး၊ တကယ်လို့ ကိုကျော်ဇေယျကို ရဲကဖြစ်ဖြစ်၊ ဘယ် သက်ဆိုင်ရာကဖြစ်ဖြစ် မေးပြီမြန်းပြီဆိုရင် ကိုကျော်ဇေ တစ်ခွန်းမှ မပြောပါနဲ့၊ မဖြေပါနဲ့၊ ဒီကိစ္စအားလုံး ရှေ့ ကိုလှဝင်းမောင်ကို လွှဲထားတယ်၊ ပြောစရာ မေးစရာရှိ





ကိုလှဝင်းမောင်ရှေ့မှာသာ မေးပါလို့ပြောပြီး ကျွန်တော့်ကို ချိတ်ချင်းခေါ်လိုက်ပေတော့၊ ကဲ....မှာချင်တာကတော့ ဒါ လောက်ပါပဲ'

ကိုလှဝင်းမောင် နှုတ်ဆက်ပြီး ပြန်သွားသည်။

ကျော်ဇေယျက စာကြည့်ခန်းတွင် ဆက်ထိုင်ရင်း ပထမ ဆုံး စဉ်းစားမိသည်မှာ နှောင်းငယ်တစ်ယောက်တော့ အိပ် ခန်းထဲတွင် စာအုပ်ဖတ်ရင်း သူ့ကို စောင့်မျှော်နေရှာမလား ဟု စဉ်းစားမိပါ၏။

ဧည့်ခန်းထဲသို့ ကျော်ဇေယျ ဝင်လာခဲ့သည်။

'ဒီမှာ....ဒီနေ့ထုတ် သတင်းစာ ဆရာ၊ မိုးချုပ်ခါနီးမှ ခြံတံခါးစာတိုက်ပုံးထဲ ထည့်သွားလို့ အခုမှ ကျွန်တော် သွား ယူခဲ့တာ၊ ဘယ်သူမှတောင် မဖတ်ရသေးဘူး'

ကျော်ဇေယျက ဦးထွန်းလက်မှ သတင်းစာကိုယူပြီး ဆိုဖာ ပေါ် ထိုင်ချကာ သတင်းစာကို လှန်လှောလိုက်သည်။

သတင်းစာတွင် မနေ့က အဖြစ်အပျက် ဘစ်ခုအဖြစ် ကောင်မလေးအကြောင်း ပါရှိလာသည်ကို ကျော်ဇေယျ တွေ့ရသည်။ ကောင်မလေး၏ ဓာတ်ပုံကိုပါ ဖော်ပြထားပါ သည်။

သတင်းစာ အဆိုအရ ကောင်မလေး၏ အမည်မှာ ညိုမိ ဖြစ်သည်။ ညိုမိသည် မနေ့ညနေ ငါးနာရီလောက်က ရွှေမြို့ နှင့် မြို့ဟောင်း ကားလမ်းအတိုင်း မောင်းခဲ့သည့် ကားဖြင့် တောင်ကျချောင်းထဲသို့ မော်တော်ကားရော ညိုမိပါ ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားကြောင်း၊ ကားထဲတွင် ညိုမိတစ်ယောက်တည်း မောင်း လာသည်ဟု ယူဆကြောင်း၊ ယခု သတင်းရေးသည့် အချိန် အထိ ဆေးရုံတင်ထားသော ညိုမိ သတိမရသေးကြောင်း တွေ့ ပါရှိသည်။

ကျော်ဇေယျသည် သတင်းစာတွင်ဖော်ပြသော ညိုမိ၏ ဓာတ်ပုံကို သေချာစွာ ကြည့်ပါ၏။ အနီးကပ်ကြည့်ပါ၏။

လုံးဝ မမှတ်မိပါလေ။

ဩော်...ရှစ်နှစ်လောက် ပေါင်းသင်းပြီး ခြောက်နှစ် ကျော် သားတစ်ယောက်ရလာသည့် နှောင်းငယ်ကိုပင် သူ မမှတ်မိရာ မနေ့ကမှ ပတ်သက်ပါသည်ဆိုသည့် ညိုမိဆိုသည့် မိန်းကလေးအား အဘယ်မှာလျှင် သူမှတ်မိနိုင်မည်နည်း။ သူ၏ ဦးနှောက်သည် ကျောက်ခဲတစ်လုံး ဖြစ်နေပြီလား။

စိတ်ပျက်စွာပင် ကျော်ဇေယျ ထိုင်ရာမှထသည်။ စိတ်တွေ မကြည်လင်။ ကိုဝဏ္ဏကရော၊ ကိုလှဝင်းမောင်ကရော မိမိသည် မနေ့က ညိုမိဆိုသည့် ကောင်မလေးနှင့် ပတ်သက်ခဲ့ကြောင်း တွေပြောခဲ့သောကြောင့် သူ့စိတ်ထဲတွင် သိပ်ချစ်နေပြီဖြစ် သော နှောင်းငယ်ထံသို့ အိမ်ပေါ်ထပ် တက်သွားရမည်ကို ပင် လိပ်ပြာမသန့်ဖြစ်နေသည်။

ကျော်ဇေယျသည် အိမ်ပေါ်သို့ မတက်ဖြစ်ဘဲ ဧည့်ခန်း တံခါးမှ အပြင်သို့ ထွက်လိုက်သည်။

ဆင်ဝင်အောက်တွင် ပါဗလစ်ကာကားတစ်စီး ရပ်ထား သည်ကို တွေ့ရသည်။





ဘယ်သူ့ကားမှန်း သူမသိ။ အဖြစ်နိုင်ဆုံးမှာ ကိုဝဏ္ဏ၏ ကား ဖြစ်နိုင်သည်။ ကိုဝဏ္ဏသည် သူ့ကိုစိတ်ဆိုးပြီး တစ်နေ ရာရာတွင် အရက်သောက်နေသည်မျိုး ဖြစ်နိုင်သည်။

သူက သူ့ကိုယ်သူ ကားမောင်းတတ်သလားဟု သိချင်မိ သည်။ စမ်းကြည့်ချင်သည်။

ထို့ကြောင့် ပါဗလစ်ကာကားပေါ် တက်ထိုင်လိုက်သည်။

ကားမှာ သော့တန်းလန်း ရှိနေသောကြောင့် သူ စက်နှိုး သည်။ ရှေ့တိုးနောက်ဆုတ် ဂီယာသွင်း မောင်းကြည့်သည်။

သူ ကားမောင်းတတ်နေပါ၏။

ကားကို ခြံပြင်ဘက်သို့ မောင်းထွက်လာခဲ့သည်။ ကျွမ်း ကျွမ်းကျင်ကျင်ကြီးကို သူ ကားမောင်းတတ်သည်ကို တွေ့ရ ပေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## (၅)

ပြင်ပဝယ် မှုန်မွှားမွှားဖြစ်နေစေကာမူ ပါဗလစ်ကာ ကားမီးရောင်က လင်းလင်းထိန်ထိန် ရှိစေပါ၏။

ကျော်ဇေယျသည် လမ်းတွေကို မှတ်မိသည် မဟုတ်၊ ကတ္တရာလမ်းဖြူးဖြူး ကားမီးရောင်ဖြင့် မြင်သည့်အတိုင်း ဆက်မောင်းခဲ့သည်။

သိပ်မမောင်းလိုက်ရဘဲ မြို့ပြင်သို့ရောက်လာပြီး လမ်းဘေးတွင် မြားပြထားသော ဆိုင်းဘုတ်တစ်ခုကို ကားမီးရောင်နှင့်ပင် တွေ့ရသည်။

'ရွှေမြို့သို့'

ရွှေမြို့သို့သွားရာလမ်းဟု မြားပြထားခြင်းဖြစ်သည်မို့ ထို မြားပြရာလမ်းအတိုင်း ကျော်ဇေယျ ဆက်မောင်းခဲ့သည်။

အတော်အတန် မောင်းမိသောအခါ သူ၏မျက်စိတို့သည် မှုန်မွှားမွှားထဲမှာပင် မျက်စိကျင့်သားရပြီး မြင်နိုင်စွမ်းရှိ လာသည်။





သူသည် ပေါဝန်မြို့မှ မြို့ပေါင်းသို့ မီးရထားဖြင့်ပြန်၍ ...က်ပါလာစဉ်က ဘုရားသုံးဆူဘူတာကို မှတ်မှတ်ရရ တွေ့ ...သော်လည်း ရွှေမြို့ဘူတာဟူ၍မူ မတွေ့ခဲ့ရပေ။

ကေန္တ ရွှေမြို့သည် မီးရထားလမ်းဘေးမြို့ မဟုတ်သော ကြောင့် ဘူတာမရှိခြင်း ဖြစ်ချိမ့်မည်။

အတော်အတန် မောင်းလာသောအခါ သူ၏ကားသည် တောင်ကမ်းပါးယံကြီး၏ ဘေးတွင် ကပ်ဖောက်ထားသော ...ားလမ်းဖြစ်နေမှန်း သတိထားမိသည်။

ဤနေရာသည် လက်ယာဘက်က တောင်ကမ်းပါးယံ ကြီးရှိပြီး ဟိုမှာဘက်တွင် ကုန်းမြင့်ချောက်ကြီးဖြစ်နေသည် ကို တွေ့ရသည်။ ကုန်းမြင့်ချောက်အောက်ဝယ် ချောင်းကြီး တစ်ခုသည် စီးဆင်းတည်ရှိနေပါ၏။

သူသည် ကားကိုရပ်လိုက်သည်။ ကားပေါ်မှဆင်းကာ လက်ယာ တောင်ကမ်းပါးယံနှင့် လက်ဝဲအနိမ့်ပိုင်း ချောင်း ကြီးကို သူ သေချာမော့ကြည့်၊ ငုံ့ကြည့် ကြည့်ခြင်းမျိုးဖြင့် ကြည့်သည်။

ချောင်းကို ငုံ့ကြည့်ရာမှ ဤချောင်းသည် ဘောင်ကျ ချောင်းဖြစ်ရမည်ဟူသော အသိဝင်လာသည်။ တခြား ဆက် ...ပြီး မှတ်မိလို မှတ်မိငြား စဉ်းစားပြန်သည်။

ဘာမျှ မမှတ်မိတော့ပေ။

ကားပေါ်သို့ သူတက်ပြီး ဆက်မောင်းခဲ့သည်။

အတန်ငယ်မောင်းမိသောအခါ လက်ဝဲဘက် ဘောင်ကျ ချောင်း၏ ဟိုမှာဘက်တွင် လယ်ကွင်းများရှိနေသည်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပြန်သည်။ လယ်ကွင်းများ ကျော်လွန်ပြီး မီးရော လက်လက်လေးများ ပေါ်ထွက်နေသော ရွာတစ်ရွာကို ရပြန်သည်။

ထိုရွာသည် မီးရထားလမ်းဘေးရှိ ဘူတာရှိသော ဘု သုံးဆူရွာ ဖြစ်ရမည်ဟု သူ ခန့်မှန်းသည်။

ဤနေရာတွင် တောင်ကမ်းပါးယံကလည်း ဆင်ခြေလျှေ အနိမ့်ဆင်းလာသည်မို့ မြေပြန့်ပြန်ဖြစ်သွားသည်ကို တွေ့ ပြန်သည်။

သူသည် ရွှေမြို့အထိမောင်းမည်ဟု စိတ်ကူးပြီး ဆ မောင်းခဲ့သည်။

အံ့သြစရာပင်။

ရွှေမြို့နယ်နိမိတ်အဝင်တွင် 'ရွှေမြို့မှ ကြိုဆိုပါ၏' သော ဆိုင်းဘုတ်ကို သူ၏ကားမီးရောင်က ဆလိုက်မီး သလို ထင်းခနဲ တွေ့လိုက်သည်နှင့် သူသည် ဟိုဟာအမှတ် သလိုလို သည်ဟာအမှတ်ရသလိုလို ဦးနှောက်ထဲတွင် ေ ထွက်လာသည်။

သူသည် ငယ်စဉ်က ရွှေမြို့ဟိုက်စကူးတွင် နေဖြစ်ခဲ့သ ဆိုသည်ကအစ သူ မှတ်မိလာခြင်းဖြစ်သည်။

သူ၏မျက်စိထဲတွင် သူ၏မေမေသည် ချွေးတလုံးလုံး ထမင်းချက်နေသည့် သဏ္ဌာန်ကို သူ မြင်လာသည်။ သူ ဖေဖေက ဧည့်ခန်းတွင် ပက်လက်ကုလားထိုင်ဖြင့် ထိုင် စာအုပ်ဖတ်နေသည်ကိုလည်း သူ၏မျက်စိထဲ ဆက်၍မြင်လ ပြန်သည်။





'မမကြူ'

သူ့နှုတ်မှ အလိုလို မမကြူဟု ရွတ်ထုတ်သံ ထွက်ပေါ် လာသည်။ မမကြူဆိုသည်မှာ သူ၏အစ်မရင်း မောင်နှမ အရင်း မကြူကြူအောင်ဖြစ်ကြောင်းလည်း သူ သတိရလာ သည်။

မမကြူသည် မှန်တင်ခုံ ရှေ့တွင် ခေါင်းဖြီးနေသည့် သဏ္ဌာန်ကိုပင် သူ့မျက်စိထဲ ပြန်၍ မြင်ယောင်လိုက်ပါ၏။

ဟုတ်ပြီ.... သူ အမှတ်ရစပြုပြီ။ သည်နောက် ဘာတွေ ဆက်ပြီး အမှတ်ရလေမည်လဲဟု သူစဉ်းစားပြန်သည်။ ကြိုး စား ပမ်းစားကို စဉ်းစားပါ၏။

သွားပြီ။ ဦးခေါင်းမူးဝေလာပြီး သူ၏ ဦးနှောက်သည် ကျောက်ခဲ ပြန်ဖြစ်သွားပြန်လေပြီကော။

သူ ကားကိုဆက်မောင်းခဲ့ရင်း မီးရောင်တွေလင်းထိန်နေ သေးသော မြို့တွင်းသို့ရောက်လာသည်။

မာကျူရီမီးချောင်းဖြင့် စာလုံးဖော်ထားသော လူစည် ကားသည့် ဆိုင်တစ်ခု၏ ဆိုင်းဘုတ်ကို သူ မော့ကြည့်လိုက် သည်။

'သိင်္ဂီ ရွှေဝါ စားတော်ဆက်'

ဟု တွေ့ရသည်။

ကားကို ဆိုင်ရှေ့တွင်ရပ်ကာ သိင်္ဂီရွှေဝါစားတော်ဆက် ထဲသို့ သူ ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် အရက်သောက်ချင်စိတ် လုံးဝမရှိ။ ညစာထမင်းလည်း စားပြီးပြီမို့ ဗိုက်ပြည့်နေသည်။ သူ၏ရည်ရွယ်ချက်မှာ ဤမြေမြို့တွင် သူငယ်စဉ်က နေထိုင်ခဲ့သည်မို့ လူများများရှိရာ နေရာမျိုးတွင် သူ့ကိုသိကျွမ်းနေသူတွေ ပါဝင်ရမည်။ ထိုသို့ သူ့ကိုသိကျွမ်းနေသူနှင့်တွေ့လျှင် သူ၏အတိတ်ဘဝ အကြောင်းတွေ ပြန်လည် ကြားသိနိုင်သော အခွင့်အရေးရှိသည်။ သိကျွမ်းသူတို့နှင့် စကားပြောရပါက သူဦးနှောက်က ပြန်အလုပ်လုပ်ပြီး အတိတ်ကို ပြန်အမှတ်ရနိုင်မည်ဟု မျှော်လင့်ချက်ထားရှိမိသည်။

သူသည် မသောက်ချင်သော်လည်း အရက်ကောင်တာဆီသို့ လျှောက်လာပြီး ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်လေသည်။

သူက ဘာတစ်ခွန်းမျှမပြောရသေးမီ သူ့ရှေ့သို့ ဝီစကီနှစ်ပက် ထည့်ထားသော ဖန်ခွက်တစ်ခွက်ကို အရက်ရောင်းသူက ချပေးသည်။

'ဘယ်လိုလဲ ကိုကျော်ဇေယျ၊ သိဂီရွှေဝါကို ခင်ဗျား မလာတာ အတော် ကြာသွားပါလား၊ ခင်ဗျားယောက်ဖ ကိုလွမ်းဝေ နောက်ဘက်အခန်းထဲမှာ ရောက်နေလေရဲ့၊ ဒီနေ့ ဝိုင်းကောင်းတယ်ထင်ပါရဲ့'

အရက်ရောင်းသူက သူ့ကိုသိကျွမ်းနေရုံမက ယခင်က သူလာလျှင် ဝီစကီသောက်နေကျမို့ပဲဖြစ်မည် သူကမမှာဘဲ ဝီစကီခွက် လာချပေးသည်။





သူက သူ၏ယောက်ဖ ကိုလွမ်းဝေဟု အရက်ရောင်းသူ ပြောစကားကို ပြန်စဉ်းစားကြည့်နေသည်။ သူ့တွင် နှောင်းငယ်၏ အစ်ကို သူနှင့် ယောက်ဖတော်သူ ကိုပဥ္စာရှိနေပြီ။ ယခုယောက်ဖ ကိုလွမ်းဝေဆိုသူမှာ သူ၏အစ်မ မမကြူ၏ ယောက်ျားဖြစ်ရမည်ဟု သူ စဉ်းစားမိသည်။

အရက်ကောင်တာရှေ့ လာထိုင်ပြီးမှတော့ အရက်မသောက်လျှင် သူ့ကို ရူးနေသလားထင်စရာ ဖြစ်မည်စိုးသောကြောင့် ဝီစကီခွက်ထဲသို့ ရေချိုင့်ထဲမှ ရေရောလိုက်သည်။ ပြီး တစ်ငုံ ငုံလိုက်ပါ၏။

'အဲ....ဒါလဲဆန်းနေပြန်ပြီ၊ ခါတိုင်း ကိုကျော်ဇေယျဟာ အရက်ကို ဘာမှမရောဘဲ နိ(ထ်)ချတာပါ၊ အခု ရေရော နေရလား၊ ဒီမလာတာ အရက်မသောက်တာ ကြာသွားလို့ အူပြန်ရိုင်းသွားသလား ကိုကျော်ဇေယျ'

'အေးဗျာ.... ခင်ဗျားပြောသလို ဖြစ်မယ်ထင်ပါရဲ့၊ ဒါထက် ကျွန်တော် ဒီကိုမလာတာ ကြာသွားပြီနော်'

'ဟုတ်တယ်လေ၊ ဒီကို ခင်ဗျား နောက်ဆုံးရောက်ခဲ့တဲ့ အခေါက်က အဲဒီနေ့ဟာ ခင်ဗျားမွေးနေ့ဖြစ်တယ်၊ မွေးနေ့ အထိမ်းအမှတ်နဲ့ ဆိုင်ထဲရောက်နေတဲ့လူတွေကို အရက်တိုက်လို့ တော်တော်လေး ဆူဆူညံညံ ပျော်ပျော်ပါးပါးတွေ ဖြစ်သွားတာကိုတောင် ကျွန်တော် မှတ်မိနေသေးတယ်၊ အဲဒါကိုတောင် ကိုကျော်ဇေယျက မမှတ်မိဘူးလား၊ ဒါပေါ့လေး အဲဒီညက ကိုကျော်ဇေယျကိုယ်တိုင် ရေချိန်လွန်ပြီး အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ထွေနေတော့ မှတ်မိချင်မှ မှတ်မိမယ်ပေါ့လေ၊ အဲဒီနေ့ကတည်းက ဒီကို ခင်ဗျားမလာတာ၊ ဒီနေ့မှ ပထမဆုံး ပြန်လာတာပဲ ကိုကျော်ဇေယျ'

သူက သူ့မွေးနေ့ကို မှတ်ပုံတင်ကတ်ပြားတွင် တွေ့မြင်မှတ်သားပြီးသားမို့ ယနေ့နေ့စွဲနှင့် မှန်းဆကြည့်ရာ ဤ သိင်္ဂီရွှေဝါသို့ သူ မရောက်သည်မှာ တစ်လခွဲလောက်ရှိပြီဟု တွက်၍ ရပေသည်။

'ဒါဆို ကျွန်တော် ဒီကို မရောက်တာ တစ်လကျော်သွားပြီနော်'

'အင်း....ရှိပြီပေါ့၊ဟိုတုန်းကတော့ ခင်ဗျားဟာ တစ်ပတ်ကို နှစ်ခေါက်သုံးခေါက်လောက် ဒီဆိုင်ကိုရောက်လာလေ့ရှိတာပဲ၊ အခုလဲ တစ်လကျော်ကြာပြီးမှ ကိုကျော်ဇေယျပြန်လာတာ အံ့ဩစရာပဲ၊ ဒါပေမယ့် ဒီနေ့ကျမှ ခင်ဗျားရောက်လာတာ တော်သေးတာပေါ့ဗျာ၊ ဒီနေ့ ဦးမြတ်မင်းက ဆေးရုံသွားနေလို့ ခင်ဗျားနဲ့ လွဲသွားတယ်၊ နို့မို့ရင် ခင်ဗျား မလွယ်ဘူး'

'ဘာလို့ မလွယ်တာလဲ'

သူက အရက်ရောင်းသူနှင့် စကားပြောရင်း တစ်ခုခုနှင့် ပတ်သက်ပြီး သတိ ပြန်ရလိုပြန်ရငြား သူမကြာခဏရောက်ပါသည့်ဆိုသည့် ဤဆိုင်တစ်ခုလုံးကို ဝေ့ဝိုက်ကြည့်နေမိသည်။

'ဟ...ဒီချာတိတ် ငါ့ကို ကြည့်လှချည်လား'

ဟု ကျော်ဇေယျက စိတ်ထဲက ရေရွတ်လိုက်မိပါ၏။





အကြောင်းမှ....

စားပွဲတစ်လုံးတွင် တစ်ယောက်တည်းထိုင်နေသော ချာတိတ်တစ်ယောက်က သူ့အား စိုက်ကြည့်နေသည်ကို သတိထားလိုက်မိသောကြောင့် ဖြစ်သည်။ ထိုချာတိတ်ကို သူက ပြန်၍စိုက်ကြည့်သည့်တိုင်အောင် ထိုချာတိတ်က တခြားသို့ မျက်နှာလွှဲမသွားဘဲ သူ့ကို ကြည့်မြဲ ကြည့်နေသည်ကိုသာ တွေ့ရသောကြောင့် ဖြစ်ပါ၏။

ထိုချာတိတ်ကို သူက အကဲခတ်ကြည့်သည်။ ရှိလှပါမှ ထိုချာတိတ်၏ အသက်သည် နှစ်ဆယ့်နှစ်၊ နှစ်ဆယ့်သုံးလောက် ရှိမည်။ လူက လူချောလူလှလေး ဖြစ်သည်။ သူ့ကိုယ်သူ ပို၍ချောအောင် လှအောင် အဝတ်အစားလှလှတွေကို ဝတ်ဆင်ထားသည်။ သူ ဝတ်စားထားသော အဝတ်အစားမှာ အဖိုးတန် ဈေးကြီး အမျိုးအစားတွေ ဖြစ်ပါ၏။

တစ်ခု ထိုချာတိတ်တွင် ထူးခြားနေသည်မှာ စားပွဲရှိ ကုလားထိုင်တွင် တည့်မတ်စွာ ထိုင်နေပါလျက် ချာတိတ်၏ ပခုံးတစ်ဖက်သည် အခြားပခုံးတစ်ဖက်ထက် ပို၍မြင့်နေသည်ကို သူ သတိထားမိသည်။

'နောက်ထပ် ဝီစကီထည့်ဦးမလား၊ ဒါတိုင်းဆိုရင် ကိုကျော်ဇေယျက တစ်ထိုင်တည်း အနည်းဆုံး ခြောက်ပက်လောက်တော့ သောက်တာပဲဟာ'

'တော်ပြီဗျာ၊ တစ်ခါတလေ အရက်ဟာ ခံတွင်းမတွေ့ဘူးဗျ၊ အခုနှစ်ပက်တောင် မကုန်သေးဘူး ဖြစ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် ခင်ဗျား ခုနပြောပါတယ်၊ ဦးမြတ်မင်းက ကျွန်တော့်တွေ့ရင် မလွယ်ဘူး ဆိုတာလေ၊ ဘာကိုမလွယ်တာလဲလို့ ကျွန်တော်မေးတာ ခင်ဗျား ပြန်မဖြေသေးဘူးလေဗျာ’

‘ဟောဗျာ… ညိုမီက ခင်ဗျားကို ပြန်ပြောမပြဘူးလား၊ ကောင်မလေးရဲ့ဖားသား ဦးမြတ်မင်းက သူ့သမီး ညိုမီနဲ့ ပတ်သက်ပြီး ကိုကျော်ဇေယျကိုမကျေမနပ် ဖြစ်နေတယ်လေဗျာ’

‘ညိုမီ’ဆိုသည့် နာမည်ကြောင့် သူသည် အနည်းငယ် တုန်လှုပ်သွားပြီး မစောစောက ကိုဝဏ္ဏနှင့် စကားများသည်ကို ပြန်အမှတ်ရမိသည်။

‘မင်းသောက်ကျင့်က ဆေးရုံရောက်နေတဲ့ ထမင်းဆိုင် အရက်ဆိုင်ရှင်သမီးရဲ့ အသိုင်းအဝိုင်းမျိုးနဲ့မှ အံဝင်ခွင်ကျတာ၊ မင်းက အောက်တန်းကျတယ်’ဟု ကိုဝဏ္ဏက ပြောသွားသည်။

ယခုအချက်ဆောင်းသူက ညိုမီနှင့်ပတ်သက်ပြီး သူမ၏ဖခင် ဦးမြတ်မင်းက သူ့အား မကျေနပ်ဟု ပြောနေပြန်သည်။

ယနေ့ထုတ် သတင်းစာထဲတွင်လည်း ညိုမီဆိုသည့် အမျိုးသမီးသည် မော်တော်ကားနှင့်အတူ တောင်ကျ ချောင်းထဲ ကျသွားသည်ဟု ပါရှိသည်ကို သူဖတ်ခဲ့ရသေးသည်။

ဒါဆို ဆက်စပ်တွေးတောလို့ ရပြီ။

ဤရွှေမြို့မှ သီဂီရွှေဝါ စားတော်ဆက်ပိုင်ရှင် ဦးမြတ်မင်း၏ သမီး ညိုမီနှင့် ယခင် ကျော်ဇေယျတို့သည် ပတ်သက်





ခဲ့ပေမည်။ ယခု ညိုမီက တောင်ကျချောင်းထဲ ကျသွားပြီး ဆေးရုံတွင် အလူးအလဲ ကုသနေရသည်။

ဤသို့သော အဆက်အစပ် ရရှိခြင်း ဖြစ်ပါ၏။

ဤသိဂီရွှေဝါ စားသောက်ဆိုင် ပိုင်ရှင်သည် သူ့အား မကျေနပ်ဟု ပြောခဲ့သည့်ကိစ္စကို အရက်ရောင်းသူအား သူက ပြန်မေးသည်။

‘ဦးမြတ်မင်းက ကျွန်တော့်ကို ဘာလို့ မကျေနပ်တာလဲဗျာ’

‘မကျေနပ်ဆို သူ့သမီး ညိုမီနဲ့ ခင်ဗျားက သွားပတ်သက်တာကိုး၊ အဲဒီ ခင်ဗျားမွေးနေ့က ခင်ဗျားနဲ့ ညိုမီ ကြည်သွားတယ်လေ၊ ညိုမီ့ကိုတောင် ခင်ဗျား အဲဒီနေ့က ထုတ်သွားနိုင်တာပဲ၊ အဲဒီနေ့က ညိုမီပြန်လာတော့ ကိုကျော်ဇေယျနဲ့ ညိုမီ ဖြစ်ရမလားဆိုပြီး ညိုမီ့ကို ဦးမြတ်မင်းက အရိုးပေါ်အောင် ရိုက်သေးတယ်၊ အမိကကတော့ ကိုကျော်ဇေယျဟာ လူပျိုလူလွတ် မဟုတ်ဘဲ သားမယား နဲ့နေတဲ့လူမို့ပဲ၊ ရှိမှိရင်တော့ ကိုကျော်ဇေယျလိုလူကို ဦးမြတ်မင်းက သူ့သမီးနဲ့ သဘောတူမှာပါ၊ ကိုကျော်ဇေယျကိုယ် သားကြီး မယားကြီး ရှိသားနဲ့ ဒီလိုလုပ်တာ မကျေနပ်ဘူးပေါ့ဗျာ၊ တကယ်ကျတော့ ဦးမြတ်မင်းဟာ စိတ်ထားကောင်းတဲ့လူကြီး တစ်ယောက်ပါ၊ ဒါပေမယ့် ခက်တော့ ခက်သားပဲဗျာ’

‘ဘယ်လို ခက်တာလဲ’



www.burmeseclassic.com

www.burmeseclassic.com



'ညိုမိကလဲ စိတ်ကစားလွန်းတယ်၊ အနေအထိုင်လဲ လွတ်လပ်လွန်းတယ်၊ ကောင်လေးချောချော သူသဘောတွေ့တာဆိုရင် လွယ်လွယ် လက်ခံတဲ့အကျင့် ညိုမိမှာ ရှိတယ်၊ ယောကျ်ားလေးတွေက သူ့ကို ကစားတာထက် သူက ယောကျ်ားလေးတွေကို ကစားပစ်တတ်တယ်၊ အဲ....ဒါပေမယ့် ညိုမိ ပြောင်းလဲသွားတာ တစ်ခုတော့ရှိမှန်း ကျွန်တော် အကဲခတ်မိတယ်'

'ဘယ်လို အကဲခတ်မိတာလဲ၊ ညိုမိက ဘယ်လိုပြောင်းလဲတာလဲ'

'ခင်ဗျားနဲ့ မွေးနေ့ညက တွဲပြီးကတည်းက ညိုမိ ငြိမ်သွားတယ်ဗျ၊ ဘယ်ကောင်လေးမှ အကပ်မခံတော့ဘူး၊ ခင်ဗျားဆို ခင်ဗျားကိုပဲ ညိုမိ စွဲလမ်းနေတဲ့ပုံပဲ၊ ညနေတိုင်း ခင်ဗျားအလာကို သူမျှော်နေတာ ကျွန်တော် အကဲခတ်မိတယ်၊ ကောင်မလေးက ခင်ဗျားကို သိပ်စွဲလမ်းသွားတယ်ထင်ပါရဲ့၊ အခုတော့ လူတွေက ညိုမိနဲ့ပတ်သက်ပြီး ထင်ကြေးပေးနေကြတယ်'

'ဘယ်လို ထင်ကြေးပေးကြတာလဲ'

'ကိုကျော်ဇေယျက ညိုမိကို လုံးဝ အဆက်ဖြတ်လိုက်တာကို ညိုမိက စိတ်အဆင်းရဲမခံတော့ဘဲ ခင်ဗျားကားကို ယူမောင်းသွားပြီး တောင်ကျချောင်းထဲမှာ ကားရော လူရော ထိုးချပြီး သူ့ကိုယ်သူ အဆုံးစီရင်လိုက်တာလို့ ထင်ကြေးပေးနေကြတယ်လေ'





သူသည် ဝီစကီနှစ်ပက်ကို ရေရောပြီး ကုန်အောင်လည်း သောက်ဘဲ ကျသင့်ငွေရှင်းကာ မြို့ဟောင်းအိမ်ကိုပြန်ရန် နေရာမှ ထရပ်လိုက်သည်။

'ဟေး....ဆရာ ကျော်ဇေယျ'

သူ့အား ဆရာကျော်ဇေယျဟုခေါ်ပြီး ရင်းနှီးစွာ သူ့ပခုံးကို ဖက်သည်မှာ အသက် ငါးဆယ်ကျော်ခန့်ရှိပြီး အလုပ်သမားဝတ်စုံ ဘောင်းဘီပြာ၊ အင်္ကျီပြာ ဝတ်ထားသော အမျိုးသားကြီးတစ်ဦး ဖြစ်ပါလေ၏။

'လာလေ....ခဏထိုင်ပါဦး ဆရာ ကျော်ဇေယျ၊ လာ... ကျုပ်စားပွဲကို သွားရအောင်၊ ဆရာ ကျော်ဇေယျကို မြင်လို့ အမန်းကတန်း ထလာတာ၊ စားပွဲမှာ စားလက်စ သောက်လက်စ တန်းလန်းကြီး'

ထိုပုဂ္ဂိုလ်ကြီးခေါ်သော စားပွဲတွင် ကျော်ဇေယျ ဝင်ထိုင်လိုက်ပြန်သည်။

'ဟဲ....ဟဲ၊ ဘစောတို့ကတော့ ပိုက်ဆံရှိရင် မန္တလေးရမ်ပဲ ကြိုက်တယ်၊ ပိုက်ဆံမရှိတော့လဲ ကျုံ့ဝှာခေါက်ဆွဲဆိုင် တောအရက်ပေါ့လေ၊ ဒီနေ့အဖို့ အပြင် အလုပ်လေး အဆင်ပြေလို့ သိင်္ဂီရွှေဝါမှာ လာစားသောက်တာသေ'

ထိုပုဂ္ဂိုလ်၏ အမည်မှာ ဦးဘစောဟု သူကမှတ်သားလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘစော စားသောက်နေသည်မှာ သိပ်ဖွယ်ဖွယ်ရာ
တော့ မဟုတ်ပေ။ ထမင်းကြော်တစ်ပွဲကို မန္တလေးရမ် လေ
ငါးပက်နှင့် သောက်ပြီးစားနေခြင်း ဖြစ်ပါ၏။

'ကဲ....ဆရာ ကျော်ဇေယျက ဝီစကီကြိုက်တယ်၊ မှာလို
မယ်လေ'

'မမှာနဲ့ ဦးဘစော၊ ကျွန်တော် အရက်သောက်လို့ ခံတွ
မလိုက်ဘူး ဖြစ်နေတယ်၊ ကောင်တာမှာတောင် ဒီအတို
ထားပစ်ခဲ့တယ်'

'အဲဒါလဲ ဘစောတွေ့သားပဲ၊ ဆရာ ကျော်ဇေယျက ထ
ခါသောက်ရင် အကောင်းစား ဝီစကီ ခြောက်ပက်အနည်
ဆုံးထားပြီး သောက်နေကျက အခု နှစ်ပက်တည်း မှာတာ
အဲမြည်းလဲ လုံးဝမစားတော့ ဆရာကျော်ဇေယျ လုပ်ငန်းဒေ
က ဘေးထွက်နေတာမို့ ဘိုင်ကျနေပြီလို့တောင် ဘစော
ထင်လိုက်မိသေးတယ်'

လုပ်ငန်းက ဘေးထွက်နေသည်ဆိုသည့်စကားမှာ အော
ဘောဂရိပ်ငြိမ် မိသားစု၏ အတွင်းရေးတစ်ခုဖြစ်ပါလ
ဦးဘစောကသိနေခြင်းကို သူ အံ့သြမိသေးသည်။

'ဦးဘစောက ဒါတွေတောင် သိနေသားပဲ'

ဦးဘစောက ရယ်ပါ၏။ နည်းနည်းလည်း ရေချိန်ကို
နေပုံရသည်။

'ဟဲ....ဟဲ...ဆရာကျော်ဇေယျမမွေးခင်ကတည်းက ဘစေ
က ဆရာကြီး ဦးစည်သူရဲ့စက်ရုံမှာ ပခုံးထမ်းအလုပ်သ





ဘဝကနေ စလုပ်လာတာ အခု ဖိုမင်ရာထူးအထိပဲ၊ အဲဒီ
တုန်းက ဆရာကြီးဦးစည်သူက တက္ကသိုလ်မှာ ကျောင်းတက်
နေတုန်းပဲ ရှိသေးတယ်၊ ဆရာကြီးရဲ့အဖေ ဦးကွမ်းဇော်
လက်ထက်ကတည်းက ဘစောတို့ လုပ်လာတာပါ၊ ဒီတော့
လဲ အောင်ဘောဂရိပ်ငြိမ်ကြီးအကြောင်း အတွင်းသိ အစင်း
သိ ဖြစ်နေတာပေါ့၊ ဟို တစ်နေ့ကတောင် ဆရာဝဏ္ဏနဲ့
ဘစောတို့ အလုပ်သမားလူသိုက် အချေအတင်ဖြစ်ကြသေး
တယ်၊ ဘစောတို့ အခု အသက်ငါးဆယ့်လေးနှစ်အထိ သံ
ယောဇဉ်ကြီးနဲ့ လုပ်လာခဲ့တဲ့ စက်ရုံကို ဆရာဝဏ္ဏက ရောင်း
မလို့တဲ့လေ၊ စဉ်းစားကြည့်လေ၊ ဘစောတို့စက်ရုံမှာ နှစ်
ပေါင်း များစွာ ဆရာကြီးဦးစည်သူနဲ့ လက်တွဲလုပ်လာခဲ့တဲ့
အလုပ်သမားတွေက အများကြီးရှိနေတာ၊ ဒီစက်ရုံကိုရောင်း
လိုက်တာနဲ့ နောက်ဝယ်တဲ့ စက်ရုံပိုင်ရှင်က ဘစောတို့ကို
အလုပ်ပြန်ခန့်မှာတဲ့လား၊ ဘယ်ခန့်လိမ့်မတုံး၊ ဝယ်မှာက
လူမျိုးခြားသူဌေးကြီးပဲ၊ ဝယ်ပြီးရင် သူ့လူ အလုပ်သမား
တွေကိုသာ ခန့်မှာပေါ့၊ ကျွန်တော်တို့အနေနဲ့ နာနာကြေး
ကို ကျေနပ်အောင်ရယူပြီး တခြားစက်ရုံတွေမှာ သွားလုပ်
လဲ ရပါတယ်၊ ဒါပေမယ့် အောင်ဘောဂစက်ရုံမှာ တစ်
သက်လုံး လုပ်လာတော့ သံယောဇဉ် သိပ်ကြီးတယ်လေ၊
သားစဉ်မြေးဆက် လုပ်လာပြီးမှ တခြား ပြောင်းလုပ်မယ်ဆို
တာ ရင်နာတယ်၊ ဒီကိစ္စမှာ ဆရာဝဏ္ဏကတော့ စက်ရုံ
အကြောင်းရော၊ မြို့ဥယျာဉ်၊ စိုက်ခင်းလုပ်ငန်းရော တောင်
မသိ မြောက်မသိဝင်လာပြီး လုပ်တဲ့လူမို့ ပရမ်းပတာ စက်



www.burmeseclassic.com

www.burmeseclassic.com



ရုံ ရောင်းမယ်ဆိုတဲ့ စိတ်ကူးရတာတွေကို ထားပါဦး၊ ဆ ကျော်ဇေယျဆိုရင် မိန္နောင်းနဲ့ လက်ထပ်ပြီးတဲ့အချိန်ကစ အခု သားတူးတူးလေး ဒီအရွယ်ရောက်တဲ့အထိ ဆရာ ဦးစည်သူနဲ့ လက်တွဲလုပ်ခဲ့တာ အားလုံး လုပ်ငန်းတွေ ဘယ်လောက် အကျိုးအမြတ် ဖြစ်ထွန်းခဲ့သလဲ၊ ဆရာကျေ ဇေယျက စီးပွားရေးမျက်စိ အမြင်ကျယ်တယ်၊ လုပ်ငန်း တိုးတက်ရာတိုးတက်ကြောင်း အကွက်တွေကို တွေးခေါ် တယ်၊ ကိုယ်တိုင်လဲ ကြိုးစားလုပ်လို့ ဆရာကြီးက သ သဘောကျနေတာ၊ အခု ဆရာကြီးဦးစည်သူ အိပ်ရာထဲလဲ ဆရာကျော်ဇေယျက ကိုဝဏ္ဏနဲ့ စိတ်တူသဘောတူ စက်ရုံ ရောင်းမယ်ဆိုတာ စက်ရုံရောင်းလို့ရတဲ့ငွေထဲက မိန္နောင်း အမွေဝေစုကို ဆရာကျော်ဇေယျ မက်မောလို့လား’

သူ ဝုန်းခနဲ ထိုင်ရာမှ ထလိုက်သည်။ ဘာမပြော ဦ မပြော ဦးဘစော၏ ရင်ဘတ်ကော်လာ အင်္ကျီစနှစ်ဖက် လည်း ဆုပ်ကိုင်ပြီး လက်သီးရွယ်လိုက်သည်။

‘ဒါ ကျုပ်ကို အကြီးအကျယ် စော်ကားတဲ့စကားပဲ ဦး ဘစော’

‘ဟော့…ဟော့…ကျော်ဇေယျ လုပ်ဦးမလို့လား၊ မင်း လ သီးကြီးက ဒီလိုမလုပ်နဲ့လေ’

ပြောရင်း ရွယ်ထားသောလက်သီး၏ လက်ကောက် ကို လာရောက်ဆုပ်ကိုင် တားဆီးသူတစ်ဦး ပေါ်လာ လေ၏။





ခပ်ရွယ်ရွယ် လူလတ်ပိုင်း လူရွယ်တစ်ဦးက သူ့ကို ချုပ် ကိုင် တန့်တားရာမှ ပြုံးပြသည်။

‘မင်းကတော့ တကယ့်စံပဲ ကျော်ဇေယျ၊ ခုတလော မင်း ဒေါသကြီးချင်နေတယ်၊ အောင်ပွင့်ကို မင်းထိုးထားတာ ဘာကြာသေးလို့လဲ၊ မင်းက မင်းကိုယ်မင်း တရားခံဖြစ် အောင် လိုက်ပြီး အမှုရှာနေတာကျနေတာပဲ၊ လာ…ငါနဲ့ အိမ်ကိုလိုက်ခဲ့၊ မင်း မမကြူက မင်းကို တစ်မေးတည်းမေး နေတယ်၊ မင်းကိုလာတွေ့ဖို့ ငါ့ကို ပြောခိုင်းနေတယ်၊ ငါ လဲ မြို့ဟောင်းကိုမသွားဖြစ်သေးလို့ မင်းဆီကို မရောက် တာ’

ဦးဘစောက ချုပ်ကိုင်ပေးသူကို ပြုံးရယ်ပြီး လှမ်းပြော လိုက်ပါ၏။

‘အေး…မောင်လွမ်းဝေ အချိန်မီဝင်ဆွဲလို့ ငါသက်သာ တာ၊ ဆရာကျော်ဇေယျလက်သီးက သိပ်မာတာ၊ ငါကလဲ ဆရာကျော်ဇေယျကို ငါ့စိတ်ဆန္ဒတွေ စော့ပြီး ဒေါပွတဲ့ စကား ပြောမိတာကိုး၊ တကယ်တော့ ဆရာကျော်ဇေယျ ကိုယ်တိုင် အောင်ဘောဂစက်ရုံအပေါ်မှာ သံယောဇဉ်ကြီး တာ ငါတို့အားလုံး သိကြပါတယ်၊ အခု ငါ တမင် ဆရာ ကျော်ဇေယျကို မခံချင်အောင်ပြောတာက ဆရာဝဏ္ဏ စက် ရုံရောင်းမယ့်ကိစ္စကို ပျက်အောင် ဖျက်ပေးစေချင်လို့ တမင် စော်ကားတဲ့စကားတွေနဲ့ ဆွဲပေးတဲ့သဘောပါ၊ ဆရာကျော် ဇေယျ ထိုးမယ်ကြိတ်မယ်လုပ်တာကို စိတ်မဆိုးပါဘူး၊ ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်ပါဘယ်၊ တကယ်တော့ အခုလက်ရှိအခြေအနေမှာ ဆရာ ကျော်ဇေယျက ကျွားနာဖြစ်နေပေတာကိုး'

ကိုလွှမ်းဝေဆိုသူ ဆွဲခေါ်ရာသို့ ကျော်ဇေယျ လိုက်ပါ လာခဲ့သည်။

ထိုလူ ကိုလွှမ်းဝေသည် သူ၏ယောက်ဖ မမကြူ၏ ယောက်ျားဖြစ်မည်မှာ အမှန်။

စောစောက သိင်္ဂီရွှေဝါသို့ ရောက်ရောက်ချင်း အရ ရောင်းသူက ခင်ဗျားယောက်ဖ ကစားဝိုင်းဘွင် ရောက်နေ သည်ဟု ပြောခဲ့သည်ကို ပြန်၍အမှတ်ရပြန်သည်။

ပါဗလစ်ကာကားကို ကိုလွှမ်းဝေ မောင်းလာခဲ့ရာ ကို လွှမ်းဝေ၊ မမကြူတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် သူရော လာခဲ့တော့သည်။

*

ထွက်ကြိုသော မမကြူကို သူသည် ငေးကြည့်နေမိသည်။ မမကြူ၏ သည်ရုပ်၊ သည်ခန္ဓာ၊ သည်အပြင်အဆင်၊ သည် အဖြီးအလိမ်းတွေကို သူ မှတ်မိနေပါ၏။ ဟိုတုန်းကထက် မမကြူက မသိမသာအသားပိုပြည့်ပြီး ဖိုင့်လာသည်ကလွဲ၍ အပြောင်းအလဲ သိပ်မရှိပေ။





'ဟဲ့...မောင်လေးကျော်၊ မမကြူကို ကြည့်လှချည်လား၊ မြင်ဖူးတာကျနေတာပဲ၊ လာ...အထဲဝင်ကြ'

အိမ်ထဲသို့ ဝင်လာကြသည်။ ကိုလွှမ်းဝေက အိပ်ခန်းထဲ ဝင်သွားကာ ရေချိုး အဝတ်လဲသည် ထင်ပါ၏။

သူသည် မှတ်မိသောသူ့အိမ်ကိုပင် ထပ်မြန်တလဲလဲ ကျိုး ကြည့်၊ ကြောင်ကြည့် ကြည့်နေမိသည်။

'မောင်လေးကျော်...မင်း မူးနေသလားဟင်'

သူက ခေါင်းခါပြသည်။

ကိုလွှမ်းဝေ ပြန်ထွက်လာသည်။ ကျောက်ဆူးတံဆိပ် ဘီယာအေးနှစ်ဘူး ယူလာသည်။ တစ်ဘူးကို ကျော်ဇေယျ ထိုင်သော ကုလားထိုင်ရှေ့ စားပွဲတွင်တင်ထားပြီး ကျန်တစ် ဘူးကို ကိုလွှမ်းဝေ ဖောက်ပြီးမော့လိုက်သည်။

'ကဲ...အကြူတို့မောင်နှမ စကားပြောကြ၊ ကိုယ်တော့ အိပ်ရာထဲ ဝင်လှဲဦးမယ်၊ ညောင်းလွန်းလို့'

ပြောပြီး ကိုလွှမ်းဝေ အိပ်ခန်းထဲပြန်ဝင်သွားသည်။

'ကိုလွှမ်းဝေနဲ့မောင်လေးကျော် ဘယ်မှာတွေ့ကြတာလဲ'

'သိင်္ဂီရွှေဝါမှာ'

'ထင်သားပဲ၊ ကိုလွှမ်းဝေ တော်တော် ပျက်စီးချင်နေ တယ်၊ မမကြူလဲ သူ့ကို ပြောလို့မနိုင်တော့ဘူး၊ ဒါထက် မောင်လေးကျော်ဆီက သူ ပိုက်ဆံချေးသေးလား'

ဟင့်အင်းဟု ပြောရင်း သူက ခေါင်းခါပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့ချေးရင်လဲ တစ်ပြားမှ မချေးနဲ့နော်'

'အင်းပါ'

'နေဦး....မောင်လေးကျော် ဘီယာမသောက်ချင်ရင် မ ကြို ကော်ဖီဖျော်ပေးမယ်'

ပြောပြောဆိုဆို မမကြို မီးဖိုဘက်ဆီသို့ ထွက်သွားေ သည်။

သူက ကျန်ခဲ့ရင်း နံရံပေါ်မှ ဓာတ်ပုံတစ်ပုံဆီသို့ ကြ မိသည်။ ဆေးရောင်စုံမဟုတ်။ အဖြူအမည်းဓာတ်ပုံ ဖြစ် သည်။ သူ အနီးကပ်သွားပြီး ကြည့်သည်။

ဖေဖေ၊ မေမေ။

သူ မှတ်မိသည်ပဲဖြစ်ပါ၏။ ဓာတ်ပုံထဲမှစုံတွဲသည် သူ ဖေဖေနှင့် မေမေပင် ဖြစ်ပါ၏။ ဖေဖေ၏ရုပ်ပုံမှာ ကြေ ဝမ်းနည်းနေသယောင် ဓာတ်ပုံထဲတွင် မြင်ရသည်။

'ဖေဖေ....ဖေဖေ ဆုံးပြီနော်'

ဟုလည်း သူ့ဘာသာ တိုးတိုး ပြောမိသည်။

'ဘာကွယ့်....မောင်လေးကျော်'

သူ့နောက်တွင် မမကြို့က ကော်ဖီခွက်ကိုင်ရင်း ရော နေပါ၏။

'ဖေဖေ ဆုံးသွားပြီ မဟုတ်လား မမကြို'

'ဟဲ့....မင်း ဘာတွေပြောနေတာလဲ၊ ဖေဖေဆုံးတာ ကြ ပြီပဲဟာ၊ အရိုးတောင် ဆွေးလောက်ပြီ၊ မင်း ကျောင်း





သွားလို့ ဆည်မြောင်းမှာ အအေးမိ ဝင်လုပ်တုန်းကပဲ ဖေဖေ ဆုံးတာလေကွယ်'

'ဒါဆို မေမေကော မမကြို'

'ဟဲ့....'

မမကြို အံ့သြစွာ သူ့ကို မော့ကြည့်ပြန်သည်။ ယုယစွာ သူ၏လက်မောင်းကိုကိုင်ကာ ကုလားထိုင်တွင် ပြန်ထိုင်စေ သည်။ သူ့ရှေ့မှာပင် ကော်ဖီခွက် ချပေးသည်။

'မင်း ဘာဖြစ်နေတာလဲ မောင်လေးကျော်၊ မင်းကြည့်ရ တာ တစ်မျိုးကြီးပဲ၊ မမကြို ရင်တွေဘာတွေတောင် တုန် လာပြီ'

'ပြောပါ မမကြို၊ မေမေကောဟင်'

'ဘုရား....ဘုရား....ဘုရား'

'ပြောမှာ ပြောစမ်းပါဗျာ'

'ဟဲ့....မေမေဆုံးတာ လေးနှစ်တောင် ရှိသွားပြီပဲ မောင် လေးကျော်၊ မင်း ဘာတွေ လျှောက်မေးနေတာလဲကွယ်'

သူသည် သူ၏မျက်နှာကို လက်ဝါးနှစ်ဖက် အုပ်လိုက် သည်။

'ကျွန်တော် အဲဒါတွေ မမှတ်မိတော့ဘူးဗျ၊ ကျွန်တော့် ဦးနှောက်ဟာ တစ်ခုခု ချွတ်ယွင်းနေပြီ'

ထို့နောက် သူက လက်ရှိကျော်ဇေယျအသစ် ဖြစ်လာပုံ ကို သူ၏ မမကြိုအား အသေးစိတ် ပြောပြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမကြူက တအံ့တသြ နားထောင်သည်။ နောက်ဆုံး သူက သူ့ရဲ့ ကျော်ဇေယျဟောင်း ဘဝကို ဟိုလူပြော၊ သည်လူပြောဖြင့် လည်းကောင်း၊ မှတ်ပုံဘင်၊ ယာဉ်မောင်းလိုင်စင်တို့ဖြင့်လည်း သူ့ဟာသူ ကျော်မှဇေယျဟောင်းဘဝကို ပြန်ဖော်ထုတ်နေရသည်ကိုပါ ပြောပြသည်။

'မင်း မမကြူကိုတော့ ကောင်းကောင်း မှတ်မိနေသားပဲ မောင်လေးကျော်'

'ဟုတ်တယ်၊ မမကြူကို ကျွန်တော်မှတ်မိတယ်၊ ဒါပေမယ့် ကိုလွမ်းဝေကျတော့ ကျွန်တော် လုံးဝ မမှတ်မိပြန်ဘူး၊ ဖေဖေနဲ့ မေမေကို ကျွန်တော် မှတ်မိတယ်၊ ဒါပေမယ့် ဖေဖေဆုံးတာရော၊ မေမေဆုံးတာရောကျတော့ မမှတ်မိပြန်တော့ဘူး၊ ကျွန်တော့်ဦးနှောက်ထဲ ဒီလိုဖြစ်နေတယ် မမကြူ'

'အဲဒီလို ဖြစ်နေတာကို မောင်လေးကျော် ဘယ်သူ့ကို ပြောပြသေးလဲ'

'ရွှေနေ ကိုလှဝင်းမောင်ဆိုတဲ့လူကိုတော့ ပြောမိတယ်၊ သူကလဲ ကျွန်တော်ပြောတာကို ယုံကြည်ဟန် မရှိလှပါဘူး၊ မမကြူကော အခု ကျွန်တော် ပြောတာတွေကို ယုံရဲ့လား ဟင်'

'အင်း....ယုံပါတယ်၊ ယုံပါတယ် ဆိုတာတောင် မောင်လေးကိုယ်တိုင် ပြောပြလို့ ယုံလိုက်ရတာ၊ မောင်လေးက တစ်သက်လုံး မလိမ်တတ် မညာတတ်တာရယ်၊ ဟန်မဆောင်တတ်တာရယ်ကို အစ်မအရင်း မမကြူက ခုတ်သိမို့ ယုံလိုက်ရတာ၊ ဒီ့ပြင်လူ တစ်ယောက်ကသာ မောင်လေး





ကျော် ဒီလိုဖြစ်နေတယ်လို့ လာပြောရင် မမကြူ ယုံမယ် မထင်ဘူး....

'အေးလေကွယ်....ဖြစ်လာမှတော့ ကံအကြောင်းတရားလို့ပဲ အောက်မေ့ပေါ့ မောင်လေးရယ်၊ ကဲ....ကော်ဖီတွေ အေးကုန်မယ်၊ သောက်လိုက်ဦး'

သူ ကော်ဖီသောက်သည်။

သူ့အကြိုက် ကော်ဖီ ခါးခါးလေးနှင့် ဆိမ့်သွားသော အရသာကို သူခံစားရင်း သူငယ်စဉ်က မမကြူ ဖျော်ပေးသော ကော်ဖီကိုမှ စုံမက်နှစ်သက်သည်ကို သတိရသလိုရှိပြန်ပါ၏။ ကော်ဖီသောက်ပြီးနောက် သူ အိမ်ပြန်ဖို့စဉ်းစားသည်။

'မင်း ဘာတွေဆက်လုပ်မယ် စိတ်ကူးလဲ'

'မသိသေးဘူး မမကြူ'

'မင်း မိန်းမနှောင်းကိုကော အခုဖြစ်နေတဲ့ အဖြစ်မှန်တွေကို ဖွင့်မပြောဘူးလား'

'နှောင်း ယုံပါ့မလားလို့ တွေးပြီး ဖွင့်ပြောဖို့ ကြံရင်း မပြောဖြစ်ရင်းဘဲ မမကြူ'

'အင်း....ယုံပါ့မလား ဆိုတာလဲ ဟုတ်သားပဲ၊ ဘစ်ခုတော့ ရှိရဲ့၊ နှောင်းက မင်းကို တကယ် နှစ်နှစ်ကာကာ ချစ်တယ် ဆိုရင်တော့ မင်းပြောပြတာ ယုံကြည်တာ မယုံကြည်တာ အပထား၊ လက်တော့ လက်ခံမှာပါ'

နှောင်းက သူ့အား တကယ်ချစ်သလား၊ တကယ်မချစ်ဘူးလားဆိုသည့် အချက်ကိုတော့ မမကြူအား သူက ဘာမျှ ပြန်မပြောပေ။



www.burmeseclassic.com

www.burmeseclassic.com



မမကြူကို နှုတ်ဆက်စကားပြောပြီး သူသည် အိမ်ထဲမှ ထွက်လာခဲ့သည်။

ပါဗလစ်ကာကားကို မြို့ပြင်လမ်းဘေးမှာပင် ရပ်ထားခဲ့သည်မို့ ကားရှိရာသို့ သူလျှောက်လာခဲ့သည်။

'ဟော...မတွေ့တာတောင် တော်တော် ကြာပြီနော် ကိုကျော်ဇေယျ'

ရဲဝတ်စုံအပြည့်ဖြင့် ရဲကြပ်ကြီးတစ်ဦးက လှမ်းနှုတ်ဆက်သည်ကို သူတွေ့မြင်ရပါ၏။

ရဲကြပ်ကြီးတစ်ဦးက သူ့အား ဘေးတွင်ရပ်ပြီး သူ့အလာကို စောင့်နေသဖြင့် သူလန့်သွားသည်။

'ဟုတ်တယ်၊ ကျွန်တော် ရွှေမြို့ကိုမရောက်ကာ တော်တော် ကြာသွားပြီ'

'ကျုပ်နာမည် ရဲကြပ်ကြီး ငွေထူးပါ၊ ဒီရွှေမြို့ ရဲစခန်းကပါ၊ ကိုကျော်ဇေယျကတော့ ကျုပ်ကို သိချင်မှသိမယ်၊ ကျုပ်ကတော့ ကိုကျော်ဇေယျကို သိထားပါတယ်'

'ကျွန်တော်က မြို့ဟောင်းမှာ အနေများတယ်လေ၊ ဒါကြောင့် ဒီမြို့က ကိုငွေထူးကို မသိတာပါ'

'ဒါပေါ့...ဒါပေါ့၊ အခုလဲ ကိုကျော်ဇေယျကို ကျွန်တော်က ပေးစရာတစ်ခုရှိလို့ လာပေးဖို့ ဒီကားနားက ကိုကျော်ဇေယျ ပြန်အလာကို စောင့်နေတာပါ၊ ဒီမှာလေ...ရော့၊ ကိုကျော်ဇေယျ မော်တော်ကားသော့'

'ဘယ်ကကားသော့လဲ ဦးငွေထူး၊ ဒီပါဗလစ်ကာရဲ့ ကားသော့ ကျွန်တော် ဖြုတ်ယူသွားတာပဲ'





'ဘောင်ကျချောင်းထဲ ကျသွားတဲ့ ခင်ဗျားရဲ့ ကားသော့ကို ပြန်ပေးတာ၊ မော်တော်ကားကတော့ တော်တော်ကြီး ပြန်ပြင်ယူရမယ်ထင်တယ်၊ နှမြောစရာ၊ တိုယိုတာ လီမိတက် အဖိုးတန်ကြီးပဲဗျာ'

ရဲကြပ်ကြီး ဦးငွေထူးပေးသော သော့ကို ကျော်ဇေယျက လှမ်းယူပြီး အိတ်ထဲ ထည့်သိမ်းထားလိုက်ပါ၏။

'ကျုပ်အံ့သြတယ် ကိုကျော်ဇေယျ၊ ခင်ဗျားကားက ဆယ်သိန်းလောက်တန်တဲ့ ကားသစ်ကြီးကိုများ ညီမိလို ကောင်မလေးကို ဘာဖြစ်လို့ ငှားလိုက်သလဲဆိုတာ၊ ညီမိတို့လိုအရွယ်က အန္တရာယ်ကို ချင့်ချိန်တာဘာမှ မဟုတ်ဘာ၊ ကားကမောင်းကောင်းတိုင်း တအားမောင်းလို့ မထိန်းနိုင် မသိမ်းနိုင် ဖြစ်တာမျိုး နေမှာပေါ့'

လာချေပြီကော။

ဤသည်ပင်လျှင် ရဲအဖွဲ့က သူ့ကိုစုံစမ်းမှု ပြုလာခြင်းပေလော။ ကိုလှဝင်းမောင်က ပြောထားသည်။ ရဲက စစ်ဆေးမေးမြန်းလာလျှင် သူ့ကို ခေါ်ပါ။ သူနှင့်ပြောမည် ဟူ၍ပင်။

'ဦးငွေထူးကို ကျွန်တော် ပြန်မေးပါရစေ၊ အခု ဦးငွေထူး ကျွန်တော့်ကိုပြောနေတာဟာ တရားဝင်စစ်ဆေးမှု လုပ်နေတာလားလို့'

'အဲဒီအဆင့် မဟုတ်သေးပါဘူး'

*



www.burmeseclassic.com

www.burmeseclassic.com

(၄)

မြို့ဟောင်းသို့ ကားပြန်မောင်းလာရင်း သူ အတိတ်မေ့ အဖြစ်မှန်ကိုရော၊ ယခု ညီမနှင့်ပတ်သက်ပြီး ရောက်ရှိနေသည့် အခြေအနေရော နှောင်းငယ်ကို သူဖွင့်ပြောရန် ဆုံးဖြတ်သည်။

ဖွင့်ပြောလျှင် ညီမနှင့်ပတ်သက်သောကိစ္စကို နှောင်းငယ် စိတ်ဆိုးလိမ့်မည်ထင်သည်။ သူ့အတိတ်မေ့ ဖြစ်စဉ်ကိုလည်း နှောင်းငယ် ယုံချင်မှယုံမည်။ တမင်ဖန်တီးသော လုပ်ဇာတ် ဟု နှောင်းငယ် ယူဆဖို့က များသည်။

မတတ်နိုင်ပြီ။

မမကြူပြောလိုက်သလို နှောင်းငယ်က သူ့ကို တကယ်ချစ်လျှင် ယုံကြည်မည်၊ ခွင့်လွှတ်မည်။ နှောင်းငယ်က သူ့ကို တကယ်ချစ်သည်ဟုလည်း သူ ယူဆမိပါ၏။

မြို့ဟောင်းသို့ ရောက်လာခဲ့ပြီ။

အောင်သောဂရိပ်ငြိမ်သို့ ကွေ့ဝင်မည် အပြုမှာပင် အောင်သောဂခြံနှင့်တိုက်အိမ်ကြီး၏ မျက်စောင်းထိုးတွင်ရှိ





သော တစ်ဖက်ပလက်ဖောင်း ဓာတ်တိုင်ကိုမှီပြီး လူတစ်ယောက် ရပ်နေသည်ကို သူ တွေ့ရသည်။

မသင်္ကာဖွယ်လူတစ်ယောက်ဟု ကျော်ဇေယျ ယူဆသည်။ ထိုဓာတ်တိုင်၏ အလင်းရောင်အားဖျော့ရာ မလှမ်းမကမ်း တွင် ကားတစ်စီး ရပ်ထားသည်ကိုလည်း တွေ့ရသည်။ ထိုမသင်္ကာဖွယ်လူ၏ ကားပင်ဖြစ်မည်။

ကျော်ဇေယျက သူ့ကားကို ခြံဝတွင် ခေါင်းထိုးကွေ့ထားပြီး ကားရပ်ကာ အောက်ဆင်းပြီး ထိုမသင်္ကာဖွယ်လူဆီသို့ လျှောက်သွားသည်။

အနီးကပ်ရောက်မှ ထိုမသင်္ကာလူသည် ယခုည သင်္ဂီရွှေဝါ စားတော်ဆက် စားပွဲတစ်ခုတွင် ထိုင်ကာ သူ့ကို စူးစူးစိုက်စိုက် ကြည့်ခဲ့သည့် အသက်နှစ်ဆယ်ကျော်ချာတိတ် ဖြစ်နေကြောင်း သူ သတိထားမိသည်။ ချာတိတ်၏မျက်နှာက ချောချောလှလှလေးမို့ သူ သေချာမှတ်မိခြင်းဖြစ်ပါ၏။ သူ မမကြူအိမ်သို့သွားရောက်နေစဉ် ချာတိတ်က သူ့ကားနှင့် မြို့ဟောင်းကို ရောက်နှင့်နေသည်ပဲ ဖြစ်ရမည်။

'ဘယ်လိုလဲကွ၊ အောင်သောဂရိပ်ငြိမ်ဟာ မင်းအတွက် သိပ်စိတ်ဝင်စားစရာ ကောင်းနေလို့ ညကြီးမင်းကြီး လာကြည့်နေတာလား'

ချာတိတ်က ဘာမျှ ပြန်မပြော။ ကျော်ဇေယျကို ပြန်၍ စိုက်ကြည့်သည်။ ချာတိတ်၏အကြည့်ထဲတွင် ကျော်ဇေယျကို အလွန် စက်ဆုပ်မုန်းတီးသော မျက်လုံးအကြည့်မျိုး ရှိနေကြောင်း ကျော်ဇေယျ သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အတုံ့အလှည့်ဆိုတာ ရှိစမြဲပါ ဦးကျော်ဇေယျ၊ ခင်ဗျားကြီး ခံရမယ့်အလှည့်ကို ထမင်းဝဝစားရင်း စောင့်ပေါ့ဗျာ'

ချာတိတ်က ရဲရင့်ပြတ်သားစွာ ပြောပြီး ကောင်တိုင်မှ ခွာကာ ယောနှင်းယောနှင်းဖြင့် သူ၏ကားဆီသို့ လျှောက်သွားသည်။ ချာတိတ်သည် ခြေတစ်ဖက်ဆာနေပါ၏။ ထို့ကြောင့် လမ်းလျှောက်ရာတွင် ပခုံးတစ်ဖက် စောင်းနေသည်။

သိဂီရှေ့ဝါ စားသောက်ဆိုင်တွင် သူ့ထိုင်နေစဉ် ပခုံးတစ်ဖက် မြင့်နေသည်မှာ ခြေတစ်ဖက်ဆာနေသောကြောင့်ဟု ကျော်ဇေယျ သတိထားလိုက်မိသည်။

ချာတိတ်ကြည့်ပုံနှင့်ပြောပုံက ဆွဲထိုးပစ်ချင်စရာကောင်းသော်သည်း ကိုယ့်ထက်ငယ်ပြီး ဒုက္ခိတစာရင်းဝင် ဖြစ်နေသောကြောင့် ကျော်ဇေယျ ဘာမျှမလုပ်တော့ဘဲ အောင်ဘောဂခြံဆီသို့ ပြန်လာကာ ကားကို ဆင်ဝင်အောက်အထိ ပြန်မောင်းခဲ့ပြီး နဂိုအတိုင်း ရပ်ထားကာ အောက်သို့ ဆင်းခဲ့သည်။

ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် ကျော်ဇေယျ ပိုပြီး စိတ်ညစ်သွားရပြန်တော့သည်။

အကြောင်းမှု....

ကိုဝဏ္ဏသည် ဧည့်ခန်းဆိုဖာတွင်ထိုင်ကာ တစ်ယောက်တည်း အရက်ထိုင်သောက်နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါ၏။





ဒေါ်ကြီးကြေးမုံလည်း မရှိ။ နှောင်းလည်း မရှိ။

အားလုံးသည် ကိုဝဏ္ဏရန်ကိုကြောက်ပြီး ကိုယ့်အိပ်ခန်းကိုယ်ဝင်သွားကြပြီ ထင်ပါ၏။

'လာကွာ.... ကျော်ဇေယျ၊ မင်းကို ငါစောင့်နေတာ၊ မင်းက ငါ့ကား ယူသွားတော့ ငါလဲ ဘယ်မှမသွားဖြစ်တော့ဘဲ မင်းအပြန်ကို တမင်စောင့်နေတာ'

'ဆောရီးပဲ ကိုဝဏ္ဏ၊ ဆင်ဝင်အောက်မှာ လွယ်လွယ်တွေ့တာနဲ့ ကျွန်တော်ယူပြီး မောင်းထွက်သွားမိတယ်'

'ရပါတယ်၊ ဒါတွေက အသေးအဖွဲ့တွေပါ၊ ထိုင်ပါဦးကွာ၊ ငါစကားပြောချင်လို့'

'ကျွန်တော် နားချင်ပြီ ကိုဝဏ္ဏ'

'ခဏလေးထိုင်ပါကွာ၊ ဘယ်သူမှမရှိတုန်း မင်းကို ငါပြောချင်တာ ပြောစမ်းပါရစေ'

မကောင်းတတ်သဖြင့် ကျော်ဇေယျသည် ဆိုဖာတစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'စိတ်ကူးမလွဲနဲ့ ကျော်ဇေယျ၊ စက်ရုံနဲ့ တခြားလုပ်ငန်းတွေအားလုံးဟာ ရှေ့ဆက်ပြီး တန်ဖိုးကျမှာ သေချာနေတယ်၊ ဒါကို မိန်းမသားဖြစ်တဲ့ ဒေါ်ကြီးကြေးမုံနဲ့ မ်နှောင်းက နားမလည်ဘူး၊ သဘောမပေါက်ဘူး၊ အထူးသဖြင့် သူတို့က ငါ့ကို မယုံကြည်ကြဘူးလေ၊ ငါပြောသမျှ သူတို့ နားမဝင်ဘူး၊ ဒါပေမယ့် မင်းကျတော့ သူတို့က သိပ်ယုံကြည်ကြတယ်၊ ဟုတ်ရဲ့လား ကျော်ဇေယျ'



www.burmeseclassic.com

www.burmeseclassic.com



'မပြောတတ်ဘူးဗျာ'

'အဲဒီလိုမလုပ်နဲ့ ကျော်ဇေယျ၊ မိန္နောင်းကအသာထားဦး ဒေါ်ကြီးကြေးမုံက စက်ရုံနဲ့ ဥယျာဉ်ခြံ လုပ်ငန်းတွေ မတောက်တခေါက် နားလည်နေတယ်၊ ဒီကြားထဲ ငါ့ အထင်သေးထားတော့ ငါပြောသမျှဟာ အလကားတွေ လို့ထင်နေတယ်၊ သူတို့သိပ်ယုံကြည်တာက ဖေဖေပဲ၊ ဖေဖေ ပြီးရင် မင်းကို သူတို့ယုံကြတယ်၊ ဒီတော့ မင်းက စက် ရောင်းဖို့သင့်ကြောင်း ဒေါ်ကြီးနဲ့ မိန္နောင်းကို ပြောပါ မင်းပြောရင် သူတို့လက်ခံမှာ သေချာတယ်ကွ'

ကျော်ဇေယျက ပါးစပ်ကို လက်ဝါးကာပြီး သမ်းဝေ လိုက်သည်။

'မင်းအနေနဲ့ မိန္နောင်းကို လက်ထပ်ယူတာကလဲ ထ နေ့ကျရင် မိန္နောင်းဟာ အမွေတွေရပြီး ချမ်းသာမှာဆို အမြင်နဲ့ယူခဲ့တာ မဟုတ်လား၊ အခု ဒီအကွက်ဝင်ပြီလေကွာ မိန္နောင်းအတွက် စက်ရုံရောင်းရင် အနည်းဆုံး သိန်းအစိ သုံးဆယ် ပက်ခနဲရမှာ'

ကိုဝဏ္ဏစကားသည် ကျော်ဇေယျနားတွင် ခါးပါ ယခင် ကျော်ဇေယျသည် နှောင်းငယ်ကို လက်ထပ်ယူသ မှာ အမွေတွေမက်မော၍ ဟူသောစကားမှာ မှန်သလား မှားသလားတော့ မသိ။ ယခုကျော်ဇေယျအဖို့တော့ ဒါ ကို လုံးဝ မစဉ်းစား၊ နှောင်းငယ်ကို တကယ် ရင်ထဲ ချစ်သည်ဆိုခြင်းသာလျှင် သူ၏ရင်ထဲတွင်ရှိနေပါ၏။ ယခ ကျော်ဇေယျ ဟောင်းနှင့် ရှစ်နှစ်ခန့် ပေါင်းသင်းလာခဲ့သ





ဆိုစေကာမူ သူ့အဖို့တော့ နှောင်းငယ်အား သမီးရည်းစား ချစ်သလို၊ ညားခါစ လင်မယားချစ်သလို ချစ်ပါ၏။

'ဥပဒေကိုက လင်ပစ္စည်းမယားထက်ဝက်၊ မယားပစ္စည်း လင်ထက်ဝက် ပိုင်ဆိုင်တယ်လို့ ဆိုထားတာပဲ၊ ဒီတော့ မင်း အနေနဲ့ မိန္နောင်းကို ဆက်ပြီးပေါင်းမယ်ဆိုလဲ အမွေရပြီး ရင် သိန်းအစိတ် သုံးဆယ်ပိုင်တာပဲ၊ ဒါမှမဟုတ် မိန္နောင်းနဲ့ မပေါင်းတော့ဘူးဆိုလဲ မင်းအတွက် ဆယ့်လေးငါးသိန်း ခွဲယူရရှိမှာပဲ၊ တခြားမိန်းမယူတောင် မင်းမှာ လုပ်ကိုင် စားဖို့ အရင်းအနှီး တောင့်သွားတာပေါ့ကွာ'

'တော်စမ်းပါဗျာ၊ မဟုတ်က ဟုတ်ကတွေ'

'ဘာမဟုတ်ကရမှာလဲ ကျော်ဇေယျ၊ မင်းဟာ မိန္နောင်း ကို ပေါင်းသင်းလာရတာငြီးငွေ့ပြီမို့ ညိုမိနဲ့ဆက်တာ မဟုတ် လား၊ အမွေတွေရပြီးလို့ မင်းခွဲယူပြီးရင် ညိုမိနဲ့ ပြန်ဆက် နိုင်တယ်၊ ဒါမှမဟုတ် တခြား နုနုငယ်ငယ် မိန်းကလေးကို မင်း ထပ်ယူနိုင်တယ် ကျော်ဇေယျ'

'နှောင်းငယ်အဖို့ ခင်ဗျားလို အစ်ကိုတစ်ယောက်ရတာ တာ တကယ်ကံဆိုးရှာတာပဲ'

'လုပ်မနေနဲ့၊ မိန္နောင်းအပေါ်မှာ မင်းက မဂ်လာယူချင် ရင် စက်ရုံရောင်းပြီးမှဆက်ယူ၊ အခုတော့ စက်ရုံရောင်းဖို့ ပူပူနွေးနွေးကိစ္စကို မင်းကနားဝင်အောင်ဒေါ်ကြီးနဲ့မိန္နောင်း ကို ပြောပေးပါ'

'ဒါပဲလား၊ ကျွန်တော်အိပ်ချင်ပြီဗျာ'

'ဟ....နေဦးလေကွာ၊ ငါ့စကားမှ မဆုံးသေးတာ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားစကားက ဘယ်တော့မှ ဆုံးမှာမှမဟုတ်တာ အပ်ကြောင်းထပ်စကားတွေချည်း ပြောနေတာပဲဟာ'

'ကဲ...ဒါဆို ငါ လိုရင်းကိုပဲပြောမယ်၊ မင်းက ဒေါ်ကြီးနဲ့ မိန္နောင်းကို စက်ရုံရောင်းဖို့ နားချပေး၊ ငါက မနေ့က မင်း ဖြစ်ပျက်ခဲ့တာတွေအားလုံး ပပျောက်ပြီးစီးတဲ့အထိ ဆော ရွက်ပေးမယ်၊ ဘယ့်နှယ်လဲ'

'ကျွန်တော်က ဒေါ်ကြီးကြေးမိုနဲ့ နှောင်းငယ်ကို စက် ရောင်းဖို့ နားမချဘူးဆိုရင်ကော'

'မင်း ငါပြောတာကို ယတိပြတ်ရွေးချယ်ရမယ် ကျော် ဇေယျ၊ မင်းအနေနဲ့ ဒေါ်ကြီးနဲ့မိန္နောင်းကို နားမချဘူးဆ ရင် မင်းဖြစ်ထားသမျှကိစ္စတွေကို ငါကဝင်ပြီး ပပျော အောင် လုပ်မပေးတဲ့အပြင် မိန္နောင်းကို မင်းအကြောင်းတွေ ငါကိုယ်တိုင် ဖွင့်ပြောလိုက်မယ်'

ဒုတိယအကြိမ် ကျော်ဇေယျက သမ်းဝေပြီး ထိုင်ရာမှ ထလိုက်ပြန်သည်။

'ကဲ...ဒါဆို ယတိပြတ်ပဲ ကျွန်တော်ပြောမယ်၊ ဒေါ် ကြီးနဲ့ နှောင်းငယ်ကို ကျွန်တော်နားမချဘူး၊ နှောင်းငယ် ကိုလဲ ကျွန်တော်ဖြစ်ခဲ့သမျှတွေ အခုညပဲ ဖွင့်ပြောပြဖို့ ဆုံး ဖြတ်ပြီးသား ဖြစ်နေတယ်'

ကိုဝဏ္ဏ ပါးစပ်ဖြဲပြီး မျက်လုံးပြူးသွားသည်။

'မင်း ဖွင့်မပြောရဲပါဘူး ကျော်ဇေယျ၊ မင်းမှာ အဲ လောက် သတ္တိမရှိနိုင်ပါဘူး၊ စက်ရုံမရောင်းရသေးတဲ့ မင်း





ဖွင့်ပြောတာနဲ့ မိန္နောင်းက မင်းကို အောင်ဘောဂရိပ်ငြိမ် က အပြတ်ကန်ထုတ်ပစ်မှာ၊ မင်းမှာ အပြစ်ရှိတဲ့လူဖြစ်သွား သို့ အမွေခွဲတောင် မိန္နောင်းဆီက မင်းရပိုင်ခွင့် ဘာမှ မရှိဘဲ ဖြစ်သွားမယ်'

ကျော်ဇေယျက ဧည့်ခန်းမှ အပေါ်ထပ်တက်ရာ လှေ ကားဆီသို့ လျှောက်လာခဲ့သည်။

နောက်ပိုင်းတွင် ကိုဝဏ္ဏက သူ့အား ကျိန်ဆဲသံတွေ၊ ကိုင်းထွာဆဲဆိုသံတွေ ပြုနေစေကာမူ သူက လှေကားမှ အပေါ်သို့ တက်မြဲတက်ခဲ့တော့သည်။

လှေကားထိပ်တွင် သူ ခဏရပ်သည်။ ပြီး.... ဆက်၍ လျှောက်လာခဲ့သည်။

သားသားအခန်းကို ဖြတ်ရာတွင် တံခါးပိတ်ထားသော် သည်း အထဲတွင် မီးရောင်လင်းနေသည်ကို သတိထားမိ သည်။ အခန်းထဲမှ ဆူဆူညံညံအသံတစ်ခုကိုလည်း သူကြား သည်။

သားသား အိပ်ခန်းတံခါးကို သူ ဖွင့်ကြည့်ပါ၏။

ဘာလို့များ ဖွင့်ကြည့်ချင်နေသေးလဲဟုပင် သူ့ဟာသူ ပြန်မေးမိသည်။

သားသားသည် မအိပ်သေးဘဲ ခုတင်ပေါ်တွင် ငုတ်တုတ် လေး ထိုင်နေသည်။

စားပွဲပေါ်တွင် ကက်ဆက်ဖွင့် တင်ထားသည်။ သီချင်း ခွေတော့ မဟုတ်။ ဇာတ်လမ်းခွေတစ်ပုဒ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဘ ကက်ဆက်ခလုတ်ကို ပိတ်လိုက်ပြီး သားသားလေ
၏ ခုတင်တွင် ဝင်၍ထိုင်လိုက်သည်။

'ဖေဖေ ဘာလို့ဝင်လာတာလဲ'

'ဖေဖေ ဒီလိုပဲ သားသားအခန်းကို ဝင်စင်လာတတ်တ
ယ် မဟုတ်လား'

'မဟုတ်တာ၊ အဲဒီလို ညပိုင်းဝင်လာတာ ကျွန်တေ
တစ်ခါမှ မတွေ့ပါဘူး'

'ဘယ်တွေ့မလဲ၊ ဖေဖေ ဝင်လာတဲ့အချိန်မှာ သားသ
က အိပ်ပျော်နေပြီမို့ သားသား မသိတာပါ'

'သားသား အိပ်ပျော်နေလျက်နဲ့ ဖေဖေက ဘာလို့ ဝ
လာသေးလဲ၊ အိပ်ပျော်တဲ့သူနဲ့ စကားပြောလို့မှ မရတ

'ဩော်ကွာ....သားသား အိပ်နေတာ စောင်ခြုံရဲ့လ
ခြင်ထောင်ချရဲ့လား၊ သားသားကို ခြင်တွေများ ကိုက်
မလားလို့ စိုးရိမ်ပြီး ဝင်ကြည့်တာပေါ့'

'အဲဒါ အမှန်ပဲလား ဖေဖေ'

'အေးပေါ့ကွ၊ ဖေဖေက သားသားကို ဘာလို့ ညာပြ
ရမှာလဲ၊ အခုလဲ အဲဒီလိုပဲ စောင်ခြုံရဲ့လား၊ ခြင်တွေကိ
နေသလားဆိုတာ ဝင်ကြည့်တာပဲ၊ သား မအိပ်သေးတ
တိုးနေတာကွ'

သားသား၏ ကြုံလှီသောလက်ကလေးသည် ဖခင်အ
မေတ္တာတုံ့ပြန်သည့်အလား သူ၏ လက်မောင်းကို ဆုံ
ဖက်တွယ်လာပါလေ၏။ သူ့ရင်ထဲတွင် ဖခင်၏ သားကို





သော ခံစားမှုတစ်မျိုး သိမ့်ခနဲနေအောင် ခံစားလိုက်ရပါ
သည်။

သားသားကို သူ ပွေ့ချီသည်။

'ဖေဖေ'

'ပြော....သား'

'သားသား မွေးနေ့တုန်းက ဖေဖေ ဝယ်ပေးထားတဲ့
ဘောလုံးကို ဖေဖေ မှတ်မိလား'

'သိပ်မှတ်မိတာပေါ့ သားရဲ့'

တကယ်တော့ သူ လုံးဝမမှတ်မိ။

'အဲဒီဘောလုံးကို သားသား မကြည့်ချင်တာနဲ့ စတိုခန်း
ထဲမှာ သွားထားလိုက်တယ်'

'ဘာလို့ သားက မကြည့်ချင်တာလဲ'

'ဘောလုံးကို သားသားကြည့်မိတိုင်း ဘောလုံးက သား
သားကို လှောင်ပြောင်နေလို့'

'ဟာ....ကြံကြံဖန်ဖန်ကွာ'

'ဟုတ်တယ် ဖေဖေ၊ ဘောလုံးက ဟောကောင် ငတုံး၊
မင်းက ငါ့ကို ကန်နိုင်လို့လားကွတဲ့၊ မင်းက အားမရှိတဲ့
လူပိန်လူညှော်လေးပါကွာ၊ ငါ့ကိုကန်တာနဲ့ မင်းက ဗိုင်းခနဲ
လဲကျသွားမယ့် ကောင်ပဲလို့ လှောင်ပြောင် နေတယ်လို့
သားသားထင်လို့'

'ဒါကြောင့် သားသားမေမေက သားသား အားရှိပြီး
ဘောလုံးကန်နိုင်အောင် ကြက်ဥပြုတ်နဲ့ အမဲသားကြော်ကျွေး
တာပေါ့သား'



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ'

'ဘာပြောချင်လဲ သား'

'သားသားကို ဘောလုံးကန်နည်း သင်ပေးလေ၊ မေမေ ပြောဖူးတယ်၊ ဖေဖေဟာ ဘောလုံးကန် သိပ်တော်တယ်တဲ့၊ ဖေဖေ ကျောင်းသားတုန်းက ဆုတံဆိပ်တွေ အများကြီးရခဲ့တယ်တဲ့'

'သိပ် သင်ပေးတာပေါ့ သားရာ'

'ကျွန်တော် ကစားလို့ ရပါ့မလား၊ ကျွန်တော့် ခြေထောက်လေးတွေက သေးလွန်းနေတယ်'

'နောက် ကစားရင်း ခြေသလုံးတွေ၊ ပေါင်တွေ ကြွက်သားတက်ပြီး ကြီးလာမှာပေါ့ သားရဲ့'

'ဒါဆို ဖေဖေက ဘယ်တော့ သင်ပေးမှာလဲ၊ နက်ဖြန်ကစပြီး သင်ပေးမလား'

'ကဲ...စတိုခန်းထဲက ဘောလုံးကို သားပြန်ယူထားလိုက်၊ နက်ဖြန်ကစပြီး သားကို ဖေဖေ ဘောလုံးကစားနည်း သင်ပေးမယ်'

ပြောရင်းဖွင် သားငယ်၏ ပါးပြင်ဖိုန်ပိန်လေးကို သူနမ်းလိုက်သည်။

တူးတူးက သူ့အား တအားကြီး ပြန်ဖက်ထားရှာပါ၏။

'မိုးချုပ်ပြီ...သားအိပ်တော့၊ ကက်ဆက်လဲ့ ထပ်မဖွင့်နဲ့တော့၊ ဂွတ်နိုက်...သားသား'

'ဂွတ်နိုက်...ဖေဖေ'





သားကို အိပ်ရာထဲ စနစ်တကျလှဲသိပ်ပြီးမှ စောင်ခြုံခြင်း၊ ခြင်ထောင်ချပေးခြင်းများ ပြုလုပ်ခဲ့ပြီး အပြင်သို့ထွက်လာခဲ့သည်။

အိမ်မှာမင်း ....နှောင်းငယ်နှင့် ရင်ဆိုင်ဖို့ ဝန်လေးလိုက်ပါ၊ ကိုယ့်အိပ်ခန်းထဲ ကိုယ်မဝင်ရဲသလို ဖြစ်ရပါ၏။

ထို့ကြောင့် သူ့အိပ်ခန်းမသွားမီ အန်ကယ် ဦးစည်သူ ယောက္ခမကြီးအခန်းသို့ ဝင်လိုက်သည်။

အမျိုးသား သူနာပြု ကိုဇေဝါ မရှိတော့ပြီ။

ည ဂျူတီအတွက် ဆရာမကြီး ဒေါ်မူအေး ရောက်ရှိနေသည်ကို တွေ့ရသည်။

ဒေါ်မူအေးကို တွေ့သော်လည်း သူ မှတ်မိခြင်း မရှိပေ။ ညပိုင်းတွင် ဆရာမ ဒေါ်မူအေး တာဝန်ယူသည် ဆိုခြင်းကို တင်ကြို သိထားခြင်းသာ ဖြစ်သည်။

ဒေါ်မူအေးအား ပြုံးပြရုံပြပြီး ဦးစည်သူ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

ဦးစည်သူမှာ ပက်လက်အနေအထား ရှိနေပါ၏။

ဦးစည်သူမှာ သူတို့ပြောသလို မမြင်နိုင်ဘဲ ကန်းနေသည်ဟု ဆိုစေကာမူ ဦးစည်သူ၏ မျက်လုံးသူငယ်အိမ်သည် သူ့ကိုကြည့်နေသော အသွင် ရှိသည်ဟု သူထင်သည်။

သူကလည်း ဦးစည်သူ၏ မျက်လုံးများကို ပြန်၍စိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင်....

သူထိုင်နေသည့်ဘက်၌ ဆန့်တန်းချထားသော ဦးစည်သူ၏ လက်တစ်ဖက်သည် အပေါ်သို့ တစ်မိုက်ခန့် မြောက်တက်လာပြီး ပြန်ကျသွားသည်ကို မျက်ဝါးထင်ထင် သူ တွေ့မြင်ရသည်။

သူ အံ့သြသွားသည်။

ကိုဒေဝါ၏ အခြေအနေအရ ဦးစည်သူ၏ ခြေတွေ လက်တွေ လုံးဝသေသွားပြီး လုံးဝ မလှုပ်ရှားတော့ပါဟု ပြောသည်။

ယခု ဦးစည်သူ လက်တစ်ဖက် မြောက်တက်လာသည်ကို သူ တွေ့ရလေသည်။

သူက ဦးစည်သူ၏မျက်နှာတွင် သူ၏မျက်နှာ နီးကပ်စွာ အုပ်မိုးကာ သေချာကြည့်ပြန်သည်။

အံ့ရော။ သူ သေချာကြည့်လေမှ ဦးစည်သူ၏ လက်က ခုနကလိုပင် မြောက်တက်လာပြီးမှ ပြန်ကျသွားသည်။

ဒုတိယအကြိမ်ထိ လက်မြောက်တက်လာခြင်းမှာ ဦးစည်သူက သူရောက်လာတာ သိရှိကြောင်း မြင်တွေ့ကြောင်း အထိမ်းအမှတ်ပြုခြင်း ဖြစ်ရမည်။

သူက ယုယညင်သာစွာ ဦးစည်သူ၏ မြောက်ပြသော လက်ကို ဆုပ်နယ်ပြီးနောက် အတန်ကြာမှ ဦးစည်သူ အိပ်ခန်းမှ သူ ထွက်လာသည်။

အခြားတစ်ပါးသို့ သူ သွားစရာမရှိတော့ပြီ။ နောက်ဆုံး လာမည့်ဘေး ပြေးတွေ့ဆိုသည့်စိတ်နှင့်ပင် သူ နှင့် နှောင်းငယ်၏ အိပ်ခန်းတံခါးဖွင့် ဝင်လိုက်သည်။





သူ့အား စာအုပ်ဖတ်ရင်း စောင့်နေပါမည် ဆိုသော နှောင်းငယ်က ဘာစာအုပ်မှလည်း မဖတ်ပါ။ သူ့ကိုလည်း မစောင့်ပါ။

အိပ်ခန်းမှာ မှောင်နေပါ၏။

မီးခလုတ် ဘယ်နားတပ်ထားမှန်း သူ မသိပါလေ။ နေ့ခင်းက နှောင်းငယ်နှင့် အတူနေခဲ့ပြီး အာရုံတွေက များနေသောကြောင့် မီးခလုတ် ဘယ်မှာရှိမှန်းပင် သူ သတိမထားမိ။

သူက တံခါးပြန်ပိတ်ပြီး ခုတင်ကြီးရှိရာသို့ မှန်းဆပြီး လျှောက်ခဲ့သည်။

'ကြည့်....ခုမှ ပေါ်လာတယ်'

နှောင်းငယ်၏ မကျေနပ်သံဖြင့် အပြစ်တင်သံလေး ထွက်လာပြီး ဖျတ်ခနဲ အခန်းမီး လင်းလာသည်။ နှောင်းငယ်၏ ခေါင်းအုံးအောက်တွင် ဖြစ်စေ၊ တစ်နေရာရာတွင် ဖြစ်စေ ဘက်(ဒ်)ဆွိတပ်ထားသောကြောင့် နှောင်းငယ်က ဖွင့်လိုက်ခြင်းဖြစ်မည်။

'ဟုတ်တယ် နှောင်းငယ်၊ မောင် နောက်ကျသွားတယ်'

'အစ်ကိုဝဏ္ဏနဲ့ ပုလင်းထောင်ပြီး အာရိုက်နေလို့မဟုတ်လား၊ မောင် များလာပြန်ပြီလားဟင်'

'မောင် မများပါဘူး၊ မူးလဲမမူးပါဘူး နှောင်းငယ်'

နှောင်းငယ် အိပ်ရာထဲ လဲလျောင်းရာမှ ထရပ်သည်။ သူနှင့် မျက်နှာချင်းဆိုင်လာရပ်ပြီး သူ့မျက်နှာနှင့် နီးကပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အရက်နံ့ ခံကြည့်သည်။ ပြီး သူ့ကို အကဲခတ်မျက်လုံးဖြင့် ကြည့်သည်။

'တုတ်တယ်၊ မောင်မမျှားဘူး၊ မူးပုံလဲမရဘူး၊ ခါတိုင်း လို အရက်နံ့လဲ ပောင်မနေဘူး၊ နံစော်မနေဘူး'

နှောင်းကပင် သူ့အား ကယုကယင် လက်တွဲကာ ခုတင် ဆီ ခေါ်သွားသည်။ ခုတင်ပေါ်တွင် နှစ်ဦးသား ထိုင်မိကြ သည်။ တစ်ဦးမျက်နှာကိုတစ်ဦး စေ့စေ့ပါအောင် ကြည့်ကြ သည်။

*



(၇)

မိုးလင်းသည်နှင့် သူနိုးပါ၏။

ဘာကြောင့်မှန်းတော့ သူမသိ၊ သူသည် အခြားယောက်ျား ယောက်ျားများလို နိုးလာပြီးမှ အိပ်ရာထဲ ပြန်ပြီးနှပ်ချင်စိတ် မရှိဘဲ ထလိုက်သည်။

ဘေးတွင် နှောင်းငယ်သည် ကိုယ်တစောင်းလေး ဒူးကွေး ပြီး အိပ်ပျော်နေဆဲ ရှိနေပါ၏။

ဘယ်အချိန်ကြည့်ကြည့် ကြည့်မဝအောင်ပင် နှောင်းငယ် လေးသည် ချောလည်းချောသည်။ ချစ်စရာလည်း ကောင်း သည်။

နှောင်းငယ်ကဲ့သို့ အင်မတန်ချစ်စရာကောင်းပြီး သူမတူ အောင် ချောမောလှပ ပြေပြစ်သော ဇနီးမယားတစ်ယောက် လက်ဝယ် ရရှိထားပါလျက် ယခင်ကျော်ဇေယျသည် ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်များ ညိုမီဆိုသည့်အမျိုးသမီးနှင့် ဖော်ကလွဲဖောက် ပြန်တွေ့ ရှိခဲ့သနည်း။

အိပ်မောကျဆဲရှိသည့် နှောင်းငယ်၏ ပါးပြင်လေးကို ယုယအနမ်း၊ ကြင်နာအနမ်းလေးတစ်ချက်နမ်းပြီး ရေချိုး ခန်းသို့ သူဝင်ခဲ့သည်။

ပြီး သူသည် ဗီရိုဖွင့်ကာ စပို့ရှပ်တစ်ထည်နှင့် ချည်ချော လုံချည်တစ်ထည် ယူဝတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ သည်။

သူ စာကြည့်ခန်းဘက်သို့ လျှောက်လာကာ စာကြည့်ခန်း တံခါးကို ဖွင့်ပြီး ဝင်ခဲ့သည်။

စာကြည့်ခန်း စားပွဲကြီး၏ ဆုံလည်ကုလားထိုင်တွင် ထိုင် ကာ ရည်ရွယ်ချက်မဲ့ အပေါ်မှ စားပွဲအံဆွဲကို ဖွင့်ကြည့်လိုက် သည်။

အံဆွဲထဲတွင် ခြောက်လုံးပြူးတစ်လက် တွေ့ရသည်။ ပွိုင့် သာတီတူး ဝက်ဘလီအမျိုးအစား ခရီးဆောင် အသေးစား သေနတ်လေး ဖြစ်ပါ၏။

ဦးစည်သူ၏ သေနတ်ပေလား။

မိမိ၏ သေနတ်ပေလားဟု သူ မမှတ်မိ။ ခြောက်လုံးပြူး ကို စားပွဲပေါ် တင်ထားပြီး တွေ့ရှိသော ချက်လက်မှတ် စာ အုပ်ကို ထုတ်ယူကြည့်ပြန်သည်။

မြို့ဟောင်းဘဏ်တွင် ငွေထုတ်နိုင်သော ချက်စာအုပ် ဖြစ်နေပါ၏။ ချက်စာအုပ်အဖုံးပေါ်တွင် ကျော်ဇေယျအမည်





ရေးထားသောကြောင့် သူ၏ ချက်စာအုပ်ပါလား ဆိုသည့် အသိဖြင့် ချက်စာအုပ်၏ ဆုတ်ယူပြီးသား နောက်ဆုံး စာ ရွက်၏ လက်ခံဖြတ်ပိုင်းကို သူ ကြည့်ပြန်သည်။

မနေ့က နေ့စွဲဖြင့် သူသည် ဘဏ်မှ ငွေငါးထောင်ထုတ်ယူ ကြောင်း တွေ့ရသည်။

သူ ဆက်တွေးပြန်သည်။

မနေ့က ဟောဝန်မြို့၏ ဆံပင်ညှပ်ဆိုင်တွင် ပိုက်ဆံအိတ် ထုတ်ကြည့်ကတည်းက သူ့ပိုက်ဆံအိတ်ထဲတွင် ငွေစက္ကူ အထပ်လိုက်ရှိနေသည်ကို တွေ့ရသည်။ ပိုက်ဆံအိတ်ထဲမှ ငွေ စက္ကူတွေသည် ဘဏ်မှထုတ်ယူသော ငွေစက္ကူများပင် ဖြစ် ရမည်။ မြို့ဟောင်းဘဏ်တွင် သူသည် ငွေမည်မျှအပ်ထားပြီး မည်မျှကျန်သည်ကို စဉ်းစားကြည့်ရာ ခေါင်းမူးဝေခြင်းသာ အဖတ်တင်သည်။ စဉ်းစား၍မရပေ။

ချက်စာအုပ်ကို ခြောက်လုံးပြူးဘေး စားပွဲပေါ်မှာပင် တင်ထားကာ အံဆွဲထဲတွင်တွေ့ရှိသော စာရင်းစာအုပ်နှင့် ဖိုင်တွဲတွေကို ထုတ်ကြည့်ပြန်သည်။

စက်ရုံလုပ်ငန်းဖိုင်နှင့် စာရင်းစာအုပ်အပြင် ဥယျာဉ်ကိစ္စ၊ မြေကိစ္စ၊ စိုက်ခင်းကိစ္စများ၏ စာရင်းအင်း မှတ်တမ်းတစ်ခုစီ ထားသည်ကို တွေ့ရသည်။

လောလောဆယ် အချိန်ရသည်လည်းမဟုတ်သောကြောင့် သူသည် စက်ရုံကိစ္စနှင့်ပတ်သက်သော ဖိုင်နှင့် စာရင်းစာအုပ် ကိုသာ ဖော်လာသည်။ ကိုဝဏ္ဏနှင့် စကားအချေအတင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရလျှင် အထောက်အထားရနိုင်မည် ထင်သောကြောင့် စာရင်းနှင့် ဖိုင်တွဲကို သူ လေ့လာခြင်း ဖြစ်ပါ၏။ ထိုက်သင့်သလောက် လေ့လာပြီးနောက် အားလုံးကို သူနေရာနှင့်သူ လက်ရာမပျက် ပြန်လည်ထားရှိလိုက်ပေသည်။

အညောင်းဆန့်ရင်း ဆုံသည်ကုလားထိုင်ကို တစ်ပတ်လှည့်လိုက်သည်။ နံရံတွင် လှပစွာကပ်ပြီးရှိနေသော မှန်ဗီရိုသေးသေးလေးကို တွေ့ရပြန်သည်။ အထဲတွင် အားကစားထူးချွန်ဆုတံဆိပ်တွေ၊ ဒိုင်းတွေ၊ ငွေဖလားတွေကို တွေ့ရသည်။ အနီးကပ် သူကြည့်ရာ သူရခဲ့သော ဆုတံဆိပ်တွေ၊ ဒိုင်းတွေ၊ ငွေဖလားတွေ ဖြစ်ပါ၏။ ဘောလုံး၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ရေကူး အသင်းအဖွဲ့များမှပေးသော ဆုတွေဖြစ်ပါ၏။

ဟိုက်စကူး ရှစ်၊ ကိုး၊ တစ်ဆယ် အကန်းများတွင်လည်း ပထမရခဲ့သည်များကို ကျောင်းကချီးမြှင့်သည့် ဂုဏ်ပြု စာရွက် စာတမ်းများကို ဗီရိုလေးထဲတွင် ဆွဲချိတ်ထားသည်တို့ကိုလည်း တွေ့ရသည်။

ဤစာကြည့်ခန်းထဲတွင် မိမိ၏ပစ္စည်းတွေသာ အတွေ့များသဖြင့် ကိုကျော်ဇေယျ၏ စာကြည့်ခန်းလား၊ သို့မဟုတ် အန်ကယ်ဦးစည်သူက သူ၏စာကြည့်ခန်းတွင် မိမိကို ဝင်စေထွက်စေ ခွင့်ပေးထားခြင်းလားတော့ သူ မမှတ်မိ။

'ဆရာကျော်ဇေယျ....ဖုန်းလာနေတယ်'

ဦးထွန်းက တံခါးဝတွင်ရပ်ကာ အကြောင်းကြားသည်။





'ရွှေနေ ကိုလှဝင်းမောင်ပါ၊ ဆရာနဲ့ ပြောချင်လို့တဲ့'

ကျော်ဇေယျ စာကြည့်ခန်းမှထွက်ခဲ့ပြီး ဖုန်းဆီသွားကာ ကောက်ကိုင် နားထောင်ပြီး အသံပြန်ပြုလိုက်သည်။

'ကျွန်တော် ကျော်ဇေယျပါ ကိုလှဝင်းမောင်'

'ခအေးဗျာ....စောစောစီးစီး ပြောရမယ့်သတင်းကတော့ မကောင်းဘူး၊ အဲ.... ဆေးရုံကခကာင်မလေး ညိုမိ ညက ဆုံးသွားပြီဗျာ'

'ဖြစ်မှ ဖြစ်ရလေဗျာ'

ညိုမိကို သူ လုံးဝမမှတ်မိသော်လည်း သူနှင့် ပတ်သက်ခဲ့သည်ဟု ဆိုသဖြင့် ယခုလို သေဆုံးသွားခြင်းကို သူ တကယ်စိတ်မကောင်း ဖြစ်ပေသည်။

'ကျွန်တော်ပြောမယ် ကိုကျော်ဇေယျ၊ အခုလက်ရှိအခြေအနေမှာ အကောင်းဆုံးကတော့ ခင်ဗျား အတိတ်ကို ဆက်ပြီး မေ့နေပါ၊ ရဲတွေရဲ့လှုပ်ရှားမှုကို ကျွန်တော် အကဲခတ်ကြည့်ပေးထားမယ်၊ လိုအပ်ရင် သူတို့က ကိုကျော်ဇေယျကို ဘာမှမမေးမြန်းခင် သွားတွေ့သင့်ရင် သွားတွေ့မယ်'

'ဗျာ.... ကျွန်တော်က ရဲကိုသွားတွေ့ရမယ် ဟုတ်သလား'

'လိုအပ်လာမှ ပြောတာပါ၊ သွားတွေ့ပြီဆိုယင် ကျွန်တော်က ခင်ဗျားနဲ့ အတူလိုက်ခဲ့မှာပါ၊ ဒါပဲနော်.... အခု တခြားကိစ္စ အရေးတကြီးရှိလို့ ခဏသွားဦးမယ်၊ အဲဒါပြီးရင် ခင်ဗျားဆီ လှည့်ဝင်လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝင်းမောင်ဘက်မှ ဖုန်းချလိုက်သည်။

ကျော်ဇေယျက ဖုန်းကြိုး နားတွင်တော့ပြီး ညိုမိ သေပြီဆိုသည့်အတွက် ငိုင်နေစဉ်မှာပင် ကလစ် ဟူသော နောက်ထပ် ဖုန်းချသံ ထပ်၍ကြားရပြန်သည်။

ဒေါ်ကြီးကြေးမုံ သူမ၏အိပ်ခန်းမှ ဖုန်းဖြင့် နားထောင်ပြီး ကိုလှဝင်းမောင်ဖုန်းချလိုက်မှ သူမကလည်း ဖုန်းချခြင်း ဖြစ်ပေမည်။

ထိုအခိုက်မှာပင် လှေကားမှ တဝုန်းဝုန်းဖြင့် ပြေးဆင်းလာသော ခြေသံကြားသဖြင့် လှေကားသို့ သူ ကြည့်လိုက်သည်။

သားသားလေးပါပေ။ လက်ထဲတွင် ဘောလုံးတစ်လုံး ပိုက်ထားပါ၏။

'ဒီမှာ ဖေဖေ....သားသားကို လှောင်ပြောနေတဲ့ စတိုခန်းထဲက ဘောလုံးယူလာခဲ့ပြီ၊ လာလေ.... ကစားကြစို့ ဖေဖေ'

သားအဖလက်တွဲပြီး ခြံထဲဆင်းခဲ့သည်။

ပထမဦးစွာ မကန်စေသေးဘဲ တစ်ဆယ့်ငါးပေအကွာလောက်မှ သားသားဆီသို့ ဘောလုံးကိုပစ်ပေးသည်။ သားသားက မိအောင်ဖမ်းပြီး သူ့ထံပြန်ပစ်စေသည်။ အမောခံနိုင်စေရန်နှင့် လှုပ်ရှားမှုသွက်လက်စေသော လေ့ကျင့်ခန်းဖြစ်ပါ၏။ အစိမ်းသက်သက် ကန်ခိုင်းသည်ထက် ဘောလုံး





နှင့် ရင်းနှီးသွားပြီး ဘောလုံးသဘောကို နားလည်စေရန်သည်း ဖြစ်ပါ၏။

အတန်ငယ် ကျင့်သားရသွားသောအခါ သူက ဘောလုံးကို သားသားဆီသို့ တည့်တည့်မပေးတော့ဘဲ လက်ဝဲသက်ယာ ပေးပို့သည်ကို အဘင်းပြေး အတင်းလိုက်ဖမ်းစေသည်။

တစ်ချီတွင် သားသား ဘောလုံးကို ဆန္ဒစောစွာ ပြေးဖမ်းရင်း လဲကျသွားသည်၊ စိုးရိမ်စရာမရှိမှန်း သူ အကဲခတ်လိုက်သည်။ ယုယုယယ သွားပြီးမထူပေးပေ။ သားသားသူ့ဟာသူ ပြန်ထသည်။

'ဘယ်လိုလဲကွာ....သားသား'

'နာသွားဘယ် ဖေဖေ'

'ယောကျ်ားပဲကွာ၊ ဒီလိုကစားရင် ဒီလောက်တော့ လဲတာပဲ၊ နာတာပဲ၊ မဲ့မနေနဲ့၊ ရယ်လိုက်စမ်း သား'

တူးတူးက ရယ်ပြပေသည်။

'အေး....ဒါမှ ယောကျ်ားကွ၊ ကဲ....သားသားလဲ ကျောင်းချိန် နီးနေပြီ၊ ဒီနေ့အဖို့ တော်ပြီ'

'သိပ်ပျော်တာပဲ ဖေဖေ၊ နောက်တစ်ခါဆိုရင် ခြေထောက်နဲ့ ကန်နည်း သင်ပေးနော်'

'အေးပါကွာ'

သားသားကျေနပ်အောင် ပြောလိုက်ရသော်လည်း သူ့အဖို့ နောက်တစ်နေ့ သားသားနှင့်ကစားဖို့ အခွင့်အရေးမှရှိသေးရဲ့လားဟု စိတ်ထဲတွင် ထင့်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သားအိပ်ခန်းကို ဂိုင်ကာ အိမ်ထဲသို့ သားအဖပြန်ဝင်လာသည်။

အိမ်ထဲတွင် နေ့ဂျူတီဝင်လာသော ကိုဒေဝါနှင့် မျက်နှာချင်းဆိုင် သွားတိုးတော့သည်။

ထိုစဉ်မှာပင် အိမ်ပေါ်ထပ် လှေကားမှ အသက်ငါးဆယ်ကျော်ခန့် သားသားနားနား ပုဂ္ဂိုလ်ကြီးတစ်ဦး ဆင်းလာသည်ကို ကျော်ဇေယျ တွေ့ရသည်။ မည်သူ မည်ဝါမှန်း မမှတ်မိသော်လည်း ပုဂ္ဂိုလ်ကြီး၏ လည်ပင်းတွင် ဆရာဝန်သုံး နားကြပ်တင်ထားပြီး ဦးထွန်းက သားရေအိတ် တစ်အိတ်ကိုင်ပြီး နောက်မှလိုက်လာသည်ကို ကြည့်ခြင်းဖြင့် ဤပုဂ္ဂိုလ်ကြီးသည် သမားတော်ကြီး ဒေါက်တာ ဦးသိုက်စိုးဖြစ်ရမည်ဟု တွက်နိုင်သည်။

'ဟေး....ကျော်ဇေယျ၊ မင်း စည်သူကိုစင်ကြည့်တာ နှစ်ခါတောင် ရှိပြီဆို၊ နောက်ပြီး မင်း ဒါတိုစ်းလို့ အရက်သောက်နေကျမသောက်တော့ဘူးဆို၊ အဲဒီအတွက် အန်ကယ်ဝမ်းသာတယ်ကွာ'

'ဟုတ်ပါတယ် အန်ကယ်၊ ဒါထက် အန်ကယ် အချိန်နည်းနည်း ပေးနိုင်ရင် အန်ကယ်နဲ့ကျွန်တော် ပရိုက်ဗိတ်ဆွေးနွေးချင်တယ် အန်ကယ်'

'ရသားပဲ၊ စည်သူ့အတွက် ဆွေးနွေးချင်တယ်ဆိုရင် ငါက ဝမ်းမြောက်ဝမ်းသာ လက်ခံတယ်၊ မနက်ပိုင်းဆိုရင် ငါ့မှာ အချိန်တွေ ပိုပါတယ်၊ ကဲ....ကိုထွန်း၊ ဆေးသေတ္တာကျုပ်ကားပေါ်မှာသာ သွားတင်ထားလိုက်ပေတော့'





ကျော်ဇေယျက ဒေါက်တာ ဦးသိုက်စိုးကို စာကြည့်ခန်းထဲသို့ ခေါ်ဆောင်သွားပြီး စာကြည့်ခန်းတံခါး ပိတ်လိုက်သည်။

စားပွဲ ဆုံလည်ကုလားထိုင်တွင် ဒေါက်တာ ဦးသိုက်စိုးကို ထိုင်စေပြီး ရှေ့ကုလားထိုင်တွင် မျက်နှာချင်းဆိုင် ကျော်ဇေယျ ထိုင်သည်။

'ကဲ...ပြော၊ ဘယ်လိုပရိုက်ဗိတ်လဲ'

'အန်ကယ် စည်သူဟာ ခြေလက်သေသလို ဖြစ်နေပေမယ့် အဲ့အတယ် ဆိုတာတော့ ကျွန်တော် လက်ခံပါတယ်၊ ဒါပေမယ့် နားကကြားတယ်၊ မျက်စိကမြင်တယ်လို့ ကျွန်တော်ထင်တယ်၊ ဒီအိမ်မှာ ဖြစ်ပျက်နေတာတွေကိုသဲ အန်ကယ်စည်သူ သိသင့်သလောက် သိတယ်လို့လဲ ကျွန်တော်ထင်တယ်'

'ဟော....'

ဦးသိုက်စိုးထံမှ အာမေဋိတ်သံ ထွက်လာပါ၏။

'မင်းက ငါ ဆရာဝန်ထက် လူနာအခြေအနေကို ပိုပြီး သိနေသလားကွာ၊ စည်သူဟာ ခေါင်းညိတ်ခေါင်းခါတောင် လုပ်နိုင်ဘူး၊ အခု အသက်ထွက်မသွားအောင် ငါကြိုးစားပြီးကုသပေးခဲ့တာတောင် ကြာပြီပဲ'

'အန်ကယ်ရဲ့ ကုသမှုဟာပဲ အန်ကယ်စည်သူမှာ ရောဂါအခြေအနေ တိုးတက်လာတာ မဖြစ်နိုင်ဘူးလား အန်ကယ်'

'အင်း...တိုးတက်လာတာ ဖြစ်ချင်လဲဖြစ်မယ်၊ ဒါပေမယ့် ငါကြည့်တာတော့ အခြေအနေဟာ ထူးခြား လာတာကို မတွေ့ရဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဦးသိုက်စိုးက လက်ပတ်နာရီကိုကြည့်ပြီး ပြ
ရန် တာန့်ပြင်လိုက်သည်။

ကျော်ဇေယျက သူ အဓိက ဆွေးနွေးချင်သော ကိစ္စ
ကောက်ကာငင်ကာ ပြောလိုက်ပါတော့၏။

'ဒါထက် အန်ကယ်၊ လူတွေမှာ သတိမေ့ရောဂါ အမ်(
နီးဆီးယားဆိုတာ တကယ်ဖြစ်တတ်သလား အန်ကယ်၊ ဖြ
ဖူးတဲ့ တကယ့်သာဓကတွေရှိလား၊ ဝတ္ထုတို့၊ ရုပ်ရှင်တို့ထဲ
ဇာတ်လမ်း ဇာတ်ကွက်ကို ဖန်တီးချင်တာနဲ့ ဒီရောဂါရှိအ
လို့ ပြောကြတာလား အန်ကယ်'

ဒေါက်တာ ဦးသိုက်စိုးက မသိမသာလေး ပြုံးလိ
ပါ၏။

'ကဲ...အန်ကယ့်ကို မှန်မှန်ပြောစမ်း မောင်ကျော်ဇေ
မင်းမှာ အဲဒီ အတိတ်မေ့ရောဂါ ဖြစ်နေသလား'

'ဟုတ်ကဲ့....ကျွန်တော် မနေ့ကစပြီး နောက်ပိုင်း တို
တွေကို ဘယ်လို စဉ်းစားစဉ်းစား ပြန်မမှတ်မိဘူး ဖြ
တယ် အန်ကယ်၊ ဒါဆိုရင် မင်းဘာမှမသိ ဘာမှမမှတ်မိ
လား ဆိုတော့လဲ အဲဒီလို မဟုတ်ပြန်ဘူး၊ မနေ့က ကျွန်
ရွှေမြို့ကို ရောက်သွားတော့ ကျွန်တော့်အိမ်ကို မှတ်မိ
ကျွန်တော့်ဖေဖေနဲ့ မေမေကို မှတ်မိတယ်၊ အထူးသဖြင့် ကျွ
တော့်အစ်မ မမကြူကြူတော့ ထင်ထင်ရှားရှား မှတ်မိ
ဒါပေမယ့် ကျွန်တော့်ယောက်ဖ ကိုလွှမ်းဝေကျတော့ မ
မိပြန်ဘူး၊ အခု အန်ကယ့်ကိုလဲ ကျွန်တော် လုံးဝမမှတ်မိ





နားကြပ်လွယ်ထားတာရယ်၊ ဦးထွန်းက ဆေးသေတ္တာ ဆွဲ
လာပေးတာရယ်၊ ဒီအိမ် အပေါ်ထပ်က ဆင်းလာတာရယ်၊
အန်ကယ်ရဲ့ ဥပမိရုပ် အမြင်ရယ်ကိုကြည့်ပြီး ဒါ ဒေါက်တာ
ဦးသိုက်စိုး ဖြစ်ရမယ်လို့ ခန့်မှန်းယူရတယ်၊ အန်ကယ် စည်သူ
ကို ဒေါက်တာ ဦးသိုက်စိုး ကုသနေတယ်ဆိုတဲ့စကား နှောင်း
ငယ်တို့၊ ကိုဝဏ္ဏတို့ဆီက ကြားထားလို့ ဒေါက်တာ ဦးသိုက်
စိုးဆိုတဲ့ နာမည်ကို ကျွန်တော် မှတ်ထားရတာ'

ဒေါက်တာ ဦးသိုက်စိုးက အခေလးအနက် စဉ်းစားသည့်
နှယ် ခေတ္တငြိမ်နေသည်။

သူငယ်ချင်း စည်သူ အိပ်ရာထဲ ဗုန်းဗုန်းလဲမှ မောင်ဝဏ္ဏ
က သူသာလျှင် သားအရင်း၊ သားအကြီး ဖြစ်သည်ဟု ပိုင်
ဆိုင်ခွင့်ယူကာ လုပ်ငန်း အားလုံး မောင်ဝဏ္ဏ ချုပ်ကိုင်
သည်။ ဟိုတုန်းက သားအရင်းထက်ပို၍ အရေးပေးခံရ
သော ကျော်ဇေယျမှာ မောင်ဝဏ္ဏ လုပ်ကွက်တွေကြောင့်
သိပ်စိတ်ထိခိုက်သွားသည်။ စိတ်ထိခိုက်တိုင်း အရက်ကို
မဆင်မခြင် သောက်လာသည်။ စိတ်ညစ်လွန်းသည်ရော၊
အရက်သောက်လွန်းသည်ကြောင့်ရော ဦးနှောက်မှ အာရုံ
ကြောတချို့ အနေအထား အပြောင်းအလဲဖြစ်သွားပါက
၍အတိတ်မေ့ရောဂါသည် ဖြစ်ပေါ်လာနိုင်စရာလမ်း ဖြစ်
သွားသည်။

'အင်း....ငါ့စိတ်ထဲမှာ မင်းရဲ့ အပြောအဆို၊ အပြုအမူ
အနေအထိုင်နဲ့ စိတ်နေစိတ်ထားတွေပါ ပြောင်းလဲသွားပါ
ကလားဆိုတာတော့ အသိအမှတ်ရှိထားတယ်၊နောက်ပြီး ငါ



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုထွန်းက မင်းမနေ့က အိမ်ပြန်ရောက်တဲ့ အချိန်ကစပြီး ပြောင်းလဲသွားတဲ့အချက်အလက်တွေ တော်တော်များများ တင်ပြတယ်၊ အေး.... လူတစ်ယောက်မှာ ထိခိုက်မှုကြောင့် ဖြစ်စေ၊ အာရုံကြောတွေကို ပြောင်းလဲသွားအောင် စိတ်ခံစား ပျက်စီးတဲ့ အခါမှာဖြစ်စေ အဲဒီအမ်(မ်)နီးဆီးယား ဆိုတဲ့ အတိတ်မေ့ရောဂါဟာ ဖြစ်နိုင်စရာရှိတယ်'

'စိတ်ရောဂါဆိုတာ ယဉ်ယဉ်လေး နားခံသာအောင် စိတ်ဝေဒနာလို့ ခေါ်ပေမယ့် တကယ်တော့ ရူးသွပ်ရောဂါ မဟုတ်လား အန်ကယ်၊ ကျွန်တော့်မှာ ရူးသွပ်ရောဂါရနေ ပြီလားဟင်'

'ရူးသွပ်တယ်ဆိုတာက သီးသန့်တစ်မျိုးပဲ၊ မင်း အတိတ် မေ့ရောဂါကလဲ သီးသန့်တစ်မျိုးပဲ၊ ငါ ဥပမာတစ်ခုပြ မယ်'

အန်ကယ်ဦးသိုက်စိုးက သူ၏အိတ်ထဲတွင် ဆရာဝန်ပီပီ အသင့်ဆောင်ထားသော လူနာအဖျားတိုင်း သာမိုမီတာ ဖန်ပြွန်လေးကို ထုတ်ပြသည်။

'ဒီသာမိုမီတာလေးမှာ အမှတ်အသား မျဉ်းလေးတွေ အောက်ကနေပြီး အပေါ်ထိရှိတယ်၊ လူနာကို ပါးစပ်ထဲ လျှာအောက်ထားပြီး တိုင်းတဲ့အခါ ဘာအဖျားမှမရှိရင် နော်မယ်(လ်)အမှတ်အသားအောက်မှာ ပြတယ်၊ အေး— အဖျားဘာစ်ရာရှိလဲ ပြဒါးအမှတ်အသားတစ်ရာပြမယ်၊ တစ် ရာ့တစ်၊ တစ်ရာ့နှစ်၊ တစ်ရာ့သုံးဆိုသလို လူမှာအဖျားရှိရှိ





လဲ ရှိသလောက်ပြမယ်၊ အဲဒီပြဒါးပြသတဲ့ အဖျားအမှတ်က နေပြီး ဆေးဆရာက ကုသတယ်၊ ကုသမှုမှန်ကန်လို့ အဖျား သက်သာရင် သက်သာသလောက် အဖျားမှတ်က ပြန်ကျပြီး ပြသတယ်၊ဒီလိုနဲ့ နော်မယ်(လ်)အောက်ရောက်သွားပြီဆိုရင် ဒီလူအဖျားမရှိတော့ဘူးလို့ဆိုရတာပဲ မဟုတ်လား၊ အဲဒီလိုပဲ မင်းမှာလဲ အတိတ်မေ့ရောဂါ ဖြစ်နေပြီလို့ ငါယူဆတယ်၊ ဒီရောဂါမျိုးဟာ ကုသရင်းနဲ့ ပျောက်ကင်းသွားတာမျိုးလဲ ရှိတယ်၊ စိတ်အာရုံကြော ပြောင်းလဲနေတာဟာ အကြောင်း တစ်ခုခုနဲ့ တိုက်ဆိုင်လိုက်လို့ နဂိုအတိုင်း ပြန်ဖြစ်ပြန်ကောင်း သွားတာမျိုးလဲရှိတတ်တယ်၊ စိတ်မပူနဲ့ မောင်ကျော်ဇေယျ၊ မင်းပြန်ကောင်းသွားမှာပါ၊ အန်ကယ်ကတော့ အဲဒီအာရုံ ကြောနဲ့ စိတ်ပိုင်းဆိုင်ရာတွေမှာ လေ့လာမှတ်သားရုံလောက် ကလွဲပြီး ကုထုံးကုနည်းကို နားမလည်ဘူး၊ မတတ်ကျွမ်းဘူး၊ ဒီရောဂါမျိုးကျတော့ဒီရောဂါနဲ့ပတ်သက်တဲ့စပါယ်ရှယ်လစ်နဲ့ ကုသရတယ်၊ဒါထက် မင်းမှာ ဒီဝေဒနာဖြစ်နေတာကို ဘယ် သူ့ကို ပြောမိသေးလဲ'

'ရှေ့နေ ကိုလှဝင်းမောင်ကိုတော့ ပြောမိတယ်၊ သူက သိပ်ယုံကြည်ပုံမရဘူး အန်ကယ်၊အဲ....ဒီအိမ်ကတော့ ဦးထွန်း တတော့ သူ့ဟာသူ ကျွန်တော့်မှာ ဒီရောဂါဖြစ်မှန်း ရိပ်မိ တာ'

'အေးလေ၊ အန်ကယ် ကူညီနိုင်တာကတော့ အန်ကယ့် အသိထဲမှာ အဲဒီ စိတ်နဲ့ အာရုံကြော စပါယ်ရှယ်ကုသတဲ့ သမားတော်ကြီးနှစ်ယောက်ရှိတယ်၊ သူငယ်ချင်းတွေပဲ၊ ဒီက



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် စာရေးပေးလိုက်မယ်၊ မောင်ကျော်ဇေယျ သွားကုပေါ့၊ တစ်ယောက်က တောင်ကြီးမှာ၊ နောက်တစ်ယောက်က ရန်ကုန်မှာ၊ ကြိုက်တဲ့လူဆီသွားပေါ့'

ဒေါက်တာဦးသိုက်စိုးက စာရေးပေးသည်။ လိပ်စာအသီးသီးပေးပြီး နှုတ်ဆက်ပြန်သွားပါ၏။

ကျော်ဇေယျ အပြင်ဧည့်ခန်းထဲသို့ထွက်လာသည်။ ထမင်းစားခန်းဆီမှ အသံဗလံတွေ ကြားရသဖြင့် ကော်ဖီဝိုင်းပြင်ကြောင်း သိရသည်။ သူ ဗိုက်ဆာနေပြီမို့ ထမင်းစားခန်းထဲသို့ ဝင်ခဲ့သည်။ နှောင်းငယ်က သူ့အား အပြုံးလေးနှင့် ဆီးကြိုပေသည်။

'လာ...မောင်၊ မိနှောင်း ဆင်းလာပြီး မောင့်ကိုရှာတယ်၊ ဦးထွန်းက မောင် စာကြည့်ခန်းထဲမှာ ဆရာကြီးဦးသိုက်စိုးနဲ့ ဖေဖေ့ရောဂါကိစ္စ ဆွေးနွေးနေတယ် ဆိုတာနဲ့ ထမင်းစားခန်းက လာစောင့်နေတာ'

သူသည် နှောင်းငယ်နှင့်ကပ်လျက် ကုလားထိုင်တွင် ဝင်ထိုင်သည်။ နှောင်းငယ်က သူ့အတွက် ကော်ဖီငှဲ့ပေးသည်။

'မင်းက အပြတ်စည်းရုံးရေး ဆင်းနေပါလား ကျော်ဇေယျ၊ မင်းက ဖေဖေ့ကိစ္စကို သိပ်စိတ်ဝင်စားပြနေတော့ ငါ့သားအရင်းက အလကား ပေါ့ရွတ်ရွတ်ကောင် ဖြစ်နေတာပေါ့၊ မိနှောင်းက မင်းကို ဖေဖေနဲ့ပတ်သက်ပြီး အရမ်းကျေနပ်နေတယ်၊ ကောင်းတယ်...ကောင်းတယ်၊ ဆက်လုပ်— ကျော်ဇေယျ၊ မင်္ဂလာဆိုတာ ယူတတ်ရင် ရတယ်ပေါ့ကွာ'





'ကျွန်တော် စည်းရုံးတာတွေ၊ မင်္ဂလာယူတာတွေ ဘာမှ နားမလည်ဘူး ကိုဝဏ္ဏ၊ နောက်ပြီး ဒေါက်တာဦးသိုက်စိုးနဲ့ ဆွေးနွေးတာဟာ အန်ကယ့်ရောဂါကိစ္စသက်သက် မဟုတ်ဘူး၊ တခြားကိစ္စတွေပါသေးတယ်'

'ဘာလဲကွ၊ တခြားကိစ္စတွေဆိုတာ'

'ခင်ဗျားသိဖို့ မလိုဘူးလေ၊ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေပါ'

တစ်ခု ကိုဝဏ္ဏထူးခြားချက်မှာ ကျော်ဇေယျက သူ့အား မချေမငံပြောသော်လည်း စိတ်မဆိုး၊ ဂရုမစိုက်သောပုံပေါ်နေခြင်းဖြစ်ပေါ၏။

မိနှောင်းကိုပင် ကိုဝဏ္ဏက ပြောလိုက်သေးသည်။

'ဒီမယ် ငါ့ညီမ မိနှောင်း၊ ရှေးပညာရှိတွေက အဆိုရှိခဲ့တယ်၊ မောင်တစ်ရာပင် ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းနှီးတဲ့၊ အဓိကဆိုချင်တာက လင်သာလျှင် အဓိက၊ အစ်ကိုတွေ မောင်တွေက အဓိကမဟုတ်ဘူးလို့ ဆိုလိုတာ၊ သိပ်မှန်တဲ့စကားပဲ၊ အခုလက်တွေ့ မိနှောင်းကိုပဲ ကြည့်လေ၊ အစ်ကိုဖြစ်တဲ့ ငါ ဘယ်လောက်ပြောပြော နားမဝင်ဘူး၊ ခေါင်းမညိတ်ဘူး၊ အေး....လင်ဖြစ်တဲ့ ခင်းကသာ မိနှောင်းကို အကျိုးအကြောင်းပြောရင် ငါ့ညီမက ချက်ချင်း နားဝင်ပြီး ခေါင်းညိတ်မှာ သေချာတယ် ကျော်ဇေယျ'

ပြောပြောဆိုဆို ဝဏ္ဏသည် တဟဲဟဲရယ်မောပြီး အပြင်ခန်းသို့ ထွက်သွားသည်။ ကော်ဖီသောက်ပြီးသွားပြီလည်း ဖြစ်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကော်ဖီကို တစ်ငုံငုံလိုက်ရင်း သူ့စိတ်ထဲရှိသည်ကို ပြောချလိုက်ပေသည်။ ကိုဝဏ္ဏ သူ့ကို စိတ်မဆိုးသည်မှာ ဤကော်ဖီဝိုင်းတွင် သူ့ကွယ်ရာ၌ မိမိက စက်ရုံရောင်းဖို့ ဒေါ်ကြီးကြေးမုံနှင့် နှောင်းငယ်ကို နားဝင်အောင် ပြောလိမ့်မည်ထင်သောကြောင့် စကားကို လမ်းခင်းပေးခဲ့ပြီး ရှောင်ထွက်သွားခြင်း ဖြစ်ပေမည်။

ကိုဝဏ္ဏ ထွက်သွားမှ နှောင်းငယ်က သူ့အားပြောပြပါ၏။

'တစ်ချိန်လုံး မိနှောင်းကို စက်ရုံရောင်းဖို့ အစ်ကိုဝဏ္ဏက နားချနေတာ၊ မိနှောင်းက ဘူးခံနေလို့ ကိုကိုကျော့်ကို ဒီစကားမျိုး ပြောသွားတာ'

သူ ကော်ဖီကို ပန်းကန်ထက်ဝက်ထိ သောက်လိုက်ပြီးမှ နှောင်းငယ်ကို ဆက်ပြောသည်။

'ဘာလို့များ ကိုဝဏ္ဏက စက်ရုံကို ဇွတ်ရောင်းချင်နေလဲ မသိပါဘူး၊ မောင် မနေ့ညက စက်ရုံကဖိုမင် ဦးဘစောနဲ့ တွေ့ခဲ့တယ်၊ ဦးဘစောရဲ့ ပြောစကားအရ ဦးဘစော ကိုယ်တိုင်နဲ့ စက်ရုံအလုပ်သမား တော်တော်များများဟာ စက်ရုံ ရောင်းပစ်မှာ သိပ်စိုးရိမ်နေတယ် နှောင်းငယ်၊ ဒါနဲ့တောင် ကိုဝဏ္ဏက ဘာလို့ သိပ်ရောင်းချင်နေတာလဲ'

'ဒီကောင်ဝဏ္ဏ ဘာလို့ သိပ်ပြီး စက်ရုံကို ရောင်းချင်နေတယ်ဆိုတာ ဒေါ်ကြီးသိတယ်'





တစ်ချိန်လုံးငြိမ်နေသော ဒေါ်ကြီးကြေးမုံက ယခုမှပင် စကားဝင်ပြောတော့သည်။

'မောင်စည်သူ အိပ်ရာထဲဗုန်းဗုန်းမလဲခင် တစ်လလောက်က မောင်စည်နဲ့ ဝဏ္ဏတို့သားအဖ ပြောနေတာကို ဒေါ်ကြီး ချောင်းနားထောင်လို့ သိခဲ့တာ တစ်ခုရှိတယ်၊ မောင်စည်သူဟာ တစ်နေ့နေ့ သူ အိပ်ရာထဲ ဗုန်းဗုန်းလဲတော့မယ်၊ သူ့ဝေဒနာအကြောင်း သူ တင်ကြိုရိပ်စားမိလို့ပဲလား၊ ဒါမှမဟုတ် ရုတ်တရက် မတော်တဆသေသွားရင် မမှာထားမိမှာ စိုးလို့လားတော့ မပြောတတ်ဘူး၊ ဝဏ္ဏကို မှာကြားတဲ့စကား ပြောတယ်၊ ရုတ်တရက် သူ တစ်ခုခုဖြစ်သွားရင် စက်ရုံကိုရော၊ လုပ်ငန်းတွေ အားလုံးကိုရော ကျော်ဇေယျ ဦးဆောင်ပြီးပဲ ဆက်လုပ်ပါတဲ့၊ ဝဏ္ဏအနေနဲ့ ကျော်ဇေယျ ခိုင်းတာကို လုပ်ပေးရင်း ကျော်ဇေယျဆီက လုပ်နည်းလုပ်ဟန်နဲ့ လုပ်ကွက်တွေကို လေ့လာသင်ကြားပါတဲ့၊ ဒီတော့ ဝဏ္ဏက ဖေဖေဟာ သားအရင်းထက် သမက်ကို ပိုပြီး အားထားနေပါလား၊ သားအရင်းက သမက်ရဲ့လက်အောက်မှာ လုပ်ရမှာတဲ့လား၊ တပည့်ခံဖို့ ပြောနေတာသားလို့ မချေမငံ ဖအေကို ပြန်ပြောတယ်၊ အဲဒီနောက် သိပ်မကြာခင်မှာပဲ မောင်စည်သူ အိပ်ရာထဲမှာ လဲတော့တာပါပဲကွယ်၊ မောင်စည်သူ အိပ်ရာထဲ လဲတာနဲ့ ဝဏ္ဏက လုပ်ငန်းတွေ ဝင်ပြီး အုပ်စီးခဲ့တာပဲ၊ ဝဏ္ဏ ဘယ်မှာ မောင်စည်သူရဲ့ အလုပ်တွေကို ကျွမ်းကျင်နားလည်မှာလဲ၊ အရက်သောက်ခဲ့ရိုက်နဲ့ ပေါ့ပေါ့နေလာခဲ့တဲ့လူပဲ၊ ဒါပေမယ့် ကျော်ဇေယျ



www.burmeseclassic.com

www.burmeseclassic.com



ကို သူက ပဲ့ထုတ်တယ်၊ သူ ထင်ရာလုပ်တယ်၊ စက်ရုံကစပြီး လုပ်ငန်းတွေအားလုံး အရှုံးပြလာတာပေါ့၊ ဒါပေမယ့် ကျော်ဇေယျကို ဆရာတင်ပြီး ပြန်အဖတ်ဆယ်ဖို့ကျတော့ ဇဏ္ဍကာ ရှက်တယ်၊ ဒါကြောင့် စက်ရုံရောင်းရင် ရောင်းရငွေထဲက သူ့အတွက် အမွေတောင်းမယ်၊ ငွေယူပ်ပိုက်ပြီး သူသွားမယ်၊ ဒါကြောင့် စက်ရုံကို သူ ရောင်းချင်တာ’

နှောင်းငယ်ရော သူပါ ဒေါ်ကြီးကြေးမုံ ပြောပြချက်ကို ခေါင်းညိတ်မိကြသည်။

ဒေါ်ကြီးကြေးမုံက ကော်ဖီသောက်ပြီးနောက် ဆက်မထိုင်တော့ဘဲ ထသွားသည်။

‘မောင်’

‘နှောင်းငယ်’

‘ဖေဖေ့အပေါ်မှာ မောင် သံယောဇဉ်ကြီးသားပဲနော်’

‘အင်း....အန်ကယ်ကလဲ ခုချိန်ထိ မောင့်ကို လိုလို လားလား ရှိနေသေးတယ် နှောင်းငယ်’

‘ဒါတော့ မောင် ပိုပြီ၊ အခုလက်ရှိ ဖေဖေ့ရဲ့ ဆွံ့အနားမကြား မျက်စိမမြင်ဘဲ လှုပ်တောင်မလှုပ်နိုင်တဲ့ အခြေအနေမှာ မောင့်ကိုလိုလားမှန်း မောင် ဘယ်လိုသိနိုင်တော့လို့လဲ’

‘မဟုတ်သေးဘူး နှောင်းငယ်၊ အန်ကယ်ဟာ သူ့မိသားစုအပေါ်မှာ စိတ်ပျက်နေပြီး မမြင်မကြား၊ မပြောဘဲနေပေ





မယ့် မောင့်ကိုတော့ တစ်ခုခုပြောချင်နေပုံရတယ်၊ သေတော့ မသေချာဘူးပေါ့လေ၊ မောင့်စိတ်ထဲကထင်တာ ဖြစ်ချင်လဲ ဖြစ်မယ်’

‘ဘာပဲဖြစ်ဖြစ်ပေါ့ မောင်၊ အခု လက်ရှိအခြေအနေမှာ ဖေဖေ့ဆီက ဘာအခွင့်အရေးမှ မရနိုင်တော့တာတောင် မောင်က ဖေဖေ့ကို ဂရုစိုက်တယ်၊ ကြင်နာတယ်ဆိုတာကို မိနှောင်း အရမ်းကျေနပ်တယ်၊ ကိုယ့်လင်အပေါ်မှာ ပီတိလဲ ဖြစ်တယ်၊ အစ်ကိုဝဏ္ဏ သားအရင်းတောင် တစ်နေ့တစ်ခါ ဖေဖေ့ကို ဝင်မကြည့်ဘူး’

ထမင်းစားခန်းတွင် လူရှင်းနေပါ၏။ သားသားကိုလည်း အိမ်က ကားနှင့် ဦးထွန်းက ကျောင်းလိုက်ပို့နေချိန် ဖြစ်ပါလေ၏။

နှောင်းက လူရှင်းသည်မို့ သူမ၏ပါးပြင်လေးကို သူ့နှာတံအောက် ခပ်မော့မော့လေး လုပ်ပေးသည်။ သူက လိုလိုလားလားပင် ပါးပြင်လေးကို မွှေးကြူလိုက်ပါ၏။

‘မောင်’

‘နှောင်းငယ်လေး’

‘မောင် တကယ်ပဲ အရက်မသောက်ဘူးနော်၊ မိနှောင်းအပေါ်လဲ သိပ်ယုယတယ်၊ သားသားလေးကိုလဲ သိပ်ဂရုစိုက်တယ်၊ အခုလို မောင်ကပြောင်းလဲလာတော့ မောင့်ခွေးနေ့တုန်းက မိနှောင်း မောင့်ကို တမင်အရွဲ့တိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်စိတ်ဆင်းရဲအောင် လုပ်မိခဲ့တာကို အခု သိပ်နောင်တရမိတာပဲ'

'ဟုတ်လား၊ မောင့်မွေးနေ့က ဘယ်တုန်းကလဲ၊ နှောင်းငယ်လေးက ဘယ်လို အရွဲ့တိုက်တာလဲ'

'ကြည့်....သိသားနဲ့ မေးနေပြန်ပြီ၊ ဟိုလွန်ခဲ့တဲ့ တစ်လကျော်က မောင့်မွေးနေ့ပေါ့၊ မောင့်မွေးနေ့ ညဦးပိုင်းမှာပဲ မိနှောင်းက ကိုလှဝင်းမောင်နဲ့တွဲပြုလိုက်ပြီး မောင့်ကိုအရွဲ့တိုက်တယ်လေ၊ အဲဒီညက မောင် မျက်ထောင့်ကြီးနီလာပြီး ဒေါ်နဲ့ မောနဲ့ ထွက်သွားတယ်၊ တကယ်တော့ ကိုလှဝင်းမောင်ကို မိနှောင်း ဘယ်တုန်းကမှ မချစ်တာဘဲ၊ သူနဲ့ နှစ်ဖက် မိဘသဘောတူတဲ့ကြားက မောင့်ကိုသိပ်ချစ်လို့ မောင့်ကိုသာ မိနှောင်း ဇွတ်လက်ထပ်တာပဲဟာ'

သူ့ဦးနှောက်တွင် ဆက်စပ်၍ ရပြန်ပြီ။

မနေ့ညက ရွှေမြို့ သိင်္ဂီရွှေဝါဆိုင်တွင် အရက်ရောင်းသူ ပြောလိုက်သော စကားနှင့် ယခု နှောင်းငယ် ပြောသော စကားတို့ ဆက်စပ်မိသွားလေပြီ။

လွန်ခဲ့သော လဦးပိုင်း သူ့မွေးနေ့တွင် နှောင်းငယ်ကို စိတ်ဆိုးပြီး သူသည် ရွှေမြို့ သိင်္ဂီရွှေဝါ စားတော်ဆက်သို့ ရောက်သွားခဲ့သည်။ အရက်မူးမူးနှင့် သူ၏မွေးနေ့ဟု သိင်္ဂီရွှေဝါတွင် ကြေညာကာ အရက်အလှူပေးခဲ့သည်။ ထိုညက သိင်္ဂီရွှေဝါပိုင်ရှင် ဦးမြတ်ခင်း၏သမီး ညိုမီကို သူ ခေါ်ထုတ်သွားသည်ပဲ ဖြစ်ရပေမည်။

'ဟေး....မောင်၊ ဘာငိုင်နေတာလဲ'





'မငိုင်ပါဘူး၊ နှောင်းငယ် သိပ်လှလို့ကြည့်နေတာပါ'

'ဟွန်း....မောင်ကလဲ ရိုးပဲ မရိုးနိုင်ဘူး'

ကြည်နူးမိကြသည်။

'အာ....ခက်တော့နေမှပဲ၊ ဒီလင်မယား ငါ့မျက်ပိ နောက်လာပြီ၊ ငါ့ညီမကလဲ ခုမှ ညားခါစကျနေတာပဲ'

အစ်ကိုဝဏ္ဏ အသံပြုကြီးနှင့်ဝင်လာသောကြောင့် နှောင်းငယ်သည် ရှက်ကာ ထမင်းစားခန်းမှ ပြေးထွက်သွားပေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



# (၈)

ဘာကိစ္စဟုတော့ ဖွင့်မပြော။

သူနှင့်အတူ အောင်ဘောဂစက်ရုံသို့ လိုက်ပါရန် ကိုဝဏ္ဏက ခေါ်သည်။ သူသည် ယခုအချိန်ထိ အောင်ဘောဂ မိသားစုတွင် တစ်ဦးအပါအဝင်လည်း ဖြစ်နေသည်။ စက်ရုံမှ လုံးလုံးလျားလျား အထုပ်ထွက်ရသေးသည်တော့ မဟုတ်။ ကိုဝဏ္ဏကလည်း သူ့ကို အလုပ်ထုတ်ပယ်သည်ဟု အတိအလင်း ကြေညာခြင်း မရှိသေးသဖြင့် ကိုဝဏ္ဏက စက်ရုံလိုက်ခဲ့ပါဟု ခေါ်သည်ကို ကိုဝဏ္ဏ၏ ပါဗလစ်ကား ကားနှင့်ပင် အတူလိုက်လာခဲ့သည်။

'ဘယ်လိုလဲကွ ကျော်ဇေယျ၊ ညာက မင်း မိန္နောင်းကို ဖွင့်ပြောမယ်ဆိုတာ ပြောကော ပြောဖြစ်လိုက်ရဲ့လား'

'မပြောဖြစ်ခဲ့ပါဘူးဗျာ၊ ပြောရမှာ ဝန်လေးနေတယ်'

'ငါပြောသားပဲ၊ မင်း ဖွင့်မပြောရဲပါဘူးလို့၊ မပြောတာတဲ့ ကောင်းတယ် ကျော်ဇေယျ၊ ငါ့ညီမ အကြောင်း ငါ ကောင်းကောင်းသိတယ်၊ သိပ်ကို စိတ်ကြီးတယ်၊ နောက်ပြီး



င်းကို ငါ့ညီမက သိပ်ချစ်မှန်းလဲ ငါ အကဲခတ်မိတယ်၊ မင်း န္နောင်းကို ဖွင့်ပြောလိုက်ရင်လားကွာ....ဝုန်းဒိုင်း ကြဲသွား ယ်၊ မိန္နောင်းက အချစ်ကြီးသလောက် အမျက်ကြီးမှာ၊ ငါ ကြည့်နေတယ်၊ မိန္နောင်းက မင်းကို ဘာမဆို လိုက်လျော တယ်၊ အေး....ဒါပေမယ့် ညီမနဲ့ မင်းဖြစ်တဲ့ ကိစ္စသာ သိ သွားရင်တော့ မင်းအတွက် ရေမအခက်အခဲ ပြဿနာပဲ ကျော်ဇေယျ၊ ဒီတော့ကာ မင်းအနေနဲ့ ငါ့ကို တစ်ခုသာလုပ် ပေး၊ ဒေါ်ကြီး ကြေးမုံနဲ့ မိန္နောင်းက စက်ရုံရောင်းချရေး ချုပ်မှာ သဘောတူကြောင်း လက်မှတ်ရေးထိုးပေးလိုက် ကိုသာ ပြော၊ ငါက မင်းဖြစ်လာခဲ့သမျှ ညီမနဲ့ မင်းကိစ္စ ကို ပပျောက်အောင် လုပ်ပေးမယ်၊ ကဲပါကွာ....ဲဒီကိစ္စ ထားအသာထားဦး၊ အခုလောလောဆယ် ထိပ်တိုက်ပြဿနာ ကြီး ဝင်နေတယ်ကွ'

'ဘာထိပ်တိုက် ပြဿနာကြီးလဲ'

'စက်ရုံက အလုပ်သမား ခေါင်းဆောင်ကြီး ဦးငါစောနဲ့ ဥယျာဉ်မြိုင်ကိုက်ခင်းက အလုပ်သမားခေါင်းဆောင် ဦးတိုက် မောင်းတို့ နှစ်ယောက် ပူးပေါင်း သွားမိကြပြီကွ၊ သူတို့ အားလုံးက အောင်ဘောဂစက်ရုံ ရောင်းတာဟာ သူဌေးကြီး ဦးစည်သူနဲ့ ဆရာ ကျော်ဇေယျ နှစ်ဦးရဲ့ သဘောတူညီချက် နဲ့ ရောင်းတာဆိုရင် သူတို့ ကျေနပ်တယ်၊ သူဌေးကြီးရဲ့ သဘောဆန္ဒမဟုတ်ဘဲနဲ့ သူ့သား ကိုဝဏ္ဏက သူ့သဘောနဲ့ သူ ရောင်းတာဆိုရင် သူတို့ မကျေနပ်ဘူးတဲ့၊ အဲဒါကို ဖြတ် ဖြတ်သားသား အဖြေ အခုပဲပေးပါတဲ့၊ အဖြေမပေးရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကစပြီး စက်ရုံ အလုပ်သမားတွေရော၊ ဥယျာဉ်၊ ခြံနဲ့ စိုက်ခင်းက အလုပ်သမားတွေရော အလုပ်ဆက်မလုပ်ဘူးတဲ့'

'သူဌေး ဦးစည်သူဟာ အိပ်ရာထဲ ဗုန်းဗုန်းလဲပြီး ကိုယ်လက်သေ ဆွံ့အ နားမကြား မျက်မမြင် ဖြစ်နေတာကို သူတို့က မသိကြဘူးလား'

'သိကြသားပဲ၊ ဒါကြောင့် မင်းကို ငါ အခုခေါ်လာတာပေါ့၊ သူတို့ပြောတာက သူဌေးကြီးက စက်ရုံ၊ ခြံ၊ ဥယျာဉ်၊ စိုက်ခင်းတွေကို ရောင်းဖို့ သဘောတူတဲ့အကြောင်း ဆရာကိုကျော်ဇေယျက သူတို့ကို အတိအလင်း သူဌေးကြီးကိုယ်စား ပြောပြရင်လဲ သူတို့ ယုံကြည်တယ်တဲ့'

'ဒါဆိုလဲ အန်ကယ် ဦးစည်သူရဲ့ဆန္ဒကို ကျွန်တော်တို့က မေးကြည့်ရဦးမှာပေါ့ ကိုဝဏ္ဏ'

'ဟာ...ဒီကောင် ခက်တော့နေမှပဲ၊ ဖေဖေက သူ့သေသူ့ချေးတောင် ထွက်လို့ ထွက်မှန်းမသိတဲ့ အခြေအနေမှာ သဘောတူတာဖြစ်ဖြစ် သဘောမတူတာဖြစ်ဖြစ် ဘာဆန္ဒပြုနိုင်မှာလဲကွ'

'ပြုနိုင်မှာပါ ကိုဝဏ္ဏ၊ အန်ကယ် ဦးစည်သူဟာ ခင်ဗျားထင်သလောက် အခြေအနေ မဆိုးပါဘူး'

ပြောရင်းပင် စက်ရုံဝင်းအဝသို့ ကားဝင်ခဲ့ပြီမို့ စကားပြတ်သွားသည်။

စက်ရုံအပေါက်ဝတွင် တံခါးနှစ်ပေါက် ဇ/ အကွာရာဖြင့် ဖင်မလီယာ ကားဟောင်းတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။





သူ၏ယောက်ဖ ကိုလွမ်းဝေက ဖင်မလီယာကားကို မှီ၍ ရပ်နေပါ၏။

ကိုဝဏ္ဏ မောင်းဝင်လာသော ပါဗလစ်ကာ ကားတွင် ကျော်ဇေယျ ပါလာမှန်းသိသဖြင့် မောင်းလာသော ကားရှေ့မှရပ်ကာ လက်တားသည်။

'မင်းယောက်ဖ လွမ်းဝေပါလား ကျော်ဇေယျ၊ သူက ဘာကိစ္စ ငါ့စက်ရုံရှေ့ ရောက်နေတာလဲ၊ ဘယ်လိုလဲ၊ ငါ ကားရပ်ပေးရမှာလား'

'ရပ်ပေးပေါ့ဗျာ၊ ကျွန်တော့်ယောက်ဖဟာ ကျွန်တော်နဲ့ ဆက်သက်တဲ့ ကိစ္စရှိလို့ စက်ရုံကိုလာတာ ဖြစ်မှာပေါ့'

ဆောင့်အောင့်ပြီး ကိုဝဏ္ဏက ကားကို ရပ်ပေးသည်။

'ဘာအရေးကြီးလာလို့လဲ ကိုလွမ်းဝေ'

'ငါ မင်းနဲ့ အရေးကြီးတဲ့စကား ပြောစရာရှိတယ် ကျော်ဇေယျ'

'ဒါဆို ဒီကပဲ ခဏစောင့်ဗျာ၊ ကျွန်တော် တစ်အောင့်နေရင် ကိုလွမ်းဝေဆီ ပြန်လာခဲ့မယ်'

ကိုဝဏ္ဏကဆက်မောင်းပြီး စက်ရုံဝင်းထဲဝင်ကာ သူ့ရုံးခန်းရှေ့ ကားရပ်ပြီး ရုံးခန်းထဲသို့ နှစ်ယောက်သား ဝင်ခဲ့သည်။

ရုံးစားပွဲ၏ဆုံလည်ကုလားထိုင်ကြီးတွင် ကိုဝဏ္ဏက အလုပ်ထိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျက ညှော့ထိုင်ကုလားထိုင်မှာပင် ဝင်ထိုင်ေ
သည်။

မျာတိတ်တစ်ဦးဝင်လာသည်။ ဗာယီရခိုင်းသော အသ
ဆယ့်ငါးနှစ်ရှိ ပေတိုးဖြစ်ပါ၏။

'ဟော့ကောင် ပေတိုး.... ဦးဘစောနဲ့ ဦးတိုက်မော
ရောက်လာပြီလား'

'ကြာလှပြီ.... ရောက်နေကြတာ နာရီဝက်ကျော်နေ
စက်ထဲက တန်းလျားခုံပေါ်မှာ ထိုင်စောင့်နေကြတယ်'

'ရောက်နေပြီဆို ပြီးရော၊ မင်း လျှာကိုရှည်တယ်၊
သွားခေါ်လိုက်'

ကိုဝဏ္ဏက ပေတိုးကိုကြိမ်းမောင်းရင်း အခေါ်ခိုင်းလို
သည်။

'စက်မလည်ဘူးလား ကိုဝဏ္ဏ၊ နေ့တိုင်း မနက် ခြေ
နာရီဆို စက်လည်နေကျပဲ'

'ခြေါက်ကွာ....ဒီနေ့ အဖြေမှန်သိမှ စက်လည်မယ်လို့
ဘစောက ပြောတယ်လို့ မင်းကို ငါပြောခဲ့သားပဲ၊ ဒီ
ကျော်ဇေယျ'

ကျော်ဇေယျက နှုတ်ဖြင့်ပြန်မထူးဘဲ ကိုဝဏ္ဏကို ကြ
ကြည့်လိုက်သည်။

'မနေ့ညက ဆေးရုံမှာ ညိုမီသေသွားပြီ'





'သိသားပဲ'

'ဟေ....မင်းက တယ်ဟုတ်ပါလား၊ အိမ်မှာနေရင်း ညိုမီ
သေသွားတာတောင် မင်းက သိနေပါလား'

'ကိုလှဝင်းမောင် ကျွန်တော့်ဆီ ဖုန်းဆက်ပြောတယ်'

'အေး....ညိုမီသေသွားတော့ အမှုပိုကြီးသွားတယ်၊ လူ
သတ်မှုအထိ အကျုံးဝင်နိုင်တယ်၊ ရွှေမြို့ကရဲတွေက သိပ်
လျင်တယ်နော၊ ညိုမီက ရွှေမြို့သူဖြစ်နေတော့ ရွှေမြို့က
ရဲတွေက ဒီကိစ္စမှာ ပိုပြီးလှုပ်ရှားတယ်၊ ဒါပေမယ့် မပူနဲ့၊
ငါ အားလုံးလုပ်ပေးမယ်၊ မင်း လွတ်စေရမယ်'

'ကျွန်တော်လွတ်အောင် လုပ်ပေးမယ်ဆိုတာက ကျွန်
တော်ကပဲ ညိုမီကိုသတ်လို့လား၊ ကျွန်တော်ကတော့ ကိုယ့်
ထိုက်နဲ့ ကိုယ့်ကံလို့ပဲ သဘောထားတယ်၊ ဒီမယ် ကိုဝဏ္ဏ....
ကျွန်တော်ဟာ လူတစ်ယောက်ကို သတ်ပစ်လောက်အောင်
ရက်စက် ကြမ်းကြုတ်တဲ့ စိတ်မျိုး ကျွန်တော့်မှာရှိသလားလို့
ကိုယ့်ဟာကိုယ် ဆန်းစစ်လို့ အဖြေတောင် မတွက်သေးပါ
ဘူး'

ကိုဝဏ္ဏက တစ်စုံတစ်ရာပြန်ပြောရန် ပါးစပ် ဟသေး
သည်။ သို့သော် ရုံးခန်းထဲသို့ ဦးဘစောနှင့် ဦးတိုက်မောင်း
ဝင်လာသောကြောင့် ဆက်၍မပြောဖြစ်တော့ပေ။

နှစ်ယောက်စလုံးအား ညှော့ထိုင်ကုလားထိုင်တွင် ထိုင်ပါ
ဟု ကိုဝဏ္ဏက မပြောပေ။ ကျော်ဇေယျကသာ လူကြီးနှစ်ွ
မတ်တတ်ကြီး ဆရာရှေ့ ကျောင်းသားလာရပ်သလို ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်ကို မကြည့်ချင်သဖြင့် ကုလားထိုင်နှစ်လုံး ထိုးပေးပြီး ထိုင်ခိုင်းလိုက်မှ သူတို့ထိုင်ကြသည်။

ကိုဝဏ္ဏကပင် ဦးတိုက်မောင်းနှင့် ဦးဘစောကို စတင်ပြောသည်။

'ကဲ....ပြောစရာရှိတာပြော ဦးဘစောနဲ့ ဦးတိုက်မောင်း'

'ကျုပ်တို့ ပြောစရာရှိတာ ပြောပြီးပြီလေ၊ အခု ကျုပ်တို့မှာ ပြောစရာမရှိဘူး၊ ဆရာဝဏ္ဏနဲ့ ဆရာကျော်ဇေယျ ပြောတာကို နားထောင်ဖို့လာခဲ့တာပဲ'

'စက်ကို ဘာလို့မလည်တာလဲ ဦးဘစော'

'စက်လည်တာ လွယ်ပါတယ်၊ သူ့ဆိုင်ရာအလုပ်သမားတွေ ထလုပ်တာနဲ့ နာရီဝက်အတွင်း စက်လည်နိုင်တာပဲ ဘွိုင်လာ မီးထိုးထားတာပဲ၊ ကျုပ်တို့ အလုပ်သမားတွေရဲ့ ဆန္ဒကို ဆရာကိုဝဏ္ဏကို ပြောပြထားပြီးပြီလေ၊ အခု အဲ ကို ကျေနပ်တာနဲ့ စက်ကောက်လည်မယ်၊ မကျေနပ်ရင် တော့ ဘွိုင်လာမီးငြိမ်းပစ်ရုံပဲ'

'တောက်'

ကိုဝဏ္ဏ၏ မကျေမချမ်း တောက်ခတ်သံထွက်လာ၏။

'ကဲ....ကျော်ဇေယျ ပြောပြလိုက်ပါကွာ၊ ဦးဘစော ဦးတိုက်မောင်းရောက ငါပြောတာ မယုံကြည်နိုင်ဘူး ဆရာကျော်ဇေယျ ပြောတာဆိုရင်တော့ ယုံကြည်နိုင်လော တယ်တဲ့လေ၊ ဒီတော့ မင်းက သူတို့ရှေ့မှာ ကိုယ်တိုင်ကိုယ် ပြောပြလိုက်ပေါ့'





'ကျွန်တော်က ဘာပြောရမှာလဲ ကိုဝဏ္ဏ'

'ခက်ပါလား ကျော်ဇေယျ၊ ဒီစက်ရုံနဲ့ ဥယျာဉ်တွေ၊ ခြံတွေ၊ စိုက်ခင်းတွေကို ဖေဖေကိုယ်တိုင် မလုပ်နိုင်တော့တာမို့ ရောင်းချင်တဲ့ဆန္ဒ ရှိတဲ့အကြောင်း မင်းကပြောပြဖို့လေ'

'အခုချက်ချင်း ကျွန်တော်က ဘာဖြစ်လို့ပြောရမှာလဲ ကိုဝဏ္ဏ၊ ကျွန်တော်ကိုယ်တိုင် အန်ကယ်ဦးစည်သူကို ဒီစက်ရုံနဲ့ ဒီဥယျာဉ်ခြံတွေကို ရောင်းချင်တဲ့ဆန္ဒ အန်ကယ့်မှာရှိသလား လို့ မေးပေးပါဆိုရင် ကျွန်တော် မေးပေးနိုင်တဲ့သဘော ရှိနေပါတယ်၊ အဲဒါကို အန်ကယ့်ရဲ့သဘောထားကို မေးတဲ့နေ့မှာ ကျွန်တော်တစ်ယောက်တည်းက မေးတာမျိုး မဖြစ်စေရဘဲ ဒေါက်တာဦးသိုက်စိုး၊ ရှေ့နေ ကိုလှဝင်းမောင်၊ နှောင်း၊ ဒေါ်ကြီးကြေးမုံတို့ရှေ့မှာ မေးပေးမှာပါ၊ အခု ကျွန်တော်က အန်ကယ်ဦးစည်သူရဲ့ဆန္ဒကို ဘာမှမသိရသေးဘဲနဲ့ စက်ရုံရောင်းဖို့၊ ဥယျာဉ်ခြံရောင်းဖို့ကို ဦးဘစောနဲ့ ဦးတိုက်မောင်းကို ပြောဖို့မှမလိုသေးတာ'

'ခွေး.... မင်းဟာ ခွေးပဲ ကျော်ဇေယျ၊ ထမင်းစားတဲ့ ချေးစားနေဖို့ကောင်းတဲ့ ခွေး'

ကျော်ဇေယျ၏စကားအဆုံးတွင် ဦးဘစောနှင့် ဦးတိုက်မောင်းက ပြုံးသွားသော်လည်း....

ကိုဝဏ္ဏသည် ဝုန်းခနဲလည်း စားပွဲကိုခြေကန်ပြီးထသည်။ စားပွဲကိုလည်း သူ့လက်သီးနှင့် ထိုးသည်။ ဖြီး....ဘယ်သူ့ကို ဘာမှမပြောတော့ဘဲ ထွီခနဲ တံတွေးမပါဘဲ ကျယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



စွာ၊ ထွေးသံပြုကာ ရုံးခန်းထဲမှထွက်ပြီး သူ့ပါဇလစ်ကားကို တရှုကြမ်း မောင်းထွက်သွားပေတော့သည်။

ကျော်ဇေယျသည် မိမိကို ခွေး....ခွေး၊ ချေးစားခွေး ဟု ရင့်သီးစွာ ကိုဝဏ္ဏက ဆဲဆိုသည်ကို စိတ်ထဲတွင် ခံပြင်းသော်လည်း စိတ်ကိုဖြေလိုက်ပေသည်။

ကျော်ဇေယျအနေနှင့် ကိုဝဏ္ဏ၏အပေးအယူကို လက်ခံလိုက်လျှင် မိမိသည် လူလိမ်လူညာ လူညစ်ဖြစ်ရုံမက နှောင်းငယ်၏ စီးပွားရေး၊ အန်ကယ်ဦးစည်သူ၏ စီးပွားရေးသည် အဖတ်ဆယ်မရအောင်ဖြစ်သွားတော့မည်ကို ရင်ထဲက လက်မခံပေ။ နောက်ပြီး ညီမိမှနှင့်ပတ်သက်ပြီး မိမိသည် တကယ်ဖြစ်မှု ကျူးလွန်ထားရိုးမှန်လျှင် ကိုယ်လုပ်တာ ကိုယ်ခံဆိုသော စိတ်မျိုး ရင်ထဲတွင်ရှိနေသည်။

ဘယ်နည်းနှင့်မဆို ကိုဝဏ္ဏသည် ဤမျှ စိတ်ဆိုးမာန်ဆိုး ထွက်သွားမှတော့ မိမိနှင့် ညီမိမှ၏အကြောင်းကိုရော၊ မနေ့က အကြောင်းတွေကိုရော သူ့ညီမနှောင်းငယ်အား သွားပြီး ဖွင့်ပြောမှာတော့ သေချာသည်။

ဒါလည်း ကိစ္စမရှိ။ မနေ့ကညကတည်းက နှောင်းငယ်အား မိမိကိုယ်တိုင် ဖွင့်ပြောပြမည်ဟု ဆုံးဖြတ်ပြီးမှ မိမိနှင့် နှောင်းငယ်လေး သိပ်ပျော်နေခိုက် မပြောရက်သဖြင့် မပြောခြင်းသာ ဖြစ်သည်။

အခြားတစ်ပါးသောမိန်းမနှင့် မိမိ ပတ်သက်ရှုပ်ပွေသည်ဟု ကြားသည်နှင့် မိမိကိုသိပ်ချစ်ရာမှ သိပ်မုန်းပစ်မည်ဟု နှောင်းငယ်က ရှေးမဆွကပင် ကြေညာထားသည်။





ယခုဆိုလျှင် နှောင်းငယ်သည် မိမိကို သိပ်မုန်းပစ်တော့မည် ထင်ပါ၏။

သူ၏ ပခုံးတစ်ဖက်တစ်ချက်ကို ဦးဘစောနှင့် ဦးတိုက်မောင်းက ညင်သာစွာ ဆုပ်ကိုင်ကြသည်။

သူက မော့ကြည့်ပါ၏။

'ကျုပ်တို့ ကျေနပ်သွားပြီ ဆရာကျော်ဇေယျ၊ ကျုပ်တို့အမှန်တကယ် လိုချင်တာလဲ သူဌေးရဲ့ဆန္ဒပဲ၊ သူဌေးဆန္ဒအလျောက် စက်ကိုရောင်းရောင်း၊ ဥယျာဉ်ခြံစိုက်ခင်းတွေကိုရောင်းရောင်း တို့က ကျေနပ်တယ်၊ အခုတော့ ဆရာဝဏ္ဏက သူဌေးမမာလို့ လုပ်ငန်းထဲမဝင်တဲ့အချိန်ကစပြီး ဆရာကျော်ဇေယျကို ဘေးထုတ်ထားပြီး သူထင်ရာတွေလျှောက်လုပ်လို့ လုပ်ငန်းအားလုံး အရှုံးပေါ်တယ်၊ သူအသုံးမကျလို့ ရှုံးတာကိုပဲ အလုပ်သမားတွေညံ့လို့ ရှုံးတယ်၊ အလုပ်သမားစရိတ်တွေ မတရားတက်လို့ ရှုံးတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ စက်ရုံကိုရောင်းမယ်ဆိုတာတော့ ကျုပ်တို့ ဘယ်ခံနိုင်မလဲ ဆရာ၊ အခုတော့ ကျွန်တော်တို့သဘောပေါက်ပါပြီ၊ ဆရာကြီး နေမကောင်းတာကို အလုပ်သမား တပည့်တွေအားလုံးက လာကြည့်ချင်ပေမယ့် ဆရာဝဏ္ဏရဲ့မျက်နှာထားကြီးတင်းလွန်းလို့ အောင်ဘောဂရိပ်မြုံထဲကို မလာဝံ့ကြလို့ မလာတာပါ၊ ဆရာကြီး ကျန်းမာပါစေဆိုတာတော့ အမြဲ ဆုတောင်းနေတာပါ၊ ကဲ.... ကျုပ် စက်ပြန်လည်ပေးပါမယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်မောင်းကလည်း ဝင်ပြောပါ၏။

'ဆရာကြီး လုပ်ငန်းခွင်ကိုပြန်မဝင်နိုင်ရင် လုပ်ငန်း အားလုံးကို ဆရာကျော်ဇေယျပဲ ဦးစီးခေါင်းဆောင် ကွပ်ကဲအုပ်ချုပ်ပြီး ပြန်လုပ်ပါလားဆရာ၊ ဒါဆို အရင်ကလိုပဲ အမြတ်တွေပြန်ပေါ်လာပြီး အကျိုးရှိမှာပါ၊ မြို့ပေါင်းတစ်ဝိုက်မှာ အောင်ဘောဂစက်ရုံနဲ့ အောင်ဘောဂဥယျာဉ်ခြံစိုက်ခင်းတွေကို ပြိုင်နိုင်တဲ့လူမှ မရှိတာ'

ကျော်ဇေယျသည် ဘာမျှပြန်မပြောဘဲ ထိုင်ရာမှ ထလိုက်သည်။ ဖြည်းညင်းစွာပင် တစ်လှမ်းချင်း စက်ရုံထဲမှ ထွက်လာခဲ့သည်။

ကိုဝဏ္ဏ ကားမောင်းထွက်သွားပြီမို့ အပြန်ကို ဘာကားနဲ့ပြန်ရပါ့။

စက်ရုံခြံတံခါးဝတွင် ယောက်ဖကိုလွှမ်းဝေက သူ့အားစောင့်လျက်သား ရှိနေသေးသည်ကို သူတွေ့ရပါ၏။

'ဘယ်လိုလဲကွ ဖိုးကျော်ရ၊ မင်းယောက်ဖ ဝဏ္ဏ ကားမောင်းတာ သောက်ကျိုးနည်း ကြမ်းပါလား၊ ငါက ကားထဲမှာ မင်းပါ ပြန်ပါလာတယ်ထင်ပြီး ကားရှေ့ကရပ်မိတာ ဝဏ္ဏ တရကြမ်းမောင်းတာ ငါ့ကို ကံကောင်းလို့မတိုက်မိတာ သီသီလေး လွတ်သွားတယ်ကွာ၊ လူဖြင့် အသံည်းကို အေးသွားတာပဲ၊ ငရဲပြည်ကို ဒါရိုက်ဟစ် ရောက်သွားပြီလားတောင် အောက်မေ့မိတယ်'





'အေးဗျာ....ကိုလွှမ်းဝေ၊ ကိုဝဏ္ဏက ကျွန်တော့်ကို သိပ်စိတ်ဆိုးသွားတယ်'

'အင်း....မင်းမလဲ ဦးစည်သူ လဲသွားတာနဲ့ ဗျောက် သစ်ကိုင်းလွတ် ဖြစ်သွားတယ်လို့ ငါတို့ကြားပါတယ်၊ ကဲ....လာ ငါ့ကားစုတ်လေးနဲ့ပဲ မင်းကိုပြန်လိုက်ပို့ပေးပါ့မယ်'

'ကျွန်တော့်ကို အရေးကြီးတဲ့ကိစ္စနဲ့ စကားပြောချင်တယ်ဆို'

'အေးလေ....မင်းကိုပြန်ပို့ရင်း ကားမောင်းရင်း ပြောပြမှာပေါ့'

ကား စတင်မောင်းခဲ့သည်။

'ငါ့အတွက်မဟုတ်ဘူး ဖိုးကျော်၊ အခု ငါပြောမှာက ဖိုးကျော်အတွက်၊ ဆေးရုံတင်ထားတဲ့ ညီမ ညက ဆုံးသွားပြီကွ'

'အဲဒါဘာဖြစ်လဲ ကိုလွှမ်းဝေ'

'အဲဒါ ဘာဖြစ်လဲဆိုတာတော့ ငါမသိဘူး၊ မနက်က ငါလက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ရွှေမြို့ရဲစခန်းက ရဲကြပ်ကြီး ကိုငွေထူးနဲ့ စကားပြောခဲ့တယ်၊ တကယ်တော့ လက်ဖက်ရည်ဆိုင်မှာ ငါထိုင်နေတဲ့နေရာကို ရဲကြပ်ကြီးငွေထူးက လာထိုင်ပြီး ပြောတာကွ၊ ပြီး....တောင်ပြောမြောက်ပြောနဲ့ မင်းနာမည် ပါလာတယ်'

'ဘယ်လို တောင်ပြောမြောက်ပြောလဲ ကိုလွှမ်းဝေ'



www.burmeseclassic.com

www.burmeseclassic.com



'ညိုမီသေသွားတဲ့ကိစ္စမှာ မင်းကို သူတို့ရဲ့အဖွဲ့က မေးမြန်းချင်စရာတွေ ရှိလာတယ်တဲ့'

မနေ့ညက ရဲကြပ်ကြီးကိုငွေထူးက မိမိ ကားသော့ ပြန်ပေးရင်း တောင်ပြောမြောက်ပြောတွေကို ပြန်သတိရမိလေသည်။

'ခက်တယ် ကျော်ဇေယျ၊ မင်းကိုယ်တိုင်ကလဲ မရှင်းဘူးကွ'

'ကျွန်တော်က ဘာမရှင်းတာလဲ'

'ညိုမီ မော်တော်ကားနဲ့ တောင်ကျချောင်းထဲ ကျသွားတဲ့ တစ်နေ့ညက မင်းက ငါ့ကို ဖုန်းဆက်ခေါ်တယ်၊ ငါ မင်းဆီရောက်တော့ မင်းက ဟောဝန်မြို့ကို သွားချင်ပါတယ်ဆိုလို့ မင်းကို ငါက ဘုရားသုံးဆူ ဘူတာထိ လိုက်ပို့ရသေးတယ်၊ ဒါပေမယ့် လူစီးရထား မရှိတော့လို့ မင်း ကုန်ရထားကြီးနဲ့ ဘုရားသုံးဆူကနေပြီး ဟောဝန်မြို့ကို လိုက်သွားတယ်လေကွာ'

မမှတ်မိ။ လုံးဝ မမှတ်မိ။ ကိုလွမ်းဝေအား မိမိက မည်သည့်နေရာကနေပြီး ဖုန်းဆက်ခေါ်သည် ဆိုခြင်းကိုလည်း မမှတ်မိ။ ကိုလွမ်းဝေက မိမိကို ဘုရားသုံးဆူ ဘူတာသို့ လိုက်ပို့သည် ဆိုခြင်းကိုလည်း မမှတ်မိ။

ယခု ကိုလွမ်းဝေပြောသော စကားထဲတွင် တစ်ခုမှန်ကန်နေခြင်းမှာ မိမိ ဘွားခနဲပြန်၍ သတိရချိန်ဝယ် ဟောဝန်မြို့လယ်တွင် ရောက်နေသည်ကတော့ တိုက်ဆိုင်မှန်ကန်နေသည်။





ဘုရားသုံးဆူ ဘူတာမှ ဟောဝန်သို့ စီးလာကြောင်း မီးရထားလက်မှတ်ကလည်း သက်သေခံနေသည်။

'ဒါပေမယ့် မင်းကို ဘုရားသုံးဆူဘူတာ လိုက်ပို့ရတာတွေ၊ မင်း ဘုရားသုံးဆူဘူတာက ဟောဝန်မြို့ကို လိုက်သွားတာတွေ ငါ ဘယ်သူ့ကိုမှ မပြောဘူးကွ၊ အဲဒီညက မင်းကို ငါလိုက်ပို့ရင်း အိမ်ပြန်ညဥ့်နက်လို့ မင်းမမကြူက မေးတာတောင် ကစားဝိုင်းမှာ ငါကြာသွားလို့ ညဥ့်နက်တာလို့ ပြောလိုက်ရသေးတယ်'

'ခင်ဗျားလဲ တော်တော် ပျက်စီးနေပြီလို့ မမကြူက ပြောလိုက်တယ် ကိုလွမ်းဝေ'

'အေးကွာ....ငွေပိုငွေလျှံလေး ရမလားလို့ ငါကားတာပါ၊ မင်း မမကြူကလဲ အသုံးစရိတ် လက်ဖွာတယ်လေကွာ၊ ဒါကြောင့် အိမ်စရိတ် ပိုလျှံမလားလို့ ကစားတာ၊ ဒါပေမယ့် ငါ နောင်တရသွားပြီကွ၊ နောက်ကို မကစားတော့ဘူးလို့ ဆုံးဖြတ်ထားလိုက်တယ်'

'သိပ်ကောင်းတာပေါ့ဗျာ'

'အေး....ဒါပေမယ့် ခြွင်းချက်တစ်ခုတော့ ရှိတယ် ကျော်ဇေယျ၊ ငါ့မှာကြွေးလေးထောင်လောက် တင်နေတယ်၊ အဲဒါ ဆပ်နိုင်ဖို့ ငါ့အတွက် သေရေးရှင်ရေးပဲ၊ မဆပ်ရင် ကြွေးရှင်က ငါ့ကို ဓားနဲ့ထိုးမယ် တကဲကဲဖြစ်နေတယ်၊ ငါ့ကို ငွေလေးထောင်လောက် ခဏလှည့်ပါလား ကျော်ဇေယျ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လွယ်မလဲ ကိုလွမ်းဝေ'

'အေးလေ....မလွယ်လဲ ဘာတတ်နိုင်မလဲ၊ ဟုတ်တော့လဲ ဟုတ်ပါတယ်၊ အခု မင်းမှာက လုပ်ငန်းတွေဦးစီးမလုပ်ရတော့ဘဲ ဘေးကို ထွက်ထိုင်နေရတော့ ငွေရေးကြေးရေး အလှည့်အပြဲလုပ်ဖို့ မလွယ်ဘူးပေါ့၊ ရတယ်လေ....ကိစ္စမရှိဘူး၊ မင်း မမကြူမှာ ဆွဲကြိုးလေးတစ်ကုံး ရှိပါသေးတယ်'

ကမ္ဘာမီးလောင်ရာတွင် ဆီမီးခွက် ထတောက်သည်လို့ပဲ ဆိုလိုက်ချင်ပါ၏။ မိမိတွင် ပြဿနာကြီး ဖြစ်နေရသည့်အထဲ ကိုလွမ်းဝေက သူ့ပြဿနာ သယ်ယူလာသေးသည်။ မမကြူ၏ ဆွဲကြိုးကို ချွတ်ပေါင်မည် ဆိုတော့လည်း သူ့ရင်ထဲက မမကြူကို သနားမိသည်။ မိန်းမတစ်ယောက်အဖို့ နားတွင် နားကပ်လေးတစ်ရန်၊ လည်ပင်းတွင် ဆွဲကြိုးလေး တစ်ကုံး၊ လက်တွင် လက်ကောက်လေး တစ်ကွင်း နှစ်ကွင်းမှမရှိလျှင် မိန်းမချင်းချင်း မျက်နှာငယ်ရှာမည်။

အဲ....ယောက်ဖ ကိုလွမ်းဝေကို ကြွေးရှင်က မာနဲ့ထိုးခဲ့လျှင် ပို၍ဆိုးဦးမည်။ ကိုလွမ်းဝေ ခံရလျှင် မမကြူ စိတ်ဆင်းရဲမည်။ ငွေကုန်ကြေးကျတွေ အများကြီး ဖြစ်သွားနိုင်သည်။

ကိုယ့်အတွက်ကိုယ် စဉ်းစားကြည့်ပြန်တော့လည်း သေမထူး နေမထူး ဘဝနီးပါး ရောက်နေပြီ။ မိမိကို အချိန်မရွေးရဲက ဖမ်းနိုင်နေသည်။

ပြီး မိမိကို ချေးစားခွေးလို့ ခေါ်ရလောက်အောင် ဒေါ်ပွပြီး ပြန်သွားသော ကိုဝဏ္ဏက ခုလောက်ဆို နှောင်းငယ်အား





မိမိမကောင်းကြောင်းတွေ၊ ညိုမိနှင့် ရှုပ်ပွေခဲ့ကြောင်းတွေ ပြောတော့မည်မှာ ကေန်၊ မိမိအဖို့ အနာဂတ်ရေးမှာ တုံးတိုက်တိုက် ကျားကိုက်ကိုက် အခြေအနေကို ရင်ဆိုင်ရတော့မည်သာ။ ထို့ကြောင့် မိမိဘဏ်ကထုတ်ထားသော ငွေငါးထောင်မှ လေးထောင်ကို ကိုလွမ်းဝေအား ပေးလိုက်ရန် စိတ်ထဲက ဆုံးဖြတ်သည်။

ရွှေမြို့မှ မြို့ဟောင်း အောင်ဘောဂ ရိပ်ငြိမ်သို့ ရောက်လာလေပြီ။ ကိုလွမ်းဝေအား....

'ခြံပြင်မှာ ခဏစောင့်နေပေးပါ၊ ကျွန်တော် အိမ်ထဲဝင်ပြီး အခြေအနေကို ကြည့်လိုက်ဦးမယ်၊ နောက်ပြီး ခင်ဗျားကို ငွေလေးထောင် ကျွန်တော် ပေးလိုက်မယ်'

ကျော်ဇေယျ ကားပေါ်မှဆင်းပြီး အောင်ဘောဂ ရိပ်ငြိမ်ကြီးထဲသို့ ရောက်လာခဲ့သည်။

ဧည့်ခန်းထဲတွင် မည်သူ့ကိုမျှ မတွေ့ရ။

အိမ်ပေါ်တက်ခဲ့ပြီး မိမိအိပ်ခန်းကိုဖွင့်ကြည့်သည်။ နှောင်းငယ်ကို မတွေ့ရပေ။

ဒေါ်ကြီးကြေးမုံ အိပ်ခန်းကိုဖွင့်ဝင်ရာ ဒေါ်ကြီးကြေးမုံ စိတ်ပျက်စွာ ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရသည်။

'နှောင်းငယ် ဘယ်သွားလဲ ဒေါ်ကြီး'

'အင်း....မိနှောင်း ဘယ်သွားမှန်းတော့ မသိဘူး၊ တော်တော် စောစောက ဝဏ္ဏပြန်လာတယ်၊ ဒေါ်သတွေ အကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ထပြီး အိမ်ထဲမှာ မုန့်တိုင်းဝင်မွှသလား ထင်ရအောင် သောင်းကျန်းတယ်၊ အဲဒီနောက် မိန်နှောင်းကိုခေါ်ပြီး တိုးတိုးတိုးတိုးနဲ့ ပြောတယ်၊ ဒေါ်ကြီး သူတို့အနားမသွားရဲဘူး၊ ဝဏ္ဏက သွေးဆိုးတယ်၊ ဒါ့ကြောင့် ဘေးရှောင်နေလိုက်တယ်၊ အဲဒါ မောင်နှမနှစ်ယောက် ပြောကြပြီး မိန်နှောင်းလဲ ဒေါ်တွေကန်တာ ဒေါ်ကြီး လှမ်းတွေ့ရတယ်၊ ဒီနောက် မောင်နှမနှစ်ယောက် ဝဏ္ဏ ပါဗလစ်ကား ကားနဲ့ပဲ မောင်းထွက် သွားကြတယ်လေ'

ကိုဝဏ္ဏသည် နှောင်းငယ်အား မိမိနှင့် ညိုမီအကြောင်း ပုံကြီးချဲ့ပြောခြင်းကလွဲပြီး ဘာပြောလေမည်နည်း။

စိတ်ပျက်လက်ပျက်နှင့်ပင် အောင်ဘောဂ ရိပ်ငြိမ်ထဲမှပြန်ထွက်လာပြီး ကိုလွမ်းဝေ၏ ဖင်မလီယာ ကားပေါ်သို့ တက်ထိုင်လိုက်တော့သည်။

'ကျွန်တော် ရွှေမြို့ကို လိုက်ခဲ့မယ်ဗျာ၊ မောင်းပေတော့'

'ဟေ....မင်းက ဘယ်ကို ခြေရှည်ဦးမလို့လဲ၊ အိမ်လိုက်ပို့ပေးဆိုလို့ ငါ လိုက်ပို့ပေးပြီပဲဟာ'

'မောင်းမှာ မောင်းစမ်းပါ ကိုလွမ်းဝေရာ'

ကိုလွမ်းဝေက ဘာမှ ထပ်မပြောတော့ဘဲ မြို့ဟောင်းမှ ရွှေမြို့သို့ မောင်းထွက်လာခဲ့သည်။

ဘောင်ကျချောင်း၏ ကမ်းပါးယံကြီးသို့ ရောက်လာသည်။ ကမ်းပါးယံကြီးကို ငေးကြည့်ရင်း ကျော်ဇေယျ အတွေးတစ်မျိုး ပေါက်ရပြန်သည်။ ယခု လိုက်လာစဉ်က





တော့ ဝဏ္ဏ၏ လက်ချက်ကြောင့် နှောင်းငယ်က သူ့အားနှင်ခွာတော့မည်။ နှောင်းငယ်က မိမိကို ပစ်ပယ်မှတော့ အောင်ဘောဂရိပ်ငြိမ်တွင် မိမိ ဆက်လက်နေစရာ မလိုတော့။ ရွှေမြို့သို့လိုက်သွားပြီး မမကြူ၏အိမ်မှာပင် ခေတ္တနေထိုင်ပြီး ရှေ့ကို ဘာဆက်လုပ်မည်ဟု စဉ်းစားမည်ဆိုသည့် စိတ်ကူးဖြင့် ရွှေမြို့သို့ ပြန်လိုက်လိုခြင်း ဖြစ်သည်။

သို့သော် ယခု ဘောင်ကျချောင်း ကမ်းပါးယံကြီးကိုကြည့်ပြီး စိတ်ကူးတစ်မျိုး ပြောင်းသွားသည်။

တကယ်တော့ နှောင်းငယ်နှင့် သူသည် မျက်နှာချင်းဆိုင်ကို တွေ့ဖို့လိုသေးသည်။ ယခု မိမိလုပ်လာပုံက မိန်နှောင်း၏ သဘောထား ဘယ်လိုဘယ်ဝါမှန်း အတိအကျ မသိပါဘဲ ကျက် ကိုယ့်စိတ်ကူးနှင့်ကိုယ် ထွက်လာခြင်းသာ ဖြစ်နေပါ၏။ နောက်ပြီး နှောင်းငယ်နှင့် မိမိ တရားဝင် ကွာရှင်းခြင်း မရှိသေးသဖြင့် အောင်ဘောဂရိပ်ငြိမ် နှောင်းငယ်နေထိုင်ရာတွင် မိနေထိုင်ခွင့် ရှိနေသေးသည်။ ဘယ်သူ့မှ မှုစရာမလို။ ကိုဝဏ္ဏလိုလူကို တကယ်တမ်းကျတော့ ကျော်ဇေယျက အရေးအတွက်ထဲပင် ထည့်တွက်သည် မဟုတ်။

'ကိုလွမ်းဝေ၊ ကျွန်တော်ပြန်မယ်ဗျာ၊ မြို့ဟောင်း အောင်ဘောဂရိပ်ငြိမ်ကိုပဲ ပြန်ပို့တော့'

'ဟေ....မင်းဟာက....'

ကျော်ဇေယျက ပိုက်ဆံအိတ်ကို ထုတ်ယူသည်။ ငွေ လေးသောင်တိတိ ရေတွက်ထုတ်ယူသည်။ တစ်ထောင်နည်းနည်းလျော့လောက်တော့ ကျန်သေးသည် ထင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ခင်ဗျားလိုတဲ့ ငွေလေးထောင်၊ ရော့.... မမကြ ဆွဲကြိုးလဲ မပေါင်နဲ့၊ ခင်ဗျားလဲ ခေါ်းထိုးမခံနဲ့၊ ကဲ.... ကျွ တော့်ပြန်ပို့'

'အေး....ဒီကမ်းပါးယံကြီးနားမှာ ကား ပြန်ကွေ့လို့မ ဘူးကွ၊ ရှေ့ကိုမောင်းပြီး လမ်းကျယ်ရောက်မှ ပြန်ကွေ့လ ရမှာ၊ မင်းကို ကျေးဇူးတင်တယ် ကျော်ဇေယျ'

ကိုလွှမ်းဝေသည် ကားကွေ့နိုင်လောက်သောနေရာအ မောင်းလာပြီးမှ ပြန်ကွေ့ရတော့သည်။

'ငါ့ကို လေးထောင် ပေးလိုက်တော့ မင်းအတွက် က သေးရဲ့လား၊ ကိုဝဏ္ဏအလုပ်ထဲဝင်လာမှ မင်းမှာ ငွေကြ မပြေလည်မှန်း ငါရိပ်မိတယ်'

'ကျွန်တော့်မှာ နည်းနည်းပါးပါး ကျန်ပါသေးတယ ဒီနောက်ပိုင်း ကျွန်တော့်အတွက် ငွေလိုချင်မှ လိုတော့မှာ လေ၊ ကိစ္စမရှိပါဘူး'

'မင်းဘာပြောတာလဲ....ငါနားမလည်ဘူး'

ကျော်ဇေယျဆိုလိုသည့် အဓိပ္ပာယ်မှာ နောက်မကြာ သူ အချုပ်ထဲရောက်တော့မည့် အတူတူ သူ့တွင် ငွေမ တော့ဘူး ပြောလိုခြင်း ဖြစ်ပါ၏။

သို့သော် ကိုလွှမ်းဝေအား ကျော်ဇေယျရှင်းမပြတော့ပြီ

*



(၉)

နောက်တစ်ခါပြန်ပြီး အောင်ဘောဂရိပ်ငြိမ်၏ ခြံဝတွင် ကိုလွှမ်းဝေက သူ့ဖင်မလီယာကားလေးကို ရပ်ပေးလိုက်ပြန် က်သည်။

'ခဏစောင့်ဗျာ'

'ဟေလကွာ၊ ငါပြန်လို့မရသေးဘူးလား၊ အေးခပါ့ကွာ၊ ငါက မင်းအစ်မကို ယူထားတော့ မင်းအလို လိုက်ရမှာ ပေါ့'

ကျော်ဇေယျ ကားပေါ်မှဆင်းပြီး အောင်ဘောဂရိပ်ငြိမ် ထဲသို့ နောက်တစ်ခေါက် ပြန်ဝင်ခဲ့ပြန်သည်။ ကိုလွှမ်းဝေက မင်းအစ်မကို ငါယူထားတော့ မင်းအလို ငါလိုက်ရမည် ဟူ၍။

တကယ်တမ်းမူ ငွေလေးထောင် ပေးလိုက်သောကြောင့် ဤမျှလောက် မိမိအပေါ် စိတ်ရှည်နေသည်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျသည် မထူးတော့ပြီစိတ်မျိုးထားပြီးမှ ဘာ တုံ့တုံ့ဆိုင်းဆိုင်းမရှိဘဲ အောင်ဘောဂရိပ်ငြိမ်၏ ညွှန်းခန်းထဲသို့ မားမားကြီးပင် ဝင်လိုက်သည်။

'မင်းမို့ ဒီအိမ်ထဲ ပြန်ဝင်ရဲတယ်ကွာ၊ ငါ့ညီမ မိန္နောင်းက မင်းမျက်နှာကို ကြည့်တောင်မကြည့်ချင်တော့ဘူးတဲ့'

ပြောပြောဆိုဆိုပင် ကိုဝဏ္ဏက သူအား အိမ်ထဲ အဝင်မခံလိုသော သဘောဖြင့် ရှေ့မှပိတ်၍လာရပ်သည်။ ကိုဝဏ္ဏထံမှ အရက်နံ့ တထောင်းထောင်း ထွက်နေသည်။

ကျော်ဇေယျက ဘာတစ်ခွန်းမှမပြောဘဲ ကိုဝဏ္ဏ၏ ပခုံးနှစ်ဖက်ကိုင်ကာ နောက်သို့ ဆောင့်တွန်းပစ်လိုက်သဖြင့် သွားလမ်းပွင့်သွားသည်။

ကိုဝဏ္ဏသည် အတွန်းခံရသည့်အရှိန်ဖြင့် နောက်သို့ လေးငါးလှမ်းရောက်သွားပြီး သူ့ကိုယ်သူမလဲမပြိုအောင်ကြိုးစားရပ်တည်လိုက်ရပါ၏။

တကယ်တမ်းကျတော့ ကိုဝဏ္ဏသည် အာချောင်သည်အလွဲပြီး ကျော်ဇေယျကို မယှဉ်ရဲပါလေ။

'ဘာလဲကွ....ကျော်ဇေယျ၊ မင်းက တန်ပြန် အကြမ်းဖက်နည်းတွေ လုပ်လာပြီ မဟုတ်လား၊ ငါနဲ့ မိန္နောင်းကို မင်းက လူမိုက်ငှားပြီး သတ်ခိုင်းတာ မအောင်မြင်လို့ အခု မင်းကိုယ်တိုင် ငါတို့ မောင်နှမကို သတ်ဖို့ရောက်လာတာ လား၊ မလွယ်ဘူး ကျော်ဇေယျ၊ ဟိုဟာက ကားလမ်းပေါ်





မှာမို့ဖြစ်တာ၊ အခုဟာက ငါတို့ရဲ့ပိုင်နက်၊ အောင်ဘောဂရိပ်ငြိမ်ကြီးထဲမှာကွ'

လူမိုက်ငှားသတ်ခိုင်းဘာဆိုသောစကားသည် ကိုဝဏ္ဏနှင့် နှောင်းငယ်အား တစ်ဦးဦးက သတ်ဖို့ ကြံစည်နေသည့် အဓိပ္ပာယ် သက်ရောက်နေသဖြင့် ကျော်ဇေယျ အံ့ဩသွားသည်။

'ခင်ဗျား ဘာတွေ ပြောနေတာလဲ ကိုဝဏ္ဏ'

'ဘာတွေပြောရမှာလဲကွ၊ မင်းငှားတဲ့ လူသတ်သမားက တို့မောင်နှမစီးလာတဲ့ တို့ကားကို သူ့ကားနဲ့ အတင်းဘေးချင်းဝင်တိုက်တယ်လေ၊ ဒါပေမယ့် ဘာရမလဲ ကျော်ဇေယျ၊ ငါ ဘယ်လောက်ထိ ကားမောင်းလျင်တယ်ဆိုတာ မင်းသိသားပဲ၊ အေး....ငါ့ကားတော့ ဘေးတစ်ခြမ်း စုတ်သွားတယ်'

တစ်ခုခု ဖြစ်မှန်းတော့ ကျော်ဇေယျ လက်ခံသည်။ ကိုဝဏ္ဏ အရက်မူးနေသော်လည်း သူပြောနေသော စကားတွေက အရည်မရ အဖတ်မရစကားတွေမဟုတ်မှန်း သူ့အမူအရာအရ ကျော်ဇေယျ သိသည်။

'နှောင်းငယ် ဘာဖြစ်သွားသေးလဲ'

'အေး....မင်းက မိန္နောင်း တစ်ခုခု ဖြစ်သွားစေချင်တာ မဟုတ်လား၊ ဒါပေမယ့် ငါသိပ်လျင်လို့ မိန္နောင်းဘာမှ ဖြစ်မသွားဘူး၊နည်းနည်းပါးပါးပွန်းရုံပဲ့ရုံပဲ၊ငါက ရဲစခန်းဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုင်ချက် ဖွင့်ခဲ့တယ်၊ ဒါဟာ အထမမြောက်ပေမယ့် ကြံစည်အားထုတ်သော လူသတ်မှုပဲကွ၊ အဲဒီလူသတ်သမားကို ခိုင်းလိုက်တာ မင်းကလွဲပြီး ဘယ်သူရှိမှာလဲ'

ဘယ်သူကများ ကားချင်းတိုက်ဖို့ ကြိုးစားခဲ့လေသနည်းဟု ကျော်ဇေယျ စဉ်းစားရတော့သည်။

'တိုက်တာကိုက အိုပယ်ကားဟောင်းကြီးနဲ့တိုက်တာလေကွာ၊ ဂျာမနီလုပ် သံဘော်ဒီကားကြီးဟာ ကားကြီးပစ္စတင် ခြောက်လုံးကားကြီးဆိုတော့ သူ့ကားကြီးနဲ့ ဘေးက ဖိချတိုက်ရင် ငါ့ဂျပန်ကားလေး လိမ့်လဲပြီး မှောက်သွားမယ်လို့ သူတွက်မှာပေါ့၊ ဒါပေမယ့် ဘာရမလဲကွာ၊ သူ့ကားစုတ်အပြာကြီးနဲ့များ တိုက်ရတယ်လို့၊ ငါက လွှင်ခနဲ မောင်းထွက်လာခဲ့တာပေါ့'

ကားစုတ်အပြာကြီးဟု သိလိုက်ရသည်နှင့် ကျော်ဇေယျ့ခေါင်းထဲတွင် လက်ခနဲ အသိတစ်ခု ဝင်လာတော့သည်။

မနေ့ညက ဤအိမ်၏ ဟိုမှာဘက် ပလက်ဖောင်း မှာတိုင်အောက်တွင် သည်အိမ်ကိုမျှော်ကြည့်နေသော ချာတိတ်ကို ကျော်ဇေယျ စဉ်းစားလိုက်မိသည်။ ကျော်ဇေယျက ခြိမ်းခြောက်ပြီး ကားဟောင်းကြီးကို ထိုချာတိတ် မောင်းထွက်သွားပေသည်။ ကားကြီးမှာ ဘာအမျိုးအစားမှန်းမသိသော်လည်း အပြာရောင်ကိုတော့ ကျော်ဇေယျ သေချာမှတ်မိသည်။

'အဲဒီ ကားအပြာကြီးကို မောင်းတဲ့ကောင်က ဒုက္ခိတလား'





'ဒါတော့ ဘယ်သိမလဲကွ၊ သူ ကားထဲထိုင်နေတာပဲ ငါမြင်တယ်၊ ဒီကောင်လေးကို ငါ တစ်ခါမှမမြင်ဖူးဘူး၊ မြို့ဟောင်းထဲက ကောင်လေး မဟုတ်တာတော့ သေချာတယ်'

'သူ ကားပေါ်မှာ ထိုင်မောင်းနေတာ သူ့ပခုံးတစ်ဖက်မြင့်နေလား၊ သူ့ပခုံးဟာ ဟိုဘက်ဒီဘက် မညီဘူးလေ'

'ဟုတ်ပေ့ဗျာ၊ ပခုံးတစ်ဖက်စောင်းနေတာ ငါ သတိထားမိတယ်၊ အဲဒါ မင်းခိုင်းလိုက်တဲ့ကောင်ဆိုတော့ မင်းနဲ့တွေ့မှာပဲ၊ ပြောလိုက်စမ်းပါ အဲဒီ ပခုံးစောင်းကောင်ကို၊ ငါ့ဝဏ္ဏာကို လာမပြိုင်နဲ့၊ အိုင်ပျက်သွားမယ်လို့'

ကျော်ဇေယျသည် အပေါ်ထပ် နှောင်းငယ်ရှိရာသို့ပင်တက်တော့ဘဲ ချာခနဲပြန်လှည့်ကာ ကိုလွှမ်းဝေ စောင့်နေရာသို့ အပြေးကလေး ရောက်သွားသည်။

ခြေတစ်ဖက်ဆာ၊ ပခုံးတစ်ဖက်စောင်း ချာတိတ်လူချောသည် သိသိသာသာ လှုပ်ရှားလာပေပြီ။

'ကိုလွှမ်းဝေ၊ ရွှေမြို့ကိုပြန်မောင်းဗျာ'

'ဗုဒ္ဓေါကြီးပါလား ကျော်ဇေယျ၊ မင်းဟာက ငါရှူးပြီ'

'မောင်းဗျာ....ရွှေမြို့မှာ ကျွန်တော် အရေးတကြီး တွေ့ရမယ့်လူတစ်ယောက်ကို ကျွန်တော် သွားတွေ့မလို့'

ကိုလွှမ်းဝေ စောဒကမတက်တော့ဘဲ ရွှေမြို့ဘက်ကို ဦးတည်ပြီး မောင်းခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် အတွေးကိုယ်စီဖြင့် စကား မပြော ဖြစ်ကြ။ မြို့ဟောင်းနယ်နိမိတ်ဆုံးပြီး မြို့ပြင်ရောက်မှ ကျော်ဇေယျာ သူသိချင်တာတွေ ကိုလွှမ်းဝေအား မေးသည်။

‘မင်း သိပ်ဗျာများနေတယ်၊ ဘာတွေဖြစ်နေလဲ ဖိုးကျော်’

‘အေးဗျာ....ကျွန်တော်လဲ ကိုယ့်ဟာကိုယ် ဘာတွေဖြစ် နေမှန်းတောင် မပြောတတ်တော့ဘူး၊ ဒီမယ် ကိုလွှမ်းဝေ ခင်ဗျားကတော့ ရွှေမြို့မှာ အပ်ကျတာကအစ သိနေတဲ့လူပဲ ကျွန်တော်ပြောတဲ့ လူတစ်ယောက်ကိုများ ခင်ဗျား သိနေ မလားလို့’

‘ပြောလေ၊ ရွှေမြို့မှာ ငါ့ကိုမသိတဲ့လူလဲ ခပ်ရှားရှား ငါကမသိတဲ့လူလဲ ခပ်ရှားရှားပဲ’

‘အသက်နှစ်ဆယ်ဝန်းကျင်ရှိမယ်၊ အိုဗျာ....နှစ်ဆယ်တော့ ကျော်လောက်ပြီ၊ ရုပ်ချောတယ်၊ မိန်းကလေးတစ်ယောက်လို ချောတယ်၊ ဒါပေမယ့် ခြေတစ်ဖက်ဆာနေတယ်၊ သူ့မှာ ခေတ်ဟောင်း ကားအပြာကြီးတစ်စီး ရှိတယ်၊ သူ့ကား အိုပယ်အမျိုးအစားဆိုလားပဲ’

‘သိုက်သိုက်ကို မင်းပြောနေတာ ထင်တယ်’

‘သူ့နာမည် သိုက်သိုက်တဲ့လား’

‘အင်းလေ....မင်းပြောသမျှ အချက်အလက်တွေအားလုံး ကိုက်ညီနေတာ သိုက်သိုက်ဆိုတဲ့ ချာတိတ်တစ်ယောက်ပဲ’

‘ဒါဆို သိုက်သိုက်အိမ်ကို ကိုလွှမ်းဝေ သိမှာပေါ့’





ကိုလွှမ်းဝေက ခေါင်းညိတ်ပြသည်။

‘သူ့အကြောင်း ကိုလွှမ်းဝေ သိသလောက် ကျွန်တော့်ကို ပြောပြစမ်းပါဗျာ’

‘သိုက်သိုက်ရဲ့အမေက မုဆိုးမကွ၊ ဒါပေမယ့် သေသွားတဲ့ အဖေက ပစ္စည်းတော်တော်များများ ထားခဲ့နိုင်လို့ ရွှေမြို့မှာ သိုက်သိုက်အမေဟာ အတော်အသင့် ချမ်းသာတယ်ဆိုပါတော့၊ ရွှေမြို့ဈေးထဲမှာ ကျကျနန ဆိုင်ခန်းဖွင့်ပြီး အလှကုန်ရယ်၊ အထည်ဆိုင်ရယ် တွဲရောင်းတယ်၊ သိုက်သိုက်အမေက သိုက်သိုက်ကြောင့် နောက်အိမ်ထောင်မပြုဘဲ သားအမိ နှစ်ယောက်ပဲ အတူနေတယ်၊ သိုက်သိုက်ကို ဖတဆိုး သားလေးလဲဖြစ်ပြန်၊ ခြေထောက်တစ်ဖက်လဲ မသန်စွမ်းတဲ့ ဒုက္ခိတလေးဖြစ်နေလို့ သူ့အမေက သိပ် အလိုလိုက်ထားတယ်၊ သိုက်သိုက်ဟာ သိင်္ဂီရွှေဝါကို အမြဲလာနေကျပဲ၊ မင်း သူ့ကို သိင်္ဂီရွှေဝါမှာမတွေ့ဘူးလား၊ တွေ့တာကိုကော မင်း သတိမထားမိဘူးလား’

‘ဟိုတုန်းက အဲဒီချာတိတ်ကို ကျွန်တော် သတိထားမိ သလား၊ သတိမထားမိဘူးလားဆိုတာ အမှတ်ရဘူးဗျာ၊ အခုတော့ ဒီကောင်လေးကို သတိထားရမယ့် အခြေအနေ ရောက်နေပြီ၊ အဲဒီ သိုက်သိုက်ဆိုတဲ့ချာတိတ်ရဲ့အိမ်ကို ကျွန်တော့်ကို လိုက်ပို့ပေးဗျာ’

ရွှေမြို့သို့ ရောက်လာခဲ့သည်။ ကိုလွှမ်းဝေသည် သူ့အိမ် ရှိရာသို့ မပြန်သေးဘဲ အခြားလမ်းများသို့ မောင်းနေမှန်း ကျော်ဇေယျ သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလမ်းဟာ သိုက်သိုက်နေတဲ့ နှင်းဆီလမ်းပဲ'

ခြံဝင်းလေးနှင့် လေးပင်သုံးခန်း ရှေ့သံဆန်ခါ အပြာရောင်သုတ် တစ်ထပ်ပျဉ်ထောင်အိမ်တစ်အိမ်၏ ခြံတံခါးရှေ့တွင် ကိုလွှမ်းဝေက ရပ်ပေးလိုက်သည်။

'အဲဒါ သိုက်သိုက်တို့ အားအမိအိမ်ပဲ၊ သူ့အမေကတော့ ဒီအချိန် ဈေးထဲကဆိုင်မှာပဲ ရှိလိမ့်မယ်ထင်တယ်'

ကျော်ဇေယျ ကားပေါ်မှဆင်းကာ ခြံဝင်းထဲသို့ဝင်လိုက်သည်။

ခြံထဲက ပန်းပင်များရော၊ လှမ်းမြင်ရသော ပျဉ်ထောင်အိမ်လေးရော သန့်ရှင်းလှပနေပါ၏။

ခြံထဲဝင်သည်နှင့် ကားဂိုဒေါင်ကို လှမ်းမြင်ရသည်။

ကားဂိုဒေါင်တံခါးပွင့်နေပြီး ဂိုဒေါင်ထဲတွင်အပြာရောင် ကားကြီးရှိနေပါ၏။ သည်တစ်ခါ ကားပြာကြီးကို ကျော်ဇေယျ သေချာကြည့်ရာ 'စ'အက္ခရာဖြင့် အိုပယ်ကားဖြစ်ပေသည်။ ဂျာမနီလုပ်ကားကြီးမို့ သံဘော်ဒီသည် ထူထဲ ခိုင်မာလှပေသည်။ ဂျပန်ကား၏သံနှင့် နှိုင်းယှဉ်လျှင် မာကျောမှုချင်း ကွာခြားလှပါ၏။

'ဟဲ.... ဟဲ.... ကျုပ်ထင်သားပဲ၊ ဒီနေ့ချက်ချင်း ခင်ဗျား ကျုပ်ဆီကို လိုက်လာလိမ့်မယ်ဆိုတာ'

ကားဂိုဒေါင်ဘေး သစ်ပင်တွေကြားမှ သိုက်သိုက် ထွက်လာသည်။





'မင်း ငါ့မိန်းမစီးလာတဲ့ ကားကို မင်းကားပြာကြီးနဲ့ လိုက်တိုက်ဘယ်ဆို သိုက်သိုက်'

'ညက ညိုမိသေသွားပြီလေ'

'အဲဒါ ဘာဖြစ်လဲ'

'ဗြော....ဗြော....အဲဒါဘာဖြစ်လဲတဲ့ ဟုတ်လား၊ ညိုမိ သေသွားသလို ခင်ဗျားမိန်းမ သေသွားရင်ကော အဲဒါ ဘာဖြစ်လဲလို့ ခင်ဗျား ပြောနိုင်မှာတဲ့လား၊ ခင်ဗျား သိပ်ယုတ်မာတယ်၊ ကျုပ်အခု အရမ်းခံစားရတယ်၊ ကျုပ်ခံစားရသလို ခင်ဗျားခံစားစေရမယ်'

ကျော်ဇေယျ ဒေါသသိပ်ထွက်သွားပါ၏။ လက်သီး နှစ်ဖက် ဆုပ်ပြီး ချာတိတ်ဆီသို့ ခြေလှမ်း ပြင်လိုက်စဉ်မှာပင် ဘွားခနဲ ကိုလွှမ်းဝေ အလယ်တွင်ဝင်ရပ်ကာ ကျော်ဇေယျကို တားမြစ်စကား ဆိုလိုက်သည်။

'သူ့ခြံထဲမှာဖြစ်နေတယ် ဖိုးကျော်၊ နောက်ပြီး သူဟာ အသက်သိပ်ငယ်တဲ့အပြင် မစွမ်းသန်တဲ့သူ ဖြစ်နေတယ်၊ မင်းကို အမျှားကဲ့ရဲ့ပြီး အမှုထပ်တိုးလာဖို့ ရှိတယ်၊ ဒေါသကို ထိန်းစမ်း ဖိုးကျော်'

ကိုလွှမ်းဝေ၏စကားကို လက်ရှိအခြေအနေအရ ကျော်ဇေယျ လက်ခံလိုက်ပါ၏။ လက်သီးဆုပ်ကို ဖြေလိုက်သည်။

'မင်း မြဲမြဲမှတ်ထားပါ သိုက်သိုက်၊ ငါ့မိန်းမ နှောင်းနှောင်း တစ်ခုခုဖြစ်သွားရင် မင်းကို အသေသတ်မယ်သိလား'

'ရတယ်လေ...သတ်နိုင်သတ်ပေါ့၊ ကျုပ်က သေချင်နေတဲ့ လူပဲ၊ မစွမ်းမသန်ဘဝ ရောက်နေရတဲ့အထဲ ကျုပ်အရမ်း



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားတာတွေ ပျက်သုဉ်းသွားမှတော့ ကျုပ်အဖို့ ဆက်ပြီး အသက်ရှင်နေတာ အဓိပ္ပာယ်မှ မရှိတော့တာဘဲ၊ အခုလဲ ကျုပ်အဖို့ လူမသေသေးပေမယ့် ဘဝ သေသွားပြီ၊ ဒီတော့ လူသေရမှာ ဘယ်ကြောက်တော့မလဲ၊ လုပ်လိုက်လေးဗျာ....သူဦးရင်သူ၊ ကိုယ်ဦးရင် ကိုယ်ပေါ့'

သည်ချာတိတ်၏ စိတ်တို့သည် သာမန် မဟုတ်တော့ပြီ။ ဘာမဆို သေချင်သေပါလိမ့်စေဆိုပြီး လုပ်မည့်သဏ္ဍာန် မျက်နှာတွင် ပေါ်လွင်နေပါ၏။

ကိုလွမ်းဝေက ကျော်ဇေယျကို ဇွတ်အဓမ္မပင် ဆွဲခေါ်လာခဲ့သည်။

*



(၁၀)

ညည်းညည်းညူညူနှင့်ပင် ယောက်ဖကြီး ကိုလွမ်းဝေက သူ့အား အောင်ဘောဂရိပ်ငြိမ်သို့ သူ့ ဖင်မလီယာ ကားဟောင်းလေးနှင့် ပြန်ပို့ပေးပြီး ရွှေမြို့သို့ တကယ် ပြန်သွားတော့သည့် အချိန်မှာ အတော်အတန်ပင် နေစောင်းနေပေပြီ။

သူသည် အောင်ဘောဂရိပ်ငြိမ် အောက်ထပ်တွင် မည်သူ့ကိုမျှ မတွေ့ရသဖြင့် အပေါ်ထပ်သို့ တက်လာခဲ့သည်။

သူ့ အိပ်ခန်းတံခါး ဖွင့်ကြည့်ရာ အခန်းထဲတွင် နှောင်းငယ် ရှိမနေပေ။

သူ အထဲမဝင်တော့ဘဲ တံခါးပြန်ပိတ်ပြီး ဆက်လျှောက်ခဲ့သည်။

အန်ကယ် ဦးစည်သူ လူနာခန်း၏ အပြင်ဘက်တံခါးဝတွင် ကြမ်းပြင်ပေါ်၌ထိုင်ပြီး ကိုဒေဝါနှင့် သားတို့ ကျားထိုးနေသည်ကို သူ တွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'သားသား....မေမေကော'

'မြို့ထဲသွားတယ်၊ ရွှေမင်းသမီး ဟိုတယ်မှာ ညစာစား မလို့တဲ့'

'မေမေ တစ်ယောက်တည်းသွားတာလား'

'ဟုတ်ဘူးဗျ၊ ဦးလှဝင်းမောင်ဆိုတဲ့ လူကြီးနဲ့ မေမေ သွားတာ'

သူသည် ဒေါ်ကြီးကြေးမုံ၏ အခန်းဆီသို့ လျှောက်ခဲ့ပြန် သည်။

ဒေါ်ကြီးကြေးမုံ၏ အခန်းတံခါးဖွင့်ပြီး ဝင်ခဲ့သည်။ ဒေါ်ကြီးကြေးမုံက သူ့အား လိုလိုလားလားပင် ဖိတ်ခေါ် ကြိုဆိုပါ၏။

'ဒေါ်ကြီး....ဒီအခန်းထဲက ဖုန်းနဲ့ပဲ ရွှေမင်းသမီး ဟိုတယ် ကို ဆက်ပေးစမ်းပါ'

'ဆက်ပြီး ဒေါ်ကြီးက ဘာပြောရမှာလဲ'

'နှောင်းငယ်ဟာ ရှေ့နေ ကိုလှဝင်းမောင်နဲ့ အဲဒီ ရွှေမင်း သမီး ဟိုတယ်မှာ ညစာစားဖို့ အစီအစဉ်နဲ့ ထွက်သွားတယ် ဒေါ်ကြီး၊ ကျွန်တော် ဖုန်းခေါ်တာဆိုရင် နှောင်းငယ် လက် ခံပြောမှာ မဟုတ်ဘူး၊ ဒေါ်ကြီး ခေါ်ပေးပါ'

'အင်းလေ....ခေါ်ပေးမှာပေါ့၊ မိနှောင်းကို ဒေါ်ကြီးက ဘာပြောပေးရမှာလဲ'

'နှောင်းငယ်ဆို မခေါ်နဲ့တော့ ဒေါ်ကြီးရာ၊ ကိုလှဝင်း မောင်ကိုသာ ခေါ်ပေးပါ၊ ဟိုတယ် မန်နေဂျာက ကိုလှဝင်း





မောင်ဆိုရင် အလွယ်တကူ ခေါ်ပေးမယ် ထင်တယ်၊ ကိုလှ ဝင်းမောင် လာကိုင်ရင် ကျွန်တော် ဖုန်းပြောပါ့မယ်'

ဒေါ်ကြီး ကြေးမုံက ရွှေမင်းသမီး ဟိုတယ်၏ ဂဏန်းကို လှည့်ပြီး ခေါ်လိုက်ပါ၏။

'ရော့....ရပြီ၊ လှဝင်းမောင်ကို ခေါ်ခိုင်းလိုက်ပြီလို့ မန် နေဂျာက ပြောတယ်'

ကျော်ဇေယျ ဖုန်းကို ဒေါ်ကြီးလက်မှယူပြီး နားတွင်ကပ် ထားလိုက်သည်။

'အဲ....ကိုလှဝင်းမောင်လား၊ ကျွန်တော် ကျော်ဇေယျပါ၊ ကဲ....တိုတိုနဲ့ လိုရင်းပဲပြောမယ်၊ ကိစ္စက နှောင်းငယ့်အတွက် သိပ်အရေးကြီးနေလို့၊ နှောင်းငယ်မှာ အန္တရာယ်ရှိနေတယ် ကိုလှဝင်းမောင်၊ အသေလုပ်ကြံမယ့် အန္တရာယ်မျိုး'

'ဟုတ်ပါ့မလား ကိုကျော်ဇေယျ'

'နှောင်းငယ်ဟာ ခင်ဗျားနဲ့အတူ ရှိနေတာပဲဗျာ၊ ဖုန်း ပြောပြီးရင် နှောင်းငယ်ကို မေးကြည့်ပေါ့'

'ဘယ်လိုများ နှောင်းမှာ အသက်ဘေးအထိ အန္တရာယ် ရှိနေတာလဲဗျာ'

ကျော်ဇေယျက ရွှေမြို့မှ သိုက်သိုက်အကြောင်းကို ခရေ စေ့တွင်းကျ အသေးစိတ် အားလုံးပြောပြလိုက်ပါ၏။

ကျော်ဇေယျ၏ ပြောပြချက်မှာ ဂဃနဏတွေ ရှိနေသဖြင့် ကိုလှဝင်းမောင်က ယုံကြည်လက်ခံပုံ ရပါ၏။

www.burmeseclassic.com



'ဒါဆိုလဲ ကိုကျော်ဇေယျ အောင်ဘောဂ ရိပ်ငြိမ်ကပဲ စောင့်ဗျာ၊ ကျွန်တော် နှောင်းနဲ့အတူ ပြန်လာခဲ့ပါ့မယ်။ အဲ...တစ်ခုတော့ ရှိတယ်နော်၊ နှောင်းဟာ လောလောဆယ်မှာတော့ ကိုကျော်ဇေယျအပေါ်မှာ တော်တော်တော်ကြီးကို စိတ်ပြင်းထန်နေတယ်၊ နှောင်းနဲ့ ခင်ဗျားတွေ့ရင် စိတ်မချမ်းသာစရာတွေ ဖြစ်ကြမှာကို ကျွန်တော်က တင်ကြိုပြီး ကိုကျော်ဇေယျကို ပြောတဲ့သဘောပါ၊ နှောင်း ကျေနပ်သွားနိုင်လောက်တဲ့ အကြောင်းအရာနဲ့ စကားလုံးတွေ တင်ကြိုစဉ်းစားထားနိုင်ဖို့ပါ'

'အဲဒါတော့မပူနဲ့ ကိုလှဝင်းမောင်၊ ကျွန်တော့် အဖို့ကတော့ အရာရာကို စွန့်လွှတ်တော့မယ့်ဆိုတဲ့ ခံယူချက် ရယူထားပြီးသားပါ၊ ကျွန်တော် ဘာပဲ ဖြစ်သွား ဖြစ်သွား ကိစ္စမရှိပါဘူး၊ အရေးကြီးတာက နှောင်းငယ်မှာ အန္တရာယ်မရှိစေဖို့သာ အဓိကပါ'

ထိုမျှသာပြောပြီး ဖုန်းကို ဒေါ်ကြီး၏စားပွဲ သူ့နေရာမှာပင် ပြန်ချထားလိုက်ပါ၏။

'ဘာတွယ်...အရာရာကို စွန့်တော့မယ်ဆိုတဲ့ ခံယူချက်ဟုတ်လား ကျော်ဇေယျ'

ကျော်ဇေယျက ဘာမျှ ပြန်မဖြေပေ။

'မင်းက လူနာကြီး မောင်စည်သူ၊ အရွယ် ရင့်နေတဲ့ ဒေါ်ကြီး၊ သိပ်သောကရောက်နေတဲ့ မိနှောင်း၊ ကြိုလို့သေးကွေးနေတဲ့ တူးတူး၊ အဲဒါတွေကို စွန့်ခွာပြီး အောင်ဘောဂ-





ရိပ်ငြိမ်က ထွက်သွားမတဲ့လား၊ အင်း...မင်း ဒီလိုသာ ထွက်သွားရင်တော့ ဝဏ္ဏလက်ထဲမှာ တို့တစ်တွေ သွန်လိုသွန်၊ သောက်လိုသောက်၊ မှောက်လိုမှောက်ဆိုတဲ့ကိန်းတွေ ဆိုက်သွားမှာပေါ့၊ မင်းစဉ်းစားပါ ကျော်ဇေယျ၊ ကျုန်စစ်သားက စောလူးကို ပစ်ထားခဲ့တာမျိုး တို့များအားလုံးကို ပစ်ထားခဲ့လို့ ကောင်းပါ့မလားဆိုတာ၊ အောင်ဘောဂရိပ်ငြိမ်ကြီးမှာ ဝဏ္ဏကို တားဆီးပြီး လုပ်ငန်းတွေ ပြန်တည့်မတ်အောင်လုပ်နိုင်တဲ့လူဟာ ရှားရှားပါးပါး တစ်ယောက်တည်း ရှိတယ်၊ အဲဒီရှားရှားပါးပါး တစ်ယောက်ဆိုတာ မင်းပဲ ကျော်ဇေယျ'

ဒေါ်ကြီးကြေးမုံ၏ ပြောပြချက်မှာ သူ၏ရင်ကို လှိုက်ဖိုမောဟိုက်စေပါ၏။ စိတ်ကို ထိခိုက်စေပါ၏။

တစ်ဆက်တည်းမှာပင် စက်ရုံနှင့် အခြား လုပ်ငန်းတွေ ရောင်းချရေး၌ အန်ကယ် စည်သူ၏ သဘောဆန္ဒအတိုင်း ပြန်ဖြေကြားပါမည်ဟု အလုပ်သမားခေါင်းဆောင် နှစ်ဦးအား ကတိပေးခဲ့သည်ကို သူ ပြန်ပြီး သတိရလာစေသည်။

သတိရလိုက်သည်နှင့် သူသည် အောင်ဘောဂရိပ်ငြိမ်ကို မစွန့်ခွာမီ အန်ကယ် ဦးစည်သူနှင့် ပတ်သက်ပြီး သူသင့်မြင်သော ကိစ္စတစ်ခုကို လက်တွေ့စမ်းသပ်ကြည့်သွားရန် ဆုံးဖြတ်လိုက်သည်။

'ဒေါ်ကြီး...ကျွန်တော် အန်ကယ့်ကို ခဏဝင်ကြည့်မလို့၊ အပေါက်ဝမှာ ကိုဒေဝါနဲ့သားသား ကျားထိုးနေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ကိုဒေဝါကို အန်ကယ့်အခန်းထဲ ကျွန်တော်ရှိနေတုန်း သူ ဝင်မလာအောင် ဒေါ်ကြီးက တစ်ခုခုနဲ့ ဟန့်တားထား ပေးပါ'

'ဒါက ရပါတယ်၊ မင်းက မောင်စည်သူနဲ့ပတ်သက်ပြီး ဘာလုပ်ချင်လို့လဲ'

'ကျွန်တော် အန်ကယ်နဲ့ ကြိုးစားဆက်သွယ်ကြည့်ချင်လို့ အန်ကယ်ဟာ သူ့ရင်ထဲမှာ သိတာတွေရော၊ ရှိတာတွေ ရော ကျွန်တော့်ကို ဖော်ထုတ်ပြချင်နေတယ်လို့ ကျွန်တော် ယူဆတယ်'

'သိပ်ကောင်းတာပေါ့ ကျော်ဇေယျ၊ မောင်စည်သူသာ တို့များကို ပြန်ဆက်သွယ်လာနိုင်ရင် အောင့်ဘောဂရိပ်မြုံ ရဲ့ ယိမ်းယိုင်နေတဲ့ အခြေအနေတွေဟာ ပြန်ကောင်းလာနိုင် တာပေါ့၊ လုပ်...လုပ်၊ ဒေဝါကို ငါ တစ်ခုခုအကြောင်းနဲ့ ဟန့်တားပေးထားမယ်'

ဒေါ်ကြီးထွက်သွားပြီး မိနစ်ပိုင်းအတွင်းမှာပင် ဒေဝါနှင့် သားသားကို အောက်ထပ်သို့ ရောက်သွားစေပါ၏။ ထို သော ဒေါ်ကြီး မဟုတ်ပါပေ။

ကျော်ဇေယျသည် ဦးစည်သူ လူနာခန်းထဲသို့ ဝင်ရောက် လာခဲ့သည်။ ဦးစည်သူ၏ မျက်စိသူငယ်အိမ် စူးစိုက်ရာတည့် တည့်တွင် သူရပ်လိုက်သည်။

'အန်ကယ်...ကျွန်တော် အန်ကယ်နဲ့ ဆက်သွယ်ချင်လို့ သူတို့အားလုံးက အန်ကယ့်ကို မျက်စိမမြင်တော့ဘူး၊ နား





မကြားတော့ဘူး၊ ဆွံ့အနေတယ်လို့ ယူဆကြတယ်၊ ကျွန် တော်ကတော့ အန်ကယ်ဟာ စကားမပြောနိုင်တာကလွဲပြီး မျက်စိက မြင်သေးတယ်၊ နားကကြားသေးတယ်လို့ ထင် တယ်၊ ဘာသို့လဲဆိုတော့ ကျွန်တော့်ကို အန်ကယ် လက် မြှောက်ပြုထား နှစ်ခါမြင်လို့ပဲ'

ဦးစည်သူ၏ မျက်စိသူငယ်အိမ်သည် နေရာမရွေ့ဘဲ သူ့ ကိုသာ စိုက်ကြည့်နေပါ၏။

'အခု အန်ကယ် ကျွန်တော့်ကို မြင်တယ်၊ ကျွန်တော် ပြောတာတွေကြားတယ်ဆိုရင် ဟိုတစ်ခါက လက်မြှောက် ပြသလိုပြပါ အန်ကယ်'

ပြောပြီး ကျော်ဇေယျက စောင့်ကြည့်သည်။

ချက်ချင်းကြီးတော့ ဆိုးခနဲဆတ်ခနဲ လက်မြှောက်မလာ ပေ။ သို့သော် အန်ကယ်၏လက်ယာလက်သည် တလှုပ်လှုပ် ဖြစ်လာပြီး အတန်ကြာမှ လက်သည် အပေါ်သို့ တစ်ပေ နီးပါးအထိ မြှောက်တက်လာပြီး ပြန်ကျသွားတော့သည်။

မိမိပြောသည်ကိုကြားပြီး မိမိကို မြင်သောကြောင့် လက် မြှောက်လာခြင်းပေလား သို့မဟုတ် တိုက်ဆိုင်မှုပေလား တော့ မပြောတတ်။ ဦးစည်သူသည် သူ၏စကားအဆုံး၌ လက်မြှောက်လာသည်ကိုတော့ တွေ့ရသည်။

သို့တစေ....

အန်ကယ့်အတွက် လက်မြှောက် ပြရသည်မှာ လွန်စွာ ဝင်ပန်းကြီးစွာ လုပ်ရသကဲ့သို့ရှိမှန်း ကျော်ဇေယျ သတိထား မြင်မိသည်။ စကားများများပြောပြီး အန်ကယ်ဦးစည်သူ



www.burmeseclassic.com

www.burmeseclassic.com



ထံမှ လက်မြှောက်ပြခြင်းကို များများတောင်းခံလျှင် အန်ကယ် အကြိမ်ကြိမ် လက်မြှောက်ပြရန် မတတ်နိုင်ဟု ကျော်ဇေယျ ယူဆသည်။

ကျော်ဇေယျ နောက်တစ်နည်းသုံးပြန်သည်။

သူ၏ လက်ဖဝါးကို ဦးစည်သူ၏ လက်ယာလက်ချောင်းလေးများဖြင့် ထိတွေ့ပေးထားလိုက်သည်။

'အန်ကယ်....အန်ကယ် လက်မြှောက်ပြရတာ သိပ်ပင်ပန်းပုံရတယ်၊ နောက်ထပ် လက်မမြှောက်နဲ့တော့၊ ကျွန်တော့်လက်ဖဝါးကို အန်ကယ်ရဲ့ ညာလက်ချောင်းလေးနဲ့ ထိထားပေးတယ်၊ ကျွန်တော်က အန်ကယ့်ကို မေးစရာမေးခွန်းမေးမယ်၊ အန်ကယ်က ဟုတ်ဘယ်ဆိုရင် ကျွန်တော့်လက်ဖဝါးကို နှစ်ကြိမ်ကုတ်ပါ၊ မဟုတ်ဘူးဆိုရင် တစ်ကြိမ်တည်းကုတ်ပြပါနော်၊ ကဲ....အခု လက်ရှိအခြေအနေမှာ ကျွန်တော်ဒီ အောင်ဘောဂရိပ်ငြိမ်ကြီးက ထွက်သွားရမလို ဖြစ်နေပြီ၊ အဲဒါ ကျွန်တော်ထွက်သွားတာကို အန်ကယ် သဘောတူရင် တစ်ကြိမ် ကုတ်ပြပြီး သဘောမတူရင် နှစ်ကြိမ် ကုတ်ပြပါ အန်ကယ်'

ဦးစည်သူ၏ လက်ညှိုးလေးသည် ကျော်ဇေယျ၏ လက်ဖဝါးကို နှစ်ကြိမ်နှစ်ခါ ကုတ်ပြလိုက်လေ၏။ နေမကောင်းသဖြင့် လက်သည်းမညှပ်သောကြောင့် သူ့လက်ဖဝါးလက်သည်းဖြင့် ကုတ်ပြသည်မှာ သိသိသာသာကြီး ရှိစေ၏။

ကျော်ဇေယျ တအားကြီး ဝမ်းသာသွားပါ၏။





'ဒီမယ်....အန်ကယ်၊ ကိုဝဏ္ဏက စက်ရုံနဲ့ တခြားလုပ်ငန်းတွေကိုပါရောင်းချင်နေပါတယ်၊ အခုလောလောဆယ် စက်ရုံတစ်ခုတည်း ရောင်းရင် သိန်းတစ်ရာ့နှစ်ဆယ် ဝယ်သူရှိနေပါတယ်၊ အဲဒါ အောင်ဘောဂစက်ရုံကိုရောင်းဖို့ အန်ကယ်သဘောတူရင် တစ်ကြိမ်ကုတ်ပါ၊ သဘောမတူရင် နှစ်ကြိမ်ကုတ်ပါ အန်ကယ်'

သိသိသာသာကြီးပင် နှစ်ကြိမ်ကုတ်ပြပါ၏။

ဒါဆို သေချာပြီ။ အန်ကယ်ဦးစည်သူသည် မျက်စိလည်းမြင်သည်။ နားလည်းကြားသည်။

'ကျွန်တော့်ကို ကိုဝဏ္ဏက လုပ်ငန်းတွေမှာ ဘေးဖယ်ထားပါတယ်၊ အဲဒါ အန်ကယ်သဘောတူပါသလား'

နှစ်ကြိမ်တိတိကို ပြင်းပြင်းထန်ထန်ပင် ကုတ်ပြပြန်ပါ၏။

အန်ကယ်ဦးစည်သူသည် စကားမပြောနိုင်တဲ့အသည်မှာ မှန်သည်။ ခြေတွေလက်တွေ သေနေသည်မှာလည်း မှန်သည်။

သို့သော် မျက်စိမြင်ပြီး နားက ကြားနေသောကြောင့် အိမ်သူအိမ်သားတွေ သူ့အခန်းထဲဝင်ပြီး သူ့အား မမြင်မကြားဟု ယူဆပြီး သူ့ရှေ့တွင် ပြောဆိုသမျှကို သူ ကြားနေရသည်၊ မြင်နေရသည်။ ထို့ကြောင့် အောင်ဘောဂရိပ်ငြိမ်တွင် ဖြစ်ပျက်နေသော အခြေအနေကို အန်ကယ် သိသင့်သလောက် သိနေသည်။

သိစေ ကြားစေ မြင်စေကာမူလည်း ဆွံ့အပြီး ခြေတွေလက်တွေ လှုပ်မရသောကြောင့် အန်ကယ့်ခမျာ ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်နည်း။ စိတ်ဆင်းရဲစွာဖြင့်ပင် မြင့်နေ ကြားနေရရှာပါ၏။

ယခု ကျော်ဇေယျ၏ စမ်းသပ်မှု အောင်မြင်သွားသော အခါ လူမှာ ဦးစည်သူ၏ မျက်နှာမှာ သွေးရောင်လွှမ်းပြီး ဝင်းပလာသည်ဟုပင် ထင်ရပါ၏။

ကျော်ဇေယျကိုယ်တိုင်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။

'ကျွန်တော်သွားဦးမယ် အန်ကယ်၊ အန်ကယ် စိတ်ချမ်းသာအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်'

နှုတ်ဆက်ပြီး ကျော်ဇေယျသည် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

*



(၁၁)

စိမ်းပြီဆိုတော့လည်း နှောင်းငယ်သည် တကာယ်ကို သူ့ အပေါ်တွင် သူစိမ်းပြင်ပြင်ကြီး အသွင် ရှိနေပါပြီလား။

ကိုလှဝင်းမောင်နှင့်တွဲပြီး အိမ်ထဲသို့ နှောင်းငယ် ဝင်လာသည်။

နှောင်းငယ်သည် ကျော်ဇေယျကို လုံးဝမကြည့်ပေ။ မျက်နှာ တမင်လွှဲထားသည်။

နှောင်းငယ်သည် တအားကြီးကို ငိုထားခဲ့မှန်း ထင်ရှားသည်။ နှာသီးထိပ် ရဲရဲနီနေသည်။ မျက်ခွံတွေ မို့တက်နေသည်။အပေါ်အောက် နှုတ်ခမ်းစုံ ထူအန်းနေသည်။ နားရွက်တွေ နီနေသည်။

ဩော်....မျက်ကွယ်အရပ်တွင် ကိုယ်သိပ်ချစ်ရသော လင်သားက အခြားတစ်ပါးသော မိန်းမနှင့် ကြည်မွေ့ခဲ့မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိရသော် အဘယ်အမျိုးသမီးသည် လင်သားကို စိတ်မဆိုးဘဲ နေပါမည်နည်း။ ရင်နှစ်ခြမ်းကွဲအောင် မငိုဘဲ အဘယ်မှာ လျှင် နေချိမ့်မည်နည်း။

နှောင်းငယ်လေးကို အပြစ်မတင်လိုပါလေ။

မိမိကိုယ်ကိုသာ ညှိုးမိနှင့်ပတ်သက်ပြီး ဘာကိုမှ ရေရေလည်လည် ဂဃနဏ ရှင်းမပြနိုင်ခြင်းကို အပြစ်တင်မိသည်။

ဘယ့်နှယ်လုပ်မလဲ၊ ဘာကိုမှ မမှတ်မိတော့လည်း ဘယ်လို ရှင်းပြတတ်မည်တဲ့လဲ။ သူက အပြစ်ရှိထားသလို ဖြစ်နေသည် ကြောင့်သာမကဘဲ အလျှော့ပေးသောစိတ်ဖြင့် နှောင်းငယ်ကို စတင်ခေါ်ငင်၊ စကားပြောပါ၏။

'နှောင်းငယ်....မောင် ပြောစရာတွေရှိတယ်၊ အပေါ်ထပ်ကို ခဏလိုက်ခဲ့ပါလား'

'လုံးဝမလိုဘူး၊ ပြောစရာရှိရင် တရားဝင် ရှေ့နေကိုလှ စင်းမောင်ရယ်၊ အစ်ကိုဝဏ္ဏရယ်၊ ဒေါ်ကြီးရယ်ရှေ့မှာ ပြော၊ ဒါပဲ'

'ကောင်းပြီလေ၊ ရှေ့မှာပြောဆိုလဲ ပြောပါတယ်၊ မှန်တာပြောမယ်၊ မောင်ဟာ ဘာတွေဖြစ်ခဲ့မှန်း မောင့်ဟာ မောင် လုံးဝမမှတ်မိတဲ့ အခြေအနေမှာ ရှိနေတယ်'

'တော်စမ်းပါ၊ ကိုလှဝင်းမောင်ကလဲ ဒီစကားပြောပါတယ်၊ ရှင်ဟာ အတိတ်ကိုမေ့နေတယ်တဲ့၊ မိုးကြိုးပစ်တာကို ထန်းလက်ကာတဲ့ စကားမျိုးပါ၊ ကိုယ့်အပြစ်ကို ကာကွယ်ဖို့ ထွင်လုံး၊ မုန်လာဥစကားတွေပါ'





သူ ဘာဆက်ပြောရမှန်း မသိသဖြင့် သက်ပြင်းသာချမိတော့သည်။

ကိုဝဏ္ဏထံမှ ရယ်သံထွက်လာသည်။ လှောင်ရယ် ပြောင်ရယ်သံဖြစ်ပါ၏။

နှောင်းငယ်အပေါ်တွင် သူ အရေးနိမ့်သွားပြီကို တမင် ရယ်ပြခြင်း ဖြစ်ပေသည်။

ကျော်ဇေယျက ဘာကိုမှ မမှုတော့ပြီ။ နောက်ဆုံး အန်ကယ် ဦးစည်သူ၏ သဘောထားတွေကို ရှေ့နေ ကိုလှဝင်းမောင်၊ ဒေါက်တာကြီး ဦးသိုက်စိုး၊ ဒေါ်ကြီး ကြေးမုံနှင့် နှောင်းငယ်ရှေ့တွင် တရားဝင် လက်တွေ့ပြသပြီးလျှင် သူ အောင်ဘောဂရိပ်မြိုမ်မှ အပြီးထွက်ရန်ကိုသာ ထားမိဆုံးဖြတ်တော့သည်။

ယခု အန်ကယ်ဦးစည်သူ၏ သဘောဆန္ဒတွေကို တရားဝင် ထုတ်ဖော်ပြလိုသည်မှာလည်း အောင်ဘောဂရိပ်မြိုမ်ကြီး၏ မပြိုကွဲရေးအတွက် ရှေးရှုသော စေတနာသက်သက်သာ ဖြစ်ပါ၏။

'ကောင်းပြီလေ.... မောင့်အနေနဲ့ နှောင်းငယ်ကို ဘယ်လောက်ပဲ ချစ်ချစ် ဖြစ်လာတဲ့အပြစ်တွေကို မောင် ဘာမှ မမှတ်မိတော့ ဘာမှ ရှင်းမပြတတ်ဘူး၊ အဲဒီလို မမှတ်မိလို့ မရှင်းပြနိုင်တဲ့ အတွက်ကြောင့်ပဲ တရားဥပဒေက မောင့်ကို အဆုံးစွန်သောအပြစ်ဒဏ် သတ်မှတ်ချင်လဲ သတ်မှတ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ မောင်ကလဲ ဘာမဆို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီး ပါပြီ'

နှောင်းနှောင်း ငိုင်သွားသည်။ တွေဝေသွားသည်။ ကိုယ် သိပ်ချစ်ရပါသောလင်က ကိုယ့်အား သိပ်ချစ်တယ်ပြောခြင်း သည် အကြိမ်ပေါင်း ရာထောင်တိုင်အောင်ပြောပါစေ ကိုယ့် အဖို့ နှစ်ခြိုက် သဘောကျရသည်သာ။ ယခုလည်း သူက နှောင်းငယ်ကို ဘယ်လောက်ပဲ ချစ်ချစ်ဟု ပြောခြင်းမှာ အတိုင်းအဆမရှိ ချစ်ပါသည်ဟု ပြောသည့် အဓိပ္ပာယ်ပင် သက်ရောက်သောကြောင့် နှောင်း ငိုင်သွားခြင်း ဖြစ်ပါ၏။

'ကဲ....ဒေါ်ကြီးကြေးမုံ၊ ကျေးဇူးပြုပြီး ဒေါက်တာကြီး ဦးသိုက်စိုးကို ဖုန်းဆက်ခေါ်ပေးပါ၊ သူကသာ သူ့ကုသထားတဲ့ လူနာရဲ့ တိုးတက်မှုကို မြင်စေချင်တာရော၊ ခိုင်မာတဲ့ပုဂ္ဂိုလ်ကြီး ရှေ့မှောက်မှာ အဖြစ်မှန်တွေ ပိုပြီးတရားဝင်စေချင်တာရော ကြောင့် ဆရာကြီးကို ပင့်ရတာပါ'

ဒေါ်ကြီးကြေးမုံက ကျော်ဇေယျပြောသည်ကို တစ်သဝေ မတိမ်း ဆောင်ရွက်ချင်သူ ဖြစ်ပါ၏။ ဖုန်းဆီသို့ ထသွားလေ သည်။

'ကိုယ့်အခြေအနေ ဆိုးဆိုးရွားရွားမရောက်ခင် နှောင်း ငယ်တို့ အောင်ဘောဂရိပ်မြိုင်ကြီးမှာ ဖြစ်နေသမျှ အမှန်ဆုံး ဖြစ်အောင် ကိုယ်လုပ်ပေးခဲ့မယ်'

သူက သူ့ကိုယ်သူ မောင်ဟုပင် မပြောပါလေတော့။ အင်မတန် ဓယဘုယျဆန်သော ကိုယ်ဆိုသည့် အသုံးအနှုန်း





ကို ပြောင်းလဲသုံးလိုက်သည်ကို သတိထားမိသောနှောင်းမှာ ဒေါသဖြစ်ရမလိုလို၊ ဝမ်းနည်းရမလိုလို ခံစားရပါ၏။

'အထူးသဖြင့် ဟောဒီအောင်ဘောဂရိပ်မြိုင်ကြီးရဲ့ အကြီး အကဲ အရှင်သခင် အန်ကယ်ဦးစည်သူဟာ ဘယ်လိုသေဘော ထားပဲ ရှိနေတယ်ဆိုတာ တရားဝင် တရားရုံးရှေ့နေ ကို လှဝင်းမောင်ရှေ့မှာပဲ တရားဝင်ပြခဲ့မယ်၊ ကဲ....အားလုံးပဲ ဆရာကြီးဦးသိုက်စိုးလာရင် အန်ကယ် ဦးစည်သူ့ အခန်းကို သွားကြဖို့ အဆင်သင့်ပြင်ထားပါ'

ချက်ချင်းကြီးဆိုသလိုပင် ဆရာဝန်ကြီးဦးသိုက်စိုး သူ့ ကားနှင့်ရောက်လာသဖြင့် အားလုံး လူနာဦးစည်သူအိပ်ခန်း သို့ သွားရန် ထကြသည်။

'ဒီမယ် လုပ်မနေနဲ့ ကျော်ဇေယျ၊ မင်းက လူကြီးတွေရှေ့ မှာ ထွင်လုံး ထပ်သွင်းနေပြန်ပြီ၊ တကယ်တော့ ကိုယ်တွေ၊ လက်တွေ၊ ခြေတွေ အားလုံးသေနေပြီး မျက်စိမမြင်၊ နား မကြား၊ စကားမပြော၊ မလှုပ်ရှားနိုင်တော့တဲ့ ဖေဖေက သူ့ရင်ထဲမှာရှိတာ ဘယ်လိုဖော်ထုတ်နိုင်မှာလဲ'

'ခင်ဗျားမှားနေပြီ ကိုဝဏ္ဏ၊ ခင်ဗျားဖေဖေဟာ နားလဲ ကြားတယ်၊ မျက်စိလဲမြင်တယ်၊ လက်တစ်ဖက်တောင် အပေါ် ကို တစ်မိုက်မက, တစ်ထွာနီးပါး မြှောက်နိုင်နေပြီ'

'အလကား အပိုတွေ၊ ထွင်လုံးတွေ'

ဒေါ်ကြီးကြေးမုံက ဝင်ပြောပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'အလကား အပိုတွေ၊ ထွင်လုံးတွေ ဖြစ်ချင်လဲဖြစ်မှာပေါ့၊ ဒါပေမယ့် ဆရာဝန်ကြီးရှေ့မှာရော၊ ရှေ့နေ လှဝင်းမောင် ရှေ့မှာပါ မျက်မြင်သက်သေ တရားဝင်စမ်းကြည့်မယ်ဆိုတာကတော့ အင်မတန် စမ်းကြည့်သင့်တာပေါ့၊ မဟုတ်ဘူးလား လှဝင်းမောင်၊ မဟုတ်ဘူးလား ဆရာဝန်ကြီး'

ဆရာဝန်ကြီး ဦးသိုက်စိုးကရော လှဝင်းမောင်ကပါ ခေါင်းညိတ်ပြသဖြင့် အားလုံးလူနာရှိရာ အပေါ်ထပ်ခန်းသို့ တက်ရောက်လာခဲ့သည်။

ကိုဝဏ္ဏက အရက်သောက်ရင်း ကျန်ခဲ့ပါ၏။

ကျော်ဇေယျကပင် လှဝင်းမောင်၏ လက်ဖဝါးကို ဦးစည်သူ၏ ညာဘက်လက်ချောင်းလေးများနှင့် တွေ့ပေးထားလိုက်သည်။

အားလုံးသည် လှဝင်းမောင်၏လက်ဖဝါးနှင့် ဦးစည်သူ၏ လက်ချောင်းကိုသာ အာရုံစိုက်ကြည့်နေကြသည်။

ကျော်ဇေယျကပင် ဦးစည်သူ၏နားသို့ကပ်ကာ ပထမဆုံး ပြောလိုက်ပါ၏။

'ကဲ....အန်ကယ်၊ အန်ကယ်ဟာ မျက်စိမြင်တယ်၊ နားကြားတယ်၊ ညာဘက်လက် လှုပ်ရှားနိုင်တယ်ဆိုတာ ဟောဒီက ရှေ့နေကိုလှဝင်းမောင်၊ ဆရာဝန်ကြီး ဦးသိုက်စိုးတို့ ရှေ့မှောက်မှာပဲ တရားဝင် ခေါ်ယူပြီးပြသတာပါ၊ အန်ကယ့်ရဲ့ စိတ်ဆန္ဒ ဘယ်လိုရှိတယ်ဆိုတာလဲ တရားဝင် အားလုံး အသိ





အမှတ်ပြုဖို့ပါ၊ အဲဒီတော့ ကျွန်တော်က မေးခွန်းတွေ မေးမယ်၊ မေးခွန်းအပေါ်မှာ အန်ကယ်သဘောတူလက်ခံတယ်ဆိုရင် ကိုလှဝင်းမောင်ရဲ့လက်ဖဝါးနဲ့ အန်ကယ့်ရဲ့ညာဘက်လက်ချောင်း ဆက်သွယ်မှုပေးထားပါတယ်၊ သဘောတူရင် ကိုလှဝင်းမောင်ရဲ့လက်ကို အန်ကယ်က နှစ်ချက်ကုတ်ပြပါ၊ သဘောမတူရင် တစ်ချက်ပဲကုတ်ပြပါနော်၊ ကဲ...ပထမဆုံး ကျွန်တော်မေးမယ်၊ အန်ကယ် အိပ်ရာထဲလဲနေကတည်းက စက်ရုံနဲ့ခြံကို အန်ကယ့်ရဲ့သား ကိုဝဏ္ဏက ဦးစီးလုပ်နေတာကို အန်ကယ်သိတယ်ဆိုရင် နှစ်ချက်ကုတ်ပါ၊ မသိဘူးဆိုရင် တစ်ချက်တည်းကုတ်ပါ အန်ကယ်'

ဦးစည်သူ၏ ညာဘက်လက်ညှိုးသည် ကိုလှဝင်းမောင်၏ လက်ဖဝါးကို နှစ်ချက်တိတိ ကုတ်ခြစ်လိုက်ပါ၏။

'ဟဲ့....သိတယ်တဲ့၊ မောင်စည်သူ နှစ်ချက်ကုတ်ခြစ်ပြတာ ငါမြင်တယ်'

ဒေါ်ကြီးကြေးမုံက ဝမ်းသာအားရ ကျယ်လောင်စွာ ပြောလိုက်သည်ကို လက်ဖဝါး အကုတ်ခြစ်ခံရသော ကိုလှဝင်းမောင်က ပြုံးပြီး ခေါင်းညိတ်ပါ၏။ နှောင်းကိုယ်တိုင်လည်း မြင်ရသဖြင့် သိပ်စိတ်ဝင်စားသွားပေသည်။

ကျော်ဇေယျက ဆက်မေးသည်။

'လက်ရှိ စက်ရုံနဲ့ တခြားလုပ်ငန်းတွေအပေါ်မှာ အမြတ်ရှိတယ်၊ အရှုံးရှိတယ်ဆိုတာ အန်ကယ် ဘယ်လိုသိနေသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မြတ်မှန်းသိရင် နှစ်ခါကုတ်ခြစ်ပါ၊ ရှုံးမှန်းသိရင် တစ်ခါပဲ ကုတ်ခြစ်ပါ အန်ကယ်'

'ဟော့…ကျော်၊ ငါကန့်ကွက်တယ်၊ ဒီမေးခွန်းကို မေးစရာ မလိုဘူး'

ဘယ်အချိန်က ရောက်လာမှန်း မသိသော ကိုဝဏ္ဏက အော်ပြီး ကန့်ကွက်စကား ပြောလိုက်သည်။

ကိုလှဝင်းမောင်ကရော၊ ဆရာဝန်ကြီး ဦးသိုက်စိုးကရော ကိုဝဏ္ဏအား လက်ဝါးကာပြလိုက်သည်။ အဓိပ္ပာယ်မှာ ယခု လုပ်နေသည်မှာ မျက်မြင်သက်သေလူကြီးများရှေ့တွင် တရားဝင်လုပ်နေသောကြောင့် ကန့်ကွက်စရာ မရှိကြောင်း အဓိပ္ပာယ် သက်ရောက်ပါ၏။

ဒေါ်ကြီးနှင့် နှောင်းကလည်း ကိုဝဏ္ဏ ကန့်ကွက်စကားကို ဂရုမထားဘဲ ဦးစည်သူ၏ လက်ချောင်းကိုသာ အာရုံစိုက်ကြည့်နေကြသည်။

ဦးစည်သူ၏ လက်ညှိုးသည် ကိုလှဝင်းမောင်၏ လက်ဖဝါးကို တစ်ချက်တည်းသာလျှင် တို့ထိကုတ်ခြစ်လိုက်ပါ၏။

ကိုလှဝင်းမောင်က အားလုံးဘက်သို့ လှည့်ပြီး ပြန်ပြောလိုက်သည်။

'အရှုံးပေါ်နေမှန်း အန်ကယ် သိတယ်တဲ့'

ဆရာဝန်ကြီး ဦးသိုက်စိုးသည် စေတနာဖြင့် ကုသပေးနေသော သူငယ်ချင်းလူနာ ရောဂါအခြေအနေ တိုးတက်





လာသည်ကို တွေ့ရသဖြင့် အားရကျေနပ်ဝမ်းမြောက်သော အသွင် ရှိနေပါ၏။

ကျော်ဇေယျာက အများ အားလုံးရှေ့မှာပင် မေးခွန်း ဆက်၍မေးသည်။

'အခု စက်ရုံကို ကာလပေါက်ဈေး အမြင့်ဆုံးတန်ကြေးနဲ့ ဝယ်ချင်တဲ့သူ ရှိနေပါတယ် အန်ကယ်၊ စက်ရုံကိုရောင်းဖို့ အန်ကယ် သဘောတူရင် ကိုလှဝင်းမောင်ရဲ့ လက်ဖဝါးကို တို့ဝမထိပါနဲ့၊ မကုတ်ခြစ်ပါနဲ့၊ အန်ကယ် သဘောမတူဘူး ဆိုရင်တော့ ကိုလှဝင်းမောင်ရဲ့ လက်ဖဝါးကို သုံးကြိမ်သုံး ခါထိပါ၊ ကုတ်ခြစ်ပါ အန်ကယ်'

အားလုံးသည် စိတ်ဝင်စားစွာဖြင့် မျက်တောင်မခတ်ဘဲ ဦးစည်သူ၏လက်ချောင်းကို စိုက်ကြည့်နေကြပါ၏။

တစ်ခါ၊ နှစ်ခါ၊ သုံးခါ။

'ဟာ…သဘောမတူဘူးတဲ့၊ ကြည့်စမ်း… သုံးကြိမ်သုံးခါ ကြီးတောင် သိသိသာသာ တို့ပြီ ကုတ်ခြစ်ပြတယ်ဟေ့'

ဟု ဒေါ်ကြီးကြေးမုံကပင် ဝမ်းသာအားရ အော်ပြော လိုက်ပေတော့သည်။

ကိုဝဏ္ဏသည် အတင်းတိုးကာ ဦးစည်သူအနီးသို့ ချောက် လာသည်။

'ဒီမယ် ဖေဖေ၊ ဖေဖေက ဖေဖေ့သမက်ကို သားအရင်း အနေ့တော်ထက် ပိုပြီးအားကိုးနေတုန်းပဲလား၊ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျဦးစီးပြီးလုပ်ရင် အကျိုးအမြတ်တွေရှိလာမယ်လို့ ဖေဖေ မျှော်လင့်နေတယ် မဟုတ်လား၊ ဝေးသေး ဖေဖေ၊ ဒီကောင် ကျော်ဇေယျကို မကြာခင် ရဲတွေက ဖမ်းတော့မှာ၊ ဒီကောင် ရှုပ်ရှုပ်ယှက်ယှက်လုပ်ခဲ့တဲ့ ညှို့မီဆိုတဲ့ ကောင်မလေး သေသွားတယ်၊ သေတာမှရိုးရိုးသေတာ မဟုတ်ဘူး၊ ကောင်မလေးရဲ့ဗိုက်ထဲမှာ ကိုယ်ဝန်သုံးလသား ရှိနေတယ်တဲ့၊ အားလုံးက ဒီကိုယ်ဝန်ဟာ ကျော်ဇေယျနဲ့ ရတဲ့ ကိုယ်ဝန်ပဲ၊ ကောင်မလေးကို ကျော်ဇေယျ သတ်တာလို့ ယူဆကြတယ်၊ ဒီကောင့်ကို ရဲတွေက လူသတ်မှုနဲ့....'

နှောင်းသည် ကိုဝဏ္ဏ စကားမဆုံးခင် ထိုင်ရာမှထကာ—

'မကြားချင်ဘူး၊ မကြားချင်ဘူး'

ဟု အော်ဟစ်ပြီး အပြင်သို့ ထွက်ပြေးသွားပါ၏။ လှေကားမှ တဒုန်းဒုန်း ပြေးဆင်းသွားပါ၏။

ကျော်ဇေယျ နောက်မှ ပြေးလိုက်ခဲ့ပါ၏။ နှောင်းငယ် စိတ်ဆိုးဆိုးနှင့် ခြံပြင်ထွက်သွားလျှင် ဆည်ဝက ဗျိုင်း ချောင်းနေသော သိုက်သိုက်၏ အန္တရာယ် စက်ကွင်းထဲသို့ ကျဆင်းသွားမည်ကို ကျော်ဇေယျ ထအားစိတ်ပူမိသည်။

နှောင်းငယ် ကားနှင့်ထွက်သွားလျှင် မိမိတွင် နှောင်းငယ် နောက်သို့ အမီလိုက်ရန် မော်တော်ကားမရှိ။ ကိုဝဏ္ဏကား ကို ယူမောင်းမိလျှင် မိမိနှင့်ကိုဝဏ္ဏ ပြဿနာတက်ဦးမည်။

နဂိုကတည်းက အပြေးသန်သော ကျော်ဇေယျသည် နှောင်းငယ်ကို ခြံထဲမှာပင် မီသည်။ ချုပ်ကိုင်ဖမ်းဆွဲထား လိုက်သည်။





'လွှတ်....လွှတ်....သူများအသားကိုလာမထိနဲ့၊ မသတီဘူး၊ တခြားမိန်းမနဲ့ ဖောက်ပြန်ထားတဲ့ ရှင့်ကို မသတီဘူး၊ သနတယ်၊ ရွံတယ်'

'ဒီမယ် နှောင်းငယ်၊ မထိနဲ့ဆို မထိဘူး၊ မကိုင်နဲ့ဆို မကိုင်ဘူး၊ ကိုယ့်ကို မသတီလဲ ရတယ်၊ ဒါပေမယ့် နှောင်းငယ်တို့အတွက်ပဲ ကိုယ်ပြောမယ်၊ ကိုယ်က အခု မကြာခင်မှာပဲ နှောင်းငယ်မလိုလားတဲ့အလျှောက် အောင်ဘောဂရိပ်ငြိမ်က ကိုယ်သွားတော့မှာပါ၊ ကိုယ်မသွားလဲ ရဲအဖွဲ့က ကိုယ့်ကို လာခေါ်တော့မှာပါ၊ ဒါပေမယ့် ကိုယ် အောင်ဘောဂရိပ်ငြိမ်က ထွက်မသွားခင် နှောင်းငယ်တို့အတွက် အကောင်းဆုံးဖြစ်ကျန်ခဲ့အောင် အန်ကယ်စည်သူနဲ့ ဆက်သွယ်လို့ရတဲ့ အထိ ကိုယ်ကြိုးစားပေးတာဟာ ကိုယ့်စေတနာက သက်သေခံနေပါတယ်'

'အို....အပိုတွေ လာပြောမနေနဲ့၊ ဖေဖေက ရှင့်ကို ယုံကြည်ကိုးစားတာကို ရှင်က ခုတုံးလုပ်ပြီး စက်ရုံနဲ့ လုပ်ငန်းတွေမှာ နေရာပြန်ယူချင်လို့ ဖေဖေနဲ့ မရရအောင် ဆက်သွယ်တာ၊ ရှင့်ကိုယ်ကျိုးအတွက် လုပ်နေတာ'

'ပြောရက်လိုက်တာ နှောင်းငယ်ရယ်၊ ကိုယ့်စေတနာ နှစ်ပြားတောင် မတန်တော့ပါလား၊ ရတယ်လေ၊ စေတနာရော၊ မေတ္တာရောနဲ့ပဲ နှောင်းငယ်ကို အခု ကိုယ် အမိလိုက်ဖမ်းတာ၊ နှောင်းငယ် ခြံပြင်ရောက်သွားတာနဲ့ အသက်အန္တရာယ် ရှိနေတယ်၊ အိုပယ်ကား အပြာကြီးနဲ့ နှောင်းငယ်



www.burmeseclassic.com

www.burmeseclassic.com

ကို လိုက်တိုက်တာ ခံရပြီးပြီ မဟုတ်လား၊ အဲဒီ လိုက်တိုက်တဲ့လူဟာ အသက် နှစ်ဆယ်သာသာ ချာတိတ်ပါ၊ သူ့နာမည် သိုက်သိုက်တဲ့၊ ရွှေမြို့မှာ နေတယ်၊ သေသွားတဲ့ ညိုမီဟာ သိုက်သိုက်ရဲ့ချစ်သူပဲ၊ သူ့ချစ်သူ ညိုမီ သေသွားရတာဟာ ကိုယ့်ကြောင့်လို့ သူ့စွပ်စွဲချက် ပြင်းထန်နေတယ်၊ ညိုမီသေလို့ သူခံစားရသလို ကိုယ့်ကို ခံစားစေရမယ်ဆိုပြီး ကိုယ်သိပ်ချစ်တဲ့ နှောင်းငယ်ကို သူအသေသတ်ဖို့ ကြိုးစားနေတာယ့်၊ ကြံစည်နေတယ်'

နှောင်းငယ် သူ့လက်ထဲမှ ရုန်းထွက်လိုက်သည်။ ထွက်ပြေးခြင်းတော့ မပြုတော့ပေ။

'ဒါဆို အဲဒီသိုက်သိုက်ဆိုတဲ့လူဟာ အမြင်မှားနေတာပဲ၊ ဘာ့လို့လဲဆိုတော့ ရှင်ဟာ ကျွန်မကို ဘယ်တုန်းကမှ တကယ်မချစ်တဲ့လူမှန်း အဲဒီသိုက်သိုက်က မသိလို့ဘဲ၊ ကျွန်မ သေသွားရင် ရှင်လဲ သူ ခံစားရသလို ခံစားရစေမယ်ဆိုတာ သိုက်သိုက်ရဲ့ အမှားပဲ၊ ကျွန်မသေရင် ရှင်က ခံစားရဖို့ နေနေသာသာ ဝမ်းတောင်သာပြီး နောက်မိန်းမ ချက်ချင်း ယူမယ့်လူပဲ၊ ဒါကြောင့် မယားငုတ်စုတ်ကြီးနဲ့တောင် ညှိမ်ဆိုတဲ့ မိန်းကလေးနဲ့ ရှင် ဖောက်ပြန်တာပဲဟာ'

'ဒီကိစ္စကို တကယ်ပဲ ကိုယ် ဘာမှမသိသေးဘူး နှောင်းငယ်'

'ဒါပေါ့၊ အခုလို ဘူးပေါ်သလို ပေါ်လာတော့ ရှင်က အတိတ်မေ့ပြီး ဘာမှမမှတ်မိတဲ့ ပုံသဏ္ဍာန်ကို ရယူတာပဲ





ပေါ့၊ ရှင်ဟာ ကျွန်မကိုလက်ထပ်စဉ်ကတည်းက အစ်ကိုဝဏ္ဏ ပြောသလို ချစ်လို့ လက်ထပ်တာမှ မဟုတ်တာဘဲ၊ ကျွန်မက သူဌေးသမီး၊ တစ်နေ့ကျရင် အမွေတွေ အများကြီး ဆက်ခံရမယ့် မိန်းမဆိုတဲ့အမြင်နဲ့ ကျွန်မကို လက်ထပ်ခဲ့တာ၊ ရှင်လုပ်သမျှတွေဟာ ရှင့်ကိုယ်ကျိုးအတွက်ချည်းပဲ'

အိမ်ထဲမှလူတွေ တစ်ပြုံကြီး လိုက်လာကြပေပြီ။ ဒါဆို နှောင်းငယ် ခြံပြင်ထွက်မပြေးဖို့ စိတ်ချသွားရပြီမို့ သူ သက်ပြင်းကြီးတစ်လုံး ချလိုက်ပါ၏။

နှောင်းငယ်သည် အိမ်ကြီးဆီသို့ ငိုယိုရင်း ပြန်ပြေးသွားသည်။

ကိုလှဝင်းမောင်၊ ဆရာဝန်ကြီး ဦးသိုက်စိုးတို့လည်း သူတို့ကားကိုယ်စီဖြင့် နှုတ်ဆက်ပြန်သွားကြသည်။

'မောင်ကျော်ဇေယျကို ကျုပ် သိပ်ချီးမွမ်းတယ်၊ နှစ်ဆယ့်လေးနာရီ လူနာကို စောင့်ရှောက်ပြုစုဖို့ ခန့်ထားတဲ့ မောင်ဒေဝါရော၊ ညဆရာမရော ညံ့တယ်၊ လူနာ ပြန်ကြားလာတာတွေ၊ ပြန်မြင်လာတာတွေ၊ လှုပ်ရှားနိုင်စ ပြုလာတာတွေကို သူနာပြုတွေ တစ်ယောက်မှ သတိမထားဘူး၊ မောင်ကျော်ဇေယျ ဦးနှောက်ကောင်းလို့ သတိထား မြင်တာ၊ သိတာ၊ ဒါဟာ ကျုပ်ကုသမှုပိုင်း အောင်မြင်လာတာ မဟုတ်လား၊ ဒါကို ကျုပ်ရဲ့သူနာပြုတွေမသိဘူး၊ ညံ့တယ်၊ မောင်ကျော်ဇေယျကို ကျုပ်ချီးကျူးပါတယ်'

ဆရာဝန်ကြီး ဦးသိုက်စိုးက ကျော်ဇေယျကို လက်ဆွဲနှုတ်ဆက် ချီးကျူးစကားပြောပြီးမှ ပြန်သွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီး ကြေးမုံလည်း ကျေနပ်စွာ သူမ၏ အိပ်ခန်းသို့ ပြန်သွားပေပြီ။

ကျော်ဇေယျသည် သူ့အိပ်ခန်းသို့ သွားကြည့်သေးသည်၊ နှောင်းငယ်က တံခါးပိတ်ပြီး အတွင်းမှ သော့ပိတ် ချက်ထိုးထားသောကြောင့် သူဝင်ခွင့်မရပေ။

သွားစရာကားလည်း မရှိ။ သွားရန်အတွက် အစီအစဉ်လည်း မဆွဲရသေး။ အချိန်ကလည်း မိုးချုပ်တော့မည်မို့ ကျော်ဇေယျသည် အောင်ဘောဂရိပ်ငြိမ်၏ ဧည့်ခန်းမှာပင် တစ်ယောက်တည်း လှဲအိပ်လိုက်သည်။

တစ်ခဏအကြာတွင် ဒေါ်ကြီးကြေးမုံက ခေါင်းအုံးနှင့် စောင်တစ်ထည် ပွေ့ပိုက်ကာ ကျော်ဇေယျကို ပေးပေသည်။

'မိန္နှောင်းက စိတ်ကြီးတယ်ကွယ်၊ မင်းကို သိပ်ချစ်တော့ သိပ်စိတ်ကြီးတာပေါ့၊ တကယ်တော့ မိန္နှောင်းဟာ မင်းအတွက်ဆိုရင် သူ့အသားကိုတောင် လှီးပေးမယ်ဆိုလောက်အောင် ချစ်ရှာလွန်းတော့ ကိုယ့်ချစ်သူ တခြားမိန်းကလေးနဲ့ ဖောက်ပြန်တယ်ဆိုတဲ့ဒဏ်ကို သူ ခံနိုင်ရည် မရှိဘူးပေါ့ကွယ်'

'နှောင်းငယ်ကို ကျွန်တော် နားလည် ခွင့်လွှတ်ပါတယ်၊ စိတ်လဲ မဆိုးပါဘူး၊ ကိုယ့်ဟာကိုယ် နှောင်းငယ် နားလည်အောင် ရှင်းမပြနိုင်တဲ့အထိ ဘာကိုမှ မမှတ်မိတာကိုဘဲ စိတ်မကောင်းဖြစ်ရတယ် ဒေါ်ကြီး'

*



# ရှိုင်း–စာဝေ

**(၃၃)ထရက်ထော(၄)လမ်း၊(အောက်)**

(၁၂)

ညက သူအိပ်မပျော်။ မိုးလင်းခါနီးမှ စိတ်ရော လူရော ပင်ပန်းလွန်းသောကြောင့် မှေးခနဲ အိပ်ပျော်သွားသည်။

သူပြန်နိုးသောအချိန်တွင် မိုးထိန်ထိန် လင်းနေပေပြီ။

ဧည့်ခန်းထဲတွင် အိမ်သားတစ်ယောက်မျှ ရှိမနေပေ။ သူတို့အားလုံးက ရှောင်ရှားကြပြီ ဖြစ်ဟန်တူပါ၏။

နှောင်းငယ်ကလည်း အပေါ်ထပ်ကပင် ဆင်းမလာဘဲ နေလေသလား မပြောတတ်။

သားသားပင်လျှင် သူ့အမေ နှောင်းငယ်က ဘာပြောထားမှန်း မသိ၊ သူ့ဆီသို့ မလာပေ။

သူသည် အိပ်ရာမှနိုးပြီးနောက် ငူငူကြီးပင် ဆိုဖာပေါ်တွင် ထိုင်နေသည်။

ဦးထွန်းသည် သွားပွတ်တံအသစ်၊ သွားတိုက် ဆေးဘူး၊ မျက်နှာသုတ်ပဝါအသစ်ဖြင့် ဝင်လာပြီး သူ့ မျက်နှာသစ်ရန် ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'စာကြည့်ခန်းမှာ တွဲလျက် ရေအိမ်နဲ့ ရေချိုးခန်းရှိသား ပဲ ဆရာ'

သူက ခေါင်းညိတ်ပြပြီး စာကြည့်ခန်းထဲဝင်ရန် ဆိုဖာ ထရှမ်းလိုက်သည်။

'ဪ....ဆရာ'

'ပြောပါ ဦးထွန်း၊ ဒီအောင်ဘောဂရိပ်မြိမ်မှာ ကျွန်တော် ကို စကားပြောတဲ့သူဟာ ဦးထွန်းတစ်ယောက်ပဲ ရှိတော့ တာပဲ'

'ကျွန်တော် ဆရာ့အတွက် စိတ်မကောင်းဘူး ဆရာ ရွှေနေ ကိုလှဝင်းမောင်ဆီက ဆရာအိပ်နေတုန်း ဒီမနက် ပဲ ဖုန်းလာတယ် ဆရာ'

'ဘာတဲ့လဲ၊ ကျွန်တော့်ကို ဘာလို့မနိုးတာလဲ'

'ကိုလှဝင်းမောင်က အိပ်ပါစေတဲ့၊ ဒီလူ စိတ်ရောလူ သိပ်ပင်ပန်းနေရှာတယ်တဲ့၊ ပြောစရာရှိတာကို ကိုထွန်း မှတ်ထားပြီး ဆရာနိုးရင် ပြောပြပါတဲ့'

'ဘာတဲ့လဲ ကိုလှဝင်းမောင်က'

'ဆရာ့ကို ရွှေမြို့က စခန်းမှူး ရဲအုပ် ဦးသိန်းတင် ခေါ်တွေ့လိမ့်မယ်တဲ့၊ ခေါ်ရင် ရဲရဲသာ လိုက်သွားပါ ကိုလှဝင်းမောင်လဲ ရွှေမြို့မှာ ရှိနေမယ်တဲ့၊ ဆရာ့ကို ဦး တန်က ခေါ်တွေ့တဲ့အခါ ဆရာ့နားမှာ ကိုလှဝင်းမောင် ရှိနေပါ့မယ်တဲ့'





သူက ခေါင်းညိတ်ပြလိုက်သည်။ ဦးထွန်း ပြန်ထွက်သွား ပါ၏။

ဘာမဆို ရင်ဆိုင်ဖို့ သူ ဆုံးဖြတ်ပြီးသားပါပေ။ လာခေါ် လည်း လိုက်သွားရုံပဲပေါ့။

စာကြည့်ခန်းထဲဝင်ပြီး မျက်နှာသစ်၊ သွားတိုက်၊ ကိုယ် လက် သန့်စင်သည်။

ရေကိုတော့ သူမချိုးပေ။ ရေချိုးပြီးလျှင် ဝတ်ဒြီးသား အဝတ်ဟောင်းကို သူပြန်မဝတ်တတ်။ သူ့အဝတ်အစား အားလုံးကလည်း အပေါ်ထပ် အိပ်ခန်းထဲမှာ ရှိနေသည်။ နှောင်းငယ်က သူ့ကို တံခါးဖွင့်ပေးမည် မဟုတ်။

နှောင်းငယ်ကို သူ တွေ့ချင်သော်လည်း တွေ့နိုင်ဖို့ မကြိုး စားချင်တော့ပေ။ သူက သေလူ ဖြစ်နေမှတော့ နှောင်းငယ် ရှေ့တွင် ငိုမပြလိုတော့ပေ။

စာကြည့်ခန်းစားပွဲတွင်ထိုင်ပြီး အံဆွဲကိုဖွင့်ကာ သေနတ် လေးကို ထုတ်ယူသည်။

'သူဦးရင် သူ၊ ကိုယ်ဦးရင် ကိုယ်ပေါ့'ဟု သိုက်သိုက် စကားကို နားထဲတွင် ကြားယောင်သဖြင့် သေနတ် ကိုယ်နှင့် မကွာ ဆောင်ထားရ ကောင်းမလားဟု စိတ်ကူးသေးသည်။

သို့သော် သိုက်သိုက်လို ချာတိတ်အား သူလို အရင့်မကြီး လူက သေနတ်နှင့် ပစ်ရမည်မှာ ရှက်စရာ ကောင်းလှသဖြင့် သေနတ်ကို သူ့နေရာသူ အံဆွဲထဲ ပြန်ထည့်ထားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ—အပြင်ဘက်မှာ ရွှေမြို့က ရဲကြပ်ကြီး ကိုငွေထူး ရောက်နေပါတယ်၊ ဆရာ ကျော်ဇေယျနဲ့ တွေ့ချင်လို့တဲ့'

သူ စဉ်းစားသည်။ ရဲအဖမ်းမခံဘဲ စာကြည့်ခန်း ပြတင်းပေါက်ဖွင့်ပြီး အောက်ခုန်ဆင်းကာ နောက်ဖေးလမ်းကြားမှ ထွက်ပြေးရ ကောင်းမလား။

သို့သော် ရဲကို သူရင်ဆိုင်ဖို့သာ ဆုံးဖြတ်လိုက်သည်။

'ဒီမယ် ဦးထွန်း'

'ပြောပါ ဆရာ'

'ဟောဒီသေနတ်လေးကို ခင်ဗျားယူထားပါ၊ နှောင်းမှာ အန္တရာယ်တွေရှိနေတယ်၊ နှောင်းကို အန္တရာယ်လာလုပ်တဲ့ လူကို ပစ်သာပစ်ဗျာ'

'ဖြစ်ပါတယ်ဆရာ၊ နှောင်းနှောင်းကို ကျွန်တော် အတတ်နိုင်ဆုံး ကာကွယ်ပါ့မယ်'

ဦးထွန်းလက်သို့ သေနတ်ပေးခဲ့ပြီး သူသည် ဧည့်ခန်းထဲတွင် ရှိနေသော ရဲကြပ်ကြီး ကိုငွေထူးနှင့် ထွက်တွေ့လိုက်ပါ၏။

'ပြောပါ ဦးငွေထူး'

'ကိုကျော်ဇေယျကို ကျွန်တော်တို့ဆရာ စခန်းမှူး ရဲအုပ်ဦးသိန်းတန်က တွေ့ချင်လို့ အခေါ်လွှတ်လိုက်တာပါ'

'ကျွန်တော့်ကို ဖမ်းတာလား ဦးငွေထူး'





'အဲဒီအဆင့်ဆိုရင် ကျုပ်မှာ လက်နက်ကိုင်ရဲသားအနည်းဆုံး နှစ်ယောက်ပါရမယ်၊ တရားခံကိုဖမ်းတဲ့အခါ ပြောတာပါ၊ အခုဟာက ကျုပ်ဆရာက ကိုကျော်ဇေယျကို တွေ့ချင်၊ စကားပြောချင်တဲ့သဘောပဲ ရှိပါသေးတယ်'

ရဲကြပ်ကြီး ကိုငွေထူး စီးလာသော ဂျစ်ကားပြာနှင့်ပင် ရွှေမြို့သို့ ကျော်ဇေယျ လိုက်ပါလာခဲ့သည်။

ကားပေါ်တွင် ရဲကြပ်ကြီးက စကားမပြောသဖြင့် ကျော်ဇေယျကလည်း ပါးစပ်ပိတ်ထားပါ၏။

ရွှေမြို့ရဲစခန်းသို့ ရောက်လာခဲ့သည်။

ရဲကြပ်ကြီး ငွေထူးကပင် ရှေ့ဆောင်ပြီး စခန်းမှူးရဲအုပ်ဦးသိန်းတန်၏ ရုံးခန်းအရောက် ပို့ပေးပါ၏။

'လာ....ထိုင်....ကိုကျော်ဇေယျ၊ ဒီမှာ ကိုလှဝင်းမောင်လဲ ရောက်နှင့်နေတယ်'

ကျော်ဇေယျက ကိုလှဝင်းမောင် ဘေးရှိ ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်သည်။

စခန်းမှူး ရဲအုပ် ဦးသိန်းတန်ကပင် စတင် စကားပြောပါ၏။

'လွန်ခဲ့တဲ့ သုံးရက်ကပေါ့ဗျာ၊ ညနေစောင်းမှာ ကိုကျော်ဇေယျရဲ့ မော်တော်ကားဟာ ရွှေမြို့နဲ့ မြို့တောင်း မော်တော်ကားလမ်း ကမ်းပါးယံနေရာမှာ တောင်ကျချောင်းထဲ ထိုးကျသွားခဲ့တယ်၊ အဲဒီတုန်းက ကားကို ကိုကျော်ဇေယျ မောင်းတာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမေးခွန်းမျိုး မမေးပါနဲ့၊ နိမိတ်ပြမေးခွန်းဆိုတာ ရုံးတော်မှာ တရားလိုရှေ့နေက မေးရင်တောင် တရားသူကြီးကတစ်ဆင့် ကန့်ကွက်လို့ရပါတယ် ဦးသိန်းတန်'

'ဒီမှာ ကိုလှဝင်းမောင်၊ ကျွန်တော်ဟာ တာဝန်တစ်ခုထမ်းဆောင်နေတာပါနော်'

'ဒါဆို အဖမ်းပြလေ၊ ဘာမှုနဲ့ဖမ်းတယ်လို့ ပုဒ်မတပ်ပေါ့၊ ဖမ်းပြီဆိုရင်တော့ တာဝန်အရ ပုဒ်မနဲ့သက်ဆိုင်တဲ့ မေးခွန်းတွေ မေးနိုင်သားပဲ'

ကိုလှဝင်းမောင်က ကျော်ဇေယျဘက်မှ ကာကွယ်ပြောပေးနေသည်ကိုပင် ကျော်ဇေယျသည် ဂရုမထားနိုင်ဘဲ....

'ဒီမယ် ရဲကြပ်ကြီး ကိုငွေထူး'

ဟု ကြားဖြတ်ခေါ်လိုက်သဖြင့် အားလုံးက ကျော်ဇေယျအား လှမ်းကြည့်မိကြသည်။

'ကျွန်တော့်ကို မေးချင်တာမေးဗျာ၊ တပ်ချင်တဲ့ပုဒ်မတပ်ဗျာ၊ အခုလောလောဆယ် ကျွန်တော့်ဇနီးနှောင်းနှောင်းမှာ အသက်အန္တရာယ်ရှိနေတယ်၊ အဲဒါ ဘာမှမဖြစ်ခင် ရဲကြပ်ကြီးတို့ ရွှေမြို့ရဲအဖွဲ့က ကာကွယ်ပေးပါ၊ ကြံစည်နေတဲ့သူဟာ ရွှေမြို့မှာနေတာမို့ ရွှေမြို့ရဲအဖွဲ့ကို ကျွန်တော်တိုင်ကြားတဲ့သဘောနဲ့ အကူအညီတောင်းတာပါ'

ရဲအုပ် ဦးသိန်းတန်က မျက်ခမှောင်ကုတ်၍ ကိုကျော်ဇေယျကို ကြည့်ပြီးမေးလိုက်သည်။





'ရွှေမြို့က ဘယ်သူက ခင်ဗျားဇနီးကို အသက်အန္တရာယ်ပြုဖို့ ကြိုးစားနေလို့လဲ'

'ရွှေမြို့ နှင်းဆီလမ်း အိမ်နံပါတ် (....)မှာနေတဲ့ သိုက်သိုက် ဆိုတဲ့ ချာတိတ်ပါ၊ သူ့ ပါးစပ်ကိုယ်တိုင်က ကျွန်တော့်ဇနီးကို သူသတ်မယ်လို့ ကျွန်တော့်ကို ပြောထားပါတယ်၊ ပြီးတော့ မနေ့က မြို့ဟောင်းထဲမှာပဲ သူ့ ကားအပြာနဲ့ ကျွန်တော့်ဇနီး စီးလာတဲ့ကားကို ဘေးချင်းဝင်တိုက်ပြီး အသက်အန္တရာယ်ပြုဖို့ကြိုးစားပါသေးတယ်၊ အဲဒီအကြောင်းကိုလဲ မြို့ဟောင်းရဲစခန်းမှာ အမှုဖွင့်တိုင်တန်းထားပါတယ်၊ မယုံရင် မြို့ဟောင်းရဲစခန်းကို မေးကြည့်ပါ'

သွေးရူးသွေးတန်း ပြောသည်မဟုတ်၊ ကယောင်ချောက်ချားပြောသည်မဟုတ်မှန်း သိသာ ထင်ရှားသဖြင့် ရဲအုပ် ဦးသိန်းတန်က ချက်ချင်း တယ်လီဖုန်း ကောက်ကိုင်ကာ မြို့ဟောင်းရဲစခန်းသို့ ဆက်သွယ်တော့သည်။

ခဏအကြာတွင် ဖုန်းကို ပြန်ချပြီး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မနေ့က မြို့ဟောင်းမှာ အိုပယ်ကားအပြာရောင်က ပါဂျဲရိုးကားအဖြူကို လိုက်တိုက်ဘယ်ဆိုတဲ့ အမှု တိုင်ထားတယ်တဲ့'

ရဲကြပ်ကြီး ဦးငွေထူးကို စခန်းမှူးက ဆက်၍မေးမြန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဦးငွေထူးက ဒီမြို့မှာ ဆာ့းပုလင်းပဲ၊ ကားပြာနဲ့ လိုက်တိုက်ပါတယ်ဆိုတဲ့ သိုက်သိုက်ကို ဦးငွေထူး သိသလား'

'သိပါတယ် ဆရာ၊ မစွမ်းမသန် ဒုက္ခိတလူပျိုလေး ချာတိတ်တစ်ယောက်ပါ'

'အဲဒီကောင်လေး သိုက်သိုက် အကြောင်းကိုကော ခင်ဗျား ဘယ်လောက် သိထားလဲ ဦးငွေထူး'

'မုဆိုးမ ဒေါ်ရင်မေရဲ့ သားပါ၊ ရွှေမြို့ ဈေးထဲမှာ အထည်ဆိုင်နဲ့ အလှကုန်တွဲဖွင့်ထားပါတယ်၊ အသင့်အတင့် ပစ္စည်းချမ်းသာတယ်၊ သူ့သားသိုက်သိုက်ကို သိပ်အလိုလိုက်ပါတယ်၊ သိုက်သိုက်က ကျောင်းမနေတော့ပါဘူး၊ သူ့ခြေတစ်ဖက်မသန်ဘဲ ဆာနေတာကို ရှက်လို့ ကျောင်းထွက်လိုက်တာပါ၊ သူတို့မှာ အိုပယ်ကားဟောင်း အပြာတစ်စီး သူ့အဖေလက်ထက်ကတည်းက ကျန်ခဲ့ပါတယ်၊ သိုက်သိုက်ဟာ ဗရုတ်သုတ်ခ ကောင်စားမျိုးလေး မဟုတ်ပါဘူး၊ ဟော့ဟော့ရမ်းရမ်း တစ်ခါမှ မရှိခဲ့ဖူးပါဘူး၊ အဲ....အခု ကိုကျော်ဇေယျရဲ့မိန်းမစီးတဲ့ ကားကို သူ့တားပြာကြီးနဲ့ လိုက်တိုက်တယ်ဆိုတာ အခု ကိုကျော်ဇေယျ ပြောပြမှ ကျွန်တော် သိရတာကို ဆက်စပ်ကြည့်ရင် စဉ်းစားစရာတွေ ရှိလာပါတယ် ဆရာ'

'ဆက်ပြောပါ ဦးငွေထူး'

'သိုက်သိုက်ဟာ သိင်္ဂီရွှေဝါပိုင်ရှင်ရဲ့သမီးညိုမိနဲ့ အရောတဝင် ရှိခဲ့တာကို ကျွန်တော် သိထားပါတယ်၊ အခု ဆက်စပ်ကြည့်ရင် ညိုမိ ဆေးရုံမှာ သေသွားတဲ့ နောက်တစ်နေ့မှာပဲ ကိုကျော်ဇေယျရဲ့ဇနီးကို သိုက်သိုက်က ကားပြာကြီးနဲ့ လိုက်တိုက်တယ်ဆိုတာ အဆက်အစပ်တော့ ရှိနေပါတယ် ဆရာ'





ရဲအုပ် ဦးသိန်းတန်က မေးစေ့ကို လက်ဝါးပွတ် စဉ်းစားသည်။

'ကဲ....ဦးငွေထူး၊ သိုက်သိုက်ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်ပေတော့'

ဦးငွေထူး ထွက်သွားသည်။ ဦးသိန်းတန်က ကျော်ဇေယျကို ဆက်၍မေးခွန်းထုတ်သည်။

'ဒါဆိုရင် သိုက်သိုက်က ညိုမိ့ကို ကိုကျော်ဇေယျကပဲ သတ်ပစ်တာလို့ ယူဆပြီး ကိုကျော်ဇေယျကို ကလဲ့စားချေတဲ့အနေနဲ့ ကိုကျော်ဇေယျရဲ့ ဇနီးကို လိုက်လုပ်ကြံတာလို့ ယူဆနိုင်စရာပဲ'

'ယူဆနိုင်တယ်ဆိုရင်တော့ ဦးသိန်းတန်အနေနဲ့ ခိုင်လုံတဲ့ သက်သေတွေ အရင်ရှာပြီးမှ ကိုကျော်ဇေယျကို ဆက်လက် မေးမြန်းသင့်တယ်လို့ ကျွန်တော်ထင်ပါတယ် ဦးသိန်းတန်'

'ဒီမယ် ကိုလှဝင်းမောင်၊ အခု ကျုပ်ဟာ တရားခံကိုဖမ်းပြီး စစ်မေးနေတဲ့ပုံစံလဲ မဟုတ်သေးဘူး၊ ဒီနေရာဟာ ကနုး



www.burmeseclassic.com

www.burmeseclassic.com



ရှိး တရားခွင်လဲ မဟုတ်သေးဘူး၊ ကိုလှဝင်းမောင်က ဟန့်တားချက်တွေ မများလွန်းဘူးလား'

'ဟုတ်ကဲ့၊ ကျွန်တော့်အမှုသည် ကိုကျော်ဇေယျဟာ အမ်(မ်)နီးဆီးယား ဆိုတဲ့ အတိတ်မေ့ဝေဒနာကို ခံစားနေရချိန် ဖြစ်နေပါတယ်၊ သူ့အဖြေ မှားမှာစိုးလို့ ကျွန်တော် သူ့ဘေးက သူ့ကိုယ်စား ဖြေရတာပါ၊ တကယ်တော့ ညီမှီဆေးရုံမှာ သေဆုံးသွားတာဟာ တာဝန်ကျ ဆရာဝန်က အအေးမိပြီး နမိုးနီးယားရောဂါနဲ့ သေဆုံးသွားတာပါလို့ ဆိုထားပါတယ်၊ အဲဒါကို ဦးသိန်းတန် သတိမထားမိဘူး ထင်ပါတယ်'

'အဲဒါ ဆရာဝန်ရဲ့ထင်ကြေးသာရှိသေးတယ်၊ အလောင်းကို ခွဲစိတ်ပြီးတဲ့နောက် တိတိကျကျ ဆေးစာမှတ်ချက် ထွက်မလာသေးဘူး ကိုလှဝင်းမောင်၊ ညီမှီရဲ့ ခန္ဓာကိုယ်အတွင်းမှာ အတွင်းကြေ ကြေနေတာ တွေ့တယ်လို့လဲ ပြောတာပဲ၊ ဒါပေမယ့် တိတိကျကျတော့ မှတ်ချက် ထွက်မလာသေးဘူး၊ ကျွန်တော်ဟာ တာဝန်ပိုင်းနဲ့ ပတ်သက်လာရင် သတိမမေ့တတ်ပါဘူး၊ အခု ကိုကျော်ဇေယျကိုလဲ အဖမ်းအဆီး မရှိသေးဘူး၊ သိချင်တာလေးတွေ မေးချင်လို့ ခေါ်တဲ့သဘောပဲ ရှိပါတယ်၊ ကဲ...ကျွန်တော်သိချင်တာ ဆက်မေးပါရစေ....

'အဲဒီညက ကိုကျော်ဇေယျဟာ ဘုရားသုံးဆူ ဘူတာကနေပြီး ဟောဝန်ကို မီးရထားနဲ့ လိုက်သွားတယ်လို့ ကျွန်တော်တို့ သိထားတယ်၊ ဘုရားသုံးဆူဘူတာကို ဘယ်သူက ကိုကျော်ဇေယျကို လိုက်ပို့လဲဗျာ'





'ကိုလွှမ်းဝေ'

'ကိုလွှမ်းဝေဆိုတာ ဘယ်သူလဲ'

'ကျွန်တော့်ယောက်ဖ၊ ကျွန်တော့်အစ်မ မမကြူရဲ့ ယောကျ်ား'

'ခင်ဗျားယောက်ဖ ကိုလွှမ်းဝေက ဘာအလုပ် လုပ်သလဲ'

သွားပြီ။ ကိုလွှမ်းဝေ ဘာအလုပ်လုပ်မှန်း သူ မသိ။ ကိုလွှမ်းဝေကို သူ စတင်မြင်ရချိန်ဝယ် ကစားသမား အနေနှင့်သာ မြင်ရသည်။

ကိုလှဝင်းမောင်က အကင်းပါးစွာ ကြားဝင်လိုက်သည်။

'ကိုကျော်ဇေယျဟာ အတိတ်မေ့ရောဂါ ဖြစ်နေတဲ့လူပါလို့ ကျွန်တော် ပြောထားပါတယ် ဦးသိန်းတန်၊ သူဟာ ပြီးခဲ့တာတွေကို ဘာမှမမှတ်မိတဲ့ အခြေအနေမှာ ရှိနေပါတယ်'

'ကဲ...ဒါဆိုလဲ ကျွန်တော်ကပဲ စစ်ဆေးတွေ့ရှိချက်ကိုပြောပြမယ်၊ ဘုရားသုံးဆူဘူတာကို ဘယ်ယောက်ဖ ကိုလှမ်းဝေက လိုက်ပို့တာ မဟုတ်ဘူး၊ ဘုရားသုံးဆူဘူတာနဲ့ မနီးမဝေးမှာ ရှိတဲ့ ယာတဲမှာနေတဲ့ ယာသမားကြီး ဦးဖြိုးဆီက ကျုပ် စစ်ဆေးချက် ရယူထားတယ်၊ အဲဒီညက လူတစ်ယောက်ဟာ ဒယီးဒယိုင်နဲ့ သူ့ယာတဲကို ရောက်လာတယ်တဲ့၊ သူ့ တစ်ကိုယ်လုံး သက္ကလတ်ကုတ်အင်္ကျီ၊ သက္ကလတ်ဘောင်းဘီ ဝတ်ထားပေမယ့် ရေတွေရွှဲရွှဲစိုနေတယ်တဲ့၊ ဦးဖြိုးက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မေးတော့ သူ အိမ်ကိုပြန်ချင်တယ်လို့ ပြောပြတာကလွဲပြီး သူ ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ ဘာအလုပ် လုပ်သလဲဆိုတာ တစ်ခုမှ မေးလို့မရဘူးတဲ့၊ ဦးဖြိုးက ကြောက်တာနဲ့ သူ့လက်က လွှတ်ရင်ပြီးရောဆိုပြီး ဘုရားသုံးဆူဘုတာကို လိုက်ပို့တာတဲ့၊ အဲဒီလူဟာ အရက်တွေ အလွန်အကျွံ မူးနေတယ်လို့ပဲ ဦးဖြိုးက ထင်တယ်တဲ့၊ အဲဒီအချိန်မှာပဲ နံနက် ဝေလီဝေလင်း မြို့ဟောင်းက ဟောဝန်ကိုသွားတဲ့ မီးရထားရှိနေတာနဲ့ အဲဒီလူဟာ အဲဒီလူစီးရထားနဲ့ပဲ ပါသွားတယ်တဲ့'

စခန်းမှူးရဲအုပ်က တိတိကျကျ ဦးဖြိုး၏ထွက်ဆိုချက်ကို ကိုင်ပြောမှ သူ့အား ယောက်ဖဖြစ်သူ ကိုလွမ်းဝေက တစ်ပတ် ရိုက်လိုက်မှန်း သိရတော့သည်။

တကယ်တမ်း ဘုရားသုံးဆူဘုတာသို့ လိုက်ပို့သူမှာ ယာသမားကြီး ဦးဖြိုးဆိုသည်က ပို၍မှန်ကန်ပေမည်။ ယုတ္တိလည်း ရှိနေသည်။

ထိုညက အဖြစ်သနစ်ကို ဆက်စပ်ကြည့်လျှင် သူနှင့်ညိုမိသည် သူ၏မော်တော်ကားနှင့် လာရင်း သူ အရက်မူးလွန်ကာ တောင်ကျချောင်းထဲသို့ ထိုးကျသွားမည်။

ထိုသို့ ကျသွားစဉ်ကတည်းက သူ့တွင် ထိမိခိုက်မိ၍လား၊ အလွန်အကျွံ အရက်က ဦးနှောက်အာရုံကြောကို ချွတ်ယွင်းစေသလားတော့ မသိ။ ကားထိုးကျသွားသည်ကို သူ လုံးဝ မမှတ်မိခြင်းအားဖြင့် ကားထိုးကျသွားကတည်းက သူအတိတ်ကို မေ့သွားပြီပဲ ဖြစ်ရမည်။ သူ့ကားထဲက ဘယ်လိုထွက်





လာမှန်း မမှတ်မိ၊ ညိုမိသည် သူနှင့် အတူပါရှိလာသလား သူ မမှတ်မိ။ သူ ဘာဆို ဘာမျှ မမှတ်မိဘဲ မီးအလင်းရောင်တွေ့ရာ ဦးဖြိုး၏ယာတဲသို့ ရောက်သွားခြင်း ဖြစ်ပေမည်။

ကိုလွမ်းဝေသည် မိမိထံမှ ငွေလေးထောင်ရရှိရေးအတွက် မျက်နှာလုပ်ပြီး ဘုရားသုံးဆူဘုတာသို့ သူ့ကားနှင့်လိုက်ပို့ရသည်ဟု ပြောခြင်းသာဖြစ်မည်။

ညကြီးမင်းကြီး တောင်ကျချောင်းထဲ ကားကျသွားပြီး သူ ပြန်ထွက်လာသောအခါ ထိုနေရာ၌ အဘယ်မှာလျှင် တယ်လီဖုန်း ရှိမည်နည်း။ ကိုလွမ်းဝေကို အဘယ်သို့လျှင် အကြောင်းကြားနိုင်မည်နည်း။ ပြီး....ကိုလွမ်းဝေက မိမိသည် ကုန်ရထားစီးပြီး လိုက်သွားသည်ဟု ပြောသည်။ မီးရထားဘူတာစဉ်ခရီးလက်မှတ်ကို ကုန်ရထားဖြင့်လိုက်ရန် ဘယ်ဘူတာကမှ ရောင်းရိုးထုံးစံမရှိ။ သို့တစေ သူ့အင်္ကျီအိတ်ထဲတွင် ဘုရားသုံးဆူမှ ဟောဝန်သို့ မီးရထားလက်မှတ် ရှိနေခဲ့သည်မဟုတ်လား။ ဦးဖြိုးပြောသည်က ပို၍ သဘာဝကျမှန်ကန်ပေမည်။

ရဲကြပ်ကြီးဦးငွေထူးက သူ အပြင်ထွက်ပြီး တာဝန်ထမ်းဆောင်မည့်အကြောင်း ရဲအုပ်ဦးသိန်းတန်ထံသို့ လာရောက်သတင်းပို့သည်။

'ဪ....နေဦး ဦးငွေထူး၊ ညိုမိဟာ မသေခင် ကယောင်ကတမ်း ပြောတုန်းက ဘာတွေပြောခဲ့လဲဆိုတာ ကိုလှဝင်းမောင်နဲ့ ကိုကျော်ဇေယျကို ပြောပြလိုက်စမ်းဗျာ'

'သူ ကျွန်မကိုသတ်မလို့ပါ လို့ ပြောသွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါလဲ မှားနေပြန်ပြီ ဦးသိန်းတန်၊ အဲဒီအချိန် ကျွန်တော်လဲ ဆေးရုံ ညိုမိ့ အခန်းထဲမှာရှိတယ်၊ ညိုမိအသံထွက်သမျှ သိနိုင်အောင် ဓာတ်ခဲသုံး အသံဖမ်းစက်ကလေးနဲ့ ကျွန်တော် အသံဖမ်းထားတယ်၊ ဖွင့်ပြမယ်....နားထောင်'

'သူ ကျွန်မတို့ကို သတ်မလို့ပါ'

'ကြားလား၊ ကျွန်မကိုဆိုတဲ့ တစ်ယောက်တည်း ဆင်းဂူလားနံဘားကို ညိုမိ မပြောဘူး၊ ကျွန်မတို့ကို သတ်မလို့ပါဆိုတဲ့ အသတ်ခံမယ့်သူဟာ တစ်ယောက်ထက်ပိုတဲ့ ပလူးရဲ(လ်)နံဘား ဖြစ်နေတယ်'

'ဒါဆို ကားထိုးကျသွားစဉ်က ညိုမိတစ်ယောက်တည်း မဟုတ်ဘဲ အဖော်ပါတယ်ဆိုတာ ထင်ရှားတယ်၊ အဲဒီ ညိုမိ့ရဲ့ အဖော်ဟာ ကိုကျော်ဇေယျ မဖြစ်နိုင်ဘူးလား'

'ဖြစ်နိုင်တယ်ထားပါတော့ ဦးသိန်းတန်၊ ဒါပေမယ့် အဲဒီ အဖော်ဟာ ကျော်ဇေယျဖြစ်ဖြစ်၊ တခြားလူပဲဖြစ်ဖြစ် လူသတ်သမားက နှစ်ယောက်စလုံး သတ်မှာမို့ 'ကျွန်မတို့ကို သတ်မလို့ပါ'လို့ ညိုမိ ပြောတာပေါ့ ဦးသိန်းတန်'

'အင်း...ကိုလှဝင်းမောင်ပြောတာ လက်ခံနိုင်လောက်ပါတယ်၊ ဒါပေမယ့် ဟောဒီစာ ကိုကျော်ဇေယျကို ပေးဖတ်ပါဦး ကိုလှဝင်းမောင်၊ ဒီစာဟာ ညိုမိရေးခဲ့တဲ့ စာပါ ရေးပြီး သက်ဆိုင်သူကိုမပေးဖြစ်ဘဲရှိနေလို့ ညိုမိဆုံးမှ သူ့အဖေက ကျုပ်ဆီကို တင်ပြတာပါ'





စာမှာ ညိုမိက မည်သူ့ကိုညွှန်းရေးကြောင်း အမည်တော့ မပါပေ။

ထိုစာကို ယူပြီး ကိုလှဝင်းမောင်နှင့် ကျော်ဇေယျတို့ ခေါင်းချင်းဆိုင် ဖတ်ကြည့်ကြသည်။

> စက်တင်ဘာလ (၁၀)ရက်နေ့က အစ်ကိုရောက်လာတယ်။ ဆိုင်ထဲရောက်နေတဲ့ လူတွေအားလုံးကို အစ်ကိုက အရက်တိုက်တယ်။ နောက်ပြီး သူများကိုလည်း အပြင်မှာထွက်လည်ကြစို့လို့ ခေါ်တယ်။
>
> သူများက အစ်ကိုခေါ်တော့ မငြင်းနိုင်ဘူးလေ။ ဟိုတုန်းက အစ်ကိုဟာ ဆိုင်ကိုလာပေမယ့် သူများကို အရေးမဝင်ဘူး၊ သူများက အစ်ကို့နားမှာ ရစ်သီရစ်သီလုပ်ရင်တောင် အစ်ကိုက ရှောင်ရှောင်သွားတယ်မို့လား။
>
> အဲဒီညကတော့ အစ်ကို အရမ်း လွင်တယ်။ အရက်တွေလည်း တအားသောက်တယ်။ သူများကိုလည်း အပြင်လိုက်ဖို့ ခေါ်တယ်။
>
> အဲဒီညက အစ်ကို့ မွေးနေ့ပါနော်။ အစ်ကို့ကို သူများက မွေးနေ့အမှတ်တရအဖြစ် လက်ဆောင်ပေးလိုက်ပါတယ်နော်။ ချစ်လက်ဆောင်ပေါ့။ သူများက ဟိုအရင်ကတည်းက အစ်ကို့ကို တိတ်တိတ်လေး ခိုးပြီး ချစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အစ်ကို မကောင်းဘူး။ အဲဒီညက သူများဆီက ချစ်လက်ဆောင်ရသွားပြီးတဲ့နောက် အစ်ကို ထပ်ပြီး ပေါ်မလာတော့ဘူး။ သူများက အစ်ကို့ကို နေ့တိုင်းမျှော်နေတယ်။

ဘာရမလဲ အစ်ကို။ သူများလည်ပင်း တစ်တောင်မြင့်သွားပါစေ အစ်ကို့ကို မျှော်နေမှာပဲ။ သူများလေ အစ်ကို့ကို တအားကြီး စွဲသွားပြီ သိလား။ မျှော်တော်ဇောနဲ့ မောလာရင်တော့ သူများက အစ်ကိုရှိရာ ရှာလိုက်လာမှာ။ မလာနိုင်ဘူးမထင်နဲ့။ သူများ သည်းမခံနိုင်တဲ့အဆုံးမှာတော့ အိမ်က ကားစုတ်လေး မောင်းပြီး သူများ အစ်ကို့ဆီ လိုက်လာမှာပဲ။

မွေးနေ့ညက အစ်ကိုနဲ့ တွေ့ရတာမျိုး သူများ ထပ်ပြီးတွေ့ချင်နေတယ် အစ်ကို။

စာမှာထိုမျှသာရှိသည်။အစနိဒါန်းလည်းမပါ၊အဆုံးနိဂုံးလည်းမချုပ်ဘဲ စိတ်ထဲရှိသမျှ လျှောက်ရေးထားသော စာမျိုး ဖြစ်နေသည်။

လက်ရေးက ညိုမိ လက်ရေးအမှန်ဖြစ်ကြောင်း ညိုမိ၏ဖခင်က ဝန်ခံထားသည်ဟု ရဲအုပ်က ပြောပြသည်။

ယျော်ဇေယျသည် ညိုမိရေးထားသောစာကို ဖတ်ကြည့်ပြီး တစ်စုံတစ်ခုကို ဖျတ်ခနဲ သူ့ဦးနှောက်က ဆက်စပ်မိလိုက်သည်။





ညိုမိ၏ စာထဲတွင် အစ်ကိုဆိုသူနှင့် သူမ တွေ့ဆုံခြင်းသည် အစ်ကို၏ မွေးနေ့ စက်တင်ဘာလ ဆယ်ရက်နေ့ညဟု ဆိုသည်။

သူ၏ အမျိုးသားမှတ်ပုံတင်ကတ်ပြားတွင် ပါရှိသော မွေးနေ့၊ မွေးလမှာလည်း စက်တင်ဘာလ ဆယ်ရက်ပင် ဖြစ်သည်။

ယနေ့ရောက်ရှိနေသော လနှင့်ရက်သည် အောက်တိုဘာလ (၁၂)ရက်နေ့ ဖြစ်နေသည်။

ဒါဆိုလျှင် ညိုမိနှင့်သူ တွေ့ခဲ့သည်မှာ တစ်လနှင့် နှစ်ရက်သာ ရှိသေးသည်။

သို့တစေ ညိုမိ ထံတွင် ကိုယ်ဝန်သုံးလ ရှိနေပြီဟု ဆိုထားသည်။

ယင်းသို့ဆိုပါက ညိုမိ၏ကိုယ်ဝန်သည် မိမိနှင့်ပတ်သက်သော ကိုယ်ဝန် မဟုတ်နိုင်တော့ပြီ။

'ဒီမှာ ကိုလှဝင်းမောင်၊ ဟောဒီမှာကြည့်၊ ကျွန်တော့် အမျိုးသားမှတ်ပုံတင်ကတ်ပြား'

ကျော်ဇေယျက သူ့အိတ်ထဲမှ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို ထုတ်ယူပြီး လှဝင်းမောင်လက်သို့ ပေးအပ်ကြည့်စေသည်။

လှဝင်းမောင်က ယူကြည့်သည်။

'အဲဒီ ကျွန်တော့်မှတ်ပုံတင်ထဲက မွေးလနဲ့ မွေးရက်ဟာ စက်တင်ဘာလ ဆယ်ရက်ပဲ၊ ဒီတော့ ညိုမိနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဟာ လွန်ခဲ့တဲ့ စက်တင်ဘာလ ဆယ်ရက်နေ့က တွေ့ခဲ့တာ ဆိုရင် ဒီနေ့ထိ တစ်လနဲ့ နှစ်ရက်ပဲ ရှိသေးတယ်၊ ညိုမိရဲ့ ကိုယ်ဝန်က သုံးလရှိနေပြီဆိုတော့ ဒီကိုယ်ဝန်ဟာ ကျွန်တော်နဲ့ မသက်ဆိုင်ကြောင်း ထင်ရှားနေတာယ် မဟုတ်လား'

လှဝင်းမောင်က ခေါင်းညိတ်ပြသည်။

'သိပ်ဟုတ်တာပေါ့၊ ဒီမှာ ဦးသိန်းတန်၊ သူ့မှတ်ပုံတင်ကို ကြည့်ပါ'

ဦးသိန်းတန် ယူကြည့်ပါ၏။ ကြည့်ပြီး ဦးခေါင်းလည်း ညိတ်ပြပါ၏။

ဦးသိန်းတန် ဦးနှောက် နည်းနည်း ခြောက်သွားသည်။ ညိုမိ၏ကိုယ်ဝန်မှာ ကိုကျော်ဇေယျနှင့် မဟုတ်လျှင် မည်သူနှင့် ဖြစ်လေမည်နည်း။ အဖြေဆက်၍ ရှာရဦးမည်။

ကျော်ဇေယျသည် ဆက်စပ်ကြည့်ပြန်သည်။

ညိုမိ၏ သုံးလရှိသော ကိုယ်ဝန်သည် သိုက်သိုက်၏ ကိုယ်ဝန်ဖြစ်တန်ရာပေသည်။ သိဂီရွှေဝါမှ အရက်ရောင်းသူက သိုက်သိုက်သည် သိဂီရွှေဝါသို့ နေ့စဉ် လာတတ်ကြောင်း၊ ညိုမိကလည်း သိုက်သိုက်ကို အရောတဝင်နေကြောင်း ပြောပြသည်။ ညိုမိသေဆုံးသွားသောအခါ သိုက်သိုက်က ကျုပ် ခံစားရသလို ခင်ဗျား ခံစားရမည်ဟု ကြိမ်းမောင်းခြင်း၊ လက်တွေ့အားဖြင့်လည်း နှောင်းငယ်ကို သေစေရန် သူ၏ ကားနှင့် တိုက်ခဲ့ခြင်းက သက်သေခံနေသည်။





သိုက်သိုက်သည် လူလူချင်း ယှဉ်ပြိုင်ရန် သူ့တွင် မစွမ်းမသန်မို့ ခဲယဉ်းသည်။ ထို့ကြောင့် သူ့ကားပြာကြီးနှင့် တိုက်သတ်ဖို့ ကြိုးစားခြင်းကိုသာ သူ ကြံစည်သည်။

ဟုတ်ပြီ။

ထိုညက ညိုမိသည် သူမ၏ ဗောက်(စ်)ဝက်ဂွန်းကားလေးဖြင့် ညနေပိုင်း အောင်ဘောဂစက်ရုံသို့ လိုက်လာပေမည်။ စက်ရုံထဲအထိ ကားကိုမဝင်ဘဲ အပြင်တစ်နေရာတွင် ရပ်ထားခဲ့ပြီး သူ့ထံ လူချည်းသက်သက် လာမည်။

ညိုမိလိုက်လာသဖြင့် သူသည် ညိုမိနှင့်အတူ သူ၏ကားဖြင့် ထွက်လာမည်။ ညိုမိအား ရွှေမြို့သို့ ပြန်ပို့ပေးမည် ဖြစ်သည်။

တကယ်တော့ ညိုမိသည် စိတ်ဓာတ်ပျော့ညံ့သော မိန်းကလေးဖြစ်မည်။ ယောကျာ်းလေးတွေနှင့် အရောဝင်ရန် ဝါသနာလည်း ပါဟန်တူသည်။ အညာလွယ်သော မိန်းကလေးမို့ ရုပ်ချောချော၊ လူငယ်ငယ် သိုက်သိုက်နှင့် မှားယွင်း ကျူးလွန်ခဲ့ရာမှ ကိုယ်ဝန်ရပေမည်။ တကယ်တော့ ညိုမိသည် သိုက်သိုက်နှင့် မှားယွင်းစေကာမူ သိုက်သိုက်ကို တကယ်ချစ်သည်မျိုး ဟုတ်ဟန်မတူပေ။ သိုက်သိုက် ကဲ့သို့ ပခုံးတစ်ဖက်နိမ့်၊ ခြေတစ်ဖက်ဆာနေသူကို အတည်ယူလိုခြင်း ရှိမည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သိုက်သိုက်အဖို့ကတော့ ညိုမိလိုမိန်းကလေးကို ကျူးလွန်သည်အထိ ရလိုက်ခြင်းသည် သိပ်ကိုချစ်ခင်စွဲလမ်းစရာ ဖြစ်သွားမည်။

ကျော်ဇေယျကိုတော့ ညိုမိက သဘောကျမည်သာ။ ကျော်ဇေယျလိုလူသည် ညိုမိသာမက ရာခိုင်နှုန်းတော်တော်များများ မိန်းကလေးများက သဘောကျ နှစ်သက်ခြင်းခံခဲ့ရသူ ဖြစ်ပါ၏။

ကျော်ဇေယျက မြို့ဟောင်းတွင် နေထိုင်ပြီး ညိုမိက ရွှေမြို့တွင် နေထိုင်သောကြောင့် ကျော်ဇေယျတွင် သားနှင့်မယားရှိမှန်း ညိုမိ မသိနိုင်ပေ။

သိပါသည်ဆိုသည့်တိုင်အောင် ကျော်ဇေယျကသာ သူမကိုယူလျှင် သားတစ်ယောက်အဖေ ဖြစ်စေကာမူ ညိုမိက ယူမည်သာ ဖြစ်ပုံရသည်။ သူမ၏ စာထဲတွင် အစ်ကိုအား အရမ်းစွဲလမ်းချစ်ခင်မိသည်ဟု ဖော်ပြထားခြင်းက ညိုမိ၏ သဘောထားကို သိနိုင်လောက်သည်။

ညိုမိသည် ကျော်ဇေယျနှင့် တွေ့ပြီးမှ သိုက်သိုက်ကို ဘက်ကန်ပေမည်။ သူမတွင် ကိုယ်ဝန်ရှိစေကာမူ ကိုကျော်ဇေယျနှင့် မွေးနေ့ညက မှားယွင်းခဲ့ပြန်သည်မို့ ဤကိုယ်ဝန်ကို ကျော်ဇေယျအား လွှဲချ၊ ပုံချ၍ ရနိုင်သည်။

ထို့ကြောင့် ကျော်ဇေယျရှိရာ မြို့တောင်းသို့ လိုက်လာခြင်း ဖြစ်မည်။





ကျော်ဇေယျက ရွှေမြို့သို့ပြန်အပို့တွင် အသစ်ချောင်းနေသော သိုက်သိုက် တောင်ကမ်းပါးယံမှ ထွက်လာပြီး ကျော်ဇေယျ၏ကားကို တိုက်ခြင်းဖြင့် ညိုမိရော၊ ကျော်ဇေယျရော တောင်ကျချောင်းထဲသို့ ကျသွားခြင်း ဖြစ်ရမည်။ တောင်ကမ်းပါးယံနေရာတွင်ကား ရှောင်တိမ်း၍ မရပါလေ။

ရဲအုပ် ဦးသိန်းတန်က ကျော်ဇေယျ၏ အမျိုးသားမှတ်ပုံတင်ကို ပြန်ပေးသည်နှင့် ကျော်ဇေယျက ကောက်ကာ ငင်ကာ ပြောလိုက်သည်ကို သူတို့ အံ့သြသွားစေတော့သည်။

'ကျွန်တော် အခု အားလုံး ပြန်ပြီးအမှတ်ရပြီ၊ ကျွန်တော် ပြောပြမယ်'

ကိုလှဝင်းမောင်က သူ့အား အံ့သြစွာကြည့်ပါ၏။

'အဲဒီညက ညနေပိုင်း မြို့ဟောင်းကို ညိုမိ ရောက်လာတယ်၊ သူ့ဗောက်(စ်)ဝက်ဂွန်း လိပ်ခုံးကားလေးနဲ့ ရောက်လာတာပါ၊ သူ့ကားကို စက်ရုံနဲ့ခပ်ဝေးဝေးမှာ ရပ်ထားခဲ့ပြီး ကျွန်တော့်ကို ညိုမိက လာခေါ်တယ်၊ ကျွန်တော်လိုက်သွားပြီး ကျွန်တော့်ကားနဲ့ ညိုမိကိုတင်ပြီး ချော့ချော့မော့မော့နဲ့ ရွှေမြို့ကို ပြန်အပို့မှာ တောင်ကမ်းပါးယံ ရောက်တော့ ဘွားခနဲ သိုက်သိုက်က သူ့ကားနဲ့ပေါ်လာပြီး ဝင်တိုက်လို့ မရှောင်နိုင် မတိမ်းနိုင်ဘဲ ကျွန်တော့်ကား တောင်ကျချောင်းထဲ ကျသွားရတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းတန်က ကျော်ဇေယျ၏စကားကို မယုံသလို မျက်ခုံးနှစ်ဖက် ပင့်သွားသည်။

'ဒါနဲ့ ကိုကျော်ဇေယျဟာ အတိတ်ကိုမေ့နေလို့ ဘာမှ မမှတ်မိဘူးဆို၊ အခုပြောတော့လဲ အမှတ်တရ ပြောနေပါလား'

'ဟုတ်တယ် ဦးသိန်းတန်'

ကိုလှဝင်းမောင်က ဝင်ပြောသည်။

'မြို့ဟောင်းက သမားတော်ကြီး ဒေါက်တာ ဦးသိုက်စိုးက မနေ့ကပဲ ကျွန်တော့်ကိုပြောပြတယ်၊ ဒီအမ်(မ်)နီးဆီးယားဆိုတဲ့ အတိတ်မေ့ရောဂါမျိုးဟာ တော်တော် အူကြောင်ကြောင်နိုင်တဲ့ ရောဂါမျိုးတဲ့၊ ကျွန်တော်တို့ မြန်မာတွေထဲမှာရှိတဲ့ ပယောဂနဲ့ ဥပမာပေးလို့ရတယ်တဲ့၊ ပူးချင်တဲ့အခါ ပူးပြီး ခွာချင်တဲ့အခါခွာသွားတဲ့ သဘောမျိုးပဲတဲ့၊ သတိရချင်တာတွေကျတော့ သူ့အလိုလိုရပြီး မမှတ်မိတာကျတော့ မမှတ်မိတာတွေ ရှိပြန်ရောတဲ့'

ဦးသိန်းတန်က သိသိသာသာကြီးပင် သက်ပြင်းချ မှုတ်ထုတ်ပြလိုက်သည်။

'အင်း....သိပ်ကောင်းတဲ့ ရောဂါတစ်မျိုးပဲ၊ တရားခံတိုင်းမှာသာ ဒီရောဂါမျိုး စွဲကပ်ရင် ပြဋ္ဌာန်းထားတဲ့ ဥပဒေစာအုပ်တွေ၊ ရဲပုဒ်မတွေဟာ မီးရှို့တောင်ပစ်ရမလို ဖြစ်နေ





ပြီ၊ ရဲအမှုစစ်နဲ့ တရားသူကြီးတွေလဲ စိတ္တဇဆေးရုံ ရောက်ကုန်မှာပဲ'

'ကဲ....ကိုကျော်ဇေယျပြန်မှတ်မိတယ်ဆိုရင် ကျုပ်က ဆက်မေးမယ်၊ တောင်ကမ်းပါးယံမှာ ခင်ဗျားကို တိုက်တဲ့ကားဟာ ဘာအရောင်လဲ'

'အပြာရောင်'

'အဲဒီ တောင်ကမ်းပါးယံမှာ လမ်းခုလတ်မီးတိုင်မှ မရှိတာ၊ ခင်ဗျားက အပြာရောင်မှန်း ဘယ်လိုသိသလဲ'

'ဟာ....ကျုပ်ကား ရှေ့မီးက ထိန်လင်း နေတာပဲဟာ၊ ကားမီးရောင်နဲ့ တွေ့တာပေါ့'

'အဲဒီ အပြာရောင်ကားက ဘာအမျိုးအစားလဲ'

'ဒါတော့ အဲဒီတုန်းက မသိဘာအမှန်ပဲ၊ ကျွန်တော်တို့အနေနဲ့ ခေတ်ဟောင်းက ကားဟောင်းတွေကိုမြင်ရရုံနဲ့ ဘာကား အမျိုးအစားဆိုတာ ဘယ်ခွဲခြားနိုင်မလဲ ဦးသိန်းတန်၊ မနေ့က ကျွန်တော့်ဇနီးကို လိုက်တိုက်မှ ဒီကားအပြာရောင်ဟာ အိုပယ်အမျိုးအစားလို့ သိရတယ်'

'ထားပါတော့၊ နောက်တစ်ခု ကျုပ်ထပ်မေးမယ်၊ အဲဒီညက ညိုမီဟာ အင်္ကျီဘာအရောင် ဝတ်ထားလဲ၊ ယဘီကော ဘာအရောင်ဝတ်ထားလဲ'

ကျော်ဇေယျ မဖြေတတ်တော့ဘဲ နဂိုကတည်းက မှတ်မိဟန်ဆောင်ပြီး ပြောနေရာ ဤမျှကတ်သတ် မေးလာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဘယ်လိုဖြေရမှန်း မသိတော့ပါလေ။ တကယ်ပင် သူက မှတ်မိသည်မှ မဟုတ်ဘဲကိုး။

ကိုလှဝင်းမောင်က ရယ်သွမ်းသွေးလိုက်ပါ၏။

'ကျွန်တော်ထင်တယ် ဦးသိန်းဘန်၊ အခုမေးတဲ့ မေးခွန်းမျိုးကျတော့ ယောက်ျားတစ်ရာမှာ တစ်ရာလုံး မဖြေနိုင်တဲ့ မေးခွန်းလို့ ကျွန်တော်က ဝင်ပြောချင်တယ်၊ ကဲ....ဦးသိန်းတန်ကိုပဲ ပြန်မေးစမ်းပါရစေ၊ ကနေ့ ဦးသိန်းတန် ရဲ့စခန်းကို အလုပ်ဆင်းလာတဲ့ အချိန်မှာ ဦးသိန်းတန်ရဲ့ ဇနီးဟာ အင်္ကျီ ဘာအရောင်၊ ထဘီဘာအရောင် ဝတ်ထားလဲဗျာ'

'အား....'

ဦးသိန်းတန် အားခနဲ အာမေဍိတ်သံ ထွက်ရပါ၏။ ပါးစပ်လည်း ပြဲသွားသည်။

'အင်း....ကျုပ်မိန်းမ အင်္ကျီ ဘာအရောင်နဲ့ ထဘီ ဘာအရောင် ဝတ်ထားတယ်ဆိုတာ ကျုပ် သတိမထားမိတာတော့ အမှန်ပဲ၊ ဒါပေမယ့် ဒီနေ့ ရာသီဥတု အေးတယ်ဆိုပြီး သိုးမွေးဆွယ်တာ အဝါရောင် ထပ်ဝတ်ထားတာတော့ ကျုပ်သတိထားမိတယ်၊ ကိုကျော်ဇေယျလဲ အဲဒီညက ညိုမိဟာ အနွေးထည် ဝတ်ထားတယ် ဝတ်မထားဘူး ဆိုတာလောက်တော့ မှတ်မိမှာပါ၊ အခုရက်အတွင်း မိုးအုံ့ပြီး အအေးခေတ် ပါနေတာပဲ'





'ဟုတ်ကဲ့၊ အဲဒီညနေက ညိုမိဟာ အနွေးထည်တော့ ဝတ်ထားပါတယ်'

'ကိုကျော်ဇေယျရဲ့ကား တောင်ကျချောင်းထဲ ကျသွားတဲ့အထိ ညိုမိက အနွေးသည် ဝတ်ထားလျက်ပေါ့ ဟုတ်လား'

'အင်းပေါ့'

ဖြန်းခနဲနေအောင် ဦးသိန်းတန်က စားပွဲကို လက်ဝါးဖြင့် ပုတ်လိုက်သည်။

'ခင်ဗျား ညာပြောနေတာပဲ ကိုကျော်ဇေယျ၊ အမှန်တော့ ညိုမိကို ကျုပ်တို့ရဲတွေ တွေ့ရှိချိန်မှာ ညို့ကိုယ်မှာ အဝတ်အစား တစ်ခုမှမရှိဘူး၊ ဝတ်လစ်စလစ်ပဲဗျ၊ ဘာဘီဆိုတာမျိုးက ရေထဲမှာ လှုပ်ရှား လူးလွန့်ရင်း ကျွတ်သွားနိုင်တယ် ထားပါဦး၊ ဝတ်ထားတဲ့ အင်္ကျီမျိုး၊ အနွေးထည်မျိုးကျတော့ ကျွတ်မသွားနိုင်ပါဘူး၊ အဲဒီအချက်ကိုလဲ ကျုပ်တို့ သိပ်စဉ်းစားရ ခက်နေတယ်'

အငိုက်မိသွားပေပြီ။

ကိုလှဝင်းမောင်ပင်လျှင် ညိုမိအား ဆေးရုံရောက်မှ သွားရောက်ကြည့်ရှုခြင်းဖြစ်ပါ၏။ ညိုမိကို ရဲကတွေ့ချိန် ဘွင် ကိုယ်လုံးတီးမှန်း ကိုလှဝင်းမောင်ပင် မသိသေးပါလေ။

'ဒီမှာ ကိုကျော်ဇေယျ၊ တကယ်တော့ အဲဒီညက ခင်ဗျားဘာတွေဖြစ်ခဲ့သလဲဆိုတာ ခင်ဗျား လုံးဝ မမှတ်မိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်း ကျုပ်မေးတာတွေကို ခင်ဗျား အမှန်အတိုင်း ဖြေပေမယ့် ကျုပ်က ညိုမြိုရေးခဲ့တဲ့စာကို ခင်ဗျားကို ပေးဖတ်ပြီးတာနဲ့ ခင်ဗျား မွေးနေ့အရ ညိုမြိုရဲ့ကိုယ်ဝန်ဟာ ခင်ဗျားနဲ့ ပတ်သက်တာ မဟုတ်ဘူးဆိုတာကို သိသွားတယ်၊ အဲဒီနောက် ခင်ဗျားပြောတာတွေဟာ အမှန်အကန် မဟုတ်တော့ဘူး၊ ကိုလှဝင်းမောင်က ကက်ဆက်ဖွင့်ပြပြီး ကျွန်မတို့ကို သတ်မလို့ပါလို့ ညိုမြို ပြောသွားသံကို ခင်ဗျား နားထောင်ပြီး လူသတ်သမားက ညိုမြိုနဲ့အတူပါလာတဲ့ ခင်ဗျားကိုပါ သတ်မလို့ပါဆိုတဲ့ စကားဟာ ခင်ဗျား လူသတ်သမား မဟုတ်ဘူးဆိုတာ သဘောပေါက်သွားပြီး ခင်ဗျား ညိုမြိုနဲ့အတူ မော်တော်ကား တောင်ကျချောင်းထဲ ကျသွားတယ်လို့ ညာပြောတော့တာပဲ'

တစ်ခန်းလုံးငြိမ်သွားပါ၏။ ဦးသိန်းတန်ကပြန်ပြောသော စကားများမှာ မှန်သင့်သလောက် မှန်နေသည်မို့ စောဒကမတက်ဘဲ ငြိမ်နေကြခြင်း ဖြစ်ပါ၏။

'ကဲ....ကိုကျော်ဇေယျ ပြန်နိုင်ပါပြီ၊ တစ်ခုတော့ မှာပါရစေ၊ ညအိပ်အဝေးခရီးကိုတော့ အခုလောလောဆယ်မှာ မသွားပါနဲ့ဦး၊ ကျုပ်တို့အလိုရှိတဲ့အခါ အသင့်ရှိနေစေချင်လို့ပါ၊ တကယ်လို့ မသွားမဖြစ် ခရီးသွားစရာရှိတယ်ဆိုရင်တော့ ကျွန်တော်တို့ဆီကို အကြောင်းကြားပြီး ခွင့်ပြုချက်ရယူပြီးမှ သွားပါ'

ကျော်ဇေယျ ထိုင်ရာမှ ထသည်။





ရွှေမြို့ ရဲသည် သူ့အား တရားခံဖြစ်ရမည်ဟု မယူဆသေးပါ။ ဆက်လက်စုံစမ်းမှုများ ပြုဦးမည်ထင်ပါသည်။

ကျော်ဇေယျ ရဲအုပ်ရုံးခန်းမှ ထွက်လာခဲ့သည်။

ကိုလှဝင်းမောင်သည် နောက်က အမီလိုက်လာပါ၏။

'ကိုကျော်ဇေယျမှာ ကားပါလား'

'ရဲကားနဲ့ လာခေါ်တယ်၊ ကျွန်တော့်မှာ ဘာကားမှ မရှိတော့တာ'

'ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပေါ့ဗျာ၊ အဲ.... ခဏတော့စောင့်ပေါ့၊ ရွှေမြို့တရားရုံးက တရားသူကြီးဆီမှာ ကျွန်တော် ရက်ချိန်းယူစရာရှိနေလို့'

'ရပါတယ်'

ရဲစခန်းမှ မောင်းထွက်လာခဲ့ရင်း ကျော်ဇေယျက ကိုလှဝင်းမောင်၏ အပြုအမူအပေါ် မှုတည်ပြီး မေးမြန်းချင်နေသည်ကို မေးမိတော့သည်။

'ကျွန်တော် ကိုလှဝင်းမောင်ကို အံ့ဩနေတာ တစ်ခုရှိတယ်၊ တကယ်တော့ ကိုလှဝင်းမောင်အနေနဲ့ ကျွန်တော်သာ ပေါ်မလာရင် နှောင်းနဲ့ မလွဲမသွေ လက်ထပ်မယ့်အခြေအနေရှိခဲ့တယ်၊ အခုအချိန်ထိလဲ ကိုလှဝင်းမောင်ဟာ အိမ်ထောင်မပြုဘူး၊ နှောင်းအပေါ်မှာလဲ စိတ်ဝင်စားတုန်းပဲလို့ ကျွန်တော်ထင်တယ်၊ အခု ကျွန်တော်ရောက်ရှိနေတဲ့လက်ရှိအခြေအနေဟာ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အခြေအနေမျိုးမှာပါ၊ ကျွန်တော် အခုအမှုအတွက် ထောင်ပဲကျကျ၊ တစ်သက်တစ်ကျွန်းကျကျ၊ ကြိုးဒဏ်ကျကျ ကျွန်တော့်ကို သက်ဆိုင်ရာက စီရင်ချက်ချ အပြစ်ပေးတာနဲ့ နှောင်းဟာလွတ်လပ်သွားပြီ၊ နောက်ပြီး အခုဆိုရင် နှောင်းဟာ ကျွန်တော့်ကို အမုန်းကြီးမုန်းပြီး သူစိမ်းပြင်ပြင်လို ဆက်ဆံနေပြီ၊ ဒီအခြေအနေထဲမှာ ကိုလှဝင်းမောင်က ဘာဖြစ်လို့ အခုအမှုက ကျွန်တော် လွတ်ရာလွတ်ကြောင်းကို အားကျိုး မာန်တက် အစွမ်းကုန်လိုက်ပြီး ဆောင်ရွက်ပေးနေတာလဲဗျာ'

'အင်း...နှောင်းက တကယ့်ကို ကိုကျော်ဇေယျအပေါ်မှာ ယတိပြတ် မုန်းသွားတယ်ဆိုရင်တော့ ကျွန်တော့်ရဲ့ အခုလုပ်ဆောင်ချက်တွေဟာ တစ်မျိုးတစ်မည် ဖြစ်သွားကောင်း ဖြစ်သွားမယ်ပေါ့ဗျာ၊ ဒီထက် ရှင်းရှင်းပြောရရင် နှောင်းရဲ့ နှလုံးသားထဲက ကိုကျော်ဇေယျကို အပြီးအပိုင်ထုတ်ပယ်ရိုး တကယ်မုန်ရင် ကျွန်တော်က နှောင်းကို ပြန်ပြီးမျှော်လင့်ချက် ထားမယ်၊ အခုကိစ္စမှာ ဘာမှမကူညီဘဲ ဘေးထွက်နေမယ်ပေါ့ဗျာ၊ အခုဟာက နှောင်းအနေနဲ့ ကိုကျော်ဇေယျကို တကယ်မမုန်းဘူးဗျ၊ နှောင်းရဲ့ အသည်းထဲမှာ ခင်ဗျားပဲရှိတယ်၊ နှောင်းရဲ့နှလုံးထဲမှာ ခင်ဗျားပဲရှိမှန်း ကျွန်တော် အသေအချာ သိထားတယ်၊ နှောင်းက ခင်ဗျားဆို ခင်ဗျားကိုမှ သိပ်ချစ်တာဗျ၊ အခု ခင်ဗျားအပေါ်မှာ မုန်းတယ်လို့ ပါးစပ်ကပြောပြီး သူစိမ်းလို စကားမပြောဘဲနေတာကိုကပဲ သိပ်ချစ်တာကို ဖော်ကျူးတဲ့ သဘောရှိနေတယ်၊ ကိုယ့်





ယောက်ျားကို သိပ်ချစ်တဲ့ မိန်းမတစ်ယောက်ဟာ တခြားမိန်းကလေးတစ်ယောက်နဲ့ ကိုယ့်ယောက်ျား ဖောက်ပြားပါတယ်ဆိုတဲ့ ဒဏ်ကို ဘယ်မှာ ခံနိုင်ရည်ရှိမလဲဗျာ၊ ဒါက အခိုက်အတန့်ပါ၊ အခု ညိုမြိ့အမှုနဲ့ ပတ်သက်ပြီး ခင်ဗျားထောင်ကျသွားလဲ နှောင်းက ကျွန်တော့်ကို ဘယ်တော့မှ လက်မထပ်ဘူး၊ ခင်ဗျား ထောင်ကလွတ်တဲ့အထိ စောင့်မှာသေချာတယ်၊ အဲ...ကြိုးမိန့်၊ ကျွန်းမိန့်ကျသွားလဲ နှောင်းဟာ ခင်ဗျားစိတ်နဲ့ တတိတိ လုံးပါးပါးပြီး သေမှာပဲ၊ ကျွန်တော့်ကိုတော့ လက်ထပ်မှာမဟုတ်ဘူး၊ ကျွန်တော့်ကို အစကတည်းက ချစ်မှမချစ်တာဘဲ ကိုကျော်ဇေယျ၊ ဒီတော့ ခင်ဗျားမသေအောင်၊ ကျွန်းမိန့်ကလွတ်အောင်၊ ထောင်မကျအောင် ကျွန်တော်က ကျွန်တော့်ရဲ့ အတတ်ပညာ အကုန်၊ စွမ်းအားရှိသမျှ အကုန်လိုက်ပေးရမှာပဲ၊ အဓိကကတော့ နှောင်း စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ နှောင်း သောကကင်းဝေးပြီး ပျော်ရွှင်နေစေချင်တယ်၊ ဒါကြောင့် ကျွန်တော် သဲသဲမဲမဲ ဒီအမှုကို ခင်ဗျားဘက်ကလိုက်ပေးနေတာ'

ကျော်ဇေယျသည် ကြည်ညိုလေးစားသောစိတ်၊ ကြည်ညိုလေးစားသော အကြည့်ဖြင့် ကိုလှဝင်းမောင်ကို ငေးကြည့်နေမိသည်။

'တကယ့်အချစ်စစ် အချစ်မှန်ဆိုတာက လူသေမှ အချစ်သေတာလို့ ကျွန်တော်ခံယူတယ်၊ ကိုယ်ချစ်နေတဲ့သူက ကိုယ့်ကို ပြန်ချစ်ချစ် မချစ်ချစ် ကိုယ်ကတော့ သေတစ်ပန် ချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ ကိုယ်ကချစ်လျက်နဲ့ မညားတာကတော့ ဖူးစာကံလို့ပဲ ဆိုပါတော့ဗျာ'

'ခင်ဗျားလိုလူရှားတယ်၊ မရှိသလောက် ရှားတာမျိုးပါ၊ ကျွန်တော့်အမှုကို လိုက်ပေးလို့ ပြောနေတာ မဟုတ်ဘူး၊ တကယ် ရင်ထဲကကြည်ညိုလေးစားပြီး ချီးကျူးတာ၊တကယ်ဆို လက်ရှိ ကျွန်တော့်ဘဝကို ကျွန်တော့်စိတ်က သေမထူးနေ့မထူး တွက်ထားပြီးသား၊ ဆုံးရှုံးမှု အားလုံးအတွက် အသင့်ခံဖို့ စိတ်ဓာတ်က ပြင်ဆင်ထားပြီးသားပါ၊ ထောင်ကျကျ၊ ကြိုးကျကျ၊ ကျွန်းကျကျပေါ့ဗျာ၊ နောက်ပြီး အခုလဲ ကျွန်တော့်ရဲ့အတိတ်ကို ကျွန်တော် ဘာမှမမှတ်မိတဲ့လူအဖြစ်နဲ့ ဘဝမှာ မျောနေပြီပဲ၊ ဟိုတုန်းကလဲ ညီ့မိန်းနဲ့ မရှင်းမရှင်းဖြစ်ခဲ့လို့သာ အခု ကျွန်တော့်ကို အမှုထဲမှာ တရားခံလို့ မသင်္ကာခံရတာပေါ့၊ ကျွန်တော်က နှောင်း အပေါ်မှာ လူဆိုးတစ်ယောက်၊ လင်ဆိုးတစ်ယောက်ဖြစ်ခဲ့တယ် ထင်ပါရဲ့ဗျာ၊ ဘာမှတော့ မမှတ်မိဘူး၊ ဒါပေမယ့် အခုဖြစ်နေတာတွေအရ ကျွန်တော်က လင်ဆိုး၊ လူဆိုးပဲ'

'ဟုတ်တယ်၊ ခင်ဗျားဟာ နှောင်းအပေါ်မှာ ဆိုးတယ်လို့ပြောရမှာပဲ၊ အရက်သောက် ကြမ်းတယ်၊ သားကိုလဲ ဂရုတစိုက်၊ မယားကိုလဲ ဂရုတစိုက်မရှိခဲ့ဘူး၊ ခင်ဗျား ဘယ်လောက်ဆိုးဆိုး နှောင်းက ခွင့်လွှတ်ပြီး ချစ်နေတာပဲ၊ အခု မိန်းမကိစ္စနဲ့ ပတ်သက်လို့သာ မခံမရပ်နိုင်ဖြစ်ရှာတာ၊ အဲ— ဒါပေမယ့် ခင်ဗျားက ဒူးရင်းသီးလိုလူပါ'





'ဗျာ....'

'ဪ....ဒူးရင်းသီးဟာ အပေါ်မှာ ဆူးတွေ ရှိပေမယ့် အတွင်းအသားကတော့ အရသာ သိပ်ရှိတယ်၊ ခင်ဗျားက ဆိုးတဲ့နေရာဆိုးပေမယ့် ဦးစည်သူရဲ့လုပ်ငန်းမှာ ခင်ဗျား သိပ်တော်တယ်၊ ဒါကြောင့်လဲ ဦးစည်သူက သမက်ကို အားကိုးတာ၊ အဲ.... နောက်တစ်ခု ထပ်ပြောချင်တာက အခု ခင်ဗျားဟာ ညီ့မိန်းနဲ့အတူ တောင်ကျချောင်းထဲ ကျပြီး အတိတ်မေ့၊ ဘဝမေ့နဲ့ ပြန်လာတော့ အရမ်းပြောင်းလဲသွားတယ်၊ ဟိုတုန်းက ကိုကျော်ဇေယျနဲ့ အခု ကိုကျော်ဇေယျဟာ ဘာမှ မဆိုင်တော့တဲ့ ခင်ဗျား ကျော်ဇေယျအသစ်ဖြစ်လာတယ်၊ ဒီအတွက်လဲ နှောင်းက သိပ်ကျေနပ်ဝမ်းသာနေတာ၊ ကိုဝဏ္ဏက စက်ရုံရောင်းဖို့ ကိစ္စမှာ ခင်ဗျားကို ပူးပေါင်းပေမယ့် ခင်ဗျားက ပူးပေါင်းမခံတဲ့ပြင် ဆရာဝန်ကြီး ဦးသိုက်စိုးတောင် အမှတ်တမဲ့ဖြစ်နေတဲ့ ဦးစည်သူကို ခင်ဗျားက ဆက်သွယ်နိုင်အောင် ကြိုးစားပြလိုက်တာဟာလဲ တကယ့်ကို အောင်ဘောဂရိပ်ငြိမ်ကြီးရဲ့ အယိမ်းအယိုင်ကို တည့်မတ်လိုက်တာပဲ'

'လောလောဆယ်တော့ နှောင်းငယ်က ကျွန်တော့်ကို ခါးခါးသီးသီး ဖြစ်နေဘာပဲ ကိုလှဝင်းမောင်ရာ'

'တဖြည်းဖြည်း ခွင့်လွှတ်လာမှာပါ၊ နှောင်းက ခင်ဗျားကို သိပ်ချစ်တာပဲဟာ၊ ပြီး ညီ့မိရဲ့ ကိုယ်ဝန်ဟာ ကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



"ဇေယျ ကိုယ်ဝန်မဟုတ်မှန်း ပေါ်လွင်လာပြီပဲ၊ နှောင်း ခွင့်လွှတ်လာမှာပါ၊ ကျွန်တော့်အဖို့ကတော့ ခင်ဗျားနဲ့တူးတူးနဲ့ အတူ နှောင်း ပျော်ရွှင်နေတာကို မြင်ရရင်ပဲ ကျွန်တော်လဲ ပျော်တယ်ပေါ့ဗျာ"

*



(၁၃)

ကိုလှဝင်းမောင် တရားရုံးထဲ ဝင်သွားသည်ကို ကားပေါ်တွင် ကျော်ဇေယျ တစ်ယောက်ဘည်းစောင့်ရင်း နှောင်း ငယ်အတွက် စိုးရိမ်ပူပန်ခြင်း ဖြစ်နေပါ၏။

တရားရုံးထဲသို့ ဝင်ရောက်သွားသော ကိုလှဝင်းမောင်သည် သူ့ကိစ္စနှင့်သူ နာရီဝက်ကြာချင်ကြာမည်၊ တစ်နာရီ ကြာချင်ကြာမည်။

ကိုလှဝင်းမောင် မလာမီစပ်ကြား ကျော်ဇေယျ ခနေနှင့် နှင်းဆီလမ်းအိမ်မှ သိုက်သိုက်ကို သွားကြည့်လျှင် ကောင်းမည်။ သိုက်သိုက်အိမ်မှာ ကားပြာကြီးနှင့်အတူ ရှိနေလျှင် နှောင်းငယ်အတွက် စိတ်အေးရမည်။

သူသည် မော်တော်ကားကို စက်နှိုးကာ နှင်းဆီလမ်း ဘက်သို့ မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီလမ်းအိမ်တွင် သိုက်သိုက်ကိုရော ကားပြာကြီးကိုပါ မတွေ့ရပေ။ သိုက်သိုက်မိခင် ဒေါ်ရင်မေနှင့်သာ တွေ့ရသည်။

ဒေါ်ရင်မေသည် အသက်လေးဆယ် စွန်းစွန်းလေးသာ ရှိသေးပြီး မိန်းမချောတစ်ဦး ဖြစ်ပါ၏။ သိုက်သိုက်သည် သူ့မိခင် ဒေါ်ရင်မေနှင့် ရုပ်ချင်းတူသောကြောင့် လူချောလူလှလေး ဖြစ်နေပါ၏။

သိုက်သိုက်ကိုမေးမြန်းရာ ဒေါ်ရင်မေက ကျော်ဇေယျအား သူ့သားသိုက်သိုက်၏ သူငယ်ချင်းတစ်ယောက်ဟု မှတ်ယူပြီး ပြောပြပါ၏။

'အေးကွယ်....မင်းတို့သူငယ်ချင်း သိုက်သိုက် တစ်ယောက် အခုရက်အတွင်း ဘာတွေဖြစ်နေလဲ မသိဘူး၊ စောစောကပဲ ရဲကြပ်ကြီးတစ်ယောက် သိုက်သိုက်နဲ့ လာတွေ့သွားသေးတယ်'

'ရဲကြပ်ကြီးက သိုက်သိုက်ကို ခေါ်သွားသလား အန်တီ'

'ခေါ်တော့ခေါ်မသွားဘူး၊ အကြာကြီးတော့ သိုက်သိုက်နဲ့ စကားပြောကြတယ်'

'ဘာတွေပြောလဲ အန်တီ'

'သိပါဘူးကွယ်....သိုက်သိုက်က မေမေ့ဘာသာ နေစမ်းပါ၊ ကျွန်တော်တို့ ပြောနေတာတွေကို ဝင်နားမထောင်ပါနဲ့ ဆိုလို့ သူစိတ်ချမ်းသာအောင် အန်တီက ဝေးဝေးမှာ သွား





နေပေးလိုက်ပါတယ်၊ အဲ....ရဲကြပ်ကြီးနဲ့ ရဲသားလဲ ပြန်သွားရော သိုက်သိုက်ဟာ အရူးတစ်ယောက်လို ငိုချပါလေရောကွယ်၊ ပါးစပ်ကလဲ ပေါက်တတ်ကရရှစ်သောင်း လျှောက်ပြောတော့တာပဲ'

'အဲဒီ ပေါက်ကရရှစ်သောင်းဆိုတာ သိုက်သိုက်က ဘာတွေ ပြောတာလဲ အန်တီ'

'တကယ့်ကို ပေါက်ကရတွေပါကွယ်၊ ဘာတဲ့.... သူ့ရင်သွေးကို သူသတ်မိပြီတဲ့လေ၊ သူ့မှာ မိန်းမမှမရှိသေးတာ ဘယ်ကရင်သွေးတွေ ဘာတွေ ရှိမှာလဲ၊ အားအားနေတိုင်း ဝတ္ထုတွေဖတ်၊ ဗီဒီယိုခွေတွေ ကြည့်ပြီး ဝတ္ထုထဲကလို၊ ဗီဒီယိုထဲကလို လျှောက်ပြီး ပေါက်ကရပြောတာလားတောင် မသိပါဘူး၊ သင်းကို ငါမကျေဘူး၊ ငါ့ရင်သွေးသေရသလို သင်းရင်သွေး သေစေရမယ်လို့လဲ ပြောရဲ့၊ ငါခံစားရသလို သင်းတို့ ခံစားစေရမယ်လဲ ပြောရဲ့၊ ရုပ်ရှင်မင်းသား အိုက်တင်ကျွင့်နေ ထင်ပါရဲ့'

'ဟိုက်....'

ဒေါ်ရင်မေက သူ့သားသိုက်သိုက် ဘာကိုညွှန်းမှန်းမသိသော်လည်း ကျော်ဇေယျက ဒက်ခနဲ သိလိုက်ပါ၏။

ရဲကြပ်ကြီးက လာရောက်ပြီး သိုက်သိုက်ကို မေးမြန်း စစ်ဆေးရင်း ညို့မိ၏ ကိုယ်ဝန်သုံးလသည် ကျော်ဇေယျနှင့် မသက်ဆိုင်ကြောင်း၊ ကျော်ဇေယျ၏ အမျိုးသားမှတ်ပုံတင်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ပါရှိသော မွေးနေ့အရဆိုလျှင် ကျော်ဇေယျနှင့် ရသော ကိုယ်ဝန်မဟုတ်ဘဲ ကျော်ဇေယျမတိုင်မီက အခြား လူတစ်ယောက်နှင့်ရပြီးသား ကိုယ်ဝန်ဖြစ်ကြောင်း ပြောပြ ပေမည်။ ဤသည်ပင်လျှင် သူနှင့်ရသော ကိုယ်ဝန်ဟု သိုက် သိုက် ချက်ချင်းသဘောပေါက်ကာ ရင်ပွင့်ပြီး ပြောစကား များကို ဒေါ်ရင်မေက ပေါက်ကရစကားဟု ထင်နေခြင်း သာ ဖြစ်ပေသည်။

'သားသား....တူးတူး'

သိုက်သိုက်၏ ရင်ပွင့်စကားအရ ကျော်ဇေယျ၏ သား လေး တူးတူးကို သိုက်သိုက်က ရန်ရှာတော့မည်၊ အန္တရာယ် ပေးတော့မည်ကို ကျော်ဇေယျ ချက်ချင်း နားလည်သဖြင့် ဟိုက်ဟု အာမေဋိတ် တ,မိခြင်း ဖြစ်တော့သည်။

'အခု သိုက်သိုက် ဘယ်သွားလဲဟင်'

'အဲဒါကို အန်တီ သိချင်နေတာပဲ၊ အန်တီ မီးဖိုထဲ သူ စားဖို့ သွားချက်ပြုတ်နေတုန်း ကားနဲ့ ထွက်သွားတာပဲ၊ ဘယ်သွားသလဲ မသိဘူး၊ ငိုငိုယိုယိုနဲ့ ကားလျှောက်မောင်း တာ တိုက်မိ ခိုက်မိမှာ အန်တီ စိုးရိမ်နေတယ်ကွယ်'

ကျော်ဇေယျ ကားပေါ်ပြန်တက်ပြီး နောက်ကျမှ ကိုလှ ဝင်းမောင် ကျေနပ်အောင် တောင်းပန်တော့မည်ဟု ဆုံး ဖြတ်ကာ ကိုလှဝင်းမောင်၏ ကားနှင့်ပင် မြို့ဖဟောင်းသို့ အပြင်းပြန်မောင်းခဲ့သည်။





အောင်ဘောဂရိပ်မြိမ်ရှေ့တွင် ကားရပ်ပြီး ကားပေါ်မှ ပြေးဆင်းသည်။

ဧည့်ခန်းထဲတွင် မည်သူမျှမရှိ။

နှောင်းငယ်နှင့် သားသား အိမ်တွင်ရှိနေဖို့လိုသည်။ ဟို ကောင် သိုက်သိုက် ကားပြာကြီးနှင့် ထွက်သွားပြီဆိုခြင်းမှာ သားနှင့် နှောင်းငယ်အတွက် အန္တရာယ်ရှိသည်။

အိမ်ပေါ်ထပ်တက်ရန် ပြေးအလာမှာပင် ဖလှကားမှ ဆင်းလာသော ကိုဝဏ္ဏနှင့် သွားတိုးနေသေးသည်။

'ဩော....ဩော....အောင်ဘောဂရဲ့သူရဲကောင်းကြီး ပြန် လာပြီကိုး၊ ရွှေမြို့ရဲက ဖမ်းပြီမှတ်နေတာ၊ လွတ်လာသေး သကိုး'

ကျော်ဇေယျသည် ကိုဝဏ္ဏကို ဖက်ပြိုင်ပြောမနေတော့ဘဲ ကွေ့ရှောင်ကာ အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။

သားသားအခန်း ဖွင့်ကြည့်သည်။ မရှိ။

နှောင်း၏အိပ်ခန်းကို ဖွင့်ကြည့်ပြန်သည်။ မရှိ။

'မနှောင်းနှောင်း မရှိဘူး ဆရာ'

ပြောသံကြားသဖြင့် ကြည့်လိုက်ရာ ဦးထွန်းကို တွေ့ရ သည်။

'ကျုပ် မနှောင်းနှောင်းကို သိပ်တားပါတယ်၊ အပြင် ထွက်တာနဲ့ အန္တရာယ်ရှိတယ်လို့ ဆရာကပြောထားပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် မရဘူး ဆရာ၊ မနှောင်းနှောင်း ဇွတ်ထွက်သွားတယ်၊ ကျွန်တော်က ဒီအိမ်က လခစား အလုပ်သမားအနေနဲ့ ဒီလောက်ပဲ တားရဲတယ် ဆရာ'

'ဘယ်ကို ဘာလို့ ထွက်သွားတာလဲ'

'လူတစ်ယောက် ဖုန်းဆက်တယ် ဆရာ၊ တစ်ခါမှမကြားဖူးတဲ့ အသံမျိုးပဲ၊ မနှောင်းနှောင်း ဖုန်းပြောတယ်၊ ဖုန်းလဲပြောပြီးရော မနှောင်းနှောင်း အပြင်ထွက်ဖို့ ပြင်ဆင်တာပဲ'

'ဘယ်လောက်ကြာပြီလဲ၊ နှောင်းငယ်သွားတာ'

'ရှိရင် ဆယ်မိနစ်လောက်ပေါ့ ဆရာ'

ဒေါ်ကြီးကြေးမုံ သူ့အိပ်ခန်းထဲမှ ထွက်လာလေသည်။

'ကိုထွန်း အောက်ကိုသွားတော့'

ဒေါ်ကြီးက အမိန့်ပေးသဖြင့် ဦးထွန်း အောက်သို့ ပြန်ဆင်းသွားသည်။

'မင်းပြန်ရောက်လာတာ အတော့် ဘုရားမ,တာပဲ ကျော်ဇေယျ၊ ဒေါ်ကြီး ဘယ်သူ့ကိုမှလဲ မပြောဘူး၊ ဘာလုပ်ရမှန်းလဲ မသိဘူး'

'ဘာတွေဖြစ်နေလို့လဲ ဒေါ်ကြီး'

'တူးတူးလေ....တူးတူးကို သူတို့ဖမ်းထားတယ်၊ မိနှောင်းကို ဖုန်းဆက်ပြောတယ်၊ တူးတူးကိုတွေ့ချင်ရင် ခုချက်ချင်းလာခဲ့တဲ့'





မဟာပထဝီမြေကြီး အိုးထိန်းစက်ကဲ့သို့ လည်သွားသည်ဟု နှိုင်းယှဉ်လောက်အောင် ကျော်ဇေယျ ထူပူပြီး ခေါင်းမီးတောက်ရပါ၏။

'အဲဒီလူက ပြောသေးတယ်၊ ရဲကိုတိုင်တိုင်၊ ဒီ့ပြင် တစ်ယောက်ယောက်ကို ပြောပြီး အဖော်ခေါ်လာရင် တူးတူးရဲ့ အလောင်းကို တောင်ကျချောင်းထဲမှာ လိုက်ရှာပေတော့တဲ့'

'သူက နှောင်းငယ်ကို ဘယ်မှာလာတွေ့ရမယ်လို့ ချိန်းသလဲ'

'ဘုရားသုံးဆူ ဘူတာမှာတဲ့၊ ဒေါ်ကြီးကို မိနှောင်းက ဘာမှမပြောဘူး၊ မိနှောင်းပြောနေတုန်း ဒေါ်ကြီးအခန်းထဲက ဖုန်းနဲ့နားထောင်လို့ သိရတာ'

သူသည် ဒုန်းစိုင်းအောင် လှေကားမှပြေးဆင်းလာခဲ့ပြန်သည်။

အောက်ထပ်တွင် ဦးထွန်းနှင့် တွေ့ပြန်သည်။

'ကျုပ် ဘာလုပ်ပေးရမလဲ ဆရာ၊ ကူညီစရာရှိရင် ကူညီချင်လို့ ဆရာ့ကို တမင်စောင့်နေတာ'

'ဒီလိုလုပ်ပါ ဦးထွန်း၊ ဘုရားသုံးဆူဘူတာကို ဖုန်းဆက်၊ ဘူတာရုံကအမှုထမ်း ဘယ်သူနဲ့ပြောရ ပြောရ နှောင်းငယ်ကို တွေ့ရင် ဘူတာမှာပဲ သက်ဆိုင်ရာလူကြီးတွေနဲ့ အရှ ခေါ်ပေးထားပါလို့၊ နောက်ပြီး ဘုရားသုံးဆူမှာ ရှိကောင်း



www.burmeseclassic.com

www.burmeseclassic.com



စခန်းလဲရှိတယ်၊ ရဲကင်းစခန်းကို သွားပြောပေးထားပါ၊ နှောင်းဆိုတဲ့မိန်းကလေးကို လူသတ်သမားက ဘုရားသုံးဆူ ဘူတာမှာချိန်းပြီး သတ်ဖို့ ကြိုးစားနေပါတယ် ဆိုတာကို ပြောပေးပါလို့'

'စိတ်ချဆရာ၊ ကျွန်တော် ဆက်ဆက်လုပ်ပေးပါ့မယ်'

'နေဦး.... ဦးထွန်းကို ကျွန်တော်ပေးထားတဲ့ သေနတ်ကော'

'ဒီမှာ ဆရာ၊ အသင့်ပဲ'

'ပေး ပေး....အဲဒီသေနတ် ကျွန်တော်ယူသွားမယ်'

သေနတ်ကိုယူပြီး ကျော်ဇေယျသည် ကားဆီသို့ အပြေးသွားတော့သည်။

ကားကို တရကြမ်းပင် မောင်းထွက်လာခဲ့သည်။

နှောင်းငယ်နဲ့ တူးတူးသာ တစ်ခုခုဖြစ်ရင် မင်းကို ငါ အသေသတ်မယ် သိုက်သိုက် ဟုလည်း ရင်ထဲမှ ရွတ်ဆိုနေမိသည်။

သူ တွက်ကြည့်သည်။ သိုက်သိုက်သည် ညိုမိကျသွားရာ တောင်ကျချောင်းနေရာကိုပင် နှောင်းနှင့်အတူ တူးတူးကိုလည်း သတ်ဖို့ ရွေးချယ်မည်သာ။ နှောင်းဆီ ဖုန်းဆက်စဉ်ကလည်း ရဲတိုင်လျှင်၊ အဖော်ပါလျှင် တူးတူးအလောင်းကို တောင်ကျချောင်းထဲမှာ လိုက်ရှာဟု ပြောထားသည်။





ထိုနေရာ တောင်ကျချောင်းနှင့် ကမ်းပါးယံသို့ သူအမြန်ဆုံး ရောက်ရမည်။

'ဟင်....ဟိုမှာ သားသားလေးပါလား'

ကားမောင်းလာရင်း ဘောလုံးပိုက်ပြီး ရွံ့တွေပေကျံနေသော သားသား တူးတူးလေး မျက်နှာချင်းဆိုင်မှ လျှောက်လာသည်ကို တွေ့ရသဖြင့် အံ့အားသင့်စွာ၊ ဝမ်းသာစွာ သားဘေးတွင် ကားကို ထိုးရပ်လိုက်သည်။

'ဟော....ကြည့်စမ်း သားသားပါလား'

တူးတူးကို သူ အားရပါးရ ပွေ့ချီလိုက်သည်။

'သားတို့ဘက်ကနိုင်တယ် ဖေဖေ၊ သား ခဏခဏလဲကျတယ်၊ ဒါပေမယ့် မနာပါဘူး၊ ကွင်းက ဗွက်ဗွေ့နဲ့ဆိုတော့ ပျော့အိနေတယ်၊ ဒီ့ပြင်ကောင်တွေလဲ လဲကြတာပဲ၊ သား ဘောလုံးကောင်းကောင်းကန်နိုင်ပြီ ဖေဖေ'

ရှင်းလေပြီ။

သိုက်သိုက်သည် မြို့ဟောင်းကားလမ်းနှင့်ဝေးရာ ဘောလုံးကွင်းတွင် ဘောလုံးသွားကန်နေသည်မို့ သားသားအား ဖမ်းဆီးနိုင်ခွင့် မရပါလေ၊ သားသား ဘောလုံးကန်နေသော နေရာကို သူ မသိနိုင်ပေ။ သိသည်ထားဦး၊ အဖော်တွေ ဆယ့်ငါးယောက်၊ နှစ်ဆယ်လောက် ရှိနေသည်မို့ သိုက်သိုက် အနေနှင့် သားကို ဖမ်းနိုင်ဖို့ မလွယ်ပေ။ သို့သော်သည်



www.burmeseclassic.com

www.burmeseclassic.com



ကောင် ညက်သွားသည်။ သားသားကို ဖမ်းမိသယောင် နှောင်းထံသို့ ဆက်ပြီး နှောင်းကို ဘုရားသုံးဆူဘူတာသို့ ချိန်းဆိုခြင်းဖြစ်မည်။

သူ တွက်ကြည့်ပြန်သည်။ ဘုရားသုံးဆူဘူတာမှ နှောင်းကို စောင့်ရမည်။ နှောင်းကို သားသားရှိရာနေရာ လိုက်ပို့မည်ဟု ခေါ်မည်။ ပြီး ဘုရားသုံးဆူဘူတာမှ တောင်ကမ်းပါးယံသို့ မောင်းလာမည်။ ဒါပဲဖြစ်ရမည်။

သားသားကို ကားပေါ်တင်ကာ အောင်ဘောဂရိပ်ငြိမ်သို့ အပြင်းပြန်မောင်းခဲ့သည်။ ခြံထဲတွင် ဦးထွန်းကို တွေ့ရသည်။

သားသားကို ဦးထွန်းလက် အပ်သည်။

'ဦးထွန်း သားကို ဂရုစိုက်ပါ၊ တခြားဘာအလုပ်မှမလုပ်ပါနဲ့၊ သားအပြင်မထွက်စေနဲ့၊ သားသားနဲ့ခင်ဗျား အတူတူ အမြဲရှိနေပါ၊ သားကို ရေမိုးချိုး၊ အဝတ်အစားလဲပေးပါ၊ အနွေးထည် ဝတ်ထားပေးပါ'

'စိတ်ချ ဆရာ'

ကျော်ဇေယျ ကားကို ပြန်မောင်းထွက်ခဲ့သည်။ ရှေ့က ကားတွေကို တစ်စီးပြီးတစ်စီး ကျော်တက်သည်။

ကိုလှဝင်းမောင်၏ ကားလေးသည် အင်ဂျင်စက်ကောင်းလှသည်။ အောက်ပိုင်းကောင်းသည်။ စတီယာရင် ကောင်း





သည်။ ကိုယ်မောင်းသလို အလိုက်ကောင်းသော ကားလေး ဖြစ်ပါ၏။

သားသားအတွက် ရင်အေးရပြီ။

နှောင်းအတွက် ရင်မအေးနိုင်သေး။ နှောင်းဘယ်လေး ကံကောင်းပါစေဟု ဆုတောင်းသည်။

တောင်ကွေ့ကို ကျော်လိုက်သည်နှင့် ကျော်ဇေယျသည် သူ့ကားရှေ့မှ ကားအပြာကို ကိုက်တစ်ရာကျော်မှ လှမ်းမြင်ရသည်။

လီဗာကို ပို၍ဖိနင်းပြီး နောက်မှလိုက်သည်။

သိုက်သိုက်၏ကားက ခေတ်ဟောင်းကားအိုကြီးဖြစ်ပြီး ယခု ကျော်ဇေယျ မောင်းနှင်သော ကိုလှဝင်းမောင်၏ကား က ယနေ့ခေတ်ကားသစ်ဖြစ်သောကြောင့် ကားပြာကြီးကို တောင်ကမ်းပါးယံ မရောက်မီလေးတွင် နောက်မှကပ်၍ မီလာသည်။

ကားနောက်ခန်း မှန်ပေါက်မှ နှောင်းကို လှမ်းတွေ့ရသည်။

နှောင်းကလည်း နောက်မှ ကားလိုက်လာသည်ကို လှည့်ကြည့်ပြီး မြင်ပေသည်။

ကိုလှဝင်းမောင်၏ကားမှန်း သိသည်မို့ ကိုလှဝင်းမောင် လိုက်လာသည်ဟု နှောင်းထင်မည်လား မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းထင်ချင်သလို ထင်ပါစေ၊ ကိစ္စမရှိ။

အရေးကြီးသည်က နှောင်းကိုကယ်တင်နိုင်ဖို့သာ အဓိကဖြစ်ပါ၏။

ရှေ့မှမောင်းနေသော သိုက်သိုက်သည် ကားနောက်ကြည့်မှန်မှနေ၍ သူ့နောက်မှ လိုက်လာသောကားကို တွေ့ရသည်။

'ငါ သေကော ဘာထူးမှာလဲ၊ မစွမ်းမသန်နဲ့ ဘဝမှာအမျှော်လင့်ဆုံးထားခဲ့တဲ့ ညီမလေးလဲသေပြီ၊ ညီမ့ဝမ်းထဲက ငါ့ရင်သွေးလဲ သေပြီ၊ ငါအသက်ရှင်နေတော့ကော ဘာထူးမှာလဲ'

ကားအပြာသည် တောင်ကမ်းပါးယံကို လက်ယာဘက်ခေါင်းတည်ပြီး ဝိုက်ကွေ့ရမည့်အစား ယင်းသို့မတွေ့ဘဲ လက်ဝဲဘက်တည့်တည့်ကြီးမောင်းလိုက်ခြင်းသည်ကားလမ်းမှ အောက်သို့ မတ်စောက်နေသော တောင်ကျချောင်းထဲသို့ ထိုးချမောင်းလိုက်ခြင်း ဖြစ်တော့သည်။

ကားပြာကြီးသည် ကားလမ်းမှနေပြီး အမြင့် ဆယ့်လေးငါးပေအောက်တွင်ရှိနေသော တောင်ကျချောင်းထဲ သို့ ကျသွားလေတော့သည်။

'ဟိုက်....သွားပြီ'

ကျော်ဇေယျမျက်စိထဲတွင် ကားပြာကြီး ကျသွားသည်ကို အတိုင်းသား မြင်နေရသည်။





ဇောက်ထိုးကျခြင်းမျိုးမဟုတ်ဘဲ လမ်းပေါ်တွင် မောင်းနေသည့်ပုံစံအတိုင်း အရှိန်နှင့် ချောင်းလယ်လောက်အထိ ရောက်သွားပြီးမှ မတ်တတ်ကြီး ကျသွားခြင်းမျိုးဖြစ်သည်။

'ဗွမ်း....'ခနဲ အသံကြားရသည်။

ကျော်ဇေယျ ကားရပ်ပြီး ငုံ့ကြည့်ရာ ကားပြာကြီးမှာ ရေထဲ ဖြုန်းခနဲ နစ်မသွားသေးဘဲ ပေါလောကြီးရှိနေပြီးမှ တအိအိ နစ်နေခြင်းမျိုး ဖြစ်နေသည်ကို တွေ့ရသည်။

ကျော်ဇေယျသည် ကျောင်းသားဘဝကတည်းက ဒိုင်ဗင်ဘုတ်ပေါ်မှ ရေကူးကန်ထဲ ဒိုင်ဗင်ထိုးချလိုက်သလို ထိုးဆင်းလိုက်သည်။

ဆယ့်လေးငါးပေ မတ်စောက်ကြီးမို့ သူ့တစ်ကိုယ်လုံး လေထဲတွင် ဝဲနေပြီးမှ သူလည်းပဲ ဗွမ်းခနဲ ရေထဲကျသွားတော့သည်။

ကျော်ဇေယျ ရေထဲကျသည်နှင့် အမြင့်မှအရှိန်နှင့်ကျသည်မို့ ရေနက်ရာအတိုင်း ရေအောက်သို့ ရောက်သွားသည်။ နားထဲမှ တဝီးဝီး လေတွေထွက်သည်။

အသက်ရှူဖို့အောင့်ထားရင်း သူသည် ဟိုညက ညီမနှင့်အတူ ကားဖြင့် တောင်ကျချောင်းထဲ ကျခဲ့ခြင်းကိုရော၊ ညီမနှင့်ပတ်သက်ခဲ့သည့် အတိတ်ဖြစ်စဉ်တွေကိုရော ဖြုန်းခနဲ အားလုံးကို သူ ပြန်ပြီး အမှတ်ရလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုမိနှင့်အတူ သူ ကျစဉ်က ရေအောက်တွင် ကားရော၊ လူရော နစ်သွားစေကာမူ သူ့ ကား၏အထာကို သူသိသည်။

ကားတံခါးဖွင့်ပြီး ဘေးမှ ညိုမိကို သူ လက်ဆွဲပြီး ကားထဲမှထုတ်သည်။ ညိုမိရော၊ သူရော ကားထဲမှ ရေထဲသို့ ရောက်သွားပါ၏။ သူသည် ကိုယ်လွတ်မရုန်းပေ။ ညိုမိ့ကို ချုပ်ကိုင်ပြီး ကမ်းဆီသို့ ကူးသည်။ ရေနစ်သူတို့ ထုံးစံအတိုင်း ရေမကူးတတ်သော ညိုမိသည် သူ့ကို အတင်းဖက်တွယ်သည်။ သူ့မျက်နှာကို ကုတ်ခြစ်သည်။

သို့တစေ သူသည် ညိုမိ့ကို မလွှတ်တမ်း ချုပ်ကိုင်ပြီး ကမ်းဆီသို့ အရောက်ကူးခဲ့သည်။ ကမ်းပေါ်သို့အရောက်တွင် သူ သတိမေ့သွားသည်။

သည့်နောက်တော့ သူသည် အတိတ်ကို ဘာဆို ဘာမျှ မမှတ်မိသော လူတစ်ယောက် ဖြစ်သွားရခြင်း ဖြစ်ပါ၏။

ယခုလည်း သူသည် ရေအောက်သို့ရောက်သည်နှင့် ကားပြာကြီးဆီ အရောက်မှန်းသွားကာ ကားတံခါးတွေ ဖွင့်ပေးလိုက်သည်။ သူ၏လက်ဖြင့် နှောင်းကို စမ်းသပ်ရှာဖွေရာ အသင့်ပင် နှောင်းကို သူ ကိုင်တွယ်ဖမ်းဆုပ်မိသည်။

နှောင်းကို ကမ်းအရောက် ချုပ်ကိုင်တွဲခေါ်ပြီး ကူးလာနိုင်သည်။ ကမ်းပေါ်တွင် လူတွေရောက်နေကြပေပြီ။ အတင်း သူတို့နှစ်ယောက်ကို ကမ်းပေါ်သို့ ဆွဲတင်ကြသည်။





'ဟိုမှာ...ဟိုမှာ...သိုက်သိုက် ပြန်ပေါ်နေတယ်၊ ဒီကောင်လေး ရေကူးတတ်ပေမယ့် မစွမ်းမသန်နဲ့ ကမ်းရောက်အောင် မကူးနိုင်ဘူး၊ လုပ်ကြပါဦး... ကောင်လေး သေတော့မယ်'

ဘယ်သူမှ မလုပ်ကြပါ။

တောင်ကျချောင်းထဲ ကျသွားသော လူတစ်ယောက်ကို ကယ်တင်ဖို့ဆိုသည်မှာ ကိုယ့်အသက်ကို စတေးတန် စတေးပစ်ရမည်။ စွန့်ရမည်။

ကျော်ဇေယျ လှမ်းကြည့်သည်။

ရေလယ်ရေစီးတွင် သိုက်သိုက် ယက်ကန် ယက်ကန် ဖြစ်နေသည်။

ဘာဘာညာညာ မပြောဘဲ ကျော်ဇေယျသည် ဝုန်းခနဲ ရေထဲပြန်ဆင်းကာ သိုက်သိုက်ရှိရာသို့ ကူးသွားတော့သည်။

သိုက်သိုက်၏မျက်နှာကို သူ၏လက်သီးဖြင့် တစ်ချက်ထိုးလိုက်ရာ သိုက်သိုက် ငြိမ်သွားသည်။ သတိမေ့သွားသည်။

သည်နောက်မှ သိုက်သိုက်ကို သူ၏လက်တစ်ဖက်ဖြင့် ပွေ့ပိုက်ပြီး သူ လက်တစ်ဖက်တည်းနှင့် ခြေနှစ်ဖက် စုံခတ်ကာ ကမ်းဆီသို့ သူ ကူးခတ်လာသည်။

ကမ်းစပ်အရောက်မှာပင် သူသည် သူ့ကိုယ်သူမထိန်းနိုင်တော့ဘဲ လုံးဝ သတိလစ်သွားပေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

မြို့ဟောင်းဆေးရုံ၏ သီးသန့်ခန်းထဲဝယ် သူသည် သတိမရသေးဘဲ လူနာခုတင်တွင် ပက်လက်ဖြစ်နေသည်။

သူသည် ရက်ပေါင်းများစွာ ဆက်တိုက်ကြီး ပင်ပန်းခဲ့သူဖြစ်သည်။

သူ၏ ကာယကိုယ်ခံအား ကောင်းလွန်းသောကြောင့်သာ ဤမျှ ခံနိုင်ရည်ရှိခြင်း ဖြစ်ပါ၏။

ယခုမှ သူ့ဇနီးအတွက် အရမ်းစိတ်လှုပ်ရှား စိုးရိမ်ပူပန်နေခိုက် တောင်ကျချောင်းထဲမှ ဇနီးကိုလည်း ကယ်တင်ခဲ့ရသည်။

သိုက်သိုက်ကိုလည်း ကယ်တင်ခဲ့ရသည်။ တစ်ဆက်တည်း ရေနစ်နေသူနှစ်ဦးကို ကယ်တင်ရခြင်းအတွက် သူ့တွင်ရှိသမျှ အားအင်တွေ၊ ရှိသမျှအကြောတွေ အလုပ်မလုပ် မလည်ပတ်





နိုင်တော့အောင် ခြေကုန်လက်ပန်းကျပြီး သတိမေ့သွားခြင်းဖြစ်သည်။

သူ၏ လူနာခုတင်ဘေးတွင် နှောင်းတစ်ယောက်တည်းသာ ထိုင်စောင့်နေပေသည်။

နှောင်းကတော့ ရေနစ်ခဲ့စေကာမူ ကမ်းပေါ်သို့အချိန်မီရောက်ပြီး ရေနစ်သူကို တတ်ကျွမ်းနားလည်သူများက ပြုစုလုပ်ဆောင်ခြင်းဖြင့် ချက်ချင်းသတိရပြီး နာရီပိုင်းအတွင်း လူကောင်းပကတိ ပြန်ဖြစ်လာသည်။

အောင်ဘောဂရိပ်ငြိမ်တွင် မောင့်ကို အနားထိုင်ပြုစုမည့်သူ မရှိ။

အစ်ကိုဝဏ္ဏဆိုလျှင်ပင် အိမ်ကိုပင်ပြန်မကပ်တော့ဘဲ ဘယ်မှာ နေမှန်းမသိ။

ဒေါ်ကြီးကြေးမုံကလည်း အသက်ကြီးသူ ဖြစ်နေသည်။

ဦးထွန်းကျတော့လည်း မောင့်လိုလူကို ဦးထွန်းလိုလူက အနီးထိုင်စောင့် ပြုစုပေးခြင်းမျိုး နှောင်း မလိုလားပေ။

စပါယ်ရှယ် သူနာပြုငှားဖို့လည်း နှောင်း မလိုလား။ နှောင်းသိပ်ချစ်တဲ့ မောင့်ကို နှောင်းပဲ ပြုစုချင်သည်။

ထို့ကြောင့် ကျော်ဇေယျ ဆေးရုံတွင် သတိမရမချင်း နှောင်း ထိုင်စောင့်နေခြင်း ဖြစ်ပါ၏။

ယခုတော့မှ နှောင်းသည် ကိစ္စအားလုံးကို ရေရေလည်လည် လိပ်ပတ်လည်သိရပြီးသည်မို့ မောင် သတိရ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လာဖို့ကိုသာ မျှော်လင့်ရင်း မောင့်ကို တစိမ့်စိမ့်ကြည့်နေမိသည်။

လွန်ခဲ့သော တစ်လကျော်က မောင့်မွေးနေ့က မောင်သည် ညိုမိနှင့် ပထမဆုံးတွေ့ခြင်း ဖြစ်ပါ၏။

ထိုညမှာပင် ညိုမိနှင့် မောင် ငြိစွန်းချင်လည်း ငြိစွန်းမည်။ အိမ်က ထွက်သွားကတည်းက မောင်သည် အရက်တော်တော်မူးနေလေပြီ။

ဒါ မောင့်အပြစ်မဟုတ်။

မောင့်မွေးနေ့က မောင်နှင့် နှောင်းငယ်တို့ သားသားနှင့် ပတ်သက်ပြီး စကားများကြသည်။

နှောင်းငယ်က မောင့်ကို တမင်အရွဲ့တိုက်လိုစိတ်ဖြင့် ထိုနေ့က ညနေပိုင်း ကိုလှဝင်းမောင်နှင့် တွဲပြလိုက်သည်။

ထို့ကြောင့်သာ မောင်သည် စိတ်ညစ်ညစ်နှင့် အိမ်ကကားယူပြီးထွက်သွားကာ ရွှေမြို့ သိင်္ဂီရွှေဝါစားတော်ဆက်သို့ ရောက်သွားခြင်း ဖြစ်သည်။

အကယ်၍သာ ထိုညက မိမိကသည်းခံပြီး အရွဲ့မတိုက်ဘဲ မောင့်ကို ချော့ချော့မော့မော့နှင့် အိပ်ခိုင်းလျှင် အရက်မူးပြီး မောင်အိပ်မည်မှာ အမှန်။

မိမိက သူ စိတ်အထိခိုက်ဆုံးဖြစ်နိုင်သည့် ကိုလှဝင်းမောင်နှင့် တွဲပြခြင်းဖြင့် အရွဲ့တိုက်မိသည်။





မောင်သည် ဖေဖေဦးစည်သူ အိပ်ရာထဲလဲသွားပြီး အစ်ကိုဝဏ္ဏ လုပ်ငန်းခွင်အားလုံး ဝင်ပြီးလက်ဝါးကြီးအုပ်ကတည်းက ဒုက္ခတော့ ဖြစ်ကုန်ကြတော့မှာပဲဟု ညည်းငြင်း စိတ်မကောင်းဖြစ်နေသူ ဖြစ်ပါ၏။ ဒါကြောင့် ဖေဖေလဲမှ မောင်အရက်ပိုသောက်ခြင်း ဖြစ်သည်။

နဂိုကတည်းကလည်း စိတ်မကောင်းဓာတ်ခံ ရှိနေသည့် မောင့်ကို မိမိက ကိုလှဝင်းမောင်နှင့်တွဲပြလိုက်ခြင်းဖြင့် မောင်သည် ထိုညက အကြီးအကျယ် လွတ်သွားသည်။ သိင်္ဂီရွှေဝါ ရောက်သောအခါ အရက်တွေထပ်သောက်ပြန်သည်။ ညိုမိနှင့် တွဲမိသွားပုံရသည်။

မောင် ယခုလိုဖြစ်သွားရသည်မှာ အရင်းစစ်လျှင် မိမိကြောင့်ဟုသာ နှောင်းသည် ယခုမှ ကိုယ့်ကိုယ်ကို အပြစ်တင်မိတော့သည်။

ညိုမိ၏ကိုယ်ဝန်မှာ အစ်ကိုဝဏ္ဏက မောင်နှင့်ရသောကိုယ်ဝန်ဟု မိမိကိုပြောသည်နှင့် မိမိသည် မောင့်ကို တအားကြီး စိတ်ဆိုးစိတ်နာခဲ့သည်။

ယခုတော့ ကိုလှဝင်းမောင်ကရော၊ ရွှေမြို့ ရဲစခန်းမှူး ဦးသိန်းဘန်ကရော တရားဝင် အချက်အလက်တွေနှင့် ရှင်းပြမှ မောင့်မှာ အစ်ကိုဝဏ္ဏ ချောက်တွန်းသလောက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားခြင်း မရှိမှန်း သိရသဖြင့် နှောင်းငယ် စိတ်ပြေသွားသည်။

အမိကအချက်မှာမူ မောင်သည် မိမိနှင့် သားငယ် အသက်အန္တရာယ်ကို အရမ်းစိုးရိမ်သဖြင့် မောင် ပြုမူခဲ့သမျှ ဦးထွန်းက ပြန်ပြောပြသည်လည်း ရှိသည်။

မိမိအဖို့ တောင်ကျချောင်းထဲ ကျသွားချိန်တွင် မောင်သာ လိုက်မကယ်လျှင် သေရဖို့ ကျိန်းသေသည်။

မောင်သည် သူ့အသက်ကို အရေးမထား မိမိကို တောင်ကျချောင်းမှ အရကယ်နိုင်ခဲ့သည်။

နောက်ပြီး မောင့်ရဲ့ စိတ်ရင်းဓာတ်ခံကို ကြည့်ဦး။

သိုက်သိုက်ကိုပင် ပြန်ကယ် လိုက်သေးသည်။ ရန်သူမှ တကယ့်ရန်သူကို ပြန်ကယ်သည့် စိတ်ဓာတ်မျိုး အဘယ်သူတွင် ရှိနိုင်အံ့နည်း။

သိုက်သိုက်ခမျာ ဆေးရုံအထိ အသက်ပါလာသေးသည်။

မောင်သည် စိတ်သဘောထား မြင့်မြတ်လှပါ၏။

ယခု သတိမရဘဲ သတိလစ်နေစဉ်မှာပင် မောင်သည် နှောင်းငယ်….နှောင်းငယ်ဟု လည်းကောင်း၊ သားသား….သားသားဟု လည်းကောင်း ကယောင်ကတမ်းတွေ အော်သည်ကပင် သူ့ရင်ထဲ နှလုံးထဲ၌ နှောင်းငယ်နှင့် သားသားကို ချစ်ခင်လှကြောင်း ပေါ်လွင်ပါ၏။





ညက တစ်ညလုံး မောင် သတိပြန်မရ။

ယခု မိုးလင်းပြီး နံနက်(၁၁) နာရီးထိုးသည့်အထိလည်း ကယောင်ကတမ်း အော်သည်ကလွဲပြီး မောင် သတိမရသေး။

နှောင်းသည် တစ်ညလုံး မောင့်ကိုထိုင်စောင့်သည်။ ယနေ့လည်း တစ်ရေးမျှ မမှေးသေးဘဲ မောင့်ကိုသာ ငုံ့ကြည့်နေသည်။

ထိုစဉ်မှာပင်….

'နှောင်းငယ်….အချစ်၊ နှောင်းငယ်'

ဟု သူ့ပါးစပ်မှ ကယောင်ကတမ်း ထွက်လာပြန်သည်မို့ မောင့်ကိုပဲ နှောင်း စိုက်ကြည့်မြဲ ကြည့်နေသည်။

ယခုတစ်ခါ ကယောင်ကတမ်း အော်ရာတွင် ပထမပိုင်းတုန်းကလို မဟုတ်တော့ဘဲ သူ၏ခန္ဓာကိုယ်ပါ သူးလွန့်လာသည်။

လူးလွန့်လာပြီးသည့်နောက် မောင်သည် မျက်စိနှစ်လုံး ဖွင့်လာပေတော့သည်။

'မောင်….မောင်….မောင် သတိရပြီနော်'

'ဟင်….နှောင်းငယ်'

'ဝမ်းသာလိုက်တာ မောင်ရယ်၊ မောင် သတိရလာတာ မိနှောင်း ဝမ်းသာလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'မောင်သတိပြန်ရပါပြီ နှောင်းငယ်၊ သတိရတာမှ မှောင်ဘာတွေဖြစ်ခဲ့တယ်၊ ဘာတွေလုပ်ခဲ့တယ်ကစပြီး ဟိုတုန်းက ဟာတွေပါ အားလုံး ပြန်သတိရပါပြီ'

'ဝမ်းသာလိုက်တာ မောင်ရယ်'

မောင့်ကိုယ်ပေါ်သို့ သူမ၏မျက်နှာလေး ဖိကပ်ထားလိုက်သည်နှင့် မောင်က လက်တစ်ဖက်ဖြင့် နှောင်းကို ပြန်ဖက်ထားလိုက်တော့သည်။

*



(၁၅)

ကိုဝဏ္ဏသည် ရင်ထဲက ကျေနပ်လေသလား၊ မကျေနပ်လေသလားတော့ မသိ။

သိသိသာသာကြီး အရှုံးပေး လက်မြှောက်ပြီ ဆိုတာ အောင်ဘောဂရိပ်ငြိမ် မိသားစု အားလုံးသာမက ရှေ့နေ ကိုလှဝင်းမောင်၊ ဆရာဝန်ကြီး ဦးသိုက်စိုးရှေ့မှာပင် ရယ် ရယ်မောမောနှင့် ကိုဝဏ္ဏက ပြောလိုက်ပါ၏။

'ရာဇဝင်မှာ ထီးလိုမင်းလို ဆိုတာသာ ငါကြားဖူးတယ်၊ အခုဒီမှာလက်တွေ့ မင်းကျတော့ ဖေဖေကိုယ်တိုင်က လဲနေတဲ့ကြားထဲက မင်းကိုသာ လိုလားကြောင်း သူ့ သဘောဆန္ဒတွေကို တရားဝင် ဖော်ထုတ်ပြတယ်၊ စက်ရုံ အလုပ်သမား ခေါင်းဆောင်နဲ့ ဥယျာဉ်ခြံစိုက်ခင်း အလုပ်သမား ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင် ဦးဘစောနဲ့ ဦးတိုက်မောင်းကလဲ မင်းကိုပဲ အလိုရှိတယ်၊ ဒေါ်ကြီးကြေးမုံနဲ့ မိန္နောင်းကလဲ မင်းကိုပဲ အလိုရှိတယ်၊ အဲဒီတော့ ဒီပွဲမှာ ငါ လက်မြှောက် အရှုံးပေးတယ်ကွာ၊ ငါလဲ စိတ်ပြေလက်ပျောက် ခရီးထွက်မယ်၊ မင်းလဲ အတိတ်ကို အားလုံး ပြန်သတိရပြီပဲ၊ ဖေဖေ့ လုပ်ငန်းတွေ မင်းပဲ ဦးစီးလုပ်ပေတော့ကွာ’

‘အဲဒါ မကောင်းပါဘူး ကိုဝဏ္ဏ၊ ကျွန်တော်နဲ့ အတူတူ လက်တွဲပြီး ပြန်လုပ်ကြပါစို့လား၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားလုပ်မှာပါ’

‘ဟဲ....ဟဲ....ဟဲ’

‘ကိုဝဏ္ဏရယ်ရင်း ကျော်ဇေယျကို ရင်းနှီးခင်မင်စွာ ပခုံးပုတ်လိုက်ပါ၏။

အေး....မင်းလုပ်ငန်းတွေအားလုံး အရင်ကလို မြတ်လာအောင် အကျိုးရှိအောင်သာ ဆက်လုပ် ဖိုးကျော်၊ ငါက တော့ ငါ့အတွက် လိုသမျှပိုက်ဆံရပြီး ဘာမှမလုပ်ဘဲ စိတ်ပျော်ရာလျှောက်လည် ထိုင်စားတော့မယ်၊ ဘာယ့်နှယ်လဲ မိန္နောင်း၊ နင် သဘောတူရဲ့လား’

‘ဟာ....သိပ်တူတာပေါ့ အစ်ကိုဝဏ္ဏရာ၊ ဟို စာဆိုလေးတောင် ရှိသေးတယ် မဟုတ်လား၊ ဘာတဲ့....မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့ဆိုတဲ့ စာဆိုလေ’





‘ဟာ....ခွေးမ’

အားလုံး ရယ်မောကြပါ၏။

‘ကဲ....ငါ့ပါဗလစ်ကာကား ထားခဲ့မယ်၊ ကားကိုယ်တိုင်မောင်းပြီး လျှောက်လည်ရတာ မနိပ်ဘူးကွ၊ လမ်းမှာ ကားပျက်ရင်လဲ ဒုက္ခ၊ မောင်းရတာလဲ ဒုက္ခ၊ အခု မြန်မာပြည်အနှံ့ အပြားမှာ မီးရထားအသစ်တွေ၊ ဟီးနိုးကားအသစ်တွေနဲ့ ဘယ်သွားမလဲ၊ ချောင်ကြို့ချောင်ကြားထိ ရောက်တယ်၊ နောက်ပြီး အိပ်ရာလိပ် ယူစရာမလိုဘူး၊ ခုခေတ် ပုဂ္ဂလိကတွေရော၊ နိုင်ငံတော်ကရော နေရာတိုင်းမှာ ဟိုတယ်ကြီးတွေ ဟီးနေတာ ငါ့အတွက် ပိုက်ဆံပဲလိုတယ်ကွ’

‘ယူပါတော်....ငါ့တူဝဏ္ဏ ကြိုက်သလောက် ယူသွားပါ၊ ဒေါ်ကြီးကလဲ ခုန မိန္နောင်းပြောသလို မကူညီချင် နေပါ၊ မနှောင့်ယှက်ရင် ငါ့တူ ဘယ်လိုနေနေ၊ ဘယ်လောက်သုံးသုံး ကျေနပ်ပြီးသားပါ’

မှန်တိုင်းကြီး ဝင်တိုက်ပြီးနောက် လေပြည်လေညှင်းလေနုအေးလေး တိုက်ခတ်သည်ကို ခံစားရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါတော့သတည်း။

ကိုဝဏ္ဏက ဆွဲအိတ်တစ်အိတ် ကျောပိုးကာ အိတ်ဖောင်းအောင် ငါးရာတန်အထပ်လိုက်ထည့်ပြီး ခရီးထွက်သွားသည်။

စက်ရုံကြီးလည်း လည်ပတ်ပြီး ဥယျာဉ်ခြံ ခြံ စိုက်ခင်းက အသီးထွက် အနှံထွက်တွေလည်း ကောင်းမွန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစည်သူ၏ ရောဂါမှာလည်း တစ်နေ့တခြား ပိုမိုတိုးတက်လာပြီး ငါးဆယ်ရာခိုင်နှုန်းမက ကိုယ့်ဘက်ကို ပြန်ပါလာပြီဟု ဆရာဝန်ကြီး ဦးသိုက်စိုးက မှတ်ချက်ချသည်။

အောင်အောင်ဂရိပ်ငြိမ်ကြီးသည် သုခဘုံအဖြစ် ပြန်လည်ဆန်းသစ်လာပေပြီ။

ကိုကျော်ဇေယျ လုံးဝ အရက် မသောက်ပါလေတော့။ သားသားလေးပင် ကြုံလိုရာမှ ပြည့်ပြည့်ဖောင်းဖောင်းလေး ဖြစ်လာချေပြီ။

ညိုမိနှင့်ပတ်သက်သော အမှုမှာလည်း ကျော်ဇေယျအား ကွင်းလုံးကျွတ် လွတ်လိုက်သည်။

သိုက်သိုက် ဆေးရုံတွင် မသေမီပေးသွားသော သေတမ်းစစ်ချက်နှင့် သေတမ်းထွက်ဆိုချက်တွင် ညိုမိနှင့် ကျော်ဇေယျ၏ကားကို သူ့ကားဖြင့်တိုက်ပြီး တောင်ကျချောင်းထဲ ကျစေကြောင်း ဝန်ခံသွားပါ၏။ တောင်းကျချောင်းထဲ ကျပြီးနောက်ဝယ် ကျော်ဇေယျမှာ အတိတ်ကို လုံးဝ မေ့သွားကြောင်းကိုလည်း ဆရာဝန်ကြီး ဦးသိုက်စိုးနှင့် အခြားသက်ဆိုင်ရာ ဆေးပညာရှင်များက လက်ခံပါ၏။

ကျော်ဇေယျ ကွင်းလုံးကျွတ်လွတ်သည်သာ။

*





ယနေ့....

ညနေခင်း ရာသီဥတု သာယာသောကြောင့် ပါမောက္ခ ကာကားကို ကျော်ဇေယျက မောင်းပြီး နှောင်းက ဘေးမှာ ထိုင်ကာ ညနေတိုင်း ဘောလုံးကွင်းသို့သွားပြီး ဘောလုံးကန်သော သားသားအားကြို့ရန် ထွက်လာခဲ့ကြသည်။

'မောင်'

'ပြော....နှောင်းငယ်'

'သိချင်လို့ မေးတာနော်၊ မောင် အမှန်အတိုင်းဖြေလဲ မောင့်ကို မိနှောင်း စိတ်မကောက်ဘူး၊ စိတ်မဆိုးဘူးလို့ တင်ကြို ကတိပေးပါတယ်၊ မောင် အတိတ်ကို မေ့မသွားခင်လေးမှာ ညိုမိနဲ့မောင်နဲ့ ဘယ်လိုတွေ့ကြတာလဲဟင်'

'အဲဒါ အခု မောင်အားလုံး ပြန်သတိရပြီးတဲ့နောက် ရွှေမြို့က စခန်းမှူး ဦးသိန်းတန်ကိုတော့ ပြောပြခဲ့ပြီးပါပြီ၊ ဦးသိန်းတန်က နှောင်းငယ်ကို ပြန်မပြောပြဘူးလား၊ ကိုလှဝင်းမောင်ကရော ပြောမပြဘူးလား'

'ဟင့်အင်း၊ သူတို့ကလဲ မပြောဘူး၊ မိနှောင်းကလဲ ညိုမိနဲ့ ပတ်သက်ပြီးမေးရင် မောင်သိက္ခာကျမှာစိုးလို့ ပြန်မမေးခဲ့ဘူး၊ အခု မောင့်ကို နှစ်ယောက်တည်းမို့ မေးတာပါ'

'ပြောပြမယ် နှောင်းငယ်၊ မောင့်မွေးနေ့မှာ ရွှေမြို့ကို သွားပြီးတဲ့နောက် မောင် လုံးဝ ရွှေမြို့ကို မသွားတော့ဘဲနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကို ညိုမြိုက မနေနိုင်တဲ့အဆုံး သူ့ရဲ့ဗောက်(စ်) ဝက်ဂွန်းကားလေးနဲ့ အောင်ဘောဂစက်ရုံကို လာခဲ့တယ်၊ စက်ရုံနဲ့ မနီးမဝေးမှာရပ်ပြီး ညိုမြိုက စက်ရုံကို လူချည်း သက်သက်လာတယ်၊ အဲဒီနေ့က မောင်က စက်ရုံမှာ ကိုဝဏ္ဏ နဲ့ စကားပြောမပြေလည်လို့ အစောကြီးအိမ်ပြန်လာတာမို့ မောင့်ကို စက်ရုံမှာ ညိုမြိုမတွေ့ဘူး၊ ဒီတော့ ညိုမြိုက အိမ်ကိုလဲ လိုက်မလာရဲတော့ စက်ရုံကဖုန်းနဲ့ အိမ်ကို လှမ်းဆက်တယ်၊ အဲဒီအချိန် မောင်က ညနေပိုင်း သောက်နေကျ အရက် ထမင်းစားခန်းထဲမှာ ထိုင်သောက်နေတယ်၊ ဖုန်းလာတဲ့အချိန်မှာ ကိုင်နေကျ ဦးထွန်းကလဲ မရှိဘူး၊ နှောင်းငယ်ကလဲ အပေါ်ထပ်က အန်ကယ်ဦးစည်သူရဲ့ အခန်းမှာပဲ ရောက်နေလား၊ ဒါမှမဟုတ် မောင် အရက်သောက်နေတဲ့ အနားမှာ မနေချင်လို့ အိမ်ပေါ်က အိပ်ခန်းမှာ တက်နေသလား မသိဘူး၊ ညိုမြို့ဆီက ဖုန်းလာတော့ အိမ်မှာ ဖုန်းကိုင်မယ့်သူ မရှိဘူး၊ ဒါနဲ့ မောင် ဖုန်းကိုင်တော့ ညိုမြိုနဲ့ ပက်ပင်းတိုးတော့တာပေါ့....

'ညိုမြိုက သူ မြို့ဟောင်းကိုလာတာ သူ့ ဗောက်(စ်) ဝက်ဂွန်းကားပျက်လို့ ဝပ်ရှော့မှာ ပြင်ပေးတာ ထိုင်စောင့်ရင်း မိုးချုပ်သွားတယ်တဲ့၊ ဗောက်(စ်)ဝက်ဂွန်းကားဟာ စိတ်မချရသေးဘူးတဲ့၊ ဝပ်ရှော့မှာ ထားခဲ့တယ်တဲ့၊ ညိုမြို





က မောင်းလို့ရရင် မောင်းယူသွားမယ်ဆိုပြီး ယူလာတော့ ကားက သိပ်မဟန်ချင်ဘူးတဲ့၊ ဒါကြောင့် မောင်ရှိမယ့် အောင်ဘောဂစက်ရုံအထိ မောင်းလာပြီး စက်ရုံက ဖုန်းနဲ့ မောင့်ဆီဆက်တာတဲ့၊ သူ့ကို ရွှေမြို့ လိုက်ပို့ပေးပါတဲ့၊ ဒီအချိန် ရွှေမြို့ကိုသွားတဲ့ လိုင်းကားတွေလဲ မရှိတော့ဘူးတဲ့၊ အဲဒါကို မောင်ကူညီသင့်တယ်လို့ ယူဆပြီး အိမ်က လီမိတက်ကားကိုယူပြီး စက်ရုံဘက်ကို မောင်းလာခဲ့တယ်'

'ဪ....မောင်၊ အဲဒါတောင် မမေးမိသေးဘူး၊ အဲဒီ လီမိတက်ကားရော'

'ကားကို ရဲအဖွဲ့က ပြန်ပေးပြီးပါပြီ၊ အခု ဝပ်ရှော့နဲ့ ဘော်ဒီရုံမှာ ပြင်ဖို့ ပေးထားတယ်၊ နောက်အပတ်လောက် ဆိုရင် ပြီးသွားမှာပါ နှောင်းငယ်'

'ဒါဆို.... ခုနစကား ဆက်ပြောလေမောင်'

'ဆက်ပြောရရင် စက်ရုံနဲ့ မလှမ်းမကမ်းမှာ ရပ်ထားတဲ့ ဗောက်(စ်)ဝက်ဂွန်းကားဘေးမှာ ရပ်စောင့်နေတဲ့ ညိုမြိုနဲ့ တွေ့တယ်၊ ညိုမြိုကို ကားပေါ်တက်စေပြီး မောင် ရွှေမြို့ ဘက်ကို မောင်းလာတယ်၊ လမ်းမှာ ညိုမြိုက သူ့ကို တစ်ခါတည်း ခိုးပြေးပါလို့ ပြောတယ်၊ မောင်က မဖြစ်နိုင်ဘူး၊ မောင့်မှာ ဇနီးမယားနဲ့ သားတစ်ယောက်ရှိတယ်လို့ ပြန်ပြောတော့ သူ့ကို မယူရင် အခု သူ့ကို အတင်းခေါ်လာပြီး ဗလက္ကာရလုပ်နေပါတယ်လို့ အော်မယ်လို့ ပြောတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မြို့ဟောင်းက မြို့ပြင် မရောက်သေးလို့ လမ်းဘေးမှာ အိမ်တွေရော၊ ဈေးဆိုင်တွေရော ရှိတယ်'

'တော်တော်ဆိုးတဲ့ မိန်းကလေးပဲနော်၊ အဲဒီတော့ မောင်က သူ့ကို ဘာပြန်ပြောလဲ'

'ပြန်ချော့ရတာပေါ့ နှောင်းငယ်၊ ဒါဆို အခု ဖြုန်းခနဲ ဘယ်ခေါ်သွားရမှန်း မသိဘူး၊ ရွှေမြို့က မမကြီးရဲ့အိမ်ကို သွားမယ်၊ ဟိုကျမှ အစီအစဉ်တစ်ခုခု လုပ်မယ်ဆိုမှ ညိုမြ ကျေနပ်သွားတယ်၊ အဲဒီလိုနဲ့ ရွှေမြို့ကို မောင်းလာရင်း တောင်ကမ်းပါးယံက အသင့်စောင့်နေတဲ့ သိုက်သိုက်က သူ့ကားပြာကြီးရဲ့အားနဲ့ မောင်တို့ကားကို ခေါင်းထိုးတိုက်ပြီး တောင်ကျချောင်းထဲကို တွန်းချလိုက်တာပဲ နှောင်းငယ်၊ ကားအပြာထွက်လာတာကို မြင်တာနဲ့ ညိုမြက မောင့်ကို အထိတ်တလန့် ပြောတယ်၊ အဲဒါ သိုက်သိုက်ဆိုတဲ့ကောင်ရဲ့ ကားတဲ့၊ သူ မနာလိုစိတ်နဲ့ ဒီကစောင့်ပြီး တကယ်လုပ်နေပြီ၊ သူ ကျွန်မတို့ကို သတ်မှာလို့ ပြောသံကြားရသေးတယ်၊ ဒါပေမယ့် မောင် မရှောင်သာ မတိမ်းသာတော့ဘဲ ကား ထိုးကျသွားတာပဲ၊ ကား ရေထဲမြုပ်သွားတဲ့အထိ မောင် သတိရသေးတယ်၊ ဒါကြောင့် ကားတံခါးဖွင့်ပြီး ညိုမြကို ပါတွဲပြီးကူးတယ်၊ ညိုမြက ရေနစ်သူပီပီ ကြောက်ကြောက် လန့်လန့်နဲ့ မောင့်မျက်နှာကို ကုတ်ခြစ်တယ်၊ ဒီနောက် ကမ်းပေါ်ရောက်သွားတာအထိ သတိရပြီးတဲ့နောက် မောင် ဘာဆိုဘာမှ မမှတ်မိတော့တာပဲ နှောင်းငယ်'





နှောင်းငယ် ငြိမ်သွားသည်။ စိတ်မဆိုးဘူး၊ စိတ်မကောက်ဘူး ဆိုသည့်တိုင်အောင် ညိုမြနှင့် မောင် ပတ်သက်ခဲ့ခြင်း အတွက်တော့ ယခုလည်း စိတ်မကောင်း ဖြစ်နေပုံရပါ၏။

'အင်း....တကယ်တော့ ဒီလိုတွေဖြစ်လာတာဟာ မောင် အရက်ကို အလွန်အကျွံသောက်လို့ ဖြစ်တာနော်၊ မောင်သာ သိင်္ဂီရွှေဝါမှာ အရက် အလွန်အကျွံ ထပ်မသောက်ရင် ညိုမြနဲ့လဲ မောင် ဘာမှဖြစ်မှာမဟုတ်ဘူး၊ လူမှန်းသူမှန်း မသိတော့ ညိုမြတွဲခေါ်ရာ မောင် ပါသွားရတာပေါ့၊ ညိုမြနဲ့မောင်နဲ့ ဘာမှမပတ်သက်ရင် သိုက်သိုက်ဆိုတဲ့ကောင် လေးကလဲ ဒီဇာတ်ထဲမှာ လူကြမ်းဖြစ်လာမှာ မဟုတ်ဘူး၊ ဒါဆို ဘာဆိုဘာမှ ဖြစ်မှာမဟုတ်ဘူးပေါ့ မောင်'

'မောင် ဘယ်တော့မှ အရက်ကို မသောက်တော့ပါဘူး နှောင်းငယ်၊ နောက်ပြီး ပြောကြစတမ်းဆိုရင် အဲ....မောင့် မွေးနေ့ညက ညိုမြနဲ့မောင်ဟာ ရင်းနှီးခဲ့သလား၊ မရင်းနှီး ခဲ့ဘူးလားဆိုတာတောင် မောင် အရက်မူးလွန်ပြီး အခု အားလုံး ပြန်အမှတ်ရတာတောင် အဲဒါကိုတော့ မမှတ်မိရိုး အမှန်ပါ နှောင်းငယ်'

'ဒါတွေ မမှတ်မိလေ ကောင်းလေပါပဲ မောင်'

'မမှတ်မိပါဘူး နှောင်းငယ်၊ မောင့်ရဲ့ဘဝမှာ မောင် အချစ်ဆုံး ဟာဒီ နှောင်းငယ်လေးကလွဲပြီး ဘယ်မိန်းမ



www.burmeseclassic.com

www.burmeseclassic.com

မဆို မမှတ်မိစေရပါဘူး၊ နှောင်းငယ်လေး တစ်ယောက်
တည်းကိုသာ ကိုယ့်ရင်ထဲ နှလုံးထဲက အမြဲချစ်ပြီး အမြဲမှတ်
မိနေမှာပါ'

မော်တော်ကားလေးသည် သားသားလေး ကစားနေရာ
ရှိ ဖွက်ကွင်းအနီးသို့ ရောက်လာပြီ ဖြစ်ပေတော့သတည်း။

နားကြပါဦးစို့။

တက္ကသိုလ် တင်မြင့်



www.burmeseclassic.com